
www.burmeseclassic.com

# ဂလိုဘယ်လိုက်ဇေးရှင်းခေတ် အိုင်ဒီယာစီးပွားရေး

မောင်စူးစမ်း





www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက် ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

www.burmeseclassic.com

လင်းဦးတာရာစာအုပ်ထုတ်ဝေရေး
အမှတ် ၁၉၈၊ ၃၃ လမ်း(ထက်)၊
ကျောက်တံတားမြို့နယ်။
ဖုန်း ၃၇၂၀၁၇

www.burmeseclassic.com

**ပုံနှိပ်ခြင်း**
ပထမအကြိမ်၊ စက်တင်ဘာ၊ ၂၀၀၃။

**စာမူခွင့်ပြုချက်အမှတ်**
၆၀၃ / ၂၀၀၃ (၇)

**မျက်နှာဖုံးခွင့်ပြုချက်အမှတ်**
၅၉ / ၂၀၀၃ (၈)

**မျက်နှာဖုံးဒီဇိုင်း**
ဘရွှေးကြည်

**အတွင်းပလင်**
ရဲရွှေး

**ကွန်ပျူတာစာစီ**
ကျော်မျိုးသိန်း

**စာအုပ်ချုပ်**
ကိုမြင့်

**မျက်နှာဖုံးပုံနှိပ်သူ**
ဦးဇော်မင်း၊ Wizard Offset
၃၃ လမ်း(ထက်)၊ ကျောက်တံတားမြို့နယ်။

**အတွင်းပုံနှိပ်သူ**
ဦးဇော်မြင့်ဝင်း၊ ကာလာဖုံ
၁၈၄၊ ၃၁ လမ်း၊ ကျောက်တံတားမြို့နယ်။

**ထုတ်ဝေသူ**
ဦးသန်းမြင့်၊ လင်းလင်းစာပေ
အမှတ် ၄/ ၂၉၊ မြဝတီမင်းကြီးလမ်း၊ ၁၀ မိုင်။

**စီစဉ်ထုတ်လုပ်မှု**
လင်းဦးတာရာစာပေ

**တန်ဖိုး ၁၀၀၀ ကျပ်**

www.burmeseclassic.com

ဂလိုဘယ်လိုက်ဇေးရှင်းခေတ်

# အိုင်ဒီယာစီးပွားရေး

မောင်စူးစမ်း

လင်းဦးတာရာ

www.burmeseclassic.com

# မာတိကာ


၁။ ပဲတောင်သူမှ အကျပ်ပွိုင့်အထိ ၉

၂။ ဦးရိုးမှ ဗူဒူးသို့ ၁၃

၃။ 3 G ဖုန်း ယဉ်ကျေးမှု ၁၇

၄။ အရွယ်သုံးပါး ဘယ်လို စက်ဆပ် ၂၂

၅။ မျဉ်းပြတ်ဝန်းကျင်ထဲ လူးကာ လွန့်ကာ ၂၇

၆။ ဂေါ့ဒ်ဇထ်ခတ်သည် ဖြစ်စေကာမူ ၃၁

၇။ ကြွေးမြီနှင့် ငွေသားစီးဆင်းမှု ချောမွတ်ရေး ၃၅

၈။ စီးပွားရေးနှင့် ပညာ အန္တိမအတွဲလား ၃၉

၉။ စီးပွားရေးနှာစေး၊ သံသရာလေးဆင့်နှင့် အပျော့ကျ ၄၃

၁၀။ လိပ်ပြာဘောဂဗေဒ ၄၈

၁၁။ ကောင်းကင်ဘုံနှင့် ငရဲကြား အမြန်ယာဉ်ပေါ်လာခြင်း ၅၃

၁၂။ ဒေါ်လာကို သင်းနိုင်သလော ၅၈

၁၃။ အီး - အသပြာ ၆၃

၁၄။ X နှင့် Y ပဋိပက္ခ ၆၈


BURMESE CLASSIC .com

www.burmeseclassic.com


၁၅။ အကုသိုလ်စက်ဝိုင်း ဘယ်လိုပတ်မလဲ ၇၄

၁၆။ ရှုထောင့်သစ် ၈၀

၁၇။ ပလပ်သွင်း ချိတ်တော့မည်ဆိုလျှင် ၈၅

၁၈။ အာရှငွေကြေး ဒိုမီနိုဖြစ်ပြီလား ၉၀

၁၉။ စက္ကူပေးနှင့် စက္ကူနိဂုံး ၉၃

၂၀။ ပထဝီစီးပွားရေး ပိုလို့အရေးကြီးလာ ၉၈

၂၁။ လှည့်စားချက်ပေလေသော ၁၀၃

၂၂။ အိပ်စ်ပိုရှာ ၁၀၇

၂၃။ ဘော်ဒီဘဏ်း ၁၁၂

၂၄။ ရွက်နုစိမ်း ၁၁၆

၂၅။ ဒေါ်လာမှာ နိဂုံးချုပ်မလား ၁၂၀

၂၆။ ကောင်းကင်ဘုံမှာ လက်ထပ်ပြီး ၁၂၄

၂၇။ တတိယစပေ့စ် ၁၂၉

၂၈။ ဇာတ်လမ်းတစ်ဝက် ၁၃၃

၂၉။ ဓာတ်ဆီဆိုင်နှင့် ကျား ၁၃၈

၃၀။ ကုမ္ပဏီသင်္ချိုင်း ၁၄၃

၃၁။ မဟာအိုင်ဒီယာ လေလျှော့ခံရ ၁၄၈

၃၂။ ဝိရောဓိနှင့် ခွေးကတက် ၁၅၃

၃၄။ ဂလိုဘယ်လိုက်ဇေးရှင်းအကျပ်အတည်း ၁၅၈

၃၅။ မဟာဗျူဟာမြောက် အင်ဖလက်ရှင်းပွိုင့်အကြောင်း ၁၆၃

၃၆။ အကျပ်အတည်းပွိုင့်နှင့် 10 X Changes ၁၆၇

၃၇။ အင်္ဂါအိပ်မက်ဆိုး ဘာတွေ ညွှန်းလာသနည်း ၁၇၁

၃၈။ စစ်နှင့် ဈေးကွက် ၁၇၅

၃၉။ ခေတ်သစ်စီးပွားရေးအတွေးအခေါ် ၄ ပါးကို ဟောခဲ့ခြင်း ၁၇၉

၄၀။ စက် ၁၁ လွန်ခေတ် Lay-off ၁၈၄

၄၁။ စစ်အေးလွန်ခေတ် ဝါဒသစ်လော ၁၉၀

၄၂။ အာရှ စီးပွားရေးညီမျှခြင်းထဲက Hallow Out ၁၉၃

၄၃။ ပစ်မှတ် ဘာကိုချိန်ရွယ် ၁၉၇

၄၄။ အာရပ်ဟွန်ဒီ၊ တရုတ်ဆွဲငင်ဓာတ်၊ ဗဟိုစင်ပြိုင် ၂၀၃

၄၅။ ဂျာနယ်လစ်အကျပ်၊ အတိုရောင်းခြင်းနှင့် Leverage ၂၀၈

၄၆။ ပို၍ပေါသော ငွေ၊ ပို၍ပေါသော ရေနံ၊ ပို၍ကောင်းသော သတင်း ၂၁၃

www.burmeseclassic.com

# ပဲတောင်သူမှ အကျပ်ပွိုင့်အထိ

**တိမ်းညွတ်ချက်ငါးပါး**

ကုန်သွယ်ရေး(trade)သည် ဂလိုဘယ်လိုက်ဇေးရှင်း(globalization) ကို မောင်းနှင်နေသောအင်ဂျင်မဟုတ်။ တက္ကနိုလိုဂျီတို့ကသာ ဂလိုဘယ်လိုက်ဇေး ရှင်းကို မောင်းနှင်နေသော အဓိက အင်ဂျင်ဖြစ်သည်ဟုဆိုသော ကောက်နုတ် ချက်ကို ဗဟိုပြု၍ စာရေးသူသည် စစ်ကိုင်း သမဝါယမကောလိပ်တွင် ခေတ်သစ် စီးပွားရေးအမြင်တို့ကို ဟောပြောခဲ့ပါသည်။ စာရေးသူနှင့်အတူ ဟောပြောသူမှာ အငြိမ်းစားပါမောက္ခ ခင်မောင်သန်း(စိတ်ပညာ) ဖြစ်သည်။

ကုန်သွယ်ရေးနှင့် တက္ကနိုလိုဂျီတို့၏ ကိုယ်စီစွမ်းပကားတို့ကို အကျဉ်းမျှ နှိုင်းယှဉ်ပြပြီးနောက် တက္ကနိုလိုဂျီ အံ့မခန်း ဖွံ့ဖြိုးတိုးတက်မှု၏ ပုံသဏ္ဌာန်တို့ ကို စာရေးသူကရှင်းပြရင်း တက္ကနိုလိုဂျီ တိုးတက်ပြောင်းလဲမှုနှင့် ပတ်သက်၍ တိမ်းညွတ်ချက် ငါးပါးအကြောင်း ဆက်လက် ရှင်းပြပါသည်။ ၎င်းတို့မှာ (၁) ကဏ္ဍတိုင်းသို့ ကွန်ပျူတာစနစ်ပျံ့နှံ့သွားခြင်း(computerization)၊ (၂) ဆက်သွယ်ရေး၌ တယ်လီဆက်သွယ်ရေးကို ခေတ်မီအောင် အပြိုင်ပြုလုပ်ကြခြင်း (innovation in telecommunication)၊ (၃) တက္ကနိုလိုဂျီဖြစ်စဉ်တို့ကို ပိစိ ကွေး သေးသေးလေးတို့ဖြင့် တီထွင်ခြင်း (miniaturization)၊ (၄) တက္ကနိုလိုဂျီ ဖြစ်စဉ်တို့ကို ကျုံ့ပစ်ခြင်း (compression)၊ (၅) တက္ကနိုလိုဂျီတို့ကို ဒစ်ဂျစ်တို့ ဖြင့် တီထွင်ခြင်း



BURMESE CLASSIC .com

www.burmeseclassic.com



(digitization)တို့ဟူ၍ ဖြစ်ပါသည်။

## ဒီမိုကရေစီဆန်ခြင်း သုံးပါး

ဤတိမ်းညွတ်ချက် ငါးပါးဖြင့် တက္ကနိုလိုဂျီတို့ ဖွံ့ဖြိုးတိုးတက်လာသော အခါ အလွန်အရေးကြီးသော အကျိုးသက်ရောက်မှုသုံးရပ် ဖြစ်ပေါ်လာပြန်သည်။ ၎င်းတို့မှာ တက္ကနိုလိုဂျီ ဒီမိုကရေစီဆန်လာခြင်း (democratization of technology) (၂) ငွေရေးကြေးရေးနှင့် ဘဏ္ဍာရေးပိုင်းတွင် ဒီမိုကရေစီ ဆန်လာခြင်း (democratization of finance)နှင့် (၃) သတင်း အင်ဖော်မေး ရှင်းပိုင်းတွင် ဒီမိုကရေစီဆန်လာခြင်း (democratization of information) တို့ဖြစ်သည်။

တက္ကနိုလိုဂျီ ဒီမိုကရေစီဆန်လာသည် ဆိုသည့်သဘောမှာ လူတိုင်း လိုလိုက တက္ကနိုလိုဂျီတို့ကို အသုံးပြုခွင့်ရလာခြင်းကို ရည်ညွှန်းသည်။ ဥပမာ ဆဲလ်ဖုန်းဆိုလျှင် ယခုအခါ မြို့ရောတောပါ နေရာတိုင်း၌ အသုံးပြုနိုင်သည်။ ကမ္ဘာအနှံ့မှ သန်းပေါင်းများစွာသော လူတို့အချင်းချင်း အဆက်အသွယ်များစွာ ရှိလာသည်။ သတင်းအင်ဖော်မေးရှင်း၊ ဗဟုသုတပညာ၊ ငွေအသပြာ၊ မိသားစု ဓာတ်ပုံ၊ တေးဂီတ၊ ရုပ်မြင်သံကြားအစွေ စသည်တို့ကို လွယ်လွယ်ကူကူ ဖလှယ် နိုင်ကြသည်။ တစ်နည်းပြောရလျှင် ကျယ်ကျယ်ပြန့်ပြန့် အဆက်အသွယ်၊ အချိတ်အဆက် well connected ရှိလာခြင်းပင် ဒီမိုကရေစီဆန်လာသော လက္ခဏာ ဖြစ်သည်။

ငွေရေးကြေးရေး ဘဏ္ဍာရေးပိုင်း၌ ဒီမိုကရေစီဆန်လာခြင်း၏ ပြယုဂ်မှာ ဘဏ်တိုက်ကြီးတို့က ဘဏ္ဍာရေးလောကကို လက်ဝါးကြီးအုပ်ထားမှုသည် ပြို ကျသွားခြင်း ဖြစ်သည်။

ဘဏ္ဍာရေးလောကထဲ၌ ဘဏ်တို့မှသာ မဟုတ်။ ဘဏ်မဟုတ်သော အခြားအဖွဲ့အစည်းတို့ထံမှလည်း ငွေကြေးများ ချေးငှားလာနိုင်သည်။ အရာရာ ကို အာမခံစာချုပ်များအသွင် (အစုရှယ်ယာ၊ ဘွန်း စသည့် လဲလှယ်ခွင့်ရှိသော စာရွက်များ commercial papers အသွင်) ပြောင်းလဲနိုင်ကြသည်။ Securitization ဟု ခေါ်သည်။

## ဘဝအခြေခံများပြောင်းလဲ

သတင်း အင်ဖော်မေးရှင်းပိုင်း၌ ဒီမိုကရေစီဆန်လာခြင်း အကြောင်းမှာ ရှင်းသည်။ လူထုအများအပြားသည် သတင်း အင်ဖော်မေးရှင်းတို့ကို ဘုံးဘော လအော ရရှိနိုင်နေကြသည်။ ဂြိုဟ်တု ရုပ်မြင်သံကြား၌ ချဲနယ်လိုင်းပေါင်း ၅၀၀ ခန့်ရှိလာရာ မည်သည့်အင်ဖော်မေးရှင်း၊ မည်သည့်ပညာမဆို လွယ်လွယ် ကူကူ



BURMESE CLASSIC .com

www.burmeseclassic.com



ရရှိလာနိုင်ပြီး ဗီဒီယို၊ ဒီဗီဒီ (DVD) အခွေတို့ဖြင့် အစားထိုးလာသဖြင့် သတင်းအင်ဖော်မေးရှင်းတို့ကို ကိုယ်နှင့်အတူ လိုရာသယ်သွားနိုင်သည်။

အထက်ဖော်ပြပါ ဒီမိုကရေစီဆန်မှု သုံးပါးအကြောင်းကို ထပ်မံ၍ ချုံ့ပြီး ပြောရလျှင် ဤသုံးပါးကြောင့် (၁) ကျွန်တော်တို့ ဘယ်လို ဆက်သွယ်ကြမလဲ (How we communicate) ဆိုသောအပိုင်း၌ လည်းကောင်း (၂) ကျွန်တော်တို့ ဘယ်လို ရင်းနှီးမြှုပ်နှံသလဲ (How we invest) ဆိုသောအပိုင်း ၌ လည်းကောင်း (၃) ကျွန်တော်တို့ ဘယ်လိုသတင်းကို ရရှိသလဲ (How we gather information) ဆိုသောအပိုင်း၌ လည်းကောင်း အကြီးအကျယ် ပြောင်းလဲသွားသည်။ ဘဝအခြေခံအတွင်း အကြီးအကျယ် ပြောင်းလဲမှုတို့ပင် ဖြစ်သည်။

ဤအချက်တို့ကြောင့် ဂလိုဘယ်လိုက်ဇေးရှင်း၏ ပုစ္ဆာတစ်ပုဒ်သည်လည်း ပြောင်းလဲသွားသည်။ စစ်အေးခေတ်တုန်းက အလေးချိန် (weight)က အဓိက စကားပြောသည်။ ခင်ဗျားဗုံးက ဘယ်လောက်ကြီးသလဲ၊ ခင်ဗျား ဒုံးပျံက ဘယ်လောက် ကြီးသလဲဟု မေးခဲ့ကြသည်။ ယခု ဂလိုဘယ်လိုက်ဇေးရှင်း ခေတ်တွင်မူ ခင်ဗျား ကွန်ပျူတာက ဘယ်လောက်မြန်သလဲဟု မေးလာသည်။ Speed က အခရာ ဖြစ်နေသည်။

## အင်ဖလက်ရှင်းပွိုင့်

စီးပွားရေးတွင်လည်း သမားရိုးကျ နားလည်၍ မရတော့ပေ။ လေ့ကြီးထိုး ရိုးရိုးအတွေးတွေ ခေတ်မရှိတော့ပြီ။ စီးပွားရေးတွင် အောင်မြင်ရေး (success) သည် ခြွင်းချက်ဖြစ်၍ အကျပ်အတည်း (crisis) သည် 'မူ'ဖြစ်နေပြီ။ စီးပွား ရေးတွင် အောင်မြင်သည်ဆိုသည်မှာ အကျပ်အတည်းကို ကျော်လွှား ဖြေရှင်းတတ်သောကြောင့် ဖြစ်နေပြီ။

သို့ဖြင့် စာရေးသူက အကျပ်အတည်းပွိုင့် (crisis point) အကြောင်းကို ရှင်းပြသည်။ မဟာဗျူဟာမြောက် အင်ဖလက်ရှင်းပွိုင့် (strategic inflection point)အကြောင်းကို ရှင်းပြသည်။ ဤသို့ ရှင်းပြရာ၌ လက်တွေ့ အခြေအနေ တစ်ခုနှင့် စပ်ဟပ်ပြီး ရှင်းပြပါသည်။

စီးပွားရေးလုပ်လျှင် ကဏ္ဍ ၅ နေရာကို အထူးသတိထားရမည်။ အင်အား (forces)လို့လည်း ခေါ်သည်။ ဤအင်အား ၅ ရပ်မှာ (၁) မိမိနှင့် ပြိုင် ဘက်များ၊ သူတို့၏ခွန်အား၊ ဉာဏ်ရည်နှင့် ခြေလှမ်း (၂) မိမိ၏ ဖောက်သည်များ၊ သူတို့၏ခွန်အား၊ ဉာဏ်ရည်နှင့် ခြေလှမ်း (၃) မိမိအား ပစ္စည်းထောက်ပံ့သူ (suppliers) များ၊ သူတို့၏ခွန်အား၊ ဉာဏ်ရည်နှင့် ခြေလှမ်း (၄) ယခု မပေါ်သေးသော်လည်း နောင်တွင်ဖြစ်ပေါ်လာနိုင်သည့် ပြိုင်ဘက်သစ်များ (potential competitors)



BURMESE CLASSIC .com

www.burmeseclassic.com



သူတို့၏ခွန်အား၊ ဉာဏ်ရည်နှင့် ခြေလှမ်း (၅) ဖြန့်ချိရေးလမ်း ကြောင်း(distribution channels) များ အပြောင်းအလဲတို့ ဟူ၍ ဖြစ်သည်။ ယခု စက်တင်ဘာလ ၁၁ ရက်နေ့ နယူးယောက်နှင့် ဝါရှင်တန်တို့တွင် ဖြစ်ပျက် ခဲ့သော ဖြစ်ရပ်ဆိုးကြီးတို့ကို ပြင်ပရှော့ခ် (exogenous shock)ဟု ခေါ်လေရာ ဤရှော့ခ်တို့ကိုလည်း ထည့်တွက်ရန်လိုလာကြောင်း ရှင်းပြသည်။

## ပဲတောင်သူ

မဟာဗျူဟာမြောက် အင်ဖလက်ရှင်းပွိုင့်ဆိုသည်မှာ အထက်ဖော်ပြပါ အင်အားတစ်နေရာရာ၌ အပြောင်းအလဲဖြစ်ခဲ့လျှင် အခြား အင်အားတို့၌လည်း အပြောင်းအလဲဖြစ်ကုန်သည်။ သဒ္ဒါတွင် ဝိဘတ်သွယ်ပုံမျိုးနှင့် တူသည်။

ဥပမာအနေဖြင့် စာရေးသူ ကြားသိရသော သတင်းတစ်ခုကို ပြောပြ သည်။ ပဲတောင်သူတို့သည် မနှစ်ကလို ပင်ထောင် ကြိုပွိုင့်ရောင်းချခြင်းမျိုးကို မကြိုက်တော့။ ပဲပေါ်ချိန်၌ ဈေးကွက်ပေါက်ဈေးဖြင့်သာ ရောင်းချလိုလာကြသည်။ ယင်းမှာ ဆီစက်ပိုင်ရှင်တို့အတွက် ပစ္စည်းထောက်ပံ့သူ (suppliers)တို့ဘက်မှ အပြောင်းအလဲဖြစ်လေရာ ဤအပြောင်းအလဲကို အကြောင်းပြု၍ မိမိပြိုင်ဘက် တို့က ဘယ်လို လှုပ်ရှားမလဲ၊ မိမိဖောက်သည်တို့က ဘယ်လို တွက်ဆလာကြ မလဲ၊ ပစ္စည်းထောက်ပံ့သူများအကြား၌ပင် ကြိုပွိုင့်နှင့် ပင်တိုင် ရောင်းလိုသူများ ရှိသေးသလား၊ ပဲဖြန့်ချိရေး၊ ဆီဖြန့်ချိရေးလမ်းကြောင်း အပြောင်းအလဲ ဖြစ်နိုင် သလား၊ ပြိုင်ဘက်အသစ်တွေ ပေါ်လာနိုင်သလား၊ ပေါ်လျှင် သူတို့ ဘယ်လို လှုပ်ရှားကြမလဲ စသည်ဖြင့် ဆက်စပ်ပြီး အကုန် တွက်ချက်ရတော့မည်ဟု ရှင်းပြ ပါသည်။

ဖော်ပြပါ အင်အားငါးရပ်နှင့် မမျှော်လင့်သော ရှော့ခ်တို့ကိုလည်း စီးပွား ရေးသမားတို့က အစဉ်တွက်ချက်နေရသောအခါ ခပ်ကြောင်ကြောင်တော့ ဖြစ် လာနိုင်သည်။ အဘယ့်ကြောင့်ဆိုသော် ဟိုပူပန်၊ ဒီပူပန်နှင့် တွက်ချက်ပြီး လုပ်နိုင်သူတို့သည်သာ အကျပ်အတည်း ပွိုင့်တို့ကို ဖြေရှင်းနိုင်တတ်ကြသော ကြောင့် ဖြစ်သည်။ ထို့ကြောင့် အကျပ်အတည်းပွိုင့်တွင် ပါရနွား (paranoia) သာ ရှင်သန်နိုင်ကြောင်း သီအိုရီဆန်ဆန် အဆိုပြုချက်တစ်ရပ် ပေါ်နေကြောင်း ရှင်းပြခဲ့ပါသည်။ ■

**ဈေးကွက်ဂျာနယ်၊ အမှတ် ၂၄၈။**



BURMESE CLASSIC .com

www.burmeseclassic.com

# ဇီးရိုးမှ ပွုဒ်သို့

## ဇီးရိုးအတိုး

စီးပွားရေးစာရင်းအင်းပညာတွင် ဇီးရိုး 'သုည' ကိုသာ ဇီးရိုးဟု မခေါ်ပေ။ 'တစ်' အောက် ရောက်လျှင်လည်း ဇီးရိုးနယ်ထဲဝင်ပြီဖြစ်၍ ဇီးရိုးလို့ ခေါ်လိုက်ကြသည်။

အဘယ့်ကြောင့် ဤအကြောင်းပြောရသနည်းဆိုသော် ကမ္ဘာ့စီးပွားရေးတို့တွင် ဇီးရိုးတွေအကြောင်း အပြောများလာသောကြောင့် ဖြစ်သည်။ ပထမဦး ဆုံး အမေရိကန်ဗဟိုဘဏ် (Fed) က အတိုးနှုန်းကို ၁၁ ကြိမ်မြောက် လျှော့ချ ခဲ့ရာ ယခုနောက်ဆုံး ၁ .၇၅ ရာခိုင်နှုန်းအထိ လျှော့ချလိုက်သည်။

Fed သည် ၁၂ ကြိမ်မြောက်အဖြစ် ၂၀၀၂ ခုနှစ်၊ မတ်လထဲတွင် နောက် ထပ် လေးစိတ်တစ်စိတ် အတိုးနှုန်းလျှော့ချလိမ့်ဦးမည်ဟု ဘောဂဗေဒပညာရှင် တို့က ခန့်မှန်းထားကြသည်။ ဤသို့ အတိုးနှုန်းကိုလျှော့ချရင်း Fed အာဏာပိုင်တို့ က အတိုးနှုန်းလျှော့ချရန် ဝန်မလေးဆိုသောစကားကို ရိုးတိုးရိပ်တိပ် ပြောသံ ကြားလာကြသဖြင့် အတိုးနှုန်းသည် တစ်ရာခိုင်နှုန်းအောက် ဇီးရိုးနယ်ပယ်ထဲ ဝင်လေမလားဟု ထင်ကြေးပေးနေကြသည်။

ဂျပန်တွင် အတိုးနှုန်းသည် ဇီးရိုးဖြစ်သည်။ စီးပွားရေး ဆုတ်ယုတ်ကျဆင်းမှုကို လျော့ပါးသွားလေမည်လား၊ ပြန်လည် နာလန်ထူလာနိုင်မည်လားဆိုသော



BURMESE CLASSIC .com

www.burmeseclassic.com



မျှော်လင့်ချက်ဖြင့် ဂျပန်ဗဟိုဘဏ်က အတိုးနှုန်းတွေကို တစ်ထစ်ပြီးတစ်ထစ် ချချပေးခဲ့လေရာ နောက်ဆုံး ဇီးရိုးတစ်ဝိုက် ရောက်သည်အထိ ဖြစ်ခဲ့သည်။ အတိုးနှုန်းတို့က ဇီးရိုးရောက်နေသော်လည်း ဂျပန်စီးပွားရေးသည် ပြန်ကောင်း မလာသေးပေ။ ရီဆက်ရှင်းထဲ ရောက်မြဲရောက်နေသည်။ အတိုးနှုန်း အလျှော့ အတင်းလုပ်ပြီး ဖြေရှင်းရုံဖြင့် မလုံလောက်တော့ဟု ပြလာသည်။

ယခု အမေရိကန်စီးပွားရေးသည်လည်း ဂျပန်လိုဖြစ်လာမလားဟု တွေးပူ ကြသည်။ စီးပွားရေး ပြန်လည် ဦးမော့လာနိုးနိုးနှင့် အတိုးနှုန်းတို့ကို ချပေးခဲ့လေ ရာ ယခုနောက်ဆုံး ၁ .၇၅ ရာခိုင်နှုန်း ရောက်လာသည်အထိ ပြန်လည် ဦး မမော့ဟုဆိုလျှင် အတိုးနှုန်း ထပ်လျှော့ပေးရဦးမည်။ သို့ဖြင့် အတိုးနှုန်းသည် ဇီးရိုးနယ်ပယ်ထဲ ဝင်သွားနိုင်သည်။

## ကြီးမလား လှိုင်း

ကိစ္စက အတိုးနှုန်းနှင့်မပြီးပေ။ ယခု မေးခွန်းကြီးတစ်ခုကို မေးလာကြသည်။ ယင်းမှာ နောက်ထပ်ပေါ်မည့် အကြမ်းဖက် တိုက်ခိုက်မှုတို့သည် စက်တင်ဘာလ ၁၁ ရက်နေ့ အကြမ်းဖက် တိုက်ခိုက်မှုထက် ပိုကြီးမလားဟူ၍ ဖြစ်သည်။ စက် တင်ဘာ ၁၁ ရက် အကြမ်းဖက်တိုက်ခိုက်မှုသည် အကြီးမားဆုံးဖြစ်၍ သည့် ထက် ကြီးမားသည့် တိုက်ခိုက်မှုမျိုး နောက်ထပ်ပေါ်လာစရာ အကြောင်းမရှိ တော့ပါဟု မည်သူကမျှ မပြောရဲကြပေ။

သို့ဖြင့် ကမ္ဘာ့စီးပွားရေး ပြန်လည်နာလန်ထမှု ကံကြမ္မာသည် နောက်ထပ် ပေါ်ပေါက်မည့် အကြမ်းဖက်တိုက်ခိုက်မှု၏ အရွယ်အစားအပေါ် မူတည်နေဟန် ရှိနေပြီ။ ဤမေးခွန်းနှင့်တွဲဖက်ပြီး ပေါ်လာသည့် မေးခွန်းတစ်ခုမှာ အမေရိကန် ဗဟိုဘဏ်သည် ဘဏ်တိုးလျှော့ဖြတ်ခြင်းကို တစ်ခါတည်း အပြီးအပိုင် ရပ်စဲပစ် လိုက်တော့မည်လားဟူ၍ ဖြစ်သည်။ ဗဟိုဘဏ်သည် အတိုးနှုန်းကို ဇီးရိုးအထိ လျှော့၊ မလျှော့ မေးခွန်းထုတ်ခြင်း ဖြစ်တန်ရာသည်။

စီးပွားရေးပညာရှင်တို့က ရေရှည်အခြေခံလှိုင်းကြီးတစ်ခုကို ကြည့်ရှုနေကြ သေးသည်။ ဤလှိုင်းမှာ သတင်းအင်ဖော်မေးရှင်း တက္ကနိုလိုဂျီလှိုင်း ဖြစ်သည်။ ၁၉၉၀ ပြည့်နှစ်များကစပြီး ဤလှိုင်းကြီး စတင်ပေါ်ထွန်းခဲ့ရာ ရှေ့ဆက်ပြီး ဘယ်လောက် အရှိန်ကောင်းနေဦးမည်နည်းဟု ခန့်မှန်းတွက်ချက်ကြခြင်း ဖြစ် သည်။ Information wave of the 1990's ခေါ်၍ ဤလှိုင်းကြီးသည် အမေရိကန်စီးပွားရေးကို အစစ အရာရာ ပြန်လည်ဖွဲ့စည်းစေခဲ့သည်။

အင်ဖော်မေးရှင်း တက္ကနိုလိုဂျီလှိုင်းကြီးသည် ခပ်တိုတို အတက်အကျ သံသရာ(business cycles) တို့ဖြင့် လှုပ်ရှားခဲ့လေရာ စက်တင်ဘာ ၁၁ ရက်

www.burmeseclassic.com



ဖြစ်ရပ်ကြီးကိုအကြောင်းပြု၍ ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာတက္ကနိုလိုဂျီ တို့သည် ထောင်တက်လာခဲ့သည်။

## အရှိန်ဘယ်တော့

ယခုထည့်တွက်နေသည့် ပြဿနာက အမေရိကန်စီးပွားရေးကို တအား တွန်းတင် မောင်းနှင်ခဲ့သည့် ဤအင်ဖော်မေးရှင်း တက္ကနိုလိုဂျီလှိုင်းသည် ဘယ်တော့လောက် အရှိန်သေမလဲဆိုသောပြဿနာ ဖြစ်သည်။ ဤကိစ္စနှင့် ပတ်သက်၍ ပညာရှင်တို့က လာမည့် ၅ နှစ်မှ ၁၀ နှစ်အတွင်း၌ ဤလှိုင်းကြီး ပြိုလဲသည်နှင့်အတူ စီးပွားရေးသံသရာလည်း ပြိုလဲသွားမည်။ လာမည့် ၅ နှစ်နှင့် ၁၀ နှစ်လောက်ကျမှသာ ဒုက္ခတွင်းထဲ တကယ်နက်နက်ရောက်မည်။ ယခု မရောက်သေးဟု ဆိုလိုခြင်း ဖြစ်သည်။

အင်ဖော်မေးရှင်း တက္ကနိုလိုဂျီလှိုင်းအကြောင်းသည် ရေရှည်ကာလနှင့် ဆိုင်သောအကြောင်း ဖြစ်သည်။ အခုလောလောဆယ်အတွက် ရေတိုအကြောင်းကိုလည်း စီးပွားရေးပညာရှင်တို့က မှန်းဆ ကြည့်ကြသည်။ ဤမှန်းဆကြည့်ချက်ထဲတွင် ရေနံက အခရာ ဖြစ်နေသည်။ ရုရှတို့၏ကောင်းမှုကြောင့် ရေနံဈေးနှုန်း ကျနေသဖြင့် စီးပွားရေးအကျပ်အတည်းတို့ သက်သာရာရနေသည်ဟု အကဲဖြတ်ကြသည်။

အကယ်၍ အကြမ်းဖက်ဝါဒသမားတို့ ရေနံတွင်းတို့ကို အကြမ်းဖက် တိုက်ခိုက်လျှင် ရေနံရှားပါးပြတ်လပ်မှုကြောင့် တွေ့ကြုံနေရသော အကျပ်အတည်းတို့ ပို၍ ဆိုးရွားသွားနိုင်သည်။ ထို့ကြောင့် အကြမ်းဖက်ဝါဒနှင့် ရေနံလုပ်ငန်းတို့ကို ပူးတွဲပြီး တွေးပူစရာ ရှိလာသည်။ အရှေ့အလယ်ပိုင်းဒေသ၏ လက်ငင်းဆူပူမှုမီးလျှံကို ကြည့်၍ ရေနံဈေးနှုန်း ဘယ်လိုဖြစ်လာမည်နည်းဟု ဇကန်မပြောရဲကြပေ။

## ကိန်းစ်လား၊ ပူဒူးလား

အကြမ်းဖက်ဝါဒစစ်ပွဲ ပြီးစီးသလောက်ဖြစ်နေပြီဟု မှန်းဆ၍ သမိုင်းကို ပြန်ကြည့်သည်လည်း ရှိသည်။ ဒုတိယကမ္ဘာစစ်ကြီးအပြီး၌ စီးပွားရေး ပြန်လည်ထူထောင်ရေးလုပ်ငန်းတို့ကို လော့ဒ်မေနပ်ကိန်းစ်၏ စီးပွားရေးအမြင်တို့ဖြင့် ဆောင်ရွက်ခဲ့ကြသည်။

ဘတ်ဂျက်လိုငွေတွေ ပြစေခဲ့သည်။ တစ်နည်းပြောရလျှင် အစိုးရအသုံးစရိတ်တို့ကို အရမ်းမြှင့်တင်ခဲ့သည်။ ငွေစက္ကူတွေ ပိုမို ရိုက်ထုတ်ခဲ့သည်။ အခွန်အတုတ်တွေ လျှော့ဖြတ်ပေးခဲ့သည်။ အတိုးနှုန်းတို့ကို သက်သာအောင် လုပ်ပေးထား

www.burmeseclassic.com



ခဲ့သည်။

ယခု အာဖဂန်စစ်ပွဲအပြီး၌ မည်သည့် စီးပွားရေးလက်နက်တို့ကို သုံးစွဲမလဲ ဟု မေးခွန်းထုတ်ကြည့်ကြသည်။ အတိုးလျှော့သည်။ အခွန်အကောက် လျှော့ဖြတ်သည်။ ငွေစက္ကူ ပိုမို ရိုက်နှိပ်ထုတ်ဝေသည်။ ဘတ်ဂျက်လိုငွေ ပြန်ကျင့်သုံးသည် စသည်တို့မှာ ကိန်းစ်ဘောဂဗေဒက လမ်းညွှန်သောမူဝါဒတို့ ဖြစ်လေသည်။

ဘတ်ဂျက်လိုငွေနှင့် ပတ်သက်၍ Voodoo Regannomics ဆိုသော ဘန်းစကားတစ်ခု ပေါ်ခဲ့ဖူးသည်။ သမ္မတရော်နယ်ရီဂင် လက်ထက်က ဘတ်ဂျက်လိုငွေသည် ထိပ်ဖျား အမြင့်ဆုံးအထိ ခေါင်ခိုက်ခဲ့သည်။ ဗူဒူးမှော်၊ အောက်လမ်းစုံးကဝေပညာတို့ဖြင့် စဉ်းစားသော ရီဂင်၏ ဘောဂဗေဒဟုဆိုလိုခြင်း ဖြစ်သည်။ အခြေအနေမှန်ကို ယထာဘူတကျကျ မသုံးသပ်။ ရောင်းလိုအား အခြေပြုသော ဘောဂဗေဒ (supply-side economics)ကို မျက်စိစုံမှိတ်ပြီး ကျင့်သုံးခဲ့သဖြင့် ဘတ်ဂျက်လိုငွေ ခေါင်ခိုက်ခဲ့ရခြင်းဖြစ်သည်ဟု ထောက်ပြကြသည်။

ယခု သမ္မတဘုရှ်အစိုးရကလည်း အခွန်လျှော့ဖြတ်၊ လိုငွေတိုး၊ ကုမ္ပဏီကြီးတို့ကို ထောက်ပံ့ စသည့် ရောင်းလိုအားအခြေပြု ဘောဂဗေဒဖြင့် ကုစားရန် ပြင်ဆင်နေပုံရသည်။

ဤတွင် စီးပွားရေးပညာရှင်များအကြား မေးလာသောမေးခွန်းမှာ စက်တင် ဘာ ၁၁ ရက်အပြီး စီးပွားရေးပြဿနာတို့ကို ကိန်းစ်ဘောဂဗေဒနည်းတို့ဖြင့် ဘယ်လောက်ဖြေရှင်းပေးနိုင်မလဲ။ သို့တည်းမဟုတ် Voodoo ဟု နာမည်တွင်ခဲ့သည့် ရောင်းလိုအားအခြေပြု ဘောဂဗေဒဖြင့် ဘယ်လောက် ဖြေရှင်းပေးနိုင်မလဲဟူ၍ ဖြစ်လာသည်။

ပေါ်ပေါက်မည့် အကြမ်းဖက်တိုက်ခိုက်မှုတို့သည် စက်တင်ဘာ ၁၁ ရက် အဖြစ်အပျက်တို့ထက် ကြီးမလား၊ ငယ်မလား။ ရေနံထုတ်လုပ်မှုကို အကြမ်းဖက်သမားတို့က တိုက်ခိုက်လာမလားဆိုသော အချက်တို့သည် စီးပွားရေးပညာနှင့် မဆိုင်လှသော်လည်း ထည့်တွက်ရမည့် ရှော့ခ်အဖြစ် မှတ်ယူထားကြသည်။

ဗီးရိုးကိုလည်း မမေ့သင့်ပါ။ ■

*Ref: RHT Dec,21. 2001*

**ဈေးကွက်ဂျာနယ်၊ အမှတ် ၂၄၉။**



BURMESE CLASSIC .com

www.burmeseclassic.com

# 3 G ဖုန်း ယဉ်ကျေးမှု

## ကုန်ပစ္စည်းနှင့် ကုန်စည်

သာမန်အရပ်သားအမြင်၌ ကုန်ပစ္စည်း(goods)နှင့် ကုန်စည် (commodities) တို့သည် အဓိပ္ပာယ်ချင်းတူဟန်ရှိသည်။ သို့သော် စီးပွားရေးပညာ၌မူ ဤ နှစ်ခုသည် မတူပေ။ အဓိပ္ပာယ်ချင်း ခြားနားသည်။ ရှေးရိုးဘောဂဗေဒကျမ်းတို့ အဆိုအရ ကုန်ပစ္စည်း (goods) ဆိုသည်မှာ လူတို့၏အလိုဆန္ဒကို ဖြည့်ဆည်း ပေးသည့် မည်သည့်အရာကိုမဆို ဆိုလိုသည်။

တစ်ဖန် ကုန်ပစ္စည်းကိုပင် နှစ်မျိုးခွဲပြန်သည်။ သဘာဝပစ္စည်းများ ဖြစ်သော လေ၊ ရေတို့ကလည်း လူတို့၏လိုအင်ဆန္ဒကို ဖြည့်ဆည်းပေးထားသည် ဖြစ်သောကြောင့် သဘာဝကုန်ပစ္စည်း(natural goods) ဟု ခေါ်သည်။ လူတို့ က ကြိုးပမ်းအားထုတ်ရာမှ ပေါ်ပေါက်လာသော ကုန်ပစ္စည်းတို့ကိုမူ စီးပွားရေး ပစ္စည်း(economics goods)ဟု ခြားနားစွာခေါ်ဆိုသည်။

ဤ စီးပွားရေးကုန်ပစ္စည်းတို့ကို အခြားသူများနှင့် ဖလှယ်ရန်၊ ကျယ်ကျယ် ပြန့်ပြန့် ပြောရသော် ဈေးကွက်၌ရောင်းချရန် ဟုဆိုကာမှ ကုန်စည် (com modities) ဟူ၍ ဖြစ်သွားသည်။ စာရေးသူကိုယ်တိုင်က မာ့ခ်စ်ဘောဂဗေဒ ကျမ်းတွင် ဈေးကွက်အတွက်ရည်ရွယ်သော ကုန်စည်တို့ကို ရောင်းကုန်ဟု သုံး နှုန်းခဲ့သည်။ ကိုယ့်ဟာကိုယ်ထုတ်၊ ကိုယ့်ဟာကိုယ်စားဖို့ရာ ရည်ရွယ်သော ကုန်



BURMESE CLASSIC .com

www.burmeseclassic.com



စည်တို့သည် ဈေးကွက်ကို မရည်ရွယ်သဖြင့် ရောင်းကုန်ဖြစ်မလာသေးပေ။

ဤ ကကြီး၊ ခခွေးကို ပြန်၍နွှေးရသည်မှာ စာရေးသူ၌ ရည်ရွယ်ချက်ရှိသည်။ Icon ခေါ် အထွတ်အမြတ်၊ အမွန်အမြတ်ထားသောအရာတို့ အကြောင်းကို ရှင်းပြလို၍ ဖြစ်သည်။ ဆက်ပြီး ဖုန်းယဉ်ကျေးမှု (phone culture) အကြောင်း ကို ပြောလို၍ဖြစ်သည်။ ဖုန်းမှာမှ 3G phone တို့အကြောင်း၊ 3G ယဉ်ကျေးမှု အကြောင်းတို့ပေတည်း။

## အိုင်ကောင်

အထက်တွင် ကုန်ပစ္စည်းမှ စီးပွားရေး၊ ထိုမှ ကုန်ရောင်းသို့ ပြောင်းလဲလာပုံ တို့ကို ရှင်းပြခဲ့သည်။ ယခုအပြောင်းအလဲသည် တစ်ဆင့် မြင့်တက်သွားပြန်သည်။ အချို့သော ကုန်စည်တို့သည် ကုန်စည်သက်သက်သာ မကတော့ဘဲ အထွတ် အမြတ်၊ အမွန်အမြတ်ထားရာ **အိုင်ကောင်** (icons) တွေ ဖြစ်လာချေပြီ။ ရုပ်တု၊ ပုံတော်တွေ ဖြစ်လာပြီ။

ကုန်စည်တစ်မျိုးသည် လူတွေ၏အသည်းစွဲဖြစ်လာ၊ လူတွေအတွက် မဖြစ် မနေ လိုအပ်ချက်ဖြစ်လာ၊ လူတွေပါးစပ်ဖျားမှာ သီးနေသော စကားဖြစ်လာ၊ ဤကုန်စည်မှ မသုံးစွဲရလျှင် ခေါင်းကိုက်သလိုလို ဝေဒနာခံစားရသော အခြေ အနေမျိုးဖြစ်လာ၊ လူတို့ရဲ့ မရှိမဖြစ် အဆင့်အတန်းပြသင်္ကေတ (status sym-bol) ဖြစ်လာ။ တစ်နိုင်ငံတည်းလည်း မဟုတ်၊ တစ်ကမ္ဘာလုံးသို့လည်း ပျံ့နှံ့ လာ။ အလွန့်အလွန် ပေါ်ပြူလာဖြစ်၊ ဖက်ရှင်ဖြစ်လာ။ ရေပန်းစားလာ။ ကမ္ဘာသုံး လည်း ဖြစ်လာ။ ဤသို့ဖြစ်လာသော ကုန်စည်မျိုးတို့ကို သာမန်ကုန်ပစ္စည်းမျိုး အဖြစ် သဘောမထားနိုင်တော့ပြီ။ လူတွေကိုယ်တိုင်က ဖော်ပြပါအကြောင်းတို့ ကြောင့် အမြတ်တနိုး ထားလာသည့်အတွက် ဤကုန်ပစ္စည်းတို့သည် **အိုင်ကောင်** ဖြစ်သွားကြပြီ။

အချို့သော ပညာရှင်တို့က ဤ **အိုင်ကောင်**သဘောကိုပင် သင်္ကေတလွန် များ(meta symbol)ဟု သုံးနှုန်းသည်။ သာမန်သင်္ကေတမဟုတ်။ မဟာ သင်္ကေတတွေ ဖြစ်လာသည်။ အဓိပ္ပာယ်ကို သင်္ကေတသက်သက်ထဲတွင် ရှာလို့ မရတော့။ ဤသင်္ကေတတို့ကို လွန်၍၊ ကျော်၍ ကြည့်ရတော့မည်ဟု ဆိုသည်။ ကုန်စည်မှ အိုင်ကောင်များအဖြစ်သို့ ပြောင်းလဲသွားသော အရာအချို့ကို ဥပမာ အနေဖြင့်ပြရလျှင် (၁) မော်တော်ကား (၂) မက်ဒေါ်နယ် ဟမ်ဘာဂါ အသားညှပ် ပေါင်မုန့် (၃) တီဗီ (၄) အင်တာနက် (၅) တယ်လီဖုန်း အစရှိသည်တို့ ဖြစ် ကြသည်။ ယခုဆောင်းပါး၌ အိုင်ကောင်ဖြစ်လာသော တယ်လီဖုန်း အစရှိသည် တို့ အကြောင်းကိုသာ ပြောလိုသည်။ တယ်လီဖုန်း၌လည်း မိုဘိုင်းဖုန်းကိုသာ။



BURMESE CLASSIC .com

www.burmeseclassic.com



## ပဥ္စလက်ဖုန်းလော

နောက်ဆုံးပေါ် တယ်လီဖုန်းကို 3G ဟု ခေါ်သည်။ တတိယ မျိုးဆက်သစ်(third generation)ကို အတိုကောက်ခေါ်ထားခြင်း ဖြစ်သည်။ တယ်လီဖုန်း၌လည်း မိုဘိုင်းဖုန်း၊ လက်ကိုင်ဖုန်းတို့ကိုသာ ရည်ညွှန်းသည်။ မိုင်ဘိုင်းဖုန်းလောကသည်ပင်လျှင် ပထမမျိုးဆက်၊ ဒုတိယမျိုးဆက်တို့ကို ကျော်ဖြတ်လာပြီး ယခု တတိယမျိုးဆက်ထဲ ဝင်လေပြီ။

တတိယမျိုးဆက်သစ် မိုဘိုင်းဖုန်းကို ပဥ္စလက်ဖုန်းလို့ခေါ်လျှင် ရမလားမသိ။ နတ်သိကြားတွေ ဖန်ဆင်းလိုက်သောဖုန်းလားလို့ ထင်ရသည်။ ဖန်ရှင် (functions) တွေက များမှများ။ မိုဘိုင်းဖုန်း တစ်လုံးတည်းဖြင့် (၁)စကားပြောလို့ လည်း ရသည်။ ကမ္ဘာ့ဘယ်နေရာကို ပြောမလဲ၊ ရသည်။ (၂) တီဗီကြည့်မလား၊ ရသည်။ ဒိုင်ခွက်ငယ်ပါသည်။ (၃) ဗီဒီယိုကင်မရာလည်း ပါသည်။ (၅) အင် တာနက်နှင့် ချိတ်ဆက်မလား၊ ရသည်။ (၆) ပီဒီအေမှတ်စုလည်း ပါသည်။ (၇) တေးဂီတသီချင်း နားထောင်မလား၊ ရသည်။ (၈) ဖက်စ်ပို့မလား၊ ရသည်။ အဲဒီ လောက်တောင် ပါနေသော မိုဘိုင်းဖုန်းကို multi tasking လို့ ခေါ်သည်။ တစ်လုံးတည်းနှင့် လုပ်ငန်းမျိုးစုံလုပ်နိုင်သော ဖုန်းပေတည်း။ 3G ဖုန်းနှင့် ဆက် သွယ်မှုကလည်း အံ့သြစရာကောင်းလောက်အောင် အလွန်မြန်သည်။ ဥပမာ အနေဖြင့် စာမျက်နှာပေါင်း ၁၃၀၀ ရှိသော တော်လ်စတွိုင်း၏ စစ်နှင့် ငြိမ်းချမ်း ရေး ဝတ္ထုကြီးကို အင်တာနက်မှမျှောချလျှင် ယခင်ဖုန်းဖြင့်ဆိုလျှင် ၅၆ မိနစ် နှင့် ၃၄ စက္ကန့်ကြာသည်။ ကွန်ပျူတာမော်ဒမ်(modem)နှင့် မျှောချလျှင် ၅၆ စက္ကန့်ကြာသည်။ ယခု 3G ဖုန်းနှင့်မျှောချလျှင် (ကားထဲမှာဆိုလျှင်) ၂၅ စက္ကန့်။ လမ်းလျှောက်ရင်းဆိုလျှင် ၈ .၃ စက္ကန့်။ အမြန်ဆုံးမြှင့်ချင်လျှင် ၁ .၆ စက္ကန့်နှင့် မျှောချနိုင်သည်။ အလွန်မြန်လှသည်။

## ဘာဝနေဟန်

တယ်လီဖုန်း ကုမ္ပဏီကြီးတို့သည် ဤမျှအစွမ်းထက်သော မိုဘိုင်းဖုန်းကို အမြန်အဆန် တီထွင်ကြပြီးသည့်နောက် ဈေးကွက်ထဲ နေရာဦးအောင် အသည်း အသန် ဈေးကွက်လုနေကြသည်။ တယ်လီဖုန်း ကုမ္ပဏီကြီးတို့၏ မိုဘိုင်းဖုန်း ဈေးကွက်လုပွဲသည် စစ်ပွဲကြီးများ ဆင်နွှဲသလို ဖြစ်နေ၍ Phone Wars: Episode 3G ဟု တိုင်းမဂ္ဂဇင်းကြီးက အမည်ပေးထားရသည်။

လုပ်ငန်းပေါင်းစုံ လုပ်ပေးနိုင်သော 3G မိုဘိုင်းဖုန်းကို မည်သူက မလိုချင် ဘဲ နေပါမည်နည်း။ ဤမှာ ဖန်ရှင်တွေ များလာသည့်အတွက်လည်း မိုဘိုင်းဖုန်း သည် **အိုင်ကောင်** ဖြစ်လာပြီ။ Icon သဘောသက်ရောက်လာလျှင် ယဉ်ကျေးမှု



BURMESE CLASSIC .com

www.burmeseclassic.com



လက္ခဏာလည်း ဝင်လာတော့သည်။ ခေတ်သစ်ယဉ်ကျေးမှုကို ဖုန်းယဉ်ကျေးမှု (phone culture)လို့ပင် ပညာရှင်တို့က ခေါ်ဆိုလာကြသည်။

ယဉ်ကျေးမှုဆိုသည်မှာ ဘဝနေဟန်ကို ထင်ဟပ်ခြင်း ဖြစ်သည်။ ဖုန်းတို့သည် ဘဝနေဟန်ကို အကြီးအကျယ် ပြောင်းလဲစေခဲ့သည်။ 3G ဖုန်းဆိုလျှင် ဘယ်ပြောကောင်းပါ့မလဲ ဆိုလောက်သည်။ ဘဝနေဟန်၊ အထူးသဖြင့် လူငယ်တို့၏ ဘဝနေဟန်သည် အကြီးအကျယ် ပြောင်းလဲသွားတော့မည်။

## ဝက်ဘ်ရည်းစား

နိုင်ငံခြားရုပ်ရှင် ဗီဒီယိုဇာတ်ကားနှင့် နိုင်ငံခြားဂြိုဟ်တု သတင်းကားတို့တွင် မြို့ကြီးတို့မှ ပလက်ဖောင်းတစ်လျှောက် ခပ်သုတ်သုတ်လျှောက်ရင်း မိုဘိုင်းဖုန်းတွေကိုယ်စီနှင့် လူငယ်တွေ စကားပြောကြသည့် လှုပ်ရှားမှုတို့မှာ ကြည့်လို့ပင်ကောင်းလှသေးသည်။ အလွန် ဝေဝေဆာဆာရှိသည်။ ဤပုံတို့သည် ပြောင်းလဲသွားသော ဘဝနေဟန် (ဝါ) ယဉ်ကျေးမှုတို့ကို ထင်ဟပ်ခြင်းလည်း ဖြစ်တန်ရာသည်။

ယခုလည်း 3G ဖုန်းတို့ကြောင့် ဘဝနေဟန်ပြောင်းဦးမည်။ ပထမ အပြောင်းအလဲက ဤသို့။ ကွန်ပျူတာကီးဘုတ်တွင် လက်ဆယ်ချောင်းစလုံး အသုံးပြုရန် မလိုတော့ပြီ။ 3G ဖုန်းကီးဘုတ်၌ လက်မနှင့်လိုရာနှိပ်ပြီး လိုရာ function ကို ခေါ်ယူအသုံးပြုလို့ ရနိုင်ပြီ။ ထို့ကြောင့် ဝေဖန်ဆန်းစစ်သူတို့က 3G ပေါ်လာ၍ လက်ဆယ်ချောင်းယဉ်ကျေးမှု မှေးမှိန်သွားစရာရှိသည်။ လက်မယဉ်ကျေးမှု ပေါ်ပေါက်လာမည်ဟု ပြောကြသည်။

နောက် ရည်းစားထားလိုလျှင်၊ သို့မဟုတ် မိတ်ဖွဲ့လိုလျှင် မျက်နှာချင်းဆိုင်၊ လူချင်းဆိုင်တွေ့ရန်မလိုဘဲ 3G ဖုန်းမှ ကီးဘုတ်ကို လက်မနှင့်နှိပ်ပြီး အင်တာနက် ဝက်ဘ်ဆိုက်မှတစ်ဆင့် ရည်းစားထားနိုင်သည်။ အီးမေးလ်၊ ဖက်စ်တို့ကို အသုံးပြုပြီးလည်း ဆက်သွယ်နိုင်ကြမည်။ ဖူးစာရေးနတ်သည် 3G ဖြစ်လာမည့်ပုံ။ တစ်ဖက်မှပုဂ္ဂိုလ် ချော၊ မချောမှာ ကိုယ့်ကံပင်။

3G ဖုန်းကိုအသုံးပြုလျှင် နည်းပညာအရ i-mode ဆိုသော စနစ်ကို အသုံးပြုရသည်။ ဂျပန်တီထွင်သူတို့၏အဆိုအရ မိုဘိုင်းဖုန်းကို တီထွင်ရသည်မှာ အဝေးပြေးမော်တော်ယာဉ် ဒရိုင်ဘာများကြောင့် ဖြစ်သည်။ သူတို့၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးရန် ရည်ရွယ်ချက်နှင့် တီထွင်ရခြင်းဖြစ်သည်။ ကားဂိတ်ရောက်မှ နီးရာတယ်လီဖုန်းရုံကနေပြီး မိမိကား ဘယ်ရောက်နေကြောင်း ဌာနချုပ်သို့ သတင်းပို့ရသည့်ဒုက္ခမှ လွတ်ကင်းအောင်ဆိုပြီး သူတို့အတွက် မိုဘိုင်းဖုန်းကို တီထွင်ပေးခဲ့ရသည်ဟု ဆိုသည်။

www.burmeseclassic.com



ယခု 3G ဖုန်းနှင့်ဆိုတော့ အလွန် စမတ်ကျနေသည်။ 3G နှင့် မမြင်ရသည့် အမျိုးသမီးတစ်ဦးကိုလည်း ကားမောင်းရင်း လက်တည့်စမ်း ရည်းစားထားနိုင်နေကြသည်။ ဘဝနေပုံ၊ အလုပ်စတိုင်တို့ အကြီးအကျယ် ပြောင်းလဲလိမ့်မည်ဟု မှန်းဆထားကြသည်။ ■

*Ref: TIME Nov, 27. 2000*

**ဈေးကွက်ဂျာနယ်၊ အမှတ် ၂၀၀**



BURMESE CLASSIC .com

www.burmeseclassic.com

# အရွယ်သုံးပါး ဘယ်လိုဆက်စပ်

## ပေါ်လစီနှင့် လွတ်လပ်ဈေးကွက်

လူ့အဖွဲ့အစည်းအတွက် ပဓာနကျစွာ အရေးကြီးသော အရွယ်အစား သုံးပါး ရှိပါသည်။ ၎င်းတို့မှာ (၁) အိမ်ထောင်စု အရွယ်အစား(size of family) (၂) စီးပွားရေးလုပ်ငန်းတို့၏ အရွယ်အစား(firm's size) နှင့် (၃) အစိုးရ အရွယ်အစား(the size of the Government) တို့ဟူ၍ ဖြစ်သည်။

ဤ အရွယ်အစား သုံးပါးအကြောင်းကို ဖရန်စစ်ဖူကူယားမားက သူ၏ ယုံကြည်မှု(Trust)စာအုပ်ထဲတွင် သမိုင်းနှင့် ယဉ်ကျေးမှုကို အခြေခံ၍ နက်နဲစွာ သုံးသပ်ဖော်ပြထားသည်။ ၂၁ ရာစုနှစ်ထဲ၌ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနှင့် စစ်ရေးတို့တွင် ယဉ်ကျေးမှုမျက်နှာစာက အတော်အတန် နေရာယူထားပြီး အထူးအရေးပါ အရာရောက် လာလိမ့်မည်ဟု သူကဆိုထားသည်။ ထို့ကြောင့် ယဉ်ကျေးမှုရှုထောင့်မပါဘဲ မည်သည့်သုံးသပ်ချက်မျိုးမှ ယထာဘူတ မကျနိုင်တော့ပြီဟု သူကဆိုသည်။

ယခုလက်ငင်း ဖင်စီဖြစ်ပြီး အကြိတ်အနယ်၊ အချေအတင် ဆွေးနွေးနေကြသော ပြဿနာများမှာ ပေါ်လစီလား၊ သို့တည်းမဟုတ် လွတ်လပ်သောဈေးကွက်လား(Policy versus free market)ဟူ၍ ဖြစ်သည်။ ပေါ်လစီသည် အစိုးရနှင့် သက်ဆိုင်သည်။ တစ်နည်းပြောလျှင် ပေါ်လစီသည် အစိုးရ၏ စီးပွားရေးလောက



BURMESE CLASSIC .com

www.burmeseclassic.com



အတွင်း ပါဝင်ပတ်သက်မှုနှင့် ဝင်ရောက်စွက်ဖက်မှုတို့ကို ထင်ဟပ်သည်။

## ဆာမူရိုင်းမှ ဘူဇွာသို့

ပေါ်လစီတို့သည် အစိုးရ၏ အရွယ်အစားကိုလည်း ရောင်ပြန်ဟပ်သည်။ အစိုးရ၏ အရွယ်အစားပြဿနာနှင့် ပတ်သက်၍ ဖရန်စစ်ဖူကူယားမားက တရုတ်၊ ဂျပန်၊ ကိုရီးယား၊ အမေရိကန်၊ ပြင်သစ်၊ အီတလီနှင့် ဂျာမနီတို့ကို နမူနာ စံထား၍ သုံးသပ်ကြည့်သည်။ သမိုင်းဖြစ်စဉ်တစ်ရပ်ကိုလည်း ကိုးကားသည်။

လူမှုစီးပွားရေး သိပ္ပံပညာရှင် အယ်လ်ဘတ်ဟပ်ရှ်မင်က လူ့အဖွဲ့အစည်း၏ ဆင့်ကဲပြောင်းလဲလာပုံကို ဤသို့ပြောသည်။ လူတို့သည် ရှေးဦးပထမ passion ခေါ် စုံမက်မြတ်နိုးမှု ရမ္မက်အပေါ် အခြေခံ အာရုံစူးစိုက်၍ လှုပ်ရှားသည်။ ယင်းမှ interest ခေါ် ရုပ်ဝတ္ထုပစ္စည်းတို့တွင် ပေါ်များလိုသော အကျိုးစီးပွား အပေါ် အခြေခံ၍ ပြောင်းလဲလှုပ်ရှားခဲ့ကြသည်။ စုံမက်မြတ်နိုးမှုမှာ ဂုဏ်ရောင် ပြောင်မြောက်လိုမှုရမ္မက်(passion for glory)က အဓိကဖြစ်သည်။

သာဓကအနေနှင့် ဂျပန်တွင်ဖြစ်ထွန်းခဲ့သော ဆာမူရိုင်းယဉ်ကျေးမှုသည် ဂုဏ်ရောင် ပြောင်လိုမှုရမ္မက်ကို ထင်ဟပ်ခဲ့ခြင်း ဖြစ်သည်။ ကျင့်ဝတ်သီလအဖြစ် ဘူရှီဒိုစိတ်ဓာတ် လက်ကိုင်ထားခဲ့သည်။ ဤ ဆာမူရိုင်းတို့ပင်လျှင် အကျိုးစီးပွား ဘက်ဆီသို့ ပြောင်းလဲသည့်အနေဖြင့် စီးပွားရေးလုပ်ငန်း(business)ထဲ ဝင်ကြကုန်သည်။ ဆာမူရိုင်းမှ ဘူဇွာဇီ(အရင်းရှင်)တွေ ဖြစ်လာကြသည်။ အရင်းရှင် ဖြစ်စေကာမူ ဘူရှီဒိုကျင့်ဝတ်တို့ကိုကား မစွန့်လွှတ်ခဲ့။ မွမ်းမံပြင်ဆင် သုံးစွဲခဲ့ကြသည်။ နိုင်ငံရေးသိပ္ပံပညာရှင် သောမတ်စ်ဟော့ဗ်က အနောက်တိုင်း လူ့အဖွဲ့အစည်းတို့၌လည်း အလားတူ ကူးပြောင်းမှုမျိုး ဖြစ်ခဲ့သည်ဟု ထောက်ပြသည်။ ဂုဏ်ရောင်ပြောင်လိုမှုရမ္မက်(desire for glory)မှ ဥစ္စာဓနကို စုဆောင်းလိုမှု (rational accumulation)ဘက် ကူးပြောင်းခဲ့ကြသည်။

သူရဲကောင်းထက် ဘူဇွာဖြစ်ဖို့က ပို၍ အရေးကြီးလာခဲ့ကြသည်။

## မိသားစုမှ ကော်ပိုရေးရှင်းသို့

ပြင်သစ်တွင် အစိုးရ၏စီးပွားရေးပေါ် ကွပ်ကဲမှုနှင့် စီးပွားရေးထဲ ဝင်ရောက် စွက်ဖက်မှုသည် သမိုင်းအရပင် အလွန်ကြီးမားခဲ့သည်။ ဤ ကိစ္စနှင့်ပတ်သက်၍ ဖရန်စစ်ဖူးကူးယားမားက ဝေါဟာရတစ်လုံးကို သုံးသည်။ ယင်းမှာ dirigisme ဖြစ်သည်။ အဓိပ္ပာယ်မှာ အစိုးရက စီးပွားရေးထဲ ကြီးကြီးမားမား ဝင်ရောက် စွက်ဖက်ခြင်း(heavy intervention of the Government)ဟုလည်း အဓိပ္ပာယ် ထွက်သည်။ Active involvement of the State in economic life ဟူ၍



BURMESE CLASSIC .com

www.burmeseclassic.com



လည်း အဓိပ္ပာယ်ထွက်သည်။

တရုတ်ပြည်တွင် ပဒေသရာဇ်ဘုရင်များ လက်ထက်ကပင် အင်အား တောင့်တင်းသော အင်ပါယာပြည့်ရှင်(strong Empire)ဖြစ်အောင် ကြိုးပမ်းကြသောသမိုင်း ရှိခဲ့သည်။ အစိုးရအပေါ် မှီတည်သောယဉ်ကျေးမှု (state-oriented culture)က လွှမ်းမိုးခဲ့သည်ဟု ဖရန်စစ်ဖူးကူးယားမားက ပုံဖော်ခဲ့သည်။ ဂျပန်နှင့်ပတ်သက်၍မူ အချို့ ပညာရှင်တို့နှင့် ခြားနားနေပြီး ဂျပန်ယဉ်ကျေးမှု သည် အစုအဝေးအပေါ် အခြေစိုက်ယဉ်ကျေးမှု(group-oriented culture)ဟု အကဲဖြတ်သည်။ ဥပမာအနေဖြင့် လုပ်သားတို့သည် အစိုးရအပေါ် သစ္စာခံသည်ထက် မိမိတို့လုပ်ကိုင်နေသည့် ကုမ္ပဏီတို့အပေါ် ပိုပြီး သစ္စာခံကြသည့်အဖြစ်ကို ပြသည်။

သို့ရာတွင် တစ်ဖက်၌ အစိုးရလမ်းညွှန်ဖွံ့ဖြိုးတိုးတက်မှု(state guided development)ကလည်း အစဉ်အလာနှင့် ရှိနေခဲ့၍ ဤယဉ်ကျေးမှုကလည်း ရှိနေသည်။ တောင်ကိုရီးယား၏ ယဉ်ကျေးမှုသည် ဂျပန်နှင့်နီးစပ်သည်ထက် တရုတ်နှင့်ပို၍နီးစပ်သည်ဟု ဖရန်စစ်ဖူးကူးယားမားက သုံးသပ်သည်။

သူက ဘာကိုကြည့်သနည်းဆိုမူ မိသားစုအခြေစိုက် စီးပွားရေး(family based business)မှ ခေတ်သစ် ကော်ပိုရေးရှင်းကြီးများအဖြစ်သို့ ပြောင်းလဲဖွဲ့စည်းရာတွင် အစိုးရကဦးဆောင်ပြီး ဖွဲ့စည်းပေးခြင်းကို ကြည့်သည်။ ဤသို့ ဖွဲ့စည်းပေးရာ၌ အခက်အခဲတွေ အများကြီး တွေ့ရသည်။ ကိုရီးယား မိသားစု စီးပွားရေးသည် မိမိ မိသားစုမှအပ အပြင်လူကို အဝင်မခံလိုသော အကြောင်းကြောင့် ဤသို့ အခက်အခဲများတွေ့ရခြင်း ဖြစ်သည်။ မိသားစုစီးပွားရေးမှ ကော်ပိုရေးရှင်းကြီးတို့၏ ပုံစံသို့ ပြောင်းလဲရာတွင် အပြင်လူ(outsiders)တို့ကို လက်ခံနိုင်မှဖြစ်မည်။ အစိုးရက ဤသို့လက်ခံရန် ဖိအားပေးသုံးစွဲခဲ့ရသည်။ သို့ဖြင့် တောင်ကိုရီးယားတွင် ချားဘိုးလ် (Chaebol)တွေ ပေါ်ပေါက်လာသည်။

**အရွယ်နှင့်စကေး**

ဖရန်စစ်ဖူးကူးယားမားက အစိုးရ၏ကဏ္ဍကို နှစ်ပိုင်းခွဲကြည့်သည်။ ပထမအပိုင်းမှာ စီးပွားရေးဖွံ့ဖြိုးအောင် အစိုးရက ဦးဆောင်လမ်းညွှန်သည့်အပိုင်း ဖြစ်သည်။ ဒုတိယအပိုင်းမှာ မိသားစုအခြေစိုက် စီးပွားရေးမှ နိုင်ငံစုံကော်ပိုရေးရှင်းကြီးများအဖြစ်သို့ ကူးပြောင်းဖွဲ့စည်းရေး ဖြစ်သည်။ Organizational change ဖြစ်သည်။

ဘောဂဗေဒပညာသဘောအရ ပြောရလျှင် ဆောင်းပါးအစတွင် ဖော်ပြထားသော စီးပွားရေးလုပ်ငန်းတို့၏ အရွယ်အစား (firm's size)ကို အငယ်စားမှ

www.burmeseclassic.com



အကြီးစားအရွယ်အစား ဖြစ်လာအောင် တိုးချဲ့ဖွဲ့စည်းပေးရန် ဖြစ်သည်။ Economics of scale စကေးချဲ့ခြင်းဟု ခေါ်သည်။ စကေးမချဲ့ဘဲ စီးပွားရေးဖွံ့ဖြိုးမှုဆိုသည်မှာ မဖြစ်နိုင်သလောက်ပင် ဖြစ်သည်။ အကြီးစားစကေးတို့၏ အကျိုးကျေးဇူးတို့ကို ရိတ်သိမ်းလိုသည်။

ဤနေရာ၌ စီးပွားရေးလုပ်ငန်းတို့၏ အရွယ်အစားနှင့် စကေးတို့ကို တိုးချဲ့ကြီးထွားစေရာတွင် အရှေ့အာရှ၌ အတွေ့အကြုံ နှစ်မျိုးနှစ်စား ပေါ်ထွန်းပုံကို ဖရန်စစ်ဖူးကူးယားမားက ရှင်းပြသည်။

ပထမအမျိုးအစားမှာ ဂျပန်နှင့် ကိုရီးယားတို့၏ပုံစံ ဖြစ်သည်။ အစိုးရက ဝင်ရောက်စွက်ဖက်၍ အစိုးရ၏ ကူညီထောက်ပံ့မှုတို့ဖြင့် ဂျပန်နှင့် တောင်ကိုရီးယားမှ စီးပွားရေးလုပ်ငန်းတို့သည် အရွယ်အစားနှင့်စကေး ကြီးမားခဲ့သည်။ Government-aided transformation ဟုခေါ်သည်။ ဂျပန်တွင် Keiretsu စနစ်၊ ကိုရီးယားတွင် ချားလ်ဘိုးတို့ ပေါ်ထွန်းကြီးထွားခဲ့သည်။

ဒုတိယအမျိုးအစားသည် အရှေ့အာရှ တောင်ပိုင်းနိုင်ငံတို့က ဆောင်ရွက်လိုက်သောပုံစံ ဖြစ်သည်။ ဤပုံစံမှာ နိုင်ငံခြားအရင်းအနှီးတို့ကို အားရပါးရ ကြိုဆို လက်ခံ၍ ဤနိုင်ငံခြားအရင်းအနှီးတို့ဖြင့် မိသားစုအခြေစိုက် စီးပွားရေးနှင့် အသေးစား၊ အလယ်စားအရွယ် စီးပွားရေးတို့ကို ကော်ပိုရေးရှင်းကြီးတွေ ဖြစ်အောင် ပြောင်းလဲဖွဲ့စည်းလိုက်သောပုံစံ ဖြစ်သည်။

## ယဉ်ကျေးမှုသုံးမျိုး

ဖရန်စစ်ဖူးကူးယားမားက အစိုးရ ဝင်ရောက်စွက်ဖက်မှု၏ အတိုင်းအတာနှင့် ပုံစံတို့သည် နိုင်ငံအလိုက် လူ့အဖွဲ့အစည်း၏ပုံစံပေါ် မူတည်နေကြောင်း ထောက်ပြသည်။ သူက လူ့အဖွဲ့အစည်းကို အခြေခံအားဖြင့် သုံးမျိုးခွဲသည်။ (၁) နိုင်ငံတော် အစိုးရအခြေစိုက် ယဉ်ကျေးမှု(state-oriented culture) (၂) လူတစ်ဦးချင်းအပေါ်အခြေစိုက် ယဉ်ကျေးမှု(individualistic culture)နှင့် (၃) အစုအဝေးအခြေစိုက် ယဉ်ကျေးမှု(group-oriented culture)တို့ဟူ၍ ဖြစ်သည်။

နိဂုံးချုပ်ရေးရလျှင် စီးပွားရေးလုပ်ငန်းတို့၏ အရွယ်အစားကို ကော်ပိုရေးရှင်းကြီးများအဆင့်ရောက်အောင် ကူးပြောင်းဖွဲ့စည်းရေး၊ အကျိုးဆက်အားဖြင့် မိသားစု စီမံအုပ်ချုပ်မှု(family management)မှ ကျွမ်းကျင်သူတို့က စီမံအုပ်ချုပ်မှု(professional management)ဆီသို့ ကူးပြောင်းပေါ်ထွန်းရေး၊ ပုဂ္ဂလိကပိုင်း စီးပွားရေးသည် နိုင်ငံတော်ကို တိုးချဲ့ထားရာ(extension of State)ဖြစ်နေသလား၊ သို့တည်းမဟုတ် ပုဂ္ဂလိကပိုင်းနှင့် နိုင်ငံတော်တို့ ပါတနာအဖြစ် တည်ရှိ

www.burmeseclassic.com



ဆက်ဆံသလား။ စီးပွားရေးကို ဘယ်သူက အဓိကမောင်းသလဲ။ အစိုးရလား၊ ပုဂ္ဂလိကပိုင်းလားဆိုသော ပြဿနာအဝဝတို့သည် ဖရန်စစ်ဖူးကူးယားမား၏ အဆိုအရ နိုင်ငံအလိုက်၏ ယဉ်ကျေးမှုအခြေအနေအပေါ် အများကြီး မှီတည်နေပါသည်။ သူက လူမှုပေါင်းသင်းဆက်ဆံမှု(sociability)(ဝါ) လူမှုအရင်းကို ယဉ်ကျေးမှု အကြောင်းအရာအဖြစ် အဓိက အလေးပေးသည်။ ■

**ဈေးကွက်ဂျာနယ်၊ အမှတ် ၂၀၁။**

www.burmeseclassic.com

# မျဉ်းပြတ်ဝန်းကျင်ထဲ လူးကာ လွန့်ကာ

## မီးရှူးတန်ဆောင်နှစ်ခု

ကားလ်မတ်စ်က နေ့၏ဓာစ်မြစ်သည် လုပ်အား(labour)ဟု ဟောခဲ့သည်။ ပီတာ အက်ဖ် ဒရပ်ကာက ကားလ်မတ်စ်၏ လုပ်အားသီအိုရီမှ ဟာကွက်တို့ကို ထောက်ပြပြီးသည့်နောက် နေ့၏ဓာစ်မြစ်သည် ပညာ(knowledge)ဟု ဖော်ထုတ်ခဲ့သည်။

မိမိတို့ ဘာလုပ်မည်ကို သိနေသောအလုပ်။ တစ်နည်းပြောရလျှင် လက်ရှိလုပ်နေသော အလုပ်တွင် ပညာကိုအသုံးပြုပါက ကုန်ထုတ်အစွမ်းသတ္တိ (productivity) ဆိုပြီး ပေါ်လာသည်။ တစ်ခါမှ မလုပ်ဖူးသေးသော အလုပ်သစ်၊ လက်ရှိလုပ်နေသော အလုပ်နှင့် ခြားနားသောအလုပ်သစ်တွင် ပညာကို အသုံးပြုပါက အသစ်အဆန်း တီထွင်ချက် (innovation)ဆိုပြီး ပေါ်လာသည်။

ပီတာဒရပ်ကာသည် ဆိုခဲ့ပါအတိုင်း ရှင်းပြပြီးသည့်နောက် ကုန်ထုတ် အစွမ်းသတ္တိနှင့် အသစ်အဆန်း တီထွင်ချက်တို့သည် စီးပွားရေးတိုင်းအတွက် မီးရှူးတန်ဆောင် ဖြစ်သင့်သည်၊ လမ်းပြမီးပွိုင့် ဖြစ်သင့်သည်ဟု အကြံပေးသည်။ ပီတာဒရပ်ကာသည် ပညာ၏အရေးပါပုံကို ဆိုခဲ့ပါအတိုင်းရှင်းပြရင်း နောင်တွင် အရေးပါ အရာရောက်လာမည့် ပညာ၏ပုံသဏ္ဍာန်ကို ဖော်ပြသည်။ ယင်းပုံသဏ္ဍာန်မှာ အလွန်အဆင့်မြင့် အထူးပညာ(highly specialized knowledge)ဟု



BURMESE CLASSIC .com

www.burmeseclassic.com



ထောက်ပြသည်။

သို့ရာတွင် ပီတာဒရပ်ကာသည် ထိုသို့ အချက်အချာကျစွာ အရေးပါ အရာရောက်လာမည့် ပညာ၏သဘာဝ(nature of knowkedge)ကိုမူ တိတိကျကျ ရှင်းမပြခဲ့ပေ။ အရိပ်အမြွက်လောက်သာ ပြောသည်။ ၂၁ ရာစုနှစ်သည် အစဉ်အဆက်ပြတ်သောခေတ်(age of discontinuity)ဖြစ်လိမ့်မည်ဟု ဟောခဲ့သည်။

ယခုနောက်ပိုင်း ပညာရှင်တို့က အစဉ်အဆက်ပြတ်ခြင်းကို တခြားစကားနှင့် ပြောလာကြသည်။ ယင်းမှာ non-linear environment ဟုဆိုခြင်း ဖြစ်သည်။

## သို့သော် မထုံနဲ့

ပြင်သစ်နိုင်ငံ၊ ဖောင်တိန်ဘလူးတွင် ဥရောပသမဂ္ဂအတွက် တည်ထောင်ထားသော နာမည်ကြီး INSEAD စီးပွားရေး၊ စီမံခန့်ခွဲမှုတက္ကသိုလ်၌ စီးပွားရေးနှင့် သတင်းအင်ဖော်မေးရှင်း ပညာရပ်ဆိုင်ရာ ပါမောက္ခဖြစ်သူ ဆူမိတြာဒတ်တားက အင်တာနက်သည် အခြေခံအားဖြင့် မျဉ်းဆက်မဟုတ်သော ဝန်းကျင်(non-linear environment) ဖြစ်သည်။ ထို့ကြောင့် မျဉ်းဆက်မဟုတ်သော နည်းတို့ ဖြင့် တွေးခေါ်တတ်သော၊ အလုပ်လုပ်တတ်သောပုဂ္ဂိုလ်တွေ လိုအပ်သည်ဟု ထုတ်ဖော်ပြောဆိုသည်။ အီး-ကော်မတ်စ်လို့လည်း ခေါ်ကြ၊ အီး-မတ်ကက်(e-market)လို့လည်း ခေါ်ကြသော စီးပွားရေးလုပ်နည်းတစ်ခုလုံးသည် အကြောင်းအကျိုး ဆက်စပ်ပုံတို့ကို မျဉ်းတစ်ဆက်တည်းနှင့်၊ မျဉ်းတစ်ကြောင်းတည်းနှင့် တွေးခေါ်၍မရသော ပညာတို့ ဖြစ်ကြဟန်တူသည်။ မျဉ်းမျိုးစုံ၊ မျဉ်းပြတ်မျိုးစုံ တို့နှင့် တွေးခေါ်ရမည်။ အလုပ်လုပ်တတ်ရမည်။ အီးကို ရှေ့ကတပ်ပြီးပြောလာသော လုပ်ငန်းမှန်သမျှသည် မျဉ်းပြတ်ကို ခုန်ပျံကျော်လွှား(leap)တို့နှင့် များနေဟန် ရှိပါလိမ့်မည်။

ထို့ကြောင့် ကမ္ဘာကျော် Yahoo ကုမ္ပဏီကြီး၏ ဆောင်ပုဒ်က စိတ်ဝင်စားဖွယ်ကောင်းလှသည်။ 'Do What is Crazy, but not stupid.' 'အရူးအမူး ဖြစ်စရာတို့ကို လုပ်ပါ၊ သို့ရာတွင် မထုံနဲ့'ဟုသတည်း။

ပြောရမည်ဆိုလျှင် ပညာနှင့် အိုင်ဒီယာမှန်သမျှကို ယခုအခါ ကွန်ပျူတာဆော့ဖ်ဝဲထဲ ထည့်သွင်းကြသည်။ ဆော့ဖ်ဝဲတို့ ကိုယ်တိုင်ကလည်း သူ့ဘာသာသူ အဖြေ(solution)တို့ကို တွက်ပေးတတ်ကြပြီ။ ဆော့ဖ်ဝဲသည် ပညာ၏ အဓိကမီဒီယမ် ဖြစ်လာပေရာ ဤမီဒီယမ်သည် မျဉ်းဆက်တွေးခေါ်မှု(linear thinking) ကို စွန့်ပစ်ထားသည်။ မျဉ်းပြတ်တွေးနည်း(non-linear thinking)တို့ကိုသာ သုံးလာသည်။


BURMESE CLASSIC .com

www.burmeseclassic.com



## မျဉ်းပြတ်ပီဇ

Geometry ဟုခေါ် ဂဲသြမေထရီသည် မျဉ်းတို့၊ ထောင့်မှန်တို့၊ အချွန်တို့၊ အဝိုင်းတို့နှင့် သက်ဆိုင်သည်။ အင်ဂျင်နီယာပညာသည် ဤ ဂဲသြမေထရီအပေါ် အဓိက အခြေစိုက်ခဲ့သည်ကို လူတိုင်းလို သိကြသည်။ ယခုအခါ ဤ ဂဲသြမေထရီနည်းဖြင့် စဉ်းစားခြင်းသည်ပင် အင်ဂျင်နီယာတို့အတွက် အခက်အခဲနှင့် ဒုက္ခဖြစ်စေတော့သည်ဟု အင်ဂျင်နီယာပါမောက္ခ အင်ဒရူးဂျေကင်းက ထောက်ပြလိုက်သည်။ ဂျေကင်းသည် ဗြိုဟ်တုအင်ဂျင်နီယာ ဖြစ်သည်။

သူက သဘာဝနှင့် လူ၏ဆင့်ကဲဖြစ်ပေါ်မှု(ဒါဝင်ဝါဒ)တို့ကို ရှင်းပြကာ AI ခေါ် ဖန်တီးထားသောဉာဏ်၊ လူနှင့်တူသော စက်ရုပ်တို့ကို တီထွင်ခဲ့သည်။ ဤသို့ တီထွင်ရာတွင် ဂဲသြမေထရီကိုမသုံး။ သဘာဝနှင့် ဆင့်ကဲဖြစ်ပေါ်မှုတရားတွင် ရှိသော Genetic Algorithm နည်းကို အသုံးပြုသည်။ ဤနည်းတွင် မျဉ်းပြတ်သဘော(non-linear edges)တွေ တစ်ပြုံတစ်မကြီး ပါဝင်ကုန်သည်။ သူ၏နည်းကို ကွန်ပျူတာအပျော့ထည် ဆော့ဖ်ဝဲထဲထည့်သွင်းပြီး အဖြေတို့ကို ရှာဖွေစေသည်။ အံ့သြစရာကောင်းလောက်အောင်လည်း တွေ့သည်။ အမြန်ဆုံး၊ အကောင်းဆုံးအဖြေကိုလည်း တွေ့သည်။

သို့ဖြင့် ပညာသည် မျဉ်းဆက်ဝန်းကျင်(linear environment)မှ မျဉ်းပြတ်ဝန်းကျင်(non-linear environment)ဆီသို့ ကူးပြောင်းသွားလေပြီ။ လူငယ်တို့သည် အသစ်ပြောင်းလဲသွားသော မျဉ်းပြတ်ဝန်းကျင်တွင် ပညာသစ်များ ရှာမှီးရတော့မည်။ ပညာသစ်တို့ကို ဆည်းပူးရတော့မည်။ မျဉ်းပြတ်ဝန်းကျင်ကို အခြေခံ၍ လေ့လာ၊ လေ့ကျင့်မှုတွေ ပြုလုပ်ကြရတော့မည်။

## ထပ်ခြင်း

ဂလိုဘယ်လိုက်ဇေးရှင်းသည် မျဉ်းပြတ်ဝန်းကျင်တွင် အရှိန်အဟုန်ပြင်းစွာ ဖြစ်ထွန်းမည်။ ပီတာဒရပ်ကာ၏ ဟောကိန်းအရဆိုမူ အစဉ်အဆက်ပြတ်သောခေတ်(age of discontinuity)ထဲတွင် ဂလိုဘယ်လိုက်ဇေးရှင်း ထွန်းကားမည့်သဘော ဖြစ်တော့သည်။ ထို့ကြောင့် စိန်ခေါ်မှုတို့မှာ သမားရိုးကျတွေ ဖြစ်ဖွယ်မရှိ။ မတွေ့ဖူး၊ မကြုံဖူးသော၊ အသစ်အသစ်သော စိန်ခေါ်မှုတို့သာ ဖြစ်ကြမည်။

ဤစိန်ခေါ်မှုတို့ကို ရင်ဆိုင်ဖြေရှင်းရန် စီးပွားရေး ကော်ပိုရေးရှင်းကြီးတို့သည် မိမိတို့ချင်း သဘောသဘာဝ နီးစပ်ရာလိုက်ပြီး မဟာမိတ်တွေ ဖွဲ့စည်းလာကြသည်။ ရေရှည်အကျိုးစီးပွားကို ကြည့်ကြရသည်ဖြစ်၍ ဤမဟာမိတ်တို့ကို မဟာဗျူဟာမြောက် မဟာမိတ်(strategic alliances)တို့ဟူ၍ ခေါ်ဆိုလာကြသည်။

မဟာမိတ်ဖွဲ့စည်းရန် စေ့ဆော်သောအကြောင်းတရား နှစ်ပါးကလည်း

www.burmeseclassic.com



အင်အားကောင်းစွာနှင့် ရှိသည်။ ဈေးကွက်၏ သဘာဝနှင့် နည်းပညာ တက္ကနိုလိုဂျီ အပြောင်းအလဲတို့ ဖြစ်ကြသည်ဟု ပီတာဒရပ်ကာက ထောက်ပြသည်။

ရှေးဦးပထမ တက္ကနိုလိုဂျီတို့သည် တစ်ခုနှင့်တစ်ခု ထပ်လာသည့် (over-lapped) သဘောသည် အလွန်များလာသည်။ ယခင်ကဆိုလျှင် အီလက်ထရွန်းနစ်ပိုင်းမှ လူတို့သည် လျှပ်စစ် အင်ဂျင်နီယာအပိုင်းအကြောင်းကို သိစရာမလို။ ကုန်ကြမ်း(materials)တို့အကြောင်းကို သိစရာမလို။ စက္ကူထုတ်လုပ်သူတို့သည် စက္ကူဆိုင်ရာ စက်မှုပညာနှင့် စက္ကူဆိုင်ရာ ဓာတုဗေဒလောက်ပဲ သိဖို့လိုသည်။ တယ်လီဆက်သွယ်ရေးစနစ်သည် သူ့ဟာနှင့်သူ လုံလုံလဲလဲရှိနေသော(self-contained)ကဏ္ဍ ဖြစ်သည်။

## ပညာလူးကာလွန့်ကာ

သို့သော် ယခု ဤသို့မဟုတ်ပြီ။ ကုမ္ပဏီကြီးတစ်ခု၏ သုတေသန ဓာတ်ခွဲခန်းသည် မိမိတို့လိုချင်သမျှ တက္ကနိုလိုဂျီတို့ကို အကုန် မွေးထုတ်နိုင်တော့သည်မဟုတ်။ အခြားတစ်နည်းဖြင့် သုတေသနဓာတ်ခွဲခန်းတစ်ခုသည် မိမိကုမ္ပဏီက လိုချင်သော ရလဒ်ထက်ပိုပြီး ရလဒ်တို့ကို မွေးထုတ်လာနိုင်သည်လည်း ရှိလာသည်။

သို့ဖြင့် ဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီသည် မျိုးရိုးဗီဇသမား (geneticists) တို့နှင့် မဟာမိတ်ဖွဲ့ရန် လိုလာသည်။ ကွန်ပျူတာ အမာထည်ထုတ်လုပ်သော IBM သည် ဆော့ဖ်ဝဲအပျော့ထည် ထုတ်လုပ်သော ကုမ္ပဏီတို့နှင့် မဟာမိတ်ဖွဲ့ရတော့သည်။ တက္ကနိုလိုဂျီ မြန်မြန်တိုးတက်လာလေ ဤသို့ မဟာမိတ်ဖွဲ့ကြရန် ပို၍ လိုလာလေလေ ဖြစ်သည်။

ဈေးကွက်သည်လည်း တစ်ခုနှင့်တစ်ခု ထပ်လာသည်။ Overlapping ပေါင်းစပ်လာသည်။ ဈေးကွက်တစ်ခုနှင့်တစ်ခု ဖြတ်လာသည်။ Criss-Crossing ဖြစ်လာသည်။ ဈေးကွက်တို့သည် တသီးတခြား ကွဲကွဲပြားပြား၊ ခြားခြားနားနား(distinct)ဟူ၍ မရှိတော့ပြီ။ ဤအကြောင်းကြောင့်လည်း ကော်ပိုရေးရှင်းကြီးတို့ မဟာမိတ်ဖွဲ့ရန် ပိုလိုလာသည်။

နိဂုံးချုပ်ပြောရသော် ဆိုခဲ့ပါအတိုင်း မဟာမိတ်များဖွဲ့စည်း၍ ဆောင်းပါးအစတွင်ဖော်ပြသော ကုန်ထုတ်အစွမ်းသတ္တိနှင့် အသစ်အဆန်းတီထွင်ချက်တို့ကို ပညာကိုကျောရိုးထားပြီး အင်အားကောင်းအောင်၊ တန်ခိုးတက်အောင် ကြိုးပမ်းလိုက်ကြလေရာ အကျိုးဆက်အားဖြင့် ပညာသည် မျဉ်းပြတ်ဝန်းကျင်ထဲ ရောက်သွားပြီး ဗယောက်ဗယက် လူးကာလွန့်ကာ လှုပ်ရှားရသည့်ဘဝနှင့် ရင်ဆိုင်လာရပြီ။ ■

*Ref: Management for the Future by Peter F. Druker. Business*

**ဈေးကွက်ဂျာနယ်၊ အမှတ် ၂၀၂။**



BURMESE CLASSIC .com

www.burmeseclassic.com

# ဂေါ့ဒ် ဒဏ်ခတ်သည် ဖြစ်စေကာမူ

**အာဒမ်နှင့်ဧဝ**

ဘုရားသခင် ဂေါ့ဒ်က အာဒမ်နှင့်ဧဝတို့ကို ဖန်ဆင်းပြီးသည့်နောက် အီဒင် ပန်းခြံကြီးထဲ၌ ဘာမျှလုပ်စရာမလိုဘဲ အေးချမ်းစွာနေထိုင်ရန် စီမံထားလိုက်သည်။ သို့သော် သူတို့နှစ်ဦးသည် ဘုရားသခင် စီရင်သလိုမနေဘဲ မူလအကုသိုလ် (original sin)ကို ကျူးလွန်မိ လိုက်ကြရာ ဘုရားသခင်က ဒဏ်ခတ်လေတော့၏။ ဘုရားသခင်ကပေးသော ပြစ်ဒဏ်ကား အာဒမ်နှင့်ဧဝတို့ကို ကိုယ့်ဘာသာကိုယ် ရှာဖွေစားသောက်ကြရန် အလုပ်စေခိုင်းလိုက်ခြင်းပင် ဖြစ်သည်။

ထို့ကြောင့် ဂျူဒါခရစ်ယာန်တို့၏ ယုံကြည်မှုအရ အလုပ်(work)သည် ဘုရားသခင်၏ပြစ်ဒဏ်ဖြစ်၍ နာကျင်မှု(painful) ဖြစ်သည်။ ဝဋ်ဒုက္ခ ဆင်းရဲလည်း မည်၏။ ခရစ်ယာန်ဘာသာဝင်တို့ ကွယ်လွန် အနိစ္စရောက်သောအခါ၌ Requiescat in Pacem ဟု ဂူတွင် ကမ္ပည်းထိုးလေ့ရှိကြသည်။ အဓိပ္ပာယ်မှာ ဘဝသံသရာတွင် ပင်ပန်းကြီးစွာ အလုပ်လုပ်ရသော ဝဋ်ဒုက္ခဆင်းရဲခြင်းမှ နားနေခွင့်ပြုခြင်းဟု သက်ရောက်သည်။

ဖရန့်စစ်ဖူးကူးယားမားက ခရစ်ယာန်တို့၏ ယုံကြည်မှုကို ရည်ညွှန်းကိုးကား လိုက်ပြီးသည့်နောက် ‘လူတွေ ဘာကြောင့် အလုပ်လုပ်ကြသနည်း’ဆိုသော မေးခွန်းကို ထုတ်လိုက်သည်။ ရှေးဟောင်း ဘောဂဗေဒပညာရှင်တို့က ခရစ်ယာန်

www.burmeseclassic.com



ယုံကြည်မှုကို နမူနာယူ၍ အလုပ်သည် အသုံးဝင်မှုကို စွန့်လွှတ်ခြင်း(disutility) အဖြစ် မြင်သည်။ အလုပ်မလုပ်ဘဲနေသော အားလပ်မှု(leisure)ကို စွန့်လွှတ်ခြင်းဖြစ်၍ နာကျင်မှုသဘော ရှိသည်။ ဝဋ်ဆင်းရဲဒုက္ခသဘော ပါရှိသည်။

## ကျွမ်းကျင်မှုလျော့

ရှေးဟောင်း ဘောဂဗေဒသဘောတရားအရ လူတို့သည် အလုပ် လုပ်ချင်လွန်း၍ အလုပ်လုပ်နေကြခြင်း မဟုတ်ပေ။ ဝင်ငွေရှိရန် အလုပ်လုပ်နေကြခြင်း ဖြစ်သည်။ ဤဝင်ငွေဖြင့် မိမိ စွန့်လွှတ်ထားရသော အားလပ်မှုအတွက် ပြန်လည် အသုံးပြုရန် ဖြစ်သည်။ ထို့ကြောင့် အလုပ်အားလုံးသည် အန္တိမအဆုံး၌ အားလပ်မှု(leisure)အတွက် ဦးတည်ကြကုန်သည်သာ ဖြစ်သတည်း။

အခြား အယူအဆတစ်ခုကမူ အလုပ်သည် ကျေနပ်နှစ်သက်ဖွယ် ကောင်းသောအရာ ဖြစ်သည်။ လူတို့သည် ထုတ်လုပ်သောသတ္တဝါလည်း ဖြစ်သည်။ စားသုံးသောသတ္တဝါလည်း ဖြစ်ကြလေရာ သဘာဝကြီးကို မိမိတို့အလုပ်အဖြစ် အသွင်ပြောင်းလဲခြင်းနှင့် သဘာဝကြီးအပေါ် အနိုင်ယူနိုင်ခြင်းကြောင့် ပီတိဖြစ်ကြသည်။ အလုပ်သည် အပေါင်းလက္ခဏာဆောင်သော အသုံးဝင်မှု(positive utility)ရှိသည်။

သို့သော်လည်း အလုပ်အမျိုးအစားက အတော်စကားပြောသည်။ အလုပ်သည် လက်မှုအတတ်ပညာ(craft) တစ်ခုခုအပေါ် မူတည်ဆောင်ရွက်ခဲ့ရသော ကာလတို့၌ မိမိအတတ်ပညာကို အချောကိုင် မွမ်းမံနေနိုင်သဖြင့် သီးခြား လွတ်လပ်ခဲ့ကြသည်။ မိမိ၏ တီထွင်ကြံဆမှုနှင့် အောင်မြင်မှုတို့အပေါ် အလွန် ကျေနပ်ပီတိ အားရခဲ့ကြသည်။ ယခုကား အခြေအနေသည် ပြောင်းလဲခဲ့ပြီ။ လက်မှုအတတ်ပညာဖြင့် ပစ္စည်းအနည်းငယ်ကို ရွေးချယ် ထုတ်လုပ်ခဲ့သောအဆင့်မှ စက်ရုံ၊ အလုပ်ရုံတို့တွင် ကုန်စည်အမြောက်အမြားတို့ကို ထုနှင့်၊ ထည်နှင့် ထုတ်လုပ်သော အဆင့်(mass production)ဆီသို့ ပြောင်းလဲလိုက်ရပြီ။ ထိုအခါ လက်မှုအတတ်ပညာတွေ မလိုတော့ပေ။ ဤအချက်ကို deskillingဟု ခေါ်သည်။ မူလကျွမ်းကျင်မှု လျော့ပါးသွားခြင်း မည်သည်။

## မဟာပျူဟာ ရှုခင်းဓာတ်သစ်

အလုပ်နှင့်ပတ်သက်သော အခြေခံဒဿန အပြောင်းအလဲတို့ကို ဤနေရာ၌ အကျယ်ချဲ့ မရှင်းလင်းတော့ပါ။ ဖြတ်လမ်းသဘောအားဖြင့် ခုန်ပျံကျော်လွှားပြီး၊ ယနေ့ရောက်ရှိနေသော သတင်းအင်ဖော်မေးရှင်း အိုင်တီခေတ်၌ အလုပ်၏ သဘာဝသည် အဘယ်သို့ ပြောင်းလဲသွားသနည်းဟု ဝေဖန် ဆန်းစစ်ကြခြင်း



BURMESE CLASSIC .com

www.burmeseclassic.com



ကိုသာ ရှင်းပြလိုတော့သည်။

စီမံခန့်ခွဲမှုပညာရှင် ပီတာ အက်ဖ် ဒရပ်ကာက အလုပ်ကို နှစ်မျိုးပဲ ခွဲခြား ပြောဆိုသည်။ အရာဝတ္ထုတို့ကို ဖန်တီးထုတ်လုပ်ခြင်း(making things)နှင့် ဤအရာဝတ္ထုတို့ကို ရွှေ့ပြောင်းရွှေ့လျားစေခြင်း(moving things)တို့ ဟူ၍ ဖြစ်သည်။ ခေတ်သည် ပညာခေတ်၊ ပညာလူ့ဘောင်(knowledge society) ဟု သတ်မှတ်သည်။

ပီတာဒရပ်ကာက ဖော်ပြပါ အလုပ်နှစ်မျိုးနှစ်စားကိုပင် ထပ်မံပြီး သုံးပိုင်း ပိုင်းပြသည်။ ကုန်ချောထုတ်လုပ်သော အလုပ်(manufacturing work)၊ ပညာကိုအခြေခံသော အလုပ်(knowledge work)နှင့် ဝန်ဆောင်မှုအလုပ် (servicing work) တို့ဟူ၍ ဖြစ်သည်။ ပီတာဒရပ်ကာက တက္ကနိုလိုဂျီ နည်း ပညာများ ထွန်းကားမှုကြောင့် ထုတ်လုပ်မှုအစွမ်းသတ္တိများ ပေါက်ကွဲအောင် (productivity explosion) မည်သို့ပြုလုပ်မည်နည်း ဆိုသောအချက် ဖြစ် လိမ့်မည်ဟု ဆိုသည်။ ဤနှစ်ပိုင်းတွင် အောင်မြင်သောနိုင်ငံတို့က အရှိန်အဟုန် ကြီးစွာဖြင့် ခုန်ပျံကျော်လွှားသွားမည်ဟု ဆိုသည်။

၎င်းက ထုတ်လုပ်မှုအစွမ်းသတ္တိသည် နိုင်ငံတို့၏ခေနအင်အား ဖြစ်လာပြီဟု ဆိုသည်။ Productivity has become wealth of nations. ဟု ပြောသည်။ သို့ဖြစ်၍ ဤအလို့ငှာ နိုင်ငံအလိုက်သည် မဟာဗျူဟာ ရှုခင်းဇာတ်အိမ် (strategic scenarios)တို့ကို ထုဆစ်ထားနိုင်တော့မည်ဟု ထောက်ပြသည်။

## ကျန်းမာရေးကဏ္ဍ

ဝန်ဆောင်မှုအလုပ်နှင့် ပတ်သက်၍ ကျန်းမာရေးဝန်ဆောင်မှု (health care) လုပ်ငန်းကိစ္စကို နမူနာပြသည်။ ၁၉၄၀ ပြည့်နှစ်တို့၌ ဆေးရုံတို့သည် လုပ်အား ဖိသုံးသော စနစ်(labour intensive)ကို ကျင့်သုံးခဲ့ရသည်။ ခုတင်၊ မော်တာနှင့် အဆောက်အအုံအချို့တို့တွင်သာ အနည်းငယ် ရင်းနှီးမြှုပ်နှံမှု ရှိခဲ့သည်။ စက်မှု နည်းပညာ တက္ကနိုလိုဂျီတို့တွင် အသုံးအစွဲ ရင်းနှီးမြှုပ်နှံမှု နည်းခဲ့သည်။ ဓာတ်မှန် ဌာန၊ ဓာတ်ခွဲခန်း၊ ခန္ဓာကိုယ်စိစစ်ခန်းတို့ဟူ၍ အလွန်နည်းပါးခဲ့သည်။

သို့သော် ယနေ့အခါတွင်မူ ဆေးရုံတို့သည် အရင်းအနှီးကို အောတိုက် ဖိပြီးသုံးစွဲသော အဆောက်အအုံ (the most capital intensive facilities) တို့ဘက် ပြောင်းလဲသွားလေပြီ။ ခေတ်အမီဆုံး ဆေးဘက်ဆိုင်ရာ တက္ကနိုလိုဂျီတို့ ကို အကြီးအကျယ် သုံးစွဲလာကြပြီ။

သို့ရာတွင် တစ်ဖက်၌ လုပ်အားဖိသုံးသောစနစ်ကလည်း အကြောင်းကြောင်း ကြောင့် လျှော့ချလို့မရကြပေ။ သို့ဖြင့် ကျန်းမာရေး ကုသမှုလုပ်ငန်းတွင် အရင်း

www.burmeseclassic.com



အနီး ဖိသုံးခြင်းနှင့် လုပ်အားဖိသုံးခြင်း နှစ်မျိုးစလုံး ဒွန်တွဲရှိလာသည်။ ပီတာဒရပ်ကာ၏အမြင်၌ ဤသို့ နှစ်မျိုးဒွန်တွဲ ရှိနေခြင်းကြောင့် ကျန်းမာရေး ကုသစရိတ်တို့သည် တက်လာတော့သည်။ တစ်မူထူးခြားသော စီးပွားရေး (economist monstrosity) ခန္ဓာကိုယ်ထည်ကြီးအဖြစ် နိုင်ငံတိုင်းတွင် မြင်လာကြရသည်ဟု ဆိုသည်။

ပီတာဒရပ်ကာ၏ ဆိုလိုရင်းအာဘော်မှာ ဝန်ဆောင်မှုလုပ်ငန်းတို့တွင် ထုတ်လုပ်မှု အစွမ်းသတ္တိတို့ကို ပေါက်ကွဲအောင် ဖန်တီး ကြံဆလာသည်ကား ချီးကျူးစရာပင်ဖြစ်သည်။ သို့ရာတွင် တစ်ဖက်၌ စရိတ်စက ကြီးကြီးပေး၍ ဤသို့ ဖြစ်ရခြင်းမျိုးကား မဖြစ်ကောင်းဟု ဆိုသည်။ စီးပွားရေးစီမံခန့်ခွဲမှုတွင် စရိတ်စကတို့ကို ဖြတ်တောက်လျှော့ချရန် ကြိုးပမ်းမှု(cost-cutting)သည် အမြဲတမ်း စိန်ခေါ်ခံနေရသော အလုပ်ဟု ထောက်ပြပါကြောင်း။

ဂေါ့ဒ်က ဒဏ်ခတ်သည့်အနေဖြင့် လူတို့ အလုပ်လုပ်ကြရသည် ဆိုစေကာမူ ပညာအလုပ်နှင့် ဝန်ဆောင်မှုအလုပ်တို့တွင် ထုတ်လုပ်မှုအစွမ်းသတ္တိသည် တအိအိ တိုးရန်မဟုတ်။ ခုန်ပျံတိုးတက်ရန် ဖြစ်တော့သည်။ ဤသည်ပင် အနာဂတ်အတွက် စီမံခန့်ခွဲခြင်း မည်သည်။ လူတို့သည် ပို၍ စမတ်ကျကျ အလုပ်လုပ်ရမည်။ To work smarter ဟု ဆိုသည်။ ■

*Ref: Trust by Francis Fukuyama,*
*Managing for the Future by Peter F. Druker*

**ဈေးကွက်ဂျာနယ်၊ အမှတ် ၂၀၃။**

www.burmeseclassic.com

# ကြွေးမြီနှင့် ငွေသားစီးဆင်းမှု ချောမွတ်ရေး

**ဈေးသည်မှ ကုန်သည်သို့**

တစ်နေ့ စာရေးသူနှင့်ရင်းနှီးသော မိတ်ဆွေတစ်ဦး အိမ်လာလည်ရင်း သူက ထူးထူးဆန်းဆန်း စကားတစ်ခွန်းကို ပြောဆိုပါသည်။

'ဈေးသည်လုပ်ရာကနေ ကုန်သည်လည်းပြောင်းလုပ်ရော ကြွေးတွေ ပတ်ချာ လည်နေတော့တာပဲ' တဲ့။

ဈေးသည်နှင့်ကုန်သည် ခြားနားပြီးပြောဆိုသဖြင့် စာရေးသူ အတော် စိတ်ဝင်စားသွားမိသည်။ သူရှင်းပြသဖြင့် ခြားနားချက်ကိုလည်း စာရေးသူ သဘောပေါက်သွားမိသည်။ မိတ်ဆွေသည် အစပထမ၌ အိမ်ဆိုင်လေး ဖွင့်ရောင်းနေသည်။ ဒါကို သူက ဈေးသည်လို့ ပြောသည်။

ဈေးသည်လုပ်ရင်း အခြေအနေဟန်လာသဖြင့် တစ်ဆင့် တက်လိုက်သည်။ ရန်ကုန် မင်္ဂလာဈေးတွင် ဆိုင်ခန်းတစ်ခန်းဝယ်ပြီး ဆိုင်ဖွင့်သည်။ ပြီးတော့ သူ့အဆိုအရ 'ဒိုင်' လုပ်သည်။ သဘောမှာ လက်ကားဝယ်၊ လက်ကားဖြန့်ခြင်း ဖြစ်သည်။ ဒါကို သူက 'ကုန်သည်' လုပ်သည်ဟု ပြောသည်။

လက်ကားကုန်သည်လုပ်တော့ ဝယ်သည့်နေရာလည်း ငွေကျန်။ ကိုယ်က တစ်ဆင့်ဖြန့်သည့် နေရာတွင်လည်း ငွေကျန်။ စာရင်းတို့ပြီး အကြွေးယူ၊ အကြွေး ပေးစနစ်နှင့် လုပ်လာလိုက်လေရာ စာရေးသူထံ လာလည်စဉ်၌ သူကပေးစရာ



BURMESE CLASSIC .com

www.burmeseclassic.com



အကြွေး၊ သူက ရစရာအကြွေးတို့ဖြင့် လုံးလည်လိုက်နေပြီဟု ဆိုသည်။ ပျော်စရာကြီးလို့ ပြောပြီး စာရေးသူ၏မိတ်ဆွေက ဟက်ဟက်ပက်ပက် ရယ်တော့သည်။

**အကြွေးနဲ့မောင်း**

နောက်ပြီး သူက အခြားစိတ်ဝင်စားဖွယ်ရာ စီးပွားရေး အကြောင်းအရာတစ်ရပ်ကိုလည်း ပြောပြသေးသည်။ သူ့အမျိုးအချို့ လယ်လုပ်သည်။ 'စီးပွားရေးမှာက ကြိုတင်တွက်ဆတတ်တာ(anticipation)က သိပ်အရေးကြီးသနော်။ မဟုတ်ဘူးလား၊ ဘောဂဗေဒပညာရှင်ကြီး'။ သူ့ဘာသာသူမေး၍ သဘောကျပြီး ရယ်ပြန်သည်။ သူ၏ပြောပြချက်ကို စာရေးသူက ဘယ်လို တုံ့ပြန်မလဲဟု မိတ်ဆွေက သိချင်ပုံရသဖြင့် စာရေးသူက 'ခေတ်မီလာကြတာပေါ့။ ဖွံ့ဖြိုးပြီး နိုင်ငံတွေမှာ ဖြစ်ဖြစ်၊ ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ ဖြစ်ဖြစ် အကြွေး(debt)က စီးပွားရေးကို မောင်းနှင်နေတာပါ။ မဆန်းပါဘူး'ဟု ပြောလိုက်မိသည်။ စာရေးသူလည်း ရေးစရာ အကြောင်းအရာရသဖြင့် မိတ်ဆွေအား စိတ်ထဲကကျိတ်ပြီး ကျေးဇူးတင်မိတော့သည်။

**တဂျုတ်ဂျုတ်မြည်သလား**

စီးပွားရေးတွင် ငွေသားစီးဆင်းမှု(cash flow) အလွန် သော့ချက်ကျကျ အလွန်အရေးပါ အရာရောက်လှသည်။ စီးပွားရေးစံတို့ကို စဉ်းစားရာ၌ အချို့က အမြတ်(profit)၊ အချို့က price and earning ratio(အတိုကောက် PET ဟုခေါ်သည်။ စတော့ရှယ်ယာ ပေါက်ဈေးတို့ကို အချိုးဖွဲ့ကြည့်ခြင်း ဖြစ်သည်)၊ အချို့က အက်ဆက်၊ တန်ဖိုး (asset, value)၊ အချို့က ပေးရန်တာဝန် (liability) နှင့် ရရှိရန်တန်ဖိုး(asset)တို့၏ ကွာဟခြားနားချက် စသည်ဖြင့် အမျိုးမျိုးစံထား၍ စဉ်းစားကြည့်ကြသည်။

ယခုခေတ်သစ် အမြင်အရ ကုန်သည်တို့သည် ငွေသားစီးဆင်းမှု (cash flow)ကို အခြေခံစံအဖြစ် သတ်မှတ်၍ စဉ်းစားလာကြကုန်သည်။ ငွေသား စီးဆင်းမှုကိုသာမက၊ စီးဆင်းမှုသွက်သလား၊ နှေးသလားဆိုသော အချက်ကိုလည်း ထည့်သွင်း စဉ်းစားကြကုန်သည်။ အရပ်စကား၌ ငွေလည်၊ မလည်ဟု ပြောကြသည်နှင့် ဆင်တူသည်။

ငွေသားစီးဆင်းမှု သွက်နေလျှင် ကောင်းသည်။ နှေးလျှင် မကောင်းဟု ယေဘုယျအားဖြင့် နားလည်ကြသည်။ အချို့အခြေအနေတို့၌ ငွေသားစီးဆင်းမှုသည် တဂျုတ်ဂျုတ်နှင့် အသံမြည်နေသည်။ စီးလိုက်၊ ရပ်လိုက် ဖြစ်နေ



BURMESE CLASSIC .com

www.burmeseclassic.com



တတ်သည်။ ယင်းကို cash flow crunch ဟု ခေါ်သည်။ ငွေသားစီးဆင်းမှု ပုံမမှန်ခြင်းကို ဆိုလိုသည်။ ငွေသားစီးဆင်းမှု ချောမွတ်ကောင်းမွန်ရေးသည် ကျောရိုးပြဿနာ(cone issue) ဖြစ်နေပုံရသည်။

## ပုံအိုက်

ငွေသားစီးဆင်းမှုထဲတွင် အကြွေးလည်ပတ်စီးဆင်းမှု(debt flow)သည် လည်း တစ်ပါးအပါအဝင် ဖြစ်သည်။ အကြွေးတွေ ပမာဏများနေခြင်းက အကြောင်းမဟုတ်။ အကြွေးတွေ ဘယ်လောက်ပဲများများ ရစရာရှိလည်း မြန်မြန် ရ၊ ပေးစရာရှိလည်း မြန်မြန်ပေးကြသည်ဟုဆိုလျှင် အကြွေးလည်ပတ်မှုက သွက်လက်နေသဖြင့် ငွေသားစီးဆင်းမှုသည်လည်း သွက်လက်နေမည်သာ ဖြစ် သည်။ ပြဿနာပေါ်စရာ မရှိ။ သို့သော် ဤသို့မဟုတ်ဘဲ ပေးစရာရှိသူတို့က အကြောင်းကြောင်းကြောင့် လက်ခက်နေကြပါမူ အကြွေးလည်ပတ်မှုသည် ပုံမှန် ဖြစ်စရာအကြောင်း ရှိတော့မည်မဟုတ်ချေ။ လည်ပတ်စီးဆင်းမှု၌ တဂျုတ်ဂျုတ် မြည်လာမည်။ ယင်းကို debt flow crunch လို့လည်း ခေါ်သည်။ Credit crunchလို့လည်း ခေါ်ကြသည်။ ငွေသားစီးဆင်းမှု မသွက်လက်မှု၊ တဂျုတ်ဂျုတ် မြည်ဟီးမှု၏ ဒဂ်ီးတစ်ဖက်တစ်ချက်အဖြစ် ကုန်စည်စီးဆင်းမှုပိုင်း၌ ကုန်တွေ ပုံအိုက်နေခြင်းကို တွေ့ကြရမည် ဖြစ်သည်။ ကုန်စည်စီးဆင်းမှုလည်း မချောမွတ်။

## အကြွေးသုံးမျိုး

နိုင်ငံတစ်ခု၏စီးပွားရေး၌ အခြေခံအားဖြင့် အကြွေးသုံးမျိုး ရှိသည်။ ပထမ အကြွေးသည် အိမ်ထောင်စုတို့က စားသုံးမှုအလို့ငှာ တင်ရှိသောအကြွေးတို့ ဖြစ် ကြသည်။ ယင်းအကြွေးမျိုးကို ကိုယ်ရေးဘဏ္ဍာ(personal finance) ခေါင်းစဉ် အောက်တွင် ဆွေးနွေးကြသည်။ စားသုံးသူအကြွေး(consumer's debts) လို့လည်း ခေါ်ကြသည်။ အိမ်ထောင်စုအကြွေး(household debts)လို့လည်း ခေါ်ကြသည်။

ဒုတိယအကြွေးမှာ စီးပွားရေးလုပ်ငန်းရှင်မျိုးစုံတို့က အပြန်အလှန် တင်ရှိ နေကြသော အကြွေးတို့ ဖြစ်သည်။ ဘဏ်အကြွေးတို့လည်း ပါဝင်သည်။ ဤ အကြွေးမျိုးကို စီးပွားရေးလုပ်ငန်းဘဏ္ဍာရေး(business finance) အခြေအနေ ဆိုသော ခေါင်းစဉ်အောက်တွင် ဆွေးနွေးကြသည်။ ကော်ပိုရေးရှင်းကြီးများ ထွန်းကားသော နိုင်ငံတို့တွင် corporate finance ခေါင်းစဉ်ဖြင့် ဆွေးနွေးကြ သည်။

တတိယအကြွေးမှာ အစိုးရက ပေးဆပ်ရန်ရှိသောအကြွေးတို့ ဖြစ်သည်။



BURMESE CLASSIC .com

www.burmeseclassic.com



Public debts မည်သော ခေါင်းစဉ်အောက်တွင် ဆွေးနွေးကြသည်။ ဤ အစိုးရ ကြွေးမြီတွင် ပြည်တွင်း၌ပေးဆပ်ရန်၊ ပြည်ပသို့ပေးဆပ်ရန် နှစ်မျိုးစလုံး ပါဝင်သည်။ အစိုးရကြွေးမြီ ပြဿနာကို ဘတ်ဂျက်လိုငွေ(budget deficit)နှင့် အပြည်ပြည်ဆိုင်ရာ ငွေပေးငွေယူ ရှင်းတမ်းလိုငွေ(deficits in balance of payments) တို့တွင် ရှာဖွေကြည့်ကြသည်။

သီအိုရီအရပြောလျှင် ပေးရန်ရှိသောကြွေးနှင့် ရရန်ရှိသောကြွေးတို့မှာ ချိန်ခွင်လျှာ မျှနေရမည်ဖြစ်သည်။ ဤသို့မဟုတ်ဘဲ ပေးရန်ကများပြီး ရရန်ကနည်းနေလျှင် negative cash flow ဖြစ်ထွန်းသည်ဟု ပြောသည်။

**အန္တရာယ်နှစ်မျိုး**

စီးပွားရေးလုပ်ရာတွင် ကြိုတင်တွက်ဆခြင်း(anticipation)သည် အလွန်အရေးကြီးသည်။ သီအိုရီအရပြောရသော် ကြိုတင်တွက်ဆခြင်း၌ မှန်ကန်လျှင် အကျိုး(benefit)ပေါ်သည်။ မှားသွားလျှင်၊ သို့မဟုတ် လမ်းချော်သွားလျှင် အရှုံးပေါ်မည်။ ဤသဘောကို အန္တရာယ်များ(risks)ဟု ခေါ်သည်။ အန္တရာယ်နှစ်မျိုးရှိသည်။ ကြိုတင်သိနိုင်သော အန္တရာယ်(foreseen risks)နှင့် ကြိုတင်မသိနိုင်သော အန္တရာယ်(unforeseen risks) တို့ဟူ၍ ဖြစ်သည်။ ■

*Ref: Dictionary of Economics by K. B Karla*

**ဈေးကွက်ဂျာနယ်၊ အမှတ် ၂၀၄။**

www.burmeseclassic.com

# စီးပွားရေးနှင့်ပညာ အန္တိမအတွဲလား

**ဖိုးကပ်စ်ရွှေ့**

Production ဆိုသော အင်္ဂလိပ်စကားလုံးသည် အောက်စ်ဖို့တက္ကသိုလ် အဘိဓာန်ထဲ၌ ၁၉၅၀ ခုနှစ်အထိ မပါဝင်ရသေးပေ။ ယခုတော့လည်း ပြိုင်ဆိုင်မှု ပြင်းထန်လွန်းလှသော စီးပွားရေးလောကတွင် productivity သည် တကယ်စစ်မှန်သော ထက်မြက်လှသည့်ဓားသွား(competitive edge)မှန်း အားလုံးသိနေကြပါပြီ။ ဤ productivity ကို မြန်မာလို ထုတ်လုပ်မှုအစွမ်းသတ္တိဟု ဖွင့်ဆိုနိုင်သည်။

စီမံခန့်ခွဲမှုပညာပါရဂူ ပီတာအက်ဖ်ဒရပ်ကာက ထုတ်လုပ်မှုအစွမ်းသတ္တိသာလျှင် နိုင်ငံတစ်နိုင်ငံ၏ ဓနအင်အားဖြစ်သည်ဟု အကဲဖြတ်သည်။ ဤသို့ အကဲဖြတ်ပြီးသည့်နောက် အတွဲဖြုတ်ခြင်း(uncoupling)အကြောင်းကို ရှင်းပြသည်။ အတွဲတွေ တစ်ခုပြီးတစ်ခု ဖြုတ်ပစ်နိုင်ခဲ့၍သာ ထုတ်လုပ်မှုအစွမ်းသတ္တိသည် ပေါက်ကွဲမှုသဏ္ဍာန်ဖြင့် ဖွံ့ဖြိုး တိုးတက်ခဲ့ရခြင်းဖြစ်သည်ဟု ထောက်ပြသည်။ Productivity explosion ဖြစ်ပွားခြင်းပေတည်း။

ထုတ်လုပ်မှုအစွမ်းသတ္တိက ပေါက်ကွဲမှုသဏ္ဍာန်ဖြင့် ဖြစ်ထွန်းလာခြင်းကြောင့်လည်း လူ့အဖွဲ့အစည်းသည် အမြဲတမ်း မရပ်မနား လေ့လာဆည်းပူးနေရသော အဖွဲ့အစည်း(learning society)အဖြစ်သို့ ပြောင်းလဲသွားရပြီ။ ဤ လူ့အဖွဲ့

www.burmeseclassic.com



အစည်းတွင် ပညာရေးသည် ကျောင်းပုရဝုဏ်မှ အလုပ်ခွင်ဆီသို့ အာရုံစူးစိုက်မှု ရွှေ့လိုက်ရသည်။ 'Focus shifted from classroom to workplace' ဟု ဆိုသည်။

## ကုန်ကြမ်းလျော့သုံး

ယနေ့ စီးပွားရေးဘဝတွင် အထားအသို အစီအစဉ်သစ်(a new configuration) တစ်ရပ် ပေါ်လာရာ ရှေးရိုးနည်းဟောင်း အခြေခံလေ့လာနည်း အမျိုးအစားတို့သည် အကုန် ဖရိုဖရဲ ဖြစ်ကုန်ကြသည်။ ရှုပ်ထွေးကုန်ကြသည်။

ရှေးဦးပထမ ကုန်ကြမ်းစီးပွားရေး(raw material economy)နှင့် စက်မှုလုပ်ငန်းစီးပွားရေး(industrial economy)တို့သည် ခွာပြဲ အတွဲဖြုတ်လာကြသည်။ Uncoupling ဟု ခေါ်သည်။ ဖွံ့ဖြိုးပြီးနိုင်ငံတို့တွင် ကုန်ကြမ်းထုတ်လုပ်မှု စီးပွားရေးဆိုသည်မှာ အစွန်အဖျားလောက်နေရာ(marginal)၌သာ ရှိတော့သည်။

ရှေးယခင်ကဆိုလျှင် ကုန်ကြမ်းစီးပွားရေး၌ကျဆင်းလျှင် ၁၈ လအတွင်း၌ စက်မှုလုပ်ငန်း စီးပွားရေးတို့ကလည်း လိုက်လံပြီး ကျဆင်းခဲ့ရသည်။ ယခု ဤသို့ မဟုတ်တော့ပြီ။ ကုန်ကြမ်းထုတ်လုပ်မှု စီးပွားရေး ထိုး၍စိုက်ဆင်းနေစေကာမူ စက်မှုလုပ်ငန်းစီးပွားရေးတို့က စန်းပွင့်ပြီး ထောင်တက်နေကြသည်။

ကုန်ကြမ်းနှင့် စက်မှုလုပ်ငန်း အတွဲဖြုတ်သည် ဆိုသည့်သဘောမှာ စက်မှုလုပ်ငန်းတို့သည် အသုံးအစွဲ သိပ်မများတော့ခြင်းကို ဆိုလိုသည်။ ကုန်ကြမ်းအသုံးစရိတ် လျော့နည်းသွားခြင်းကို ပြသည်။ ယင်းကို ကုန်ကြမ်း အနှစ်လျော့ခြင်း (less raw material intensive)ပြုသည်ဟု ခေါ်သည်။ ဥပမာပြရလျှင် ဂျပန်၏ စက်မှုလုပ်ငန်းထုတ်လုပ်မှုသည် ၁၉၆၅ ခုနှစ်မှ ၁၉၈၃ ခုနှစ်အထိ နှစ်ဆခွဲ တိုးတက်ခဲ့သည်။ သို့ရာတွင် စက်မှုလုပ်ငန်းတို့၏ ကုန်ကြမ်းအပေါ် အသုံးစရိတ်နှင့် လျှပ်စစ်စွမ်းအင်အပေါ် အသုံးစရိတ်တို့သည် လျော့ခဲ့သည်။ နည်းသွားသည်။

## ပြောင်းပြန်တွဲ

ဒုတိယအတွဲဖြုတ်မှုသည် ကုန်ချောထုတ်လုပ်မှု လုပ်ငန်းတို့သည် လုပ်အား (labour)နှင့် အတွဲဖြုတ်ခြင်းပင် ဖြစ်သည်။ Manufacturing uncoupled from labour ဟု ဆိုသည်။ ၁၉၈၈ ခုနှစ်တွင် ကုန်ချောထုတ်လုပ်မှုကို ၁၉၇၃ ခုနှစ်က ကုန်ချောလုပ်စဉ်က အသုံးပြုခဲ့ရသောလုပ်အား၏ ငါးပုံနှစ်ပုံနှင့် ထုတ် လုပ်လို့ ဖြစ်လာသည်။ ဤ အချက်ကလည်း နားလည်လွယ်လောက်သည်။ လုပ်အားထက် စက်အားတို့ကို ပို၍ ဖိသုံးလာခဲ့သောကြောင့် ဖြစ်သည်။



BURMESE CLASSIC .com

www.burmeseclassic.com



တတိယအတွဲမှုမှာ ကုန်သွယ်မှု(trade)နှင့် ရင်းနှီးမြှုပ်နှံမှု(investment) တို့အတွဲသည် ပြောင်းပြန်တွဲမိသွားခြင်း ဖြစ်သည်။ အစဉ်အလာအရ ကုန်သွယ်မှုနောက် ရင်းနှီးမြှုပ်နှံမှုက လိုက်ခဲ့ရသည်။ 'Investment followed trade.'ဟု ဆိုခဲ့သည်။ ကုန်သွယ်မှုက ရှေ့က အရင်သွားသည်။ ယခု ဤသို့ မဟုတ်ပြန်။ ရင်းနှီးမြှုပ်နှံသူတို့သည် ထုတ်လုပ်မှုဆိုင်ရာ စက်ကိရိယာပစ္စည်းနှင့် အလုပ်တို့ကို ပြည်ပတွင် သွားရောက်ထူထောင်၊ ပစ္စည်းထုတ်လုပ်ကြသည်။ ပြီးမှ ပြည်ပ၌ ထုတ်လုပ်သောပစ္စည်းတို့ကို မိမိပြည်တွင်းသို့ ပြန်သွင်းသည်။ ရင်းနှီးမြှုပ်နှံသူတို့သည် သုတေသနပညာရှင်တွေ ဘယ်နေရာမှာရှိသလဲ။ သူတို့ရှိသည့် နေရာသို့သွား၍ သုတေသနပြုကြသည်။ ဒီဇိုင်းဆရာတွေရှိရာသို့ သွား၍ ဆွဲကြသည်။

ဥပမာ ... ပွန်တီးယက်ကားကို ဂျာမနီ၌ဒီဇိုင်းဆွဲသည်။ ကိုရီးယားတွင် ဂျပန်ပစ္စည်းတို့ဖြင့် ကားကိုတပ်ဆင်သည်။ ဂျပန်ဟွန်ဒါသည် အမေရိကန်၌ ကားထုတ်လုပ်သည်။ ပြီးမှ ဂျပန်သို့ တင်ပို့ရောင်းချသည်။ သဘောကား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတို့ ပြောင်းပြန်တွဲလာခြင်းကို သရုပ်ဖော်သည်။

## ဇာပဝါမဟုတ်ပြီ

ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှု(goods and services)၊ ထုတ်လုပ်မှုလုပ်ငန်းတို့ကို အစစ်အမှန်စီးပွားရေး (real economy)ဟု ခေါ်သည်။ ဤ အစစ်အမှန်စီးပွားရေးသည် ငွေကြေးအသပြာ စီးပွားရေး(money economy)နှင့် အတွဲဖြုတ်ခံထားရပြီ။ လန်ဒန် ငွေဈေးကွက်၌ ယူရို–ဒေါ်လာ၊ ယူရို–ယန်း၊ ယူရို – မတ် စသည့် ငွေဖလှယ်မှုလုပ်ငန်းသည် နေ့စဉ်နေ့တိုင်း ၁၅ ဆလောက် ကြီးထွားခဲ့သည်။ ဤ ငွေကြေးဖလှယ်မှုလုပ်ငန်းတို့ကို နိုင်ငံစုံ ကော်ပိုရေးရှင်းကြီးတို့က အများဆုံး ပြုလုပ်ကြသည်။

ဤငွေကြေးဖလှယ်မှု၏ ၉၀ ရာခိုင်နှုန်းသော ပမာဏသည် အစစ်အမှန်စီးပွားရေး ချောမွေ့လည်ပတ်ရန်အတွက် မဟုတ်ဘဲ နိုင်ငံခြားငွေ လဲလှယ်ရေးနှုန်းများ မတည်မငြိမ် ဖြစ်လာမည့်အရေးကို ကြိုတွေးပြီး ဒေါ်လာကနေ ပေါင်စတာလင်ပြောင်း၊ ယန်းကနေ ဒေါ်လာပြောင်း၊ ပေါင်စတာလင်ကနေ မတ်ငွေပြောင်း စသည်ဖြင့် ငွေကြေးအမျိုးအစားတို့ကို ဟိုပြောင်းသည်ရွှေ့ လုပ်နေခြင်းတို့တွင် လှုပ်ရှားနေကြခြင်းသာ ဖြစ်သည်။

ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှုတို့လှုပ်ရှားမှု(ဝါ) အစစ်အမှန်စီးပွားရေး လှုပ်ရှားမှုနှင့် ငွေကြေးလှုပ်ရှားမှုတို့သည် အဆက်အစပ် မရှိတော့ပေ။ သီအိုရီအရ ငွေကြေးစီးပွားရေးသည် အစစ်အမှန်စီးပွားရေးကို ထင်ဟပ်ထားရသည်။ ယုတ်စွအဆုံး

www.burmeseclassic.com



အစစ်အမှန် စီးပွားရေးကို ခြုံပေးထားသော ဖာပဝါ(veik)ဟု ယူဆခဲ့ကြသည်။

ယခု လက်တွေ့၌ကား ဤနှစ်ခု ခွာပြဲနေပြီ။ အတွဲဖြုတ်နေပြီ။ ငွေကြေး စီးပွားရေးကလည်း သူ့နည်းသူ့ဟန်နှင့် အစစ်အမှန်(real) ဖြစ်နေပြီ။ ဖာပဝါ မဟုတ်တော့။ ဤအတွဲပြုတ်မှုသည် စတုတ္ထ အတွဲပြုတ်မှုပေတည်း။ အစစ်အမှန် စီးပွားရေးသည်ပင် ငွေကြေးစီးပွားရေး၏ ကျေးကျွန်ဖြစ်နေပြီ။ ခြုံငုံထားသော ဖာပဝါက ဆရာလုပ်နေပြီ။

## အတွဲသစ်

ပဉ္စမအတွဲပြုတ်မှုသည် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးပုံသဏ္ဌာန်၌ ရန်သူရန်ဘက်လို အသည်းအသန် ပြိုင်ဆိုင်လာသော ပုံသဏ္ဌာန်၊ ပြိုင်ဘက်ချင်း မညှာမတာ အလဲထိုးကြသည့် ပုံသဏ္ဌာန်(adversary trade)ဆီသို့ ပြောင်းလဲ သွားခြင်း ဖြစ်သည်။ အစဉ်အလာအရရှိခဲ့သော တစ်နိုင်ငံက လိုအပ်တာကို အခြား တစ်နိုင်ငံက ဖြည့်ဆည်းပေးသည့် complementary trade ပုံသဏ္ဌာန်သည် လည်းကောင်း၊ ပြိုင်ဆိုင်မှု အခွင့်သာမှု(comparative advantage)အပေါ် အခြေခံသော ယှဉ်ပြိုင်မှုသည် လည်းကောင်း မှေးမှိန်သွားပြီ။ ပြိုင်ဘက်ကို ရန်သူ ကဲ့သို့ ကြည့်လာကြသည်။ မိတ်ဆွေလို၊ လုပ်ဖော်ကိုင်ဘက် ပါတနာလိုကြည့်ရန် အချိန်မရှိပေ။ သို့ဖြင့် အတွဲဖြုတ်ခြင်း ငါးမျိုး ပေါ်ခဲ့ပြီ။

ဤတွင် နောက်ဆုံး အထူးခြားဆုံးဖြစ်ထွန်းမှုက ဘာလဲဟု မေးရန်ပင် ပေါ် လာတော့သည်။ အထက်တွင် ရှင်းလင်းပြခဲ့ပြီး ဖြစ်သည့်အတိုင်း စီးပွားရေးတွင် အတွဲတွေ တစ်တွဲပြီးတစ်တွဲ ပြုတ်သွားခဲ့ကြပြီးသည့်နောက်၌ မဟာအတွဲသစ် ကြီး တစ်ပါး ပေါ်လာတော့သည်ဟု ဖြေရမည်။ ဤအတွဲသစ်ကြီးကား အခြား မဟုတ်။ စီးပွားရေး(economy)နှင့် ပညာ(knowledge)တို့ ခြေခြေမြစ်မြစ် တွဲမိလိုက်ခြင်းပင် ဖြစ်သည်။ စီးပွားရေးသည် ပညာအနှစ်အပြည့်(knowledge intensive) ဖြစ်လာပြီ။

ထိုအခါ အနာဂတ်ဝါဒီသမားတို့ကြား၌ ပုစ္ဆာတစ်ပုဒ် ပေါ်လာသည်။ ဤကား စီးပွားရေးနှင့် ပညာတို့ကကော နောင်တစ်ချိန်ချိန်တွင် အတွဲမပြုတ်ပေဘူးလား ဟူသတည်း။ ပညာကျော်အချို့က စီးပွားရေးနှင့် ပညာအတွဲသည် အန္တိမအတွဲ (ultimate couple)ဖြစ်မည်ဟု ထင်မြင်ချက်ပေးကြသည်။ သူတို့အဆိုအရ စီးပွားရေးနှင့်ပညာကို အတွဲဖြုတ်ကြည့် သမိုင်းတစ်ပတ် ပြန်လည်သွားဖို့သာ ရှိမည်။ ကျောက်ခေတ်ခပ်ဆန်ဆန်ခေတ်ထဲ ပြန်ရောက်သွားလေမလားပေါ့။ ■

*Ref: Managing for the Future by Peter F. Druker*

**ဈေးကွက်ဂျာနယ်၊ အတွဲ ၂၀၅။**

---

လင်းဦးတာရာ

BURMESE CLASSIC .com

www.burmeseclassic.com

# စီးပွားရေးနာစေး၊ သံသရာလေးဆင့်နှင့် အပျော့ကျ

## ရှေ့ပြေးလက္ခဏာတွေ

အမေရိကန်စီးပွားရေး နှာချေနေပြီဟု ပြောလာကြပြီ။ နှာချေသည့် လက္ခဏာများ အနေဖြင့် (၁) နယူးယောက် စတော့အိပ်ချိန်းနှစ်ခုတွင် တက္ကနိုလိုဂျီ နည်းပညာတို့၏ အစုရှယ်ယာဈေးနှုန်းများ ကျဆင်းသွားခြင်း၊ (၂) ကုန်ချော ထုတ်လုပ်သော အလုပ်ရုံ၊ စက်ရုံတို့တွင် လက်ကျန်ကုန်များ အစုလိုက် အပြုံလိုက် ရောင်းမထွက်ဘဲ ပိုလျှံနေခြင်း၊ (၃) ကုမ္ပဏီ အတော်များများတို့သည် ကြွေးတို့ကို မှန်မှန်မဆပ်နိုင်ဘဲ ဖြစ်လာခြင်း၊ (၄) ဈေးနှုန်းများ ကျဆင်းစပြုခြင်း၊ (၅) ဘဏ်တို့၌ ငွေပြတ်လပ်နေသဖြင့် ကုမ္ပဏီတို့အား ချေးငှားနိုင်ရန် အခက်အခဲများ တွေ့လာခြင်း၊ (၆) အစိုးရကထုတ်ပေးသော ဘွန်း(bond)နှင့် ကော်ပိုရေးရှင်းကြီးတို့က ထုတ်ဝေသော ဘွန်း(jank bond)တို့၏ဈေးနှုန်းများ ကြားတွင် သိသိသာသာ ကွာခြားလာခြင်း (spreadဟုခေါ်သည်) (၇) ကုမ္ပဏီသစ်ထူထောင်မှုများ လျော့နည်းသွားခြင်း (initial public offerings အတိုကောက် IPO ဟုခေါ်သည်) နှင့် (၈) မြီရှင် ငွေချေးငှားသူတို့က ယခင်ကကဲ့သို့မဟုတ်ဘဲ စည်းကမ်းတွေ တင်းကျပ်လာကြခြင်းတို့ကို ပြသည်။

ဤမျှအထိ နှာချေခြင်း(sneezing) လောက်ပဲ သတ်မှတ်ကြသည်။ တကယ်တမ်း စီးပွားရေးကျဆင်း ဆုတ်ယုတ်မှုအကျပ်အတည်း ရီဆက်ရှင်း(recession)



BURMESE CLASSIC .com

www.burmeseclassic.com



မရောက်သေးဟု ပြောနေကြသည်။ ဤတွင် ပုစ္ဆာသုံးပုဒ် ထုတ်ကြည့်လာကြကုန်သည်။ (၁) အမေရိကန် စီးပွားရေးသည် နှာစေးနှာမွန်ရာမှ ရီဆက်ရှင်း (ဆုတ်ယုတ်ကျဆင်းမှု အကျပ်အတည်း) ထဲ ထိုးစိုက်မည်၊ မထိုးစိုက်မည် (၂) အမေရိကန် စီးပွားရေး နှာစေးလာမှုကို အကြောင်းပြု၍ ကမ္ဘာ့စီးပွားရေးကရော ဆုတ်ယုတ်ကျဆင်းမှု ရီဆက်ရှင်းနှင့် ကြုံတွေ့ရဖွယ် ရှိ၊ မရှိနှင့် (၃) အမေရိကန် စီးပွားရေး နှာမွန်သောကြောင့်ဖြစ်ဖြစ်၊ ရီဆက်ရှင်း ထိုးစိုက်သွားသောကြောင့် ဖြစ်ဖြစ် ဘယ်နိုင်ငံတွေက ထိခိုက်ခံစားရမလဲဟူသော ပုစ္ဆာတို့ပဲ ဖြစ်တော့သည်။

## ဓန ဘယ်မှာသိုထား

ဤနေရာ၌ အိမ်ထောင်စုတို့၏ဓန (households' wealth) အကြောင်းက စိတ်ဝင်စားဖွယ်ရာ ပတ်သက်လာ၍ ဤအချက်ကို ရှေးဦးပထမ ရှင်းပြလိုသည်။ အိမ်ထောင်စုတိုင်းသည် ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် အက်ဆက်ဓန (asset) များ စုဆောင်းထားမိကြသည်။ အချို့က အိမ်မြေအဖြစ် လည်းကောင်း၊ အချို့က ရွှေဝယ်ထား၍ လည်းကောင်း၊ အချို့က မော်တော်ကားဝယ်ထား၍ လည်းကောင်း၊ အချို့က ကုမ္ပဏီတို့တွင် အစုရှယ်ယာထည့်ထား၍ လည်းကောင်း၊ အချို့က ဘဏ်တွင် ငွေအပ်နှံထား၍ လည်းကောင်း၊ အချို့က ငွေသားပဲကိုင်ထား၍ လည်းကောင်း အိမ်ထောင်စု၏ဓနကို အသီးသီး သိမ်းဆည်းထားတတ်ကြသည်။

စီးပွားရေး အကျပ်အတည်းဆိုက်လျှင် ဤအိမ်ထောင်စုတို့၏ ဓနသည်လည်း အနည်းနှင့်အများ ထိခိုက်ကြစမြဲဖြစ်သည်။ ယခု အမေရိကန် စီးပွားရေးနှာစေးမှု၌ အမေရိကန်အိမ်ထောင်စု စုစုပေါင်း၏ ၇၅ ရာခိုင်နှုန်းလောက်သည် အစုရှယ်ယာတို့ကို ဝယ်ထား၍ မိမိတို့၏ဓနကို သိမ်းဆည်းထားကြသည်။ ထို့ကြောင့် အစုရှယ်ယာဈေးများ ကျဆင်းသည်ဟုဆိုသောအခါ အစုရှယ်ယာဝယ်ထားသော ပုံစံဖြင့် ဓနကို သိုမှီးထားသော အိမ်ထောင်စုတို့သည် အရင်ဆုံး ထိခိုက်တော့သည်။ အစုရှယ်ယာဈေးများ ကျဆင်းမှုသည် အမေရိကန်အိမ်ထောင်စု အများစုကို ထိခိုက်စေသည်။ ဂျာမနီ၊ ပြင်သစ်နှင့် ဥရောပသမဂ္ဂဝင်နိုင်ငံတို့မှ အိမ်ထောင်စုတို့သည် ရှယ်ယာဈေး ကျဆင်းမှုကြောင့် သိပ်ထိခိုက်ဖွယ်မရှိ။ အကြောင်းမူ ဆာဗေးတစ်ခုအရ ဥရောပအိမ်ထောင်စု အများစုတို့သည် အမေရိကန်လို မဟုတ်ဘဲ မိမိတို့၏ဓနကို အစုရှယ်ယာတို့တွင် မြှုပ်နှံထားခြင်း၊ ချည်နှောင်ထားခြင်း သိပ်မရှိကြပေ။ ထို့ကြောင့် အမေရိကန် စတော့ရှယ်ယာတွေ ပြိုကျလည်း ဥရောပက အနည်းငယ်လောက်သာ ထိခိုက်မည်ဟု ခန့်မှန်းနေကြသည်။



BURMESE CLASSIC .com

www.burmeseclassic.com



**လမ်းကြောင်း ခြောက်သွယ်**

အမေရိကန်စီးပွားရေး နှာမှုန်ရာမှ ရီဆက်ရှင်းထဲ ထိုးစိုက်လာလျှင် အခြားနိုင်ငံများဆီသို့ မည်သည့် လမ်းကြောင်း၊ မည်သည့် ချဲနယ်လိုင်းတို့မှတစ်ဆင့် ဂယက်ကူးစက် ရိုက်ခတ်မည်နည်းဟု ရှာဖွေ ဆွေးနွေးကြသည်။ ဤကိစ္စနှင့် ပတ်သက်၍ ပညာရှင်တို့က လမ်းကြောင်း ၆ သွယ်မှတစ်ဆင့် အမေရိကန်ရီဆက်ရှင်း၏ သက်ရောက်မှုများ ဖြတ်ဆင်းလိမ့်မည်ဟု ခန့်မှန်းထားကြသည်။

**(၁) ပို့ကုန်**(export)**လမ်းကြောင်း**

အမေရိကန် စီးပွားရေးကျဆင်းလျှင် အမေရိကန်လူထုသည် အဝယ်တွေ လျှော့ကြမည်ဖြစ်၍ အခြားနိုင်ငံမှလာသော အိပ်ပ်စ်ပို့တွေ ထိခိုက်မည်။

**(၂) ရေနံနှင့် အခြားကုန်စည်များလမ်းကြောင်း**

အမေရိကန် စီးပွားရေးကျဆင်းမှုကြောင့် ရေနံနှင့် အခြားကုန်စည်များ အဝယ်ထိုင်းမည်။ ထို့ကြောင့် ရေနံထုတ်လုပ်သော နိုင်ငံတို့နှင့် အမေရိကန်သို့ ပို့ကုန်(commodities)အပေါ် အတော် အားထားနေသော ကနေဒါ၊ မလေးရှားနှင့် မက္ကဆီကိုနိုင်ငံတို့ အထိနာမည်။ Commodities prices များ ကျဆင်းသည့် လမ်းကြောင်းဟု ဆိုရမည်။

**(၃) နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလမ်းကြောင်း**

ဥရောပနှင့် ဂျပန်တို့သည် အမေရိကန်၌ ကုမ္ပဏီများထောင်၍ တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု(FDI) အတော်များများ လုပ်ထားကြသည်။ အမေရိကန်စီးပွားရေးကျဆင်းမှုကြောင့် အမေရိကန်တွင် ရင်းနှီးမြှုပ်နှံထားကြသော ဤနိုင်ငံခြားကုမ္ပဏီတို့ အထိနာမည်။ သူတို့၏ အထိနာမှုသည် မိခင်နိုင်ငံသို့ ကူးမည်။

**(၄) နိုင်ငံခြားအရင်းအနှီးများ ထွက်ပြေးသည့်လမ်းကြောင်း**

ဤလမ်းကြောင်းသည် ဖွံ့ဖြိုးဆဲနိုင်ငံတို့အတွက် အရေးကြီးသည်။ စီးပွားရေးကျဆင်းပြီဟုဆိုလျှင် နိုင်ငံခြားအရင်းအနှီးတို့မည်သည် စိတ်ချ လုံခြုံရာနေရာသို့ ပြောင်းရွှေ့ခိုလှုံကြစမြဲ ဖြစ်သည်။ Flight of capital to safety ဟု ဆိုသည်။ ထို့ကြောင့် ဖွံ့ဖြိုးဆဲနိုင်ငံတို့မှ အရင်းအနှီးများ ထွက်ပြေးနိုင်သည်။

**(၅) အားနည်းသော ဒေါ်လာလမ်းကြောင်း**

အမေရိကန်စီးပွားရေး အားနည်းလာသည်ဟု ဆိုခြင်းမှာ အမေရိကန်ဒေါ်လာ အားနည်းလာခြင်းကို ပြောသည်။ ထို့ကြောင့် အမေရိကန်ဒေါ်လာနှင့် ချိတ်ဆက်ထားသော ငွေကြေးများအဖို့ ပထမဦး အကျိုးဖြစ်ထွန်းနိုင်သော်လည်း ကြာရှည်၌ ထိခိုက်လာမည်။

**(၆) နောက်ဆုံးလမ်းကြောင်းမှာ စတော့ရှယ်ယာဈေး ထိုးကျသော လမ်းကြောင်း** ဖြစ်သည်။ ယခု ထိုးကျစပြုနေသော ရှယ်ယာတို့မှာ တက္ကနိုလိုဂျီ ကုမ္ပဏီတို့၏

www.burmeseclassic.com



ရှယ်ယာစျေးနှုန်းများ ဖြစ်သည်။ တက္ကနိုလိုဂျီ ကုမ္ပဏီများ မထွန်းကားသောနိုင်ငံတို့တွင် ဤအကျိုးသက်ရောက်မှုသည် နည်းမည်။

သို့အားဖြင့် ဘောဂဗေဒပညာရှင်တို့သည် အမေရိကန် စီးပွားရေးနှာမှုန်ရာမှ ဆုတ်ယုတ်ကျဆင်းမှုဘက် ထိုးစိုက်လာလျှင် ဤကျဆင်းမှုက ဖြတ်သန်း ဒုက္ခပေးနိုင်မည့် လမ်းကြောင်းတို့ကို ယခုကတည်းက သုတေသနပြု၍ ရှာဖွေတင်ပြထားကြပါပြီ။ ဂရုစိုက်ဖို့ ဖြစ်၏။ အမေရိကန် အစိုးရအနေဖြင့် စီးပွားရေးကျဆင်းမှုကို ဟန့်တားရန် (၁) အတိုးနှုန်း လျှော့ထားသည် (၂) အခွန်အတုတ် လျှော့နေသည်။

**သံသရာနိဂုံးလား**

အမေရိကန်စီးပွားရေးနှင့် ဂျပန်စီးပွားရေးတို့သည် ပထမ အင်အားအကြီးဆုံးနှင့် ဒုတိယ အင်အားအကြီးဆုံး စီးပွားရေးများ ဖြစ်ကြသည်။ ယခု စိုးရိမ်လာသောအချက်မှာ ဤနိုင်ငံစလုံး၏ စီးပွားရေးတို့သည် ရီဆက်ရှင်း (ဆုတ်ယုတ်ကျဆင်းမှု) ဘက် ရွေ့လျှနေကြသောအချက် ဖြစ်သည်။ ဂျပန်ရီဆက်ရှင်းသည် သူ့အကြောင်းတရားနှင့်သူ ဖြစ်နေခြင်းဖြစ်၍ အမေရိကန်နှာမှုန်ခြင်းနှင့် သိပ်မသက်ဆိုင်လှပဟု ထောက်ပြကြသည်။

လက်ရှိဖြစ်လာသော ရီဆက်ရှင်းတို့သည် ယခင်ဖြစ်ခဲ့ဖူးသော ရီဆက်ရှင်းတို့နှင့် လုံးဝမတူပေ။ အခြေခံအရ အလွန်ခြားနားသည်။ လက်ရှိရီဆက်ရှင်းမှာ New Economy ခေါ် စီးပွားရေးအသစ် အခြေအနေတွင် ဖြစ်ပွားခြင်းဖြစ်သည်။ စီးပွားရေးအသစ်၏ အဓိပ္ပာယ်မှာ တက္ကနိုလိုဂျီ၊ အထူးသဖြင့် အိုင်တီခေါ် သတင်းအင်ဖော်မေးရှင်း တက္ကနိုလိုဂျီတွေ အရမ်းထွန်းကားလာသော အခြေအနေကို ဆိုလိုသည်။

စီးပွားရေးအသစ်၏ စွမ်းပကားကို ဘယ်လောက်ထိအောင် အမွှမ်းတင်ကြသနည်းဆိုသော် စီးပွားရေးအသစ်၌ စီးပွားရေးသည် တက်လို့သာနေမည်။ အကျမရှိ။ စီးပွားရေး အတက်အကျသံသရာ (business cycle) သည်ပင် ချုပ်ငြိမ်းသွားပြီဟု ပြောကြသည်။ ယခု နှာစေးရာမှ ရီဆက်ရှင်းဘက် ဦးတည်လာသောအခါ စီးပွားရေး အသစ်သည်လည်း စီးပွားရေး အတက်အကျသံသရာမှ မလွတ်ကင်းနိုင်ပါကလားဟု ပြန်လည်၍ ဆင်ခြင်လာကြရသည်။ ထို့ကြောင့် စီးပွားရေး အတက်အကျ သံသရာ၏ အဆင့်လေးဆင့်ကို ဖော်ပြလိုက်ပါသည်။

**ပထမအဆင့်။** ■ စီးပွားပျက်ကပ်(Depression)။ အလုပ်အကိုင်၊ စုစု ပေါင်းထုတ်လုပ်မှုနှင့် တိုင်းပြည်ဝင်ငွေတို့သည် အနိမ့်ဆုံးအဆင့်အထိ ကျဆင်း



BURMESE CLASSIC .com

www.burmeseclassic.com



သွားသည်။

**ဒုတိယအဆင့်။** ။ပြန်လည်နာလန်ထခြင်း(Recovery)။ **စီးပွားပျက်ကပ်** ဆိုက်ချိန်၌ ဈေးနှုန်းတို့ပြန်ကျလေရာ စရိတ်(cost)တို့လည်း ထိုးကျသည့်သဘော ဖြစ်သည်။ စရိတ်သက်သာသည်ကို အခွင့်ကောင်းယူသူ စီးပွားရေးသမားတို့က ထုတ်လုပ်မှုတို့ကို စွန့်စားတိုးချဲ့ကြည့်ရာမှစပြီး အခြားစီးပွားရေးကဏ္ဍတို့၌လည်း အလားတူ တိုးချဲ့ကြည့်လာကြကုန်သည်။ နာလန်ထလာခြင်း ဖြစ်သည်။

**တတိယအဆင့်။** ။ စီးပွားရေးစန်းပွင့်ခြင်း(Bond)။ ဒုတိယအဆင့်မှ တိုးချဲ့မှုတို့သည် အရှိန်ရ၍ အတောမသတ်နိုင်သောအခါ စီးပွားရေးသည် စန်းပွင့်လာသည်။ အလုပ်အကိုင်တွေ တိုးပွား၊ တိုင်းပြည် ဝင်ငွေတက်၊ ကုမ္ပဏီရှယ်ယာတွေ ထောင်တက်နှင့် အလွန်စိုပြည်ကြကုန်သည်။

**စတုတ္ထအဆင့်။** ။ စန်းပွင့်မှုနိဂုံး(End Bond)။ **စီးပွားရေး** စန်းပွင့်လာသော အခါ ဈေးနှုန်းတို့လည်း တက်ချလာသည်။ ဈေးနှုန်းတက်ခြင်းသည် စရိတ်တက်ခြင်းလည်း မည်၏။ အမြတ်မာဂျင်တွေ နည်းလာတော့သည်။ အချို့ကိစ္စတို့၌ အရှုံးပင်တွေ့ကြသည်။ ဤတွင် လုပ်ငန်းရှင်တို့က ဘရိတ်အုပ်တော့သည်။ အသစ်ရင်းနှီးမြှုပ်နှံမှုတွေ မပြုလုပ်ကြ။ လျှော့ဖြတ်ကြသည်။ ထုတ်လုပ်မှုတွေ လျှော့ထုတ်ကြသည်။ ဤတွင် စန်းပွင့်မှုသည် နိဂုံးချုပ်တော့သည်။ အချို့ ဘောဂဗေဒပညာရှင်တို့က စီးပွားရေးကို အခြေခံအားဖြင့် အတက်နှင့်အကျ(boom and burst) ဆိုပြီး နှစ်ဆင့်ပဲ ခွဲသည်။ Boom နှင့် burst ကြား အလယ်အဆင့်များ ရှိလေရာ ဤအဆင့်တို့သည် စပ်ကူးမတ်ကူးဟု သူတို့က ယူဆကြသည်။

မည်သို့ပင်ဖြစ်စေ ယခုအခါ အမေရိကန်စီးပွားရေးသည် နာစေးရာမှ ဆုတ်ယုတ်ကျဆင်းမှု ရီဆက်ရှင်းဘက် ထိုးဆင်းလာမည့်ဟန် ရှိသည်။ တခြားနိုင်ငံတို့ကိုလည်း ဂယက်ရိုက်ခတ်မည့်ဟန် ရှိသည်။ အကျဘက်ယိုင်လျှင် အကျသက်သာအောင် စီမံကြရသည်။ ယင်းကို soft landing ဟု ခေါ်သည်။ စီးပွားရေးပေါ်လစီများ ချွတ်ချော်မှားယွင်းသွားမိလျှင်ကား ကြောင်ကျမကျဘဲ ခွေးကျ ကျနိုင်သည်။ ယင်းကို hard landing ဟု ခေါ်သည်။ ■

*The Economist.12.Jan,2001*

**ဈေးကွက်ဂျာနယ်၊ အမှတ် ၂၀၆။**



BURMESE CLASSIC .com

www.burmeseclassic.com

# လိပ်ပြာဘောဂဗေဒ

**လမ်းခွဲနိုင်လျှင်**

ဦးသက်ထွန်း(အငြိမ်းစားသံအမတ်ကြီး)က စာရေးသူအား စာအုပ်တစ်အုပ် လက်ဆောင်ပေးသည်။ စာအုပ်အမည်က Butterfly Economics ဖြစ်သည်။ **လိပ်ပြာဘောဂ**ဗေဒဟု ဆိုရပါလိမ့်မည်။ စာအုပ်နာမည်က ထူးဆန်းသည့်အပြင် စာအုပ်ကျမ်းပြုဆရာ Paul Ormerod ကလည်း ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းတွင် အောင်မြင်နေသူဟု ဆိုထားသဖြင့် ပို၍ စိတ်ဝင်စားသွားမိသည်။

ကျမ်းပြုဆရာက သမားရိုးကျဘောဂဗေဒ (Conventional Economics) မှ လမ်းခွဲထွက်ခြင်းဟု ဆိုထားပြန်သဖြင့် သမားရိုးကျ ဘောဂဗေဒဆရာတစ်ဦး စီးပွားရေးလုပ်သည့်အခါ အရေးနိမ့်သွားသော ဇာတ်လမ်းတစ်ပုဒ်(ဈေးကွက်တွင် ဖော်ပြဖူးသည်) ကို ပြန်ပြောင်း သတိရမိပြန်သည်။

အမေရိကန်တွင် ရင်းနှီးမြှုပ်နှံမှုကော်ပိုရေးရှင်းကြီး Long-term invest ment corporation (နာမည် အနည်းငယ် လွဲနိုင်ပါသည်) တစ်ခု ရှိခဲ့သည်။ ၎င်း ကော်ပိုရေးရှင်းကြီးကို ဘောဂဗေဒတွင် နိုဘဲလ်ဆုရခဲ့သူ ထိပ်သီး ဘောဂဗေဒ ပညာရှင်ကြီးတစ်ဦးက ဦးဆောင်ခဲ့သည်။ သူက သမားရိုးကျ ဘောဂဗေဒအမြင် တို့ကို အခြေခံ၍ ကော်ပိုရေးရှင်းကြီးကို ဦးဆောင်ခဲ့လေရာ ပထမပိုင်းတော့ အောင်မြင်သည်။ နောက်ပိုင်း ကွဲသွားသည်။ အဆုံးအရှုံးများပြီး နောက်ဆုံးတွင်



BURMESE CLASSIC .com

www.burmeseclassic.com



ကော်ပိုရေးရှင်းကြီးကို ဖျက်သိမ်းလိုက်ရတော့သည်။

ထိုစဉ်ကတည်းက ကြားနေရသည်။ သမားရိုးကျ အတွေးအခေါ်နှင့် စီးပွားရေး လောကထဲဝင်သူတို့ အရေးမလှ ဖြစ်ခဲ့ရသည်ဟူ၍။ သမားရိုးကျမှ လမ်းခွဲထွက်နိုင်သူ အမြင်သစ်၊ အတွေးသစ်တို့ဖြင့် လုပ်ကိုင်နိုင်သူတို့က စီးပွားရေးတွင် အောင်မြင်သည်ဟူ၍။ ယခုလည်း **လိဗ်ပြာဘောဂဗေဒ ပညာရှင်**သည် သူ၏ **လိဗ်ပြာဘောဂ**နည်းတို့ဖြင့် စီးပွားရေးလောကထဲ၌ အောင်မြင်နေပုံ ရလေသည်။ သူက ဗြိတိသျှ ဘောဂဗေဒပညာရှင်။

**စက်လား၊ ဇီဝလား**

**လိဗ်ပြာဘောဂဗေဒ** ဆိုသော်လည်း အခြေခံသူ၏ လက်တွေ့ စမ်းသပ်ချက်မှာ ပုရွက်ဆိတ်အုံ(ants colony) ဖြစ်နေသည်။ အဘယ့်ကြောင့် လိဗ်ပြာပုံရိပ်ကို ယူရသလဲဆိုသော အချက်သည် စိတ်ဝင်စားဖွယ်ရာပင်။ သူက ဤအကြောင်း ရှင်းပြထားရာ နောက်ပိုင်း ရှင်းပြပါမည်။

အမိကပုစ္ဆာမှာ စီးပွားရေးနှင့် လူ့အဖွဲ့အစည်းကို ဘယ်လိုမြင်သလဲ။ စက်(machine)တစ်ခုလို မြင်သလား၊ သို့တည်းမဟုတ် သက်ရှိ ဇီဝရုပ်တစ်ရုပ် (living organism)လို မြင်သလား။ သမားရိုးကျ ဘောဂဗေဒသည် စီးပွားရေးနှင့် လူ့အဖွဲ့အစည်းကို စက်လိုမြင်ခဲ့သည်။ ဤသည်ပင် အမှားအယွင်းဖြစ်သည်။ ချွတ်ချော်မှု ဖြစ်သည်။ သူက ဤသို့သော စက်ဆန်သော ချဉ်းကပ်မှု (mechanical approach)ကို ဝေဖန်တိုက်ခိုက်သည်။ စီးပွားရေးနှင့် လူ့အဖွဲ့အစည်းတို့သည် စက်ယန္တရားတစ်ခုကဲ့သို့ လည်ပတ်နေခြင်းမဟုတ်။ တကယ့်လက်တွေ့၌ စက်မဟုတ်။

စက်ယန္တရားချဉ်းကပ်မှုကို ပယ်ချလိုက်ပြီးသည့်နောက် လိဗ်ပြာ ဘောဂဗေဒ ပညာရှင်သည် ဇီဝဗေဒချဉ်းကပ်မှု(biological approach)ကို ကိုင်တွယ်လိုက်သည်။ လူ့အဖွဲ့အစည်းနှင့် စီးပွားရေးတို့သည် သက်ရှိ ဇီဝခန္ဓာတစ်ခုနှင့် အလားသဏ္ဍာန် တူပေသည်။ သူ၏နည်းကို biological approach ဟု ခေါ်သည်။ အထူးသဖြင့် ပုရွက်ဆိတ်အုံတစ်ခုနှင့် တူလေ၏။ ပုရွက်ဆိတ်အုံတို့၏ ပြုမူလှုပ်ရှားပုံ(behaviour)တို့ကို လက်တွေ့ အသေးစိတ် စမ်းသပ်ကြည့်သည်။ အဆင့်မြင့်သင်္ချာနည်းကို အသုံးပြုကြည့်သည်။ ဤစမ်းသပ်မှု၌ ပုရွက်ဆိတ်တွင်းနှင့် မလှမ်းမကမ်း နှစ်နေရာတွင် အစာပုံထားသည်။ အစာပုံထားသော နှစ်နေရာသည် ပုရွက်ဆိတ်တွင်းနှင့် အကွာအဝေးချင်း တူညီကြသည်။ ပုရွက်ဆိတ်တွင်းမှ ပထမဆုံးထွက်လာသော ပုရွက်ဆိတ် (အေးဂျင့်ဟု ခေါ်သည်) သည် အစာပုံတစ်ခုသို့ အနံ့ခံပြီး အရင်သွားသည်။ အစာစားပြီး၊ သို့မဟုတ် အစာယူလာ



BURMESE CLASSIC .com

www.burmeseclassic.com



ပြီး တွင်းထဲပြန်လာသည်။ ဤပုရွက်ဆိတ်သည် စွတ်ကြောင်း(trail) ချန်ထားခဲ့လေပြီ။ နောက် ပုရွက်ဆိတ်သည် စွတ်ကြောင်း (သတင်း) အတိုင်း အစာရှိရာ သွားသည်။ နောက်ပုရွက်ဆိတ်တို့ကလည်း စွတ်ကြောင်းထင်ရာ လိုက်ကြသည်။

**ကောက်ချက်လေးရပ်**

သို့ရာတွင် တစ်ကောင်ကောင်ကဖောက်ပြီး တစ်ဖက်အစာပုံ အနံ့ရ၍ အဲဒီဘက်သွားလိုက်သည်။ စွတ်ကြောင်းချန်သည်။ အနံ့ဖြင့် သတင်းပေးသည်။ နောက်တွင်းထဲက အခြားပုရွက်ဆိတ်တို့ကလည်း စွတ်ကြောင်းအတိုင်း လိုက်ကြပြန်သည်။ ဟိုဘက် အစာပုံဘက်၊ ဒီဘက် အစာပုံဘက် ပုရွက်ဆိတ်တွေကူးလေပြီ။ ဘယ်အစာပုံဘက် ဘယ်နှစ်ကောင် သွားသည်ကိုဆိုသော အချိုးအစားကိုမူ ခန့်မှန်းရခက်တော့သည်။

အထက်ဖော်ပြပါ စမ်းသပ်ချက်မှနေ၍ ပညာရှင်အော်မီရော့ဒ်က ကောက်ချက် လေးရပ် ဆွဲသည်။

**ပထမအချက်** – အေးဂျင့်သည် အခြားအေးဂျင့်လုပ်တာကို လိုက်လုပ်သဖြင့် အခြားသူ၏ ဩဇာပေးခြင်းကို ခံရသည်။ **ဒုတိယအချက်** – မိမိက ပြုမူသဖြင့် အခြားသူတို့ကလည်း အားကျကာ လိုက်လုပ်ကြသောကြောင့် ထပ်ဆင့်ခွဲမှု(positive feedback) ရှိသွားသည်။ **တတိယအချက်** – တစ်ကောင်က ဖောက်ပြီး အခြားအစာပုံနောက် လိုက်သွားသဖြင့် သူ့စွတ်ကြောင်းအတိုင်း အခြားပုရွက်ဆိတ်တို့ကလည်း လိုက်တော့သည်။ မြန်မြန်လိုက်မည် ဖြစ်သောကြောင့် အစာပုံနှစ်ပုံကြား ပုရွက်ဆိတ် အရောက်အပေါက် အချိုးအစားသည်လည်း ချက်ချင်း မြန်မြန်ဆန်ဆန် ပြောင်းလဲသွားနိုင်သည်။ **စတုတ္ထအချက်** – ပုရွက်ဆိတ်တစ်ကောင်စီ၌ ရွေးချယ်စရာလမ်း သုံးလမ်း ရှိနိုင်သည်။ (၁) မိမိ အရင်သွားနေကျ အစာပုံကို သွားမလား၊ (၂) အခြားပုရွက်ဆိတ်က အနံ့ပေး၍ တခြားအစာပုံသို့ သွားမလား၊ (၃) ဘယ်သူ့ဩဇာမှမခံဘဲ ကိုယ့်ရွေးချယ်မှုနဲ့ ကိုယ်ကြိုက်ရာအစာပုံကို သွားမလား။ ဤအချက်တို့ကြောင့်ပင် ဘယ်အစာပုံမှာ ဘယ်နှစ်ကောင် ရောက်မည်ကို အချိုးအစား အတိအကျ ခန့်မှန်းရခက်သွားသည်။ Unpredictably ဖြစ်သည်ဟု ကောက်ချက်ချသည်။

လူတို့၏ အပြုအမူစရိုက်တို့သည် ပုရွက်ဆိတ်အုံ အပြုအမူနှင့် တူလေရကား သူများကဒါဆို၊ ကိုယ်ကလည်းဒါ။ ဒီနေရာက အောင်မြင်နေသည်ဟု ကြားလျှင်(စွတ်ကြောင်း) အဲဒီနေရာ ဝိုင်းအုံတိုး စသည်ဖြင့် ပြုမူတတ်ကြကုန်သည်။ တစ်ယောက်က လက်ဖက်ရည်ဆိုင်ဆို အားလုံးကလည်း လက်ဖက်ရည်ဆိုင်၊



BURMESE CLASSIC .com

www.burmeseclassic.com



တစ်ယောက်က ကားအဖြူဆိုလျှင် အားလုံးကလည်း ကားအဖြူ၊ စွတ်ကြောင်းထင်ရာ အကုန်ပြုလိုက်ကြကုန်သည်။

## ပုံကားချပ်ကပြ

စားသုံးသူ၊ ထုတ်လုပ်သူ၊ ရင်းနှီးမြှုပ်နှံသူ၊ ကုမ္ပဏီ၊ အိမ်ထောင်စု စသည့်အေးဂျင့်၊ သို့မဟုတ် ပလေယာတို့သည် ပုရွက်ဆိတ်အုံ ဥပမာကဲ့သို့(ဝါ) ဇီဝဗေဒ ဥပမာကဲ့သို့ ပြုမူကြကုန်သည်။ ဤပုရွက်ဆိတ်အုံ ဥပမာတွင် အစာပုံတစ်ခုနှင့်တစ်ခုအကြား အချိုးအစားသည် တစ်ကောင်ကောင် ဖောက်ခြင်းကြောင့် လည်းကောင်း၊ စွတ်ကြောင်းအသစ် အနံ့ရခြင်းကြောင့် လည်းကောင်း အချိန်မရွေး ဖရိုဖရဲ ကမောက်ကမ ဖြစ်သွားနိုင်သည်။ ထို့ကြောင့် **လိပ်ပြာဘောဂဗေဒ** ကျမ်းပြုဆရာက လူ့အဖွဲ့အစည်းနှင့် စီးပွားရေးတို့သည် ပုရွက်ဆိတ်အုံကဲ့သို့ ရှုပ်ထွေးမှုနှင့် ခန့်မှန်းရခက်မှုတို့ကြောင့် ဖရိုဖရဲ၊ ကမောက်ကမ တောင်ကမ်းပါးအစွန်းတွင်အသက် ရှူမမှားရအောင် သတိထားနေနေရသည်ဟု အကဲဖြတ်လိုက်သည်။ Societies and economics living at the edge of chaos ဟု ဆိုသည်။

သူက ပုရွက်ဆိတ်တို့၏ လှုပ်ရှားမှုပုံသဏ္ဍာန်တို့ကို အဆင့်မြင့်သင်္ချာနည်းတို့ဖြင့် တွက်ချက်ပြပြီး သုံးဖက်မြင်ချတ်(chart) ဆွဲပြလိုက်ရာ ပူးတွဲပါ ပုံစံကားချပ်တို့ ထွက်လာသည်။ ပုံကားချပ်တို့ကိုကြည့်လျှင် သက်ရှိသတ္တဝါ၏ပြုမှုပုံတို့သည် ဘယ်လောက်တောင် ရှုပ်ထွေးလှကြောင်း အကဲဖြတ်နိုင်သည်။ (ကားချပ်ကို ကြည့်ပါ)

## နန့်ပါးပါး

လိပ်ပြာဘောဂဗေဒသည် လူ့အဖွဲ့အစည်းနှင့် စီးပွားရေးတို့ကို စက်တစ်လုံးကဲ့သို့ မကြည့်။ သက်ရှိ ဇီဝသတ္တဝါ တစ်ခုအနေဖြင့် ကြည့်သည်။ အထူးသဖြင့် ဇီဝဗေဒပညာရှင်များ အခြေခံ အသုံးပြုသော ပုရွက်ဆိတ်အုံ အပြုအမူစရိုက်တို့ကို သရုပ်ခွဲကြည့်သည်။ ထိုအခါ လူ၊ ကုမ္ပဏီ၊ အိမ်ထောင်စု၊ လူ့အဖွဲ့အစည်းနှင့် စီးပွားရေးတို့၏ အပြုအမူ စရိုက်တို့သည် ပုရွက်ဆိတ်အပြုအမူ စရိုက်တို့နှင့် တူညီလှကြောင်း သွားတွေ့သည်။

ဈေးကွက်အရပ်ရပ်မျိုးစုံတို့၌ လူတို့၏ပြုမူပုံသည် ပုရွက်ဆိတ်တို့၏ ပြုမူပုံနှင့် ထပ်တူပင်ဖြစ်သည်။ တစ်ယောက်က လက်ဖက်ရည်ဆိုင်ဆို အခြားတစ်ယောက်ကလည်း လက်ဖက်ရည်ဆိုင်။ တစ်ယောက်က ကာရာအိုကေရုံ ဆိုလျှင် အခြားတစ်ယောက်ကလည်း ကာရာအိုကေရုံ။ တစ်ယောက်လုပ်တာ အကုန်လိုက်လုပ်နေကြကုန်သည်။ ဤသဘာဝကို အုပ်စုစရိုက်(herd instinct) ဟု



BURMESE CLASSIC .com

www.burmeseclassic.com



လည်း ခေါ်ကြသည်။

ထိုအခါ ဘာလုပ်ရမည်နည်းဟုမေးလျှင် လူ့အဖွဲ့အစည်းနှင့် စီးပွားရေးတို့သည် အလွန်တရာ ရှုပ်ထွေးလှသည်။ အချိန်မရွေး ကမောက်ကမ ဖြစ်နိုင်သည်။ at the edge of chaos ဖြစ်သည်။ ထို့ကြောင့် ထူထူမာမာ တုံးတိချဉ်းကပ်မှု(heavy handed approach)မျိုးဖြင့် လူမှုစီးပွားရေး ပြဿနာတို့ကို မကိုင်တွယ်အပ်။ ဖြေရှင်းလို့လည်း ရမည်မဟုတ်။ မဖြေရှင်းအပ်။ သိမ်သိမ်မွေ့မွေ့၊ ပျော့ပျော့ပျောင်းပျောင်း၊ နုနုပါးပါး၊ ဖွဖွရွရွ ချဉ်းကပ်မှုကို ကျင့်သုံးရမည်။ လိပ်ပြာပျံ့ဘိသကဲ့သို့။ ■

*Ref: Butterfly Econonics by Paul Ormerod*

**ဈေးကွက်ဂျာနယ်၊ ၂၀၀၈။**



BURMESE CLASSIC .com

www.burmeseclassic.com



# ကောင်းကင်ဘုံနှင့် ငရဲကြား အမြန်ယာဉ်ပေါ်လာခြင်း

**အတွင်းနှင့်အပြင်**

ရှေးခေတ် ခရစ်ယာန် ဘုရားရှိခိုးကျောင်းတို့တွင် သီတင်းသုံးနေသော ဖာသာကြီးတို့ထဲမှ တစ်ဦးဖြစ်သူ ဖာသာအော်ရီဂင်က ခရစ်တော်၏ လူသားတို့အား အပြစ်ဒုစရိုက်မှ ခွင့်လွှတ်ခြင်း(Redemption)နှင့် ပတ်သက်ပြီး သီအိုရီတစ်ခု ထုတ်ခဲ့ဖူးသည်။ ဤ ဖာသာအော်ရီဂင်၏သီအိုရီက ဝိညာဉ်သည် ကောင်းကင်ဘုံနှင့် ငရဲကြားတွင် အတက်အကျ ပြောင်းလဲနေသည်။ Soul fluctuating between heaven and hell ဟု ဆိုလိုက်သည်။

ဂိုဏ်းချုပ် သြဂတ်စတင်းက ဖာသာအော်ရီဂင်အား ဒိဋ္ဌိဟု စွပ်စွဲလိုက်ပြီး သူ၏သီအိုရီကို ပယ်သည်။ စိန့်သြဂတ်စတင်းသည် ရှေးရိုး ဘောဂဗေဒအပေါ် သံယောဇဉ်တွယ်ပုံ ရှိသည်။ အဘယ့်ကြောင့်ဆိုသော် ရှေးရိုး ဘောဂဗေဒအမြင် အရ အတက်အကျ အပြောင်းအလဲသံသရာ(cycle)သည် အတွင်းအကြောင်းတရား(endogenous factor)ကြောင့် ဖြစ်ပေါ်ခြင်း မဟုတ်ဘဲ အပြင်အကြောင်းတရား (exogenous factor)ကြောင့် ဖြစ်ပေါ်ရခြင်းဖြစ်သည်ဟု ယုံကြည်သောကြောင့် ဖြစ်သည်။

ဝိညာဉ်က နိဗ္ဗာန်နှင့်ငရဲကြား အတက်အကျဖြစ်နေသည်ဟု ဆိုခြင်းသည် အတွင်း အကြောင်းတရားကြောင့် သံသရာဖြစ်ပေါ်ရသည်ဟု ဆိုရာရောက်နေ



BURMESE CLASSIC .com

www.burmeseclassic.com



သည်။ **လိပ်ပြာဘောဂဗေဒ** Buttrfly Economics စာအုပ် ရေးသားသူ ပေါလ် အော်မီရော့ဒ်က အထက်ဖော်ပြပါ ဖာသာကြီး အော်ရီဂင်၏အမြင်ကို ထောက်ခံ လိုက်ပြီး၊ စီးပွားရေးအတက်အကျ သံသရာ(business cycle)နှင့် ပတ်သက်ပြီး ချဉ်းကပ်ပုံ နှစ်မျိုးကွဲနေပုံကို ရှင်းပြသည်။

သမားရိုးကျ ဘောဂဗေဒပညာရှင်တို့က ပြင်ပရှော့ခ်ကို(external shocks) အလေးပေး စဉ်းစားသည်။ ပြင်ပရှော့ခ်တစ်ခုခု ထိရိုက်ရာမှ စီးပွားရေးလောက အတွင်း တက်လိုက်၊ ကျလိုက်သံသရာတွေ ပေါ်ပေါက်လာတော့သည်ဟု ကောက် ချက်ဆွဲသည်။ **လိပ်ပြာဘောဂဗေဒ**က အတွင်းအကြောင်းတရားတို့၏ စေ့ဆော်မှုမှ စီးပွားရေးသံသရာပေါ်သည်ဟု ရှင်းသည်။

## စိတ်တစ်ခုယုတ် ကိုးဆယ်

'သင်္ချာကိုအသုံးပြုပါ။ ပြီး မီးရှို့ပစ်လိုက်ပါ'ဆိုသော ကိန်းဘရစ်တက္ကသိုလ် မှ ဘောဂဗေဒ ပညာကျော်ကြီးဖြစ်သူ အယ်လ်ဖရက်ဒ်မာရှယ်၏ မှတ်ချက်စကား သည် ယခုအခါ အတော်ခေတ်စားလာသည်။ Use the maths, then burn it. မှတ်ချက်ကိုပင် **လိပ်ပြာဘောဂဗေဒ** စာအုပ်တွင် တခမ်းတနား နေရာပေး ထားသည်။

သမားရိုးကျ ဘောဂဗေဒ၌ လူတို့၏အပြုအမူ၊ လူတို့၏ အရသာခံစားမှု (taste)နှင့် လူတို့၏ ကြိုက်နှစ်သက်မှု(preferences)တို့သည် မပြောင်းမလဲ၊ ပုံသေ(fixed)ရှိနေသည်ဟု မှန်းဆထားခဲ့ကြသည်။ ဤသို့မှန်းဆခြင်းသည် မှားယွင်းသည်။ တကယ့်ဘဝ Real Life ၌ ဤသို့မဟုတ်ပေ။ အစဉ်လှုပ်ရှား ပြောင်းလဲနေသည်။

**လိပ်ပြာဘောဂဗေဒ**ပညာရှင်က ထိုစဉ်က ဖြစ်ထွန်းခဲ့သော သင်္ချာပညာ၏ အဆင့်အတန်းက နိမ့်နေသေး၍သာ ဤသို့ ပုံသေဖြစ်သည်ဟု မှန်းဆခဲ့ခြင်း ဖြစ်သည်ဟု ထောက်ပြသည်။ ၁၉၉၀ ပြည့်လွန်နှစ်တို့၌ကား သင်္ချာသည် အတော် အဆင့်မြင့်လာပြီ။

လူတို့၏ အပြုအမူစရိုက်တို့သည် ပုရွက်ဆိတ်အုံနှင့် တူသည်။ စွတ်ကြောင်း ထင်ရာနောက် လိုက်ကြသည်။ အခြားပုရွက်ဆိတ်က လွှမ်းမိုးလွန်းသည်။ မြန်မာ စကား၌ သူများလုပ်တာ လိုက်လုပ်သည်၊ အမောင် တောင်လား၊ မြောက်လား မသိ။

လူ့စိတ်သည် မျောက်စိတ်နှင့် တူသည်ဆိုသော ဆိုရိုးစကားတို့၌ 'သူများ၏ ဩဇာ'က မည်မျှလွှမ်းမိုးကြီးမားကြောင်းကို ပြသည်။ *စိတ်တွေနှ နှိုးယှဉ်တာ လောကော* ဆိုသော သတ္တဝါအားလုံးသည် စိတ်ဆွဲဆောင်ရာနောက်သို့ ပါကြရသည်။ စိတ်



BURMESE CLASSIC .com

www.burmeseclassic.com



တစ်ခုယုတ် ကိုးဆယ်၊ အကျယ် တစ်ရာနှစ်ဆယ့်တစ် စသည့်ဆိုရိုးစကားတို့သည် စိတ်၏ ဆန်းကြယ်ပုံတို့ကို သရုပ်ဖော်ရာဖြစ်၍ လူ၏အပြုအမူနှင့် စရိုက်တို့ကို တိတိပပ ဖမ်းရခက်ကြောင်း ထင်ရှားနေသည်။

မည်သို့ဖြစ်စေ ယခုအခါ ကွန်ပျူတာနှင့် တွက်ချက်၍ရသော အဆင့်မြင့်သင်္ချာနည်းပညာသည် အလွန် တိုးတက်လာပြီဖြစ်၍ ဖော်ပြသကဲ့သို့ ရှုပ်ထွေးပွေလီလှသော စနစ်(complex system)တို့ကို တွက်ချက်ပြနိုင်ပြီ။

ဤတွက်ချက်မှုတို့၌ ရှေးရိုးစဉ်လာ ဘောဂဗေဒကဲ့သို့ လူ့အပြုအမူနှင့် စရိုက်တို့ကို ပုံသေမထားပေ။ အရှင်ထားသည်။ အတက်အကျ ပြောင်းလဲလှုပ်ရှားပြီး ဘောင်ဘင်ခတ်နေသည်ဟု မှတ်ယူသည်။

**အတတ်ဟောဆရာတို့ဒုက္ခ**

ဤသို့ အဆင့်မြင့်သင်္ချာ တွက်ချက်နည်းဖြင့် တွက်ချက် ကြည့်ကြပြီးသည့်နောက် စကားလုံးနှစ်လုံးကို ကောက်ချက်အနေဖြင့် ဆွဲထုတ် ဖော်ပြလာကြသည်။ ပထမစကားလုံးက ကမောက်ကမ၊ ဖရိုဖရဲဖြစ်ခြင်း(chaos)ဖြစ်၍ ဒုတိယစကားလုံးက ခန့်မှန်းရခက်ခဲခြင်း(unpredictability)ဟူ၍ ဖြစ်သည်။

ပညာရှင်တို့သည် အတတ်မဟောရဲကြတော့ပေ။ စီးပွားရေးလောကတွင် ကြိုဟောသူများ(forecasters)ဆိုပြီး ရှိသည်။ အထူးသဖြင့် စတော့ရှယ်ယာဈေးကွက်တွင် သူတို့ပိုများသည်။ သူတို့ ဩဇာပိုကြီးသည်။ သူတို့၏ အတတ်ဟောပုံ(forecasts)တို့ကိုကြည့်ပြီး ရင်းနှီးမြှုပ်နှံသူတို့က ရှယ်ယာတွေဝယ်သည်။ သို့မဟုတ် ထုတ်ရောင်းသည်၊ သို့မဟုတ် ကိုင်ထားသည် စသည်ဖြင့် ပြုမူကြသည်။ သူတို့အကြံပေးသလို ပြုမူကြသည်။

ယခုတလော အိုင်တီခေါ် သတင်းပြန်ကြားရေး တက္ကနိုလိုဂျီနှင့် အီလက်ထရွန်းနစ် ဆက်သွယ်ရေး ခေတ်မီလာမှုတို့ကြောင့် ဖြစ်ထွန်းမှု အသစ်အဆန်းတစ်ခု ပေါ်လာသည်။ ယင်းကား အတတ်ဟောဆရာတို့၏ ခန့်မှန်းဟောကိန်းတို့သည် အကုန်လွဲစင် မှားယွင်းနေကြခြင်း ဖြစ်တော့သည်။ ဤအချက်က ဈေးကွက်သည် ခန့်မှန်းရခက်လာကြောင်း(unpredictably)ကို ပြဆိုသည်။ အတတ်ဟောဆရာများ ဟောရမှာကို ကြောက်နေကြသည်။

ဈေးကွက်ကို ခန့်မှန်းရခက်လျှင် စီးပွားရေးတစ်ခုလုံးကို ခြုံပြီး ခန့်မှန်းသည့်အလုပ်ကလည်း ပိုပြီး ခက်ခဲသွားတော့သည်။ မနေ့တစ်နေ့က အမေရိကန်ဗဟိုဘဏ်၏ ဥက္ကဋ္ဌဖြစ်သူ ဂရင်းစ်ပဲင်းက ယခု အမေရိကန်စီးပွားရေး နှေးကွေးမှုမှ ရှေ့ကို ဘယ်လို ဖြစ်လာမလဲဆိုသည်ကို အတတ်မပြောနိုင်ကြောင်း ခန့်မှန်းရခက်လှကြောင်း စသည်ဖြင့် ထုတ်ဖော်ပြောဆိုလိုက်သည်မှာ သတိချပ်စရာ



BURMESE CLASSIC .com

www.burmeseclassic.com



ဖြစ်သည်။

**အဆင်းဘီးတပ်**

ယခုနောက်ဆုံး သုံးသပ်ချက်တစ်ခုမှာ အိုင်တီနှင့် အီလက်ထရွန်းနစ် ဆက်သွယ်ရေးစနစ်တို့ အလွန်ခေတ်မီ တိုးတက်လာခြင်းကြောင့် သတင်းနှင့်ဒေတာတို့ကို ချက်ချင်းလက်ငင်း အလွယ်တကူ ရရှိလာနိုင်ကြ၏။ ဤသို့ သတင်းနှင့်ဒေတာတို့ကို ပြည့်ပြည့်စုံစုံ ချက်ချင်း လွယ်လွယ်ကူကူ ရရှိလာခြင်းကြောင့်လည်း ရင်းနှီးမြှုပ်နှံသူတို့ဖြစ်စေ၊ ကုမ္ပဏီတို့ဖြစ်စေ၊ အိမ်ထောင်စုတို့ဖြစ်စေ ချက်ချင်းလက်ငင်း၊ မြန်မြန်ဆန်ဆန် ဆုံးဖြတ်ချက်များချပြီး မြန်မြန်ဆန်ဆန်ပင် တုံ့ပြန်လာနိုင်ကြသည်။ Quick decision-making and quick response ဟု ဆိုသည်။

ကျရိပ်မြင်သည်နှင့် ချက်ချင်းဆုံးဖြတ်ပြီး ရင်းနှီးမြှုပ်နှံမှုတွေ ချက်ချင်းလျှော့၊ သို့မဟုတ် ချက်ချင်းရပ်၊ ရှယ်ယာတို့ကို ချက်ချင်းထုတ်ရောင်း၊ ကုန်တို့ကို ချက်ချင်းထုတ်ရောင်း စသည်ဖြင့် လုပ်လာကြသည်။

ကောက်ချက်ကား အိုင်တီနှင့် အီလက်ထရွန်းနစ် ဆက်သွယ်ရေးစနစ် မြန်ဆန် ခေတ်မီမှုသည် စီးပွားရေးကို မြန်မြန်တက်အောင် လုပ်နိုင်သလို အကျကိုလည်း ဝေါခနဲထိုးကျအောင် ဘီးတပ်ပေးနိုင်သည်ဆိုသော အချက်ပင် ဖြစ်လာတော့သည်။ ကျစရာရှိလျှင် အကျမြန်ပါလိမ့်မည်ဟူ၍လောက်သာ ပြောနိုင်ပြီး၊ ဘယ်တော့ကျမည်၊ ဘယ်လောက်မြန်မည်၊ အကျ ဘယ်တော့ရပ်မည် စသည့် အချက်တို့ကိုကား မခန့်မှန်းရဲပြန်ပြီ။ မည်သို့ပင်ဖြစ်စေ အီးကော်မတ်စ်၊ အင်တာနက် စသည်တို့သည် ကောင်းကင်ဘုံနှင့် ငရဲကြား အမြန်နှုန်းနှင့် ပြေးဆွဲနေသော ယာဉ်များ ဖြစ်လာပြီ။

**လက်တွေ့ဘဝနှင့်တိုက်**

ရှေ့ဖြစ်ကိုဟောရာ၌ အခြေခံအားဖြင့် နည်းနှစ်နည်း ရှိသည်။ ပထမနည်းကို deterministic ဟု ခေါ်သည်။ ဒုတိယနည်းကိုမူ non-linear probability ဟု ခေါ်သည်။ ပထမနည်းမှာ အကြောင်းနှင့်အကျိုးတို့သည် အတိအကျ ဆက်စပ်နေပြီးသားဖြစ်၍ ဤအကြောင်းရှိလျှင် ဤအကျိုး ပေါ်ပေါက်ရမည်ဟူ၍ ကေန်ပြောသောနည်း ဖြစ်သည်။ ဖြစ်စဉ်တို့သည် ကြိုတင်ပြင်ဆင် စီရင်ပြီးသား ဖြစ်လေသတည်း။ ဒုတိယနည်းသည် ကေန်မဲ့မှု(uncertainty)ကို အခြေခံ စဉ်းစား၍ ထိုအခြေအနေထဲမှ ဖြစ်နိုင်ချေတို့ကို တွက်ချက်ယူကြည့်သောနည်း ဖြစ်သည်။ ပထမနည်း၌ ရလဒ်(outcome)သည် တစ်မျိုးတည်းဖြစ်ရမည်။ နည်း



BURMESE CLASSIC .com

www.burmeseclassic.com



လမ်းကလည်း တစ်မျိုးတည်းဖြစ်ရမည်။

ဒုတိယနည်း၌မူ ဖြစ်နိုင်ချေတွေ မျိုးစုံရှိသည်။ နည်းလမ်းတို့ကလည်း မျိုးစုံရှိနိုင်သည်။ မျဉ်းတစ်ပြေးတည်း မဟုတ်ပေ။ မျဉ်းမျိုးစုံ၊ မျဉ်း အပြတ်အတောက်တို့ မျိုးစုံရှိနိုင်သည်။

ယခု ပညာရှင်တို့ကြားတွင် ဒုတိယနည်းသည် အလွန် ရေပန်းစားလျက်ရှိသည်။ စီးပွားရေး အတက်အကျသံသရာကို ဤ ဒုတိယနည်းဖြင့် စဉ်းစားကြည့်ကြသည်။ ဤနည်း၌ အဆင့်မြင့် ကွန်ပျူတာသင်္ချာနည်းကို သုံးစွဲကြသော်လည်း သင်္ချာတွက်နည်းမှ အဖြေတို့ကိုမူ အမှန်တကယ်ဖြစ်နေသော လက်တွေ့ဘဝ (what actually happens)နှင့် တိုက်ဆိုင် မှတ်ကျောက်တင်ကြည့်ကြသည်။ သင်္ချာအဖြေသည် လက်တွေ့ဘဝနှင့် အံမဝင်၊ ဆန့်ကျင် ကွဲလွဲနေသည်ရှိသော် ဤသင်္ချာကို မီးရှို့ပစ်လေဟု မာရှယ်၏ အကြံပေးစကားအတိုင်း ပညာရှင်တို့က လိုက်နာနေကြကုန်သည်။

သဘောကား ကောင်းကင်ဘုံနှင့် ငရဲကြား လူပ်ရှားနေသော အတက်အကျတို့ကို သချာ်နည်းဖြင့် ကောက်ချက်ယူနိုင်သော အလားအလာတို့ ရှိသည်ကား မှန်၏။ သို့သော် ဤနည်းက လက်တွေ့နှင့်မအပ်စပ်ဟု ထင်ရှားလျှင် စွန့်ပစ်ရန် ဝန်မလေးဖို့ဖြစ်သည်။ သံယောဇဉ်မထားကြရန် နှိုးဆော်သည်။ လိပ်ပြာကဲ့သို့ ဖြစ်နိုင်ချေတစ်ခုစီ ပျံဝဲကြည့်သင့်သည်။

လူတို့၏ လူမှုနှင့် စီးပွားရေးအပြုအမူ စရိုက်တို့နှင့် ပတ်သက်သော အထွေထွေ သီအိုရီကို **လိပ်ပြာဘောဂဗေဒ**ထဲမှ အစအနများထုတ်၍ စာဖတ်သူများ မြည်းစမ်းကြည့်နိုင်ရန် တင်ပြခြင်းဖြစ်ပါသည်။ ■

*NLM Butterfly Economy by Paul Ormerod*

**ဈေးကွက်ဂျာနယ်၊ ၂၀၀၉။**



BURMESE CLASSIC .com

www.burmeseclassic.com

# ဒေါ်လာကို သင်းနိုင်သလော

## ရွှေကိုသင်း

Dollarization ပြဿနာကို ပညာရှင်တို့က ယခုတစ်လော ပိုပြီးတော့ လေးလေးနက်နက် ဆွေးနွေးလာကြသည်။ သို့သော် ဆွေးနွေးပုံက တစ်မျိုး ပြောင်းသွားသည်။ ဟိုးယခင်ကကဲ့သို့ မဟုတ်။ ထိုစဉ်က ကမ္ဘာသုံးငွေ ဖြစ်နေသော ဒေါ်လာကို ဘန်ကောဆိုသော ကမ္ဘာ့ငွေကြေးတစ်မျိုးဖြင့် အစားထိုးရန် ကြိုးစားကြဖူးသည်။ မအောင်မြင်။ လက်တွေ့မဖြစ်နိုင်၍ မှေးသွားသည်။

အချို့က ရွှေစံချိန်(Gold standard)စနစ် ပြန်လည်အသက်သွင်း ကျင့်သုံးရန် အဆိုပြုခဲ့ကြသည်။ ဒေါ်လာအစား ရွှေကို ကမ္ဘာသုံးငွေအဖြစ် လှည့်ပတ်သုံးစွဲရန် ဖြစ်သည်။ ဤအကြံပြုချက်မှာလည်း မအောင်မြင်ပါ။ စိတ်ကူးယဉ်ဆန်လွန်းနေသည်။ လက်တွေ့နှင့် ဘယ်လိုမှမအပ်စပ်ပါ။ ရွှေစံချိန်စနစ်တီထွင်ရန် အကြံပြုကာမှ ရွှေကို အသပြာအဖြစ်မှ စွန့်ခွာမှု(demonetizations of gold) တွေ ဖြစ်ပေါ်ခဲ့သည်။ နိုင်ငံအသီးသီးတို့သည် သီးသန့်ရံပုံငွေအဖြစ် ရွှေများ သိုလှောင်ထားခြင်းကို လျှော့ချခဲ့ကြသည်။

အချို့နိုင်ငံတို့တွင်မူ ရွှေကို သင်းပစ်(sterilize)လိုက်သည်။ ဝင်လာသော ရွှေတို့ကို ဗဟိုဘဏ်တို့၌ ထုတ်မသုံးဘဲ အသေသဘော သိမ်းဆည်းထားလိုက်ခြင်း ဖြစ်သည်။ သီအိုရီအရဆိုလျှင် ဝင်လာသမျှ ရွှေကို ကျောထောက် နောက်ခံထား၍ ပြည်တွင်းငွေကြေးကို ပိုမိုရိုက်နှိပ် ထုတ်ဝေပေးရမည် ဖြစ်သည်။ များစွာသော နိုင်ငံတို့သည် ငွေပိုမို ရိုက်နှိပ်ထုတ်ဝေလျှင် ဖောင်းပွမှု အင်ဖလေးရှင်း ဖြစ်လာ

www.burmeseclassic.com



မည်ကို စိုးရိမ်ကြသည်။ ထို့ကြောင့် ထိုအစိုးရတို့သည် ရွှေတွေ ဝင်လာသော်လည်း ပြည်တွင်းငွေစက္ကူတို့ကို ပိုပြီးမထုတ်ဘဲ ထိန်းထားလိုက်ကြသည်။ ဤသည်ကိုလည်း ရွှေကို 'သင်း' လိုက်သည်ဟု ခေါ်ဆိုခဲ့ကြသည်။

**ခြင်းတောင်းနှင့် ပုံစံများ**

သမ္မတနစ်ဆင် လက်ထက်တွင် အမေရိကန်အစိုးရသည် ရွှေတစ်အောင်စကို ၃၅ ဒေါ်လာဖြင့် ပုံသေနည်း ချိတ်ဆက် သတ်မှတ်ထားခြင်းကို ဖျက်သိမ်း ပစ်လိုက်သည်။ ဒေါ်လာနှင့်ရွှေ ချိတ်ဆက်ထားခြင်းကို ဖြုတ်လိုက်သည်။ ရွှေဈေးကို အရှင်မျှောပစ်လိုက်သည်။ Free float ဟု ခေါ်သည်။ သို့ဖြင့် ရွှေ၏ အသပြာကဏ္ဍသည် ချုပ်ငြိမ်းသွားခဲ့တော့သည်။

ရွှေနေရာတွင် ဒေါ်လာဝင်လာသည်။ အချို့ပညာရှင်တို့က ဒေါ်လာတစ်ခုတည်းကို စံချိန်အဖြစ်ထားရှိရန် သဘောမတူသဖြင့် ခြင်းတောင်းစနစ် (currencies basket) ပုံစံ အကြံပြုခဲ့ကြသည်။ ဒေါ်လာအပြင် အခြား ကမ္ဘာသုံးငွေများ။ ဥပမာ မတ်ငွေ၊ ဖရန့်၊ ပေါင်စတာလင်၊ ယန်းငွေတို့ကို ဒေါ်လာနှင့်အတူ ခြင်းတောင်းတစ်လုံးတည်းတွင် ထည့်ထားပြီး ကမ္ဘာ့ငွေကြေးစနစ်ကို စီမံလှုပ်ရှားစေရန် ဖြစ်သည်။ ဤခြင်းတောင်းစနစ်လည်း ရေရှည်အလုပ် မဖြစ်။ ရှုပ်ထွေးလွန်း၍ စွန့်ခွာခဲ့ကြပြန်သည်။

သို့ဖြင့် ဒေါ်လာပြုမှု(dollarization)ဆိုပြီး ခေတ်စားလာသည်။ ဒေါ်လာပြုမှုတွင် အောက်ပါအတိုင်း ပုံစံအမျိုးမျိုး ရှိနေသည်။

(၁) မိမိနိုင်ငံ၏ငွေကြေးကို ဒေါ်လာဖြင့် ချိတ်ဆက်ထားသည်။ Pegged to dollar ဟုခေါ်၍ ဟောင်ကောင်နှင့် အခြားနိုင်ငံတို့တွင် လိုက်နာ ကျင့်သုံးကြ သည်။ ဟောင်ကောင်ဒေါ်လာနှင့် အမေရိကန်ဒေါ်လာတို့ကို ပုံသေချိတ်ဆက် သတ်မှတ်ထားသည်။

(၂) အီကွေဒေါနှင့် အရှေ့တီမောတို့တွင် အမေရိကန်ဒေါ်လာကိုသာ ပြည်တွင်းငွေကြေးအဖြစ် အစားထိုး အသုံးပြုလိုက်ကြသည်။ မိမိပြည်တွင်းငွေကြေးအားလုံးကို အမျိုးသားငွေကြေးအဖြစ် သတ်မှတ်ထားခြင်းကို ရုပ်သိမ်းပစ်လိုက်သည်။

(၃) နိုင်ငံအများအပြားတို့သည် မိမိတို့၏ နိုင်ငံခြားငွေ သီးသန့်ရံပုံငွေ (exchange reserves)တို့တွင် ဒေါ်လာရံပုံငွေကို အဓိက အများဆုံးထားကြသည်။

(၄) များစွာသောနိုင်ငံတို့၌ကား ငွေကြေးမျိုးစုံကို ပြည်တွင်း၌ လှည့်ပတ်သုံးစွဲခွင့်ပြုသည်။ Multiple-currency system ဟုခေါ်သည်။ စင်ပြိုင်ငွေကြေးများဟုလည်း ခေါ်သည်။ မိမိအမျိုးသား ငွေကြေးအပြင် ဒေါ်လာ၊ ပေါင်၊ မတ်၊

www.burmeseclassic.com



ယန်း၊ ဘတ်ငွေ စသည့် အခြား နိုင်ငံခြားသုံး ငွေတို့ကိုလည်း ပြည်တွင်း၌ လှည့်ပတ် သုံးစွဲခွင့်ပြုသည်။ နယ်စပ်တို့၌ သုံးစွဲခွင့်ပြုသည်။

(၅) အချို့နိုင်ငံတို့တွင်မူ ပြည်တွင်းငွေကြေးအဖြစ် ဒေါ်လာကိုပါ တရားဝင် လဲလှယ်သုံးစွဲခွင့် ပြုသည်။ သို့တည်းမဟုတ် ဒေါ်လာကို ကိုယ်စားပြုသော ကူပွန်တို့ကို လဲလှယ်သုံးစွဲခွင့် ပြုသည်။

(၆) နိုင်ငံအများအပြားတို့တွင် ဘဏ်အပ်ငွေကို နိုင်ငံခြားငွေတို့ဖြင့် အပ်နှံခြင်းကို ခွင့်ပြုသည်။ အထူးသဖြင့် ဒေါ်လာအပ်ငွေစာရင်းကို ခွင့်ပြုသည်။

(၇) အပြည်ပြည်ဆိုင်ရာ ကုမ္ပဏီချင်းသည်လည်းကောင်း၊ အစိုးရနှင့် ကုမ္ပဏီတို့သည် လည်းကောင်း၊ အဖွဲ့အစည်းအမျိုးမျိုး၊ အစိုးရနှင့် ကုမ္ပဏီတို့ကြား၌ လည်းကောင်း၊ လူတစ်ဦးချင်းစီကြား၌ လည်းကောင်း ငွေပေးချေမှုတို့ကို ပြုလုပ်ရာတွင် ဒေါ်လာဖြင့် ပြုလုပ်ကြသည်။ Payment and settlement in dollars ဟု ခေါ်သည်။

(၈) ကုန်ပစ္စည်း၊ ဝန်ဆောင်မှု၊ ကြွေးမြီနှင့်ပတ်သက်သော ဈေးနှုန်းမှန်သမျှတို့ကို ဒေါ်လာဖြင့် ဖော်ပြကြသည်။ Price quotation in dollars ဟုခေါ်သည်။

(၉) ကမ္ဘာ့ဘဏ်၊ အိုင်အမ်အက်ဖ်ခေါ် အပြည်ပြည်ဆိုင်ရာ ငွေကြေး ရံပုံငွေအဖွဲ့၊ အာရှဖွံ့ဖြိုးမှုဘဏ်နှင့်တကွ အခြားသော ကမ္ဘာ့အဖွဲ့အစည်းတို့သည် ဒေါ်လာဖြင့်သာ ငွေပေးချေမှုများ ပြုလုပ်ကြသည်။

(၁၀) ကမ္ဘာ့အနှံ့ ငွေရင်းစီးဆင်းမှုနှင့် ငွေကြေးစီးဆင်းမှု (Global flows of capital and money)တို့ကို ဒေါ်လာဖြင့် စီးဆင်းစေကြသည်။

အထက်ဖော်ပြပါအချက်တို့ကား ဒေါ်လာပြုခြင်း ဖြစ်ထွန်းမှု အတိုင်းအတာနှင့် အနက်အရှိုင်းတို့ကို ထင်ဟပ်သော ကြေးမုံပြင်တို့ပေတည်း။

## ဖော်မြူလာသေမရ

ယခု ဒေါ်လာပြုမှုအကြောင်းကို ပညာရှင်နှင့် စီးပွားရေး ခေါင်းဆောင်တို့က ဆွေးနွေးကြသောအခါ ဒေါ်လာကိုအစားထိုးရန် ပြောမည့်သူ တစ်ဦးတလေမျှပင် မရှိတော့ပေ။ ဒေါ်လာထက် ပိုမိုကောင်းမွန်သည့်(စိတ်ကူးယဉ်ခြင်း မဖြစ်စေရ) အစီအစဉ်ဆိုသည် ရှာမတွေ့နိုင်။ သို့ဖြင့် ပကတိအရှိတရားကို ရဲရဲကြည့်ကာ ကမ္ဘာနှင့်အဝှမ်း ထွန်းကားလာသော ဒေါ်လာပြုမှုနှင့် လိုက်လျောညီထွေဖြစ်အောင် မည်သို့ ဆောင်ရွက်သင့်ကြသနည်းဆိုသော အချက်လောက်ကိုသာ ဆွေးနွေးနေကြရသည်။

ယခုလောလောဆယ်၌ ၂၀၀၁ ခုနှစ်အထိ ဒေါ်လာတန်ဖိုး တက်မလား၊ ကျမလားဆိုပြီး ခန့်မှန်းနေကြသည်။ စီးပွားရေးတွင် ဘယ်အရာကိုမှ တရားသေ

www.burmeseclassic.com



ကြည့်လို့မရပြီ။ အဖြူ သို့မဟုတ် အမည်း ဖြစ်ရမည်ဟူသော အတွေးမျိုးဖြင့်လည်း ရှုမြင်လို့မဖြစ်။ အလွန် သိမ်မွေ့ပါသည်။ ဥပမာ ဒေါ်လာတန်ဖိုးတက်လျှင် အမေရိကန် စီးပွားရေးကောင်းလိမ့်မည်ဟု လူပြိန်းတွေး တွေးနိုင်သည်။ လက်တွေ့၌ ဤသို့မဟုတ်ပေ။ အင်အားကောင်းသောဒေါ်လာ(strong dollar)သည် အမေရိကန်စီးပွားရေးကို အကျိုးဖြစ်ထွန်းချင်မှ ဖြစ်ထွန်းသည်။ ချိနဲ့သော ဒေါ်လာကသာ အမေရိကန်စီးပွားရေးကို ပြန်မတ်အောင်လုပ်နိုင်စရာ ရှိနေသည်။

ဂျပန်အဖို့လည်း ဤသဘောမျိုးရှိသည်။ ယန်းငွေအင်အား ကောင်းခြင်းသည် ဂျပန်စီးပွားရေးအတွက် အကျိုးမဖြစ်။ အားပျော့သောယန်း(weak Yen)ကသာ ဦးမော့အောင်လုပ်နိုင်သည်။ ထို့ကြောင့် ဤနေရာ၌ ထင်ထင်ရှားရှား ပေါ်လာသော အချက်တစ်ချက်မှာ ပုံစံသေဖော်မြူလာ(stereotypes)တို့ဖြင့် စဉ်းစားနည်းသည် အဖြေမှန်ကို ရှာဖွေပေးနိုင်သောကိရိယာ မဟုတ်တော့ပြီဟု ဆိုနိုင်သောအချက် ဖြစ်သည်။

## ဒေါ်လာကံကြမ္မာ

ယခုလောလောဆယ်၌ ဒေါ်လာနှင့်ယူရို(ဥရောပငွေကြေး)တို့၏ ၂၀၀၁ ခုနှစ်အတွင်း ဖြစ်နိုင်သောတန်ဖိုး နှိုင်းယှဉ်ချက်တို့ကို ခန့်မှန်းကြည့်နေကြသည်။ ကြိုတင် ဟောကိန်း(forecast)တို့သည် ယခုတစ်လော တစ်လွဲတစ်ချော် ဖြစ်လွန်းနေ၍လည်း အထူးသတိထားပြီး ကြိုတင်ဟောနေကြသည်ကို တွေ့ရသည်။

ဒေါ်လာသည် ၂ နှစ်လုံးလုံး ဆက်တိုက် ထောင်တက်နေပြီးနောက် ယခု ကတိမ်းကတိုင် ဖြစ်လာသည်။ ၂၀၀၀ ပြည့်နှစ်ထဲ၌ ငွေကြေးပေးသူ(currency tipsters)တို့က ယူရိုသည် ဒေါ်လာနှင့် နှိုင်းယှဉ်လျှင် တန်ဖိုးတက်လိမ့်မည်ဟု တစ်ပေးခဲ့ကြသည်။ လက်တွေ့၌ ပြောင်းပြန်ဖြစ်သွားသည်။ ယူရိုကျပြီး ဒေါ်လာတက်ခဲ့သည်။ ယခု ၂၀၀၁ ခုနှစ်အတွက် ဤတစ်ပေးသူတို့က ခေါင်းပန်းလှန်ပြီး (tossing a coin)ပြုရမည့်ကိန်း ဆိုက်နေသည်ဟု အပြောအဆို ရှိလာသည်။

အဘယ့်ကြောင့်ဆိုသော် သမားရိုးကျ အဟောပုံစံဟောင်း(traditional forecastiong models)တို့သည် နောက်ပိုင်း၌ ဘယ်လိုမှ အသုံးမဝင်တော့သည့် အခြေ ဆိုက်သွားသောကြောင့် ဖြစ်သည်။ အဟောမိုဒယ် အသစ်တို့ကို ရှာရမည်ဟု ဆိုသည်။ စာအုပ်ကြီးအဆိုအတိုင်းဆိုလျှင် ပြည်တွင်း၌ အင်ဖလေးရှင်း ဖောင်းပွမှု မြင့်မားနေခြင်းနှင့် ပြည်ပငွေပေးငွေယူရှင်းတမ်းတွင် ကြီးမားသောလိုငွေ (high inflation and huge deficit in balance of payment)နှင့် ရင်ဆိုင်နေရသော ငွေကြေးမျိုးသည် တန်ဖိုးထိုးကျရမည်သာ ဖြစ်သည်။ ဒေါ်လာတန်ဖိုးက စာအုပ်ကြီးအတိုင်း မဖြစ်ခဲ့။ နိုင်ငံအလိုက် အင်ဖလေးရှင်းခြားနားချက်(inflation



BURMESE CLASSIC .com

www.burmeseclassic.com



differential)တို့ကို ထည့်တွက်ပြီးသည့်နောက် တွေ့ရှိရသည့် အချက်တစ်ချက် မှာ ဒေါ်လာသည် ၁၉၈၅ ခုနှစ်ကတည်းက တောင်ထိပ်ရောက်နေခဲ့သည်။ ယခု တောင်ထိပ်(peak)ကိုလွန်ပြီဟုပြောပြီး ယူရိုသည် ပြန်ပြီး ဈေးကောင်းလာဖွယ် ရှိသည်ဟု ခန့်မှန်းထားကြသည်။

၂၀၀၁ ခုနှစ်ထဲတွင် ဒေါ်လာ၏ကံကြမ္မာသည် အသို့ရှိမည်နည်းဟု မေးခွန်း ထုတ်ကြသည်။ အဖြေမှာ အချက်နှစ်ချက်ပေါ် မူတည်သည်။ ပထမအချက်သည် အမေရိကန်စီးပွားရေး ဖွံ့ဖြိုးမှုနှုန်း ဖြစ်သည်။ ဒုတိယအချက်သည် အီကွိတီ ဈေးကွက်ခေါ် အစုရှယ်ယာဈေးကွက် ဖြစ်သည်။

ပညာပိုင်းစကားနှင့်ပြောရလျှင် စီးပွားရေး အားပျော့လာသော အန္တရာယ်နှင့် အင်ဖလေးရှင်းအန္တရာယ်တို့ကို ဘယ်လိုကိုင်တွယ် ဖြေရှင်းရမလဲဆိုသော အချက် သည် အရေးကြီးလာသည်။ ချုပ်ပြီးရှင်းရလျှင် အမေရိကန်ဒေါ်လာ၊ ယူရိုငွေနှင့် ဂျပန်ယန်းငွေတို့၏ ဆက်စပ်လှုပ်ရှားမှုသည် အတိုးနှုန်းချင်းခြားနားချက် (interest rate differentials)၊ ဖောင်းပွမှုနှုန်းချင်းခြားနားချက် (inflation differentials)၊ ဖွံ့ဖြိုးမှုနှုန်းချင်းခြားနားချက် (growth rate differentials)တို့ အပေါ်တွင် ဒေါ်လာတန်ဖိုး အတက်အကျက မှီတည်နေချေပြီ။ ဤခြားနားချက် တို့ကို အခြေခံ၍ တွက်ချက်နေကြသည်။

ဒေါ်လာပြဿနာကို စဉ်းစားရာတွင် ၂၀၀၁ ခုနှစ်တွင် ဖြစ်စရာရှိသည့် ဒေါ်လာ တန်ဖိုး အတက်အကျသည် အခြားငွေတို့အပေါ် ဘယ်လို ဂယက်ရိုက်ခတ်နိုင် မည်နည်းဟု နိုင်ငံအလိုက် စဉ်းစားကြည့်နေခြင်းဖြင့်သာ အလုပ်ရှုပ်နေကြပုံ ရ သည်။ ရွှေကိုသင်းသလို ဒေါ်လာကို သင်းလို့ရမည့်လက္ခဏာ မရှိ။ ■

*Ref: The Economist. 3 Jan 2001*

**ဈေးကွက်ဂျာနယ်၊ အမှတ် ၂၁၀။**



BURMESE CLASSIC .com

www.burmeseclassic.com

# အီး - အသပြာ

**ပိုးလမ်းမကြီးမှ**

အသပြာ၏ပုံသဏ္ဍာန်(form of money)သည် ကုန်သွယ်ရေးလမ်းကြောင်း၏ပုံသဏ္ဍာန်(form of trade routes)တို့အပေါ် မူတည်သည်။ သမိုင်းတွင် ကမ္ဘာ၏ခေါင်မိုးကိုပတ်ပြီး ဖောက်လုပ်ခဲ့သော အလွန်ရှည်လျားလှသည့် ပထမဦးဆုံး ကုန်သွယ်ရေး လမ်းကြောင်းကြီးတစ်ခု ပေါ်ထွန်းခဲ့သည်။ ယင်းမှာ တရုတ်ပြည်မှ စတင်ထွက်ပြီး ရောမအထိ ရောက်ခဲ့သော ပိုးလမ်းမကြီး(Silk Road) ပေတည်း။ ဤကုန်းလမ်းမကြီးသည် ပထမဦးဆုံး အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေးလမ်းကြောင်းကြီးပင် ဖြစ်သည်။

တရုတ်ပြည်မှ ပိုးထည်၊ လက်ဖက်ခြောက်၊ အမွှေးအကြိုင်၊ ကြွေထည်ပစ္စည်းတို့ကိုသယ်ပြီး၊ အပြန်၌ သိုးမွေး၊ ရွှေ၊ ငွေ၊ ကျောက်မျက်တို့ကို ကုလားအုတ်များဖြင့် သယ်ခဲ့ကြသည်။ ထိုစဉ်က ယခု နားလည်နေသလို အသပြာဟူ၍ မရှိသေးပေ။ ဘာတာစနစ်ဖြင့်သာ ကုန်သွယ်ကြသည်။ ၁၄၉၀ ခုနှစ်တွင် ပေါ်တူဂီစွန့်စားသူ ပီရိုဒါကိုဗီဟာသည် အရှေ့ဘက်မှ အပြန်လမ်းခရီးတွင် အာရပ်ကုန်သည်တို့နှင့် တွေ့ဆုံမိသည်။ သူတို့က ပင်လယ်အကြောင်းပြောပြ၍ ပင်လယ်ရေကြောင်းလမ်းကြောင်းကို ရှာဖွေတော့သည်။ မာဂီလန်ဆိုသူသည် အာဖရိကဦးချိုဒေသကိုဖြတ်ရာမှ ဥရောပကုန်သည်တို့သည် ပင်လယ်ကြီးခုနစ်စင်း(Seven Seas)ဖြင့်



BURMESE CLASSIC .com

www.burmeseclassic.com



ကုန်သွယ်လို့ရကြောင်း သိရှိသွားတော့သည်။

ပင်လယ်ရေလမ်းကြောင်းကို တွေ့သည်နှင့် ကုန်းလမ်း ပိုးလမ်းမကြီးသည် လည်း တိမ်ကောလေတော့သည်။ ကုန်လမ်း ကုန်သွယ်ရေးမှ ရေလမ်း ကုန်သွယ် ရေး ခေတ်ဆီသို့ ကူးပြောင်းခဲ့ပြီ။ သည့်နောက်ပိုင်း သယ်ယူပို့ဆောင်ရေးတွင် တော်လှန်ပြောင်းလဲမှုများ ဆက်တိုက်ဖြစ်ပေါ်လာသည်။ လမ်းတွေဖောက်၊ တံတား တွေ ဆောက်၊ တူးမြောင်းတွေဖောက်၊ မီးရထားလမ်းဖောက်၊ သင်္ဘောတွေတည်၊ လေယာဉ်ပျံတွေဖန်တီးဖြင့် လူတို့သည် ခရီးဝေးဝေးကို မြန်မြန်သွားနိုင်ကြပြီ။ ကုန်စည်တို့လည်း ဝေးဝေးရှည်ရှည်ကို မြန်မြန်ရွှေ့နိုင်ပြီ။

**မမျှော်လင့်သော ဟိုက်ဝေး**

ကုန်းလမ်း သယ်ယူပို့ဆောင်ရေးပိုင်း၌ ပထမတော်လှန်ရေး၊ ပင်လယ် ရေကြောင်း သယ်ယူပို့ဆောင်ရေးပိုင်း၌ ဒုတိယတော်လှန်ရေး၊ လေကြောင်း သယ်ယူ ပို့ဆောင်ရေးပိုင်း၌ တတိယတော်လှန်ရေး စသည်တို့ဖြင့် တစ်ခုပြီးတစ်ခု ရောထွေးယှက်တင်ပြီး ဖြစ်ထွန်းလာခဲ့လေရာ ၂၀ ရာစုနှစ် ကုန်ခါနီးတွင် လူတို့ ဘယ်လိုမှ မမျှော်လင့်ခဲ့သော လမ်းကြောင်းကြီးတစ်ခု အံ့သြစရာ ပေါ်လာပေသည်။ ဤ စတုတ္ထအဆင့် ကုန်သွယ်ရေး လမ်းကြောင်းကြီးသည် တခြားဟုတ်ပါရိုးလား။ အီလက်ထရွန်းနစ်ကုန်သွယ်ရေး ဟိုက်ဝေးလမ်းမကြီး(electronic trading highway)ကြီးပင် ဖြစ်လေတော့သည်။

သို့ဖြင့် ကုန်းပေါ်ဟိုက်ဝေး၊ ပယ်လယ်ရေကြောင်းဟိုက်ဝေး၊ လေကြောင်း ဟိုက်ဝေး၊ ယခု အီလက်ထရွန်းနစ် ဟိုက်ဝေးကြီးတို့ ပေါ်လာသောအခါ အသပြာ၏ ပုံပန်းသဏ္ဍာန်တို့သည်လည်း ပြောင်းလဲသွားတော့သည်။ ပိုးလမ်းမကြီး ခေတ် တုန်းက ကုန်ကုန်ချင်း ဖလှယ်သည့် ဘာတာစနစ်ဖြင့် ရောင်းဝယ်ဖောက်ကားကြ သည်။ နောက်ပိုင်း သတ္တုတစ်မျိုးမျိုး၊ အထူးသဖြင့် ရွှေကို အသပြာအဖြစ် အသုံးပြုပြီး ကုန်ပစ္စည်းတို့ကို ရောင်းဝယ် ဖောက်ကားကြသည်။

နောက်ပိုင်း အတော် အဆင့်မြင့်လာသောအခါ စက္ကူအသပြာ (paper money) (ဝါ) ငွေစက္ကူတို့ကို အသပြာအဖြစ်သတ်မှတ်၍ ရောင်းဝယ် ဖောက်ကား လာကြကုန်သည်။ ယခု အီလက်ထရွန်းနစ်ကုန်သွယ်ရေး ဟိုက်ဝေးကြီးပေါ်တွင် ဘာပိုက်ဆံကို အသုံးပြုကြမည်နည်း။ အီး–အသပြာ(e- money)ဟု အတိုကောက် ခေါ်သော အီလက်ထရွန်းနစ်အသပြာကို စတင်သုံးစွဲနေကြပြီ။ ဒီမှာတော့ မမြင်ဖူး ကြသေး၍ ခပ်စိမ်းစိမ်း ဖြစ်နေပါလိမ့်မည်။ နီးနီးစပ်စပ် ပြောရလျှင် ကရက်ဒစ် ကတ်ပြားစနစ်နှင့် အချို့ဘဏ်တို့၌ ကျင့်သုံးနေသော အေတီအမ်စနစ်တို့နှင့် အကြမ်းအားဖြင့် တူနိုင်သည်။

www.burmeseclassic.com



**အရိပ်လက္ခဏာတို့မျှ**

ယခုခေတ်သည် ဘယ်လုပ်ငန်းအတွက်ဖြစ်ဖြစ် ရှေ့ကအီးတပ်မှ ခေတ်မီတော့မည့်ပုံ ရှိသည်။ အီး–ပညာရေး၊ အီး–ကော်မတ်စ်၊ အီး–စာအုပ် အစရှိသဖြင့် အီးကို ရှေ့တပ်ရမည်။ အီး–ယဉ်ကျေးမှုခေတ်ထဲ ရောက်နေပြီ။ အသပြာသည် လည်း အီး–အသပြာ ဖြစ်လာပြီ။ ဒီတော့ အီး–အသပြာဆိုတာ ဘာလဲဟု မေးသင့်တော့သည်။ ဒီမှာခေတ်မစားသေး၍ အကောင်အထည်နှင့်ရှင်းပြဖို့ ခက်နေသည်။

အကျဉ်းချုံ့ပြီးရှင်းပြရလျှင် အီး–အသပြာသည် အီလက်ထရွန်းနစ်နည်းဖြင့် ငွေလွှဲခြင်း၊ ငွေချေခြင်း(electronic transfers)တို့ဟူ၍ လည်းကောင်း၊ အီလက်ထရွန်းနစ်နည်းဖြင့် ပိုင်ဆိုင်မှုတို့ကို မှတ်သားခြင်း(electric titles) တို့ဟူ၍ လည်းကောင်း ပြောနိုင်သည်။ အီး–အသပြာသည် စီးပွားရေးလောကတွင် ယခုနောက်ဆုံး ဖြစ်ထွန်းလာသော တော်လှန်ရေးကြီးတစ်ရပ်ပင် ဖြစ်သည်။

ယခင်က ကုန်အရောင်းအဝယ်အတွက် ငွေချေလျှင် ငွေစက္ကူတွေ ပေးလျှင်ပေး၊ သို့မဟုတ် ချက်လက်မှတ်ပေးပြီး ငွေချေကြသည်။ ချက်လက်မှတ်ရလျှင် ဤချက်လက်မှတ်ကို မိမိဘဏ်၌သွင်းလိုက်လျှင် ဘဏ်က သူ့အလုပ်သူ ဆက်လုပ်သွားသည်။ မိမိငွေစာရင်းထဲ ဖြည့်ထည့်ပေးလိုက်သည်။ ယခုပြောလာကြတာက တစ်မျိုး။ အီး–အသပြာပေါ်လာသည်နှင့် ဤ အီး–အသပြာတို့နှင့် ဆက်နွှယ်နေသော လုပ်ငန်းများ၊ အဖွဲ့အစည်းများလည်း အသစ် အသစ်ပေါ်လာကြပြီဟု ဆိုသည်။ ရှိရင်းစွဲငွေကြေးနှင့် ဘဏ္ဍာရေး အဖွဲ့အစည်းတို့ကလည်း အီး–အသပြာနှင့် အလုပ်လုပ်တတ်အောင် ပြင်ဆင် ဖွဲ့စည်းကြရတော့သည်။

အင်တာနက်အကြောင်း ရေးကြ၊ ပြောကြပါသည်။ အင်တာနက် ပေါ်လာသောကြောင့် အင်တာနက်အသုံးပြုသူဦးရေ အလွန် ကြီးမားလာသည့်အကြောင်း၊ IPO ခေါ် လုပ်ငန်းသစ်များ တိုးပွားလာသည့်အကြောင်း၊ အင်တာနက်ကုမ္ပဏီ၊ ကွန်ပျူတာကုမ္ပဏီတွေ အဆမတန် တိုးပွားသည့်အကြောင်းတို့ကိုသာ ဖော်ထုတ်ချီးကျူး ပြောဆိုကြသည်။ ကေန်စင်စစ်၌ ဤအကြောင်းတို့သည် အပေါ်ယံပေါ်လာသော အရိပ်လက္ခဏာ(symptoms)တို့သာ ဖြစ်သည်။ ဤလက္ခဏာတို့အောက်၌ တကယ့်အခြေခံကျသော အပြောင်းအလဲကြီးတစ်ပါး ရှိနေသည်။ ဤကား အီး–အသပြာ(electronic money)နှင့် အီး–ပိုင်ဆိုင်မှု (electronic title)တို့ ဖြစ်ကြပေသတည်း။

**ဝက်ဘ်ဆိုက်**

ဖွံ့ဖြိုးပြီးနိုင်ငံတို့တွင် ငွေအပေးအယူ ပြုလုပ်ကြရာ၌ ၅ နှင့် ၁၀ လောက်ကိုသာ ငွေစက္ကူတို့ဖြင့် ပြုလုပ်ကြတော့သည်။ အများစုကို ကရက်ဒစ်ကတ်ဖြင့်



BURMESE CLASSIC .com

www.burmeseclassic.com



လည်းကောင်း၊ ချက်လက်မှတ်ဖြင့် လည်းကောင်း၊ အီလက်ထရွန်းနစ်နည်းဖြင့် စာရင်းအပြောင်းအလဲ လုပ်ခြင်းဖြင့်လည်းကောင်း ဆောင်ရွက်နေကြသည်။ ဤနည်းတို့သည် အီး–အသပြာစနစ် မဟုတ်ပေ။ အီး–အသပြာစနစ်သည် ဖော်ပြပါနည်းတို့ကို ဆိုလိုခြင်းမဟုတ်။ ဖော်ပြပါနည်းတို့သည် ငွေစက္ကူ အရွှေ့အပြောင်းတို့ကို ကွန်ပျူတာက စိစစ်လုပ်ပေးခြင်းမျှသာ ဖြစ်သည်။ Electronic processing of paper money ဖြစ်ဖို့ဆိုလျှင် သုံးစွဲသူသည် ကွန်ပျူတာရှိရမည်။ တစ်ဆက်တည်း အင်တာနက် ဝက်ဘ်ဆိုက်နေရာ ရထားရမည်။ သုံးစွဲသူသည် ဤဝက်ဘ်ဆိုက်၌ မိမိနာမည်၊ နေရပ်၊ လိပ်စာ အစရှိသည်တို့ကို မှတ်ပုံတင်ထားရမည်။ တစ်ဆက်တည်း ဒေါ်လာ ၂၀၀၀ ဆို ၂၀၀၀ ပေးသွင်းရမည်။ ဝက်ဘ်ဆိုက်တွင် သင် တကယ်ပေးသွင်းသော ဒေါ်လာ ၂၀၀၀ ကို အီလက်ထရွန်းနစ်နည်းဖြင့် မှတ်ထားလိုက်လေသော ဒေါ်လာ ၂၀၀၀ သည် သင်၏ အီး–အသပြာ ဖြစ်သွားပြီ။

ဤ အီး–အသပြာဖြင့် ဝက်ဘ်ဆိုက်မှတစ်ဆင့် သင်ဝယ်လိုရာတို့ကို ဝယ်ယူနိုင်ပြီ။ ဝက်ဘ်ဆိုက်က သင် ဘယ်လောက် တန်ဖိုးကျသည်။ ဘယ်လောက်ကျန်ရှိမည်တို့ကို အလိုအလျောက် တွက်ချက်ပေးထားသည်။ လက်လီရောင်းသူက ကရက်ဒစ်ကတ်ကိုရှင်းသလို စာရင်းရှင်းနည်းစနစ်တစ်မျိုးဖြင့် ရှင်းသွားသည်။

**အတိုးရ**

အီး–အသပြာကို လက်ခံသည်ဆိုသောဆိုင်တွေ အများကြီး ရှိလာပါလိမ့်မည်။ သင်သည် အင်တာနက် ဝက်ဘ်ဆိုက်မှနေ၍ ဤဆိုင်တို့မှပစ္စည်းတို့ကို ဝယ်ယူနိုင်သည်။ သင်တင်သွင်းထားသော ဒေါ်လာ ၂၀၀၀ သည် ၂၀၀၀ သက်သက်မျှ မဟုတ်ပါ။ မည်သည့် ငွေကြေးနှင့်မဆို ဒေါ်လာ ၂၀၀၀ ဖိုး တန်ဖိုးရှိသည်ဟု မှတ်ယူသည်။ အဓိပ္ပာယ်မှာ ဒေါ်လာနှင့်မဟုတ်ဘဲ အခြားငွေကြေးတို့ဖြင့် ရောင်းဝယ်သော ဆိုင်တို့မှာလည်း ဝယ်နိုင်သည့်သဘော ဖြစ်သည်။ အီး–အသပြာ၌ အကျိုးကျေးဇူး နှစ်မျိုးရှိသည်။

ပထမတစ်မျိုးမှာ အသေးစားငွေချေးမှု(micro-payment)တို့ကို ပြုလုပ်နည်းသည် ပြားစွန်း၊ ဆင့်စွန်းနှင့် ပေးချေနိုင်သည်။ ဒုတိယတစ်မျိုးမှာ သင်၏ အီး–အသပြာသည် အတိုးရရှိခြင်း ဖြစ်သည်။ အတိုးမဲ့ ဝက်ဘ်ဆိုက်ပေါ် တင်ထားခြင်းမဟုတ်ပေ။ သဘောမှာ အီး–အသပြာစနစ်သည် ဤစနစ်တွင် ပါဝင်သူတိုင်းက အီး–အသပြာကို စုပေါင်းpoolလုပ်ထားသည့်သဘော ဖြစ်သည်။ ဤ pool ထဲ သင်၏အီး–အသပြာ ရောက်သွားလျှင် ဘာဝယ်မလဲ၊ ရသည်။ ကမ္ဘာ တစ်ခုလုံးက ဘာဝယ်ချင်သလဲ၊ ရသည်။ စတော့ရှယ်ယာ ဝယ်ချင်သလား၊ ရမည်။

www.burmeseclassic.com



ဘွန်းတွေ ဝယ်ချင်သလား၊ ရမည်။ ဝက်ဘက်ဆိုက်တွင် ချိတ်ထားသော ဆိုင်တိုင်းမှာ ဝယ်ချင်တာရမည်။

၁၇ ရာစုနှစ်တုန်းက တစ်ခါကြုံခဲ့ဖူးပါပြီ။ အသပြာအမျိုးအစားတစ်ခုက အခြားအသပြာတစ်ခုသို့ အစားထိုးသော အတွေ့အကြုံတွေ ရှိကြသည်။ ယခုလည်း စက္ကူအသပြာကို အီး–အသပြာက အစားထိုးနေချေပြီ။ ရွှေကို သွန်းခဲ့ရသည်။ ငွေစက္ကူကို ပုံနှိပ်ခဲ့ရသည်။ ယခု အီး–အသပြာကို ဝက်ဘ်ဆိုက်တွင် သွန်းနိုင်ပြီ။ ■

*Ref: Revealed: The Genesis of e-money by Robin Bloor*

**ဈေးကွက်ဂျာနယ်၊ အမှတ် ၂၁၁။**



BURMESE CLASSIC .com

www.burmeseclassic.com

# X နှင့် Y ပင့်ပကွ

### ဆရာပြောင်းပြန်

'အသက်ကြီးလာလေ၊ မသိတာတွေများလာလေ' (The older you are, the less you know.)သည် စကားပုံသစ် ဖြစ်သည်။ ၂၁ ရာစုနှစ်အတွက် စကားပုံ။ ဂလိုဘယ်လိုက်ဖေးရှင်းကညွှန်းသော စကားပုံ။ သတင်းခေတ်၏ စကားပုံ။ ပညာလူ့အဖွဲ့အစည်းကို ထင်ဟပ်သော စကားပုံ။ ဤစကားပုံအတိုင်း လည်း မှန်နေသည်။ ဘာမျှ စောဒကတက်စရာ မရှိပါ။ တက္ကနိုလိုဂျီတို့က အံ့မခန်း ခုန်ပျံတိုးတက်နေသောအခါ လူကြီးတွေ လိုက်မမီတော့ပေ။ အံ့အားသင့်နေရုံပဲ ရှိသည်။ ကိုယ့်သားသမီး၊ မြေးတို့ကို 'သားသားတို့ပစ္စည်းတွေက ဘာတွေတုန်းကွာ။ တယ်ဆန်းပါလား။ ဘိုးဘိုးတို့ကို သင်ပေးပါဦး' စသည်ဖြင့် မေတ္တာရပ်ခံရမည့် လက္ခဏာ ရှိလာသည်။ တကယ်လည်း ဤသို့ပင်။

လူကြီးတွေက ကလေးတွေဆီမှ ပြန်သင်ရသည့်ဖြစ်စဉ်ကို ပြောင်းပြန်ဆရာလုပ်ခြင်း(reverse mentoring)ဟု ခေါ်သည်။ လူကြီးတွေက အသင်ခံ (mentee)တွေ ဖြစ်လာပြီ။ ဤသည်ပင် ပညာခေတ်၊ ပညာလူ့အဖွဲ့အစည်း ဖြစ်တော့သည်။ ပညာခေတ်၌ ပညာတွေ အံ့မခန်း ဖွံ့ဖြိုး တိုးတက်လာသည်ဟု ယေဘုယျပြောရုံဖြင့် မလုံလောက်ပါ။ လောကကြီးထဲ၌ ဘာတွေ ဖြစ်ပျက်နေသလဲဟု တိတိကျကျ၊ ဝံ့ဝံ့ကြည့်ပြီး အရှိနှင့် အလားအလာတို့ကို ကြည့်နိုင်ရ

www.burmeseclassic.com



တော့မည်။

ပညာခေတ်တွင် စဉ်ဆက်မပြတ် လေ့လာဆည်းပူးခြင်း(continuous learning) ဆိုသည့်သဘောရှိမည်မှာ အမှန်ဖြစ်သည်။ သို့ရာတွင် ကလေးတွေဆီမှ ပြန်သင်ယူရသောပုံသဏ္ဍာန်ဖြင့် ပေါ်မည်သာဖြစ်သည်။ သက်ကြီးတက္ကသိုလ်ဆိုသည်မှာ အလုပ်ခွင်သို့ ရွှေ့သွားမည်။ ကလေးတွေက ဆရာဖြစ်နေမည်။ အသက်အရွယ် ရလာသောအခါ စဉ်ဆက်မပြတ် လေ့လာဆည်းပူးမှု ဝန်ထုပ်ကို လူကြီးတွေက အဘယ် ကြာရှည်ထမ်းနိုင်ပါမည်နည်း။ ကလေးတွေလို ပျော်ပျော်ပါးပါး ဘယ်ထမ်းနိုင်ပါမည်နည်း။ လူကြီးဉာဏ်ရည်ကလည်း အသက်ရလာလေ ပါးလာလေဆိုတော့ 'ဉာဏ်မီ' ဆိုသောစကားသည် လူကြီးတို့က တကယ် ပြောရမည့်စကား ဖြစ်လာသည်။ လူငယ်ယဉ်ကျေးမှုကို လူကြီးတို့က ထိုက်ထိုက် တန်တန် နေရာပေးနေရပြီ။

## တက္ကနိုလိုဂျီ မျိုးဗီဇ

လူငယ်ဆိုလို့လည်း လူငယ်ရုပ်ပေါက်နေသည့်သူတိုင်းကို မခေါ်ပြန်။ အသက် ၂၉ နှစ်အရွယ်အထိကိုသာ လူငယ်ဟုခေါ်ပြီး၊ သူတို့ကို **မျိုးဆက်ဝိုင်** (generation Y) ဟု အမည်ပေးသည်။ ဒုတိယကမ္ဘာစစ်အပြီး မွေးသည့်သူတို့ကိုမူ **မျိုးဆက်အိပ်စ်**(generation X)ဟု ခေါ်သည်။ ယခု X နှင့် Y တို့ ပဋိပက္ခ ဖြစ်နေသည်။ မျိုးဆက်ခြင်းပဋိပက္ခ(generation conflict)ဟု ခေါ်သည်။ မျိုးဆက်ချင်း ကွာဟချက်(gap)လို့ မသုံးပြန်။

ဘယ်လိုပဲပြောပြော နောက်ဆုံး သတ္တုချကြည့်လိုက်လျှင် ဂလိုဘယ် လိုက်ဖေးရှင်းဆိုသည်မှာ ဈေးကွက်အရင်းရှင်စနစ်(market capitalism) တစ်ကမ္ဘာလုံး ပျံ့နှံ့သွားစေသည့် သဘောပင် ဖြစ်သည်။ ထို့ကြောင့် ပြဿနာက ဈေးကွက်အရင်းရှင်စနစ်ကို ဘယ်သူတွေကဦးစီးမလဲဟု စဉ်းစားရန်ပေါ်လာသည်။ မျိုးဆက် Y ကပင် ဦးစီးမည်မှာ သေချာသည်။ တစ်ဖက်၌ တက္ကနိုလိုဂျီက အလွန် သော့ချက်ကျသော မျက်နှာစာ(key dimension)ဖြစ်နေလေရာ ဤသော့ချက်ကို မျိုးဆက် Y တို့ကပင် ကိုင်ထားပြီဟုဆိုသည်။

မျိုးဆက် X တို့ လူငယ်ဘဝတုန်းက အခြေအနေနှင့် လက်ငင်းမျိုးဆက် Y ၏ အခြေအနေတို့ကို နှိုင်းယှဉ်ကြည့်ကြသည်။ ဘယ်မျိုးဆက်က ပိုပြီး ကံကောင်းသလဲ ဆိုသောအချက်ကို အပထား။ မျိုးဆက် Y သည် မွေးကတည်းက တက္ကနိုလိုဂျီနှင့်ပွေ့ဖက်ပြီး မွေးလာကြသည်။ သူတို့၏ သွေးထဲ၊ သားထဲတွင် တက္ကနိုလိုဂျီက မျိုးရိုးဗီဇ(DNA)အနေဖြင့် ပါပြီးသားဖြစ်သည်ဟု သုံးသပ်ကြသည်။ သူတို့အရည်အချင်းမှာ တက္ကနိုလိုဂျီကျွမ်းကျင်မှုကို သွားလေရာ သယ်သွားနိုင်



BURMESE CLASSIC .com

www.burmeseclassic.com



ခြင်း ဖြစ်သည်။ Portable skill ဟုခေါ်သည်။

ဒီတော့ စီးပွားရေးစီမံခန့်ခွဲမှု တစ်ခုလုံးလည်း ပြောင်းဆန် တုန်ခါသွားတော့သည်။ မန်နေဂျာတို့သည် မျိုးဆက် Y တို့ကို အမိန့်ပေး၍ မရတော့ပေ။ ချော့ခိုင်းရသည်။ သူတို့မှာ ဘာအခက်အခဲတွေ ရှိသလဲ။ ကူညီ ဖြေရှင်းပေးရသည်။ သို့ဖြင့် သမားရိုးကျအမိန့်နှင့် ကွပ်ကဲမှု(command and central)စနစ်သည် ယိုင်လဲ သွားတော့သည်။ ထိုအခါ တီထွင်ဆန်းသစ်သော အဖြေ(creative solutions) ဆိုသည့်နည်း ပေါ်လာသည်။ စီးပွားရေးလုပ်ငန်းတို့သည် တီထွင်ဆန်းသစ်သော အဖြေတို့ကို အမြဲတမ်းရှာဖွေနိုင်မှ ရှင်သန်နိုင်မည်၊ ကြီးထွားနိုင်မည်။ သို့မဟုတ်လျှင်ကား ပြုတ်သွားမည်။

## မိုဘိုင်းလ်မှ မိုဘိုင်းလ်

တီထွင်ဆန်းသစ်သော အဖြေတို့ကို ရှာဖွေနိုင်သူတို့ကား မျိုးဆက် Y တို့ပင်ဖြစ်သည်။ ဤသို့ အဖြေရှာပေးနိုင်သူတို့နှင့် အမိန့်ပေးစနစ် ဘယ်လိုမှ လမိုင်းမကပ်နိုင်သည့်အချက်ကို သိရှိလာကြ၍ ဂျပန်ဆိုလျှင် ကုမ္ပဏီစီမံအုပ်ချုပ်မှုနှင့် ကုမ္ပဏီယဉ်ကျေးမှု(corporate management and corporate culture) တို့ကို အကုန်ပြောင်းပစ်လာရသည်။ ကြည့်ရင်တော့ ဟာသဆန်သည်လို့ ထင်ရသည်။ စက်ရုံ၊ အလုပ်ရုံတို့ရှိ မျိုးဆက် X လက်ကျန်တို့ကို 'တပည့် ပြန်လုပ်ပါဦးနော်'ဟု ပြောပြီး လူငယ်တွေဆီက ပညာကို သည်းခံပြီးသင်ယူဖို့၊ ယခင်ကိုယ်က ဆရာ(mentor)လုပ်ရာကနေ ယခုတစ်လှည့် ကိုယ်ကတပည့်(mentee) ခံဖို့ မေတ္တာရပ်ခံနေရသည်။

မျိုးဆက် Y တို့သည် ဖင်မမြဲပေ။ တစ်နေရာတည်း အကြာကြီး မလုပ်လိုကြ။ တစ်ခုမှတစ်ခုသို့ ခုန်ပြောင်း နေတတ်ကြသည်။ မိုဘိုင်းလ်ဖုန်းလိုပင် သူတို့လည်း အလွန် မိုဘိုင်းလ်ဖြစ်လာကြသည်။ ဤကိစ္စနှင့်ပတ်သက်၍ အပြစ်ဆိုစရာကလည်း မရှိ။ သူတို့ ဘာကြောင့် မိုဘိုင်းလ်ဖြစ်လာရသနည်းဆိုသော အကြောင်းရင်းတို့ကို လေ့လာ ဆန်းစစ်ကြည့်ကြသောအခါ အချက်သုံးချက် သွားတွေ့သည်။

ပထမအချက်မှာ သူတို့၏ကျွမ်းကျင်မှုသည် တစ်နေရာတည်း၌သာ ပုံသေသုံးစွဲလို့ရသည့် ကျွမ်းကျင်မှုမျိုးမဟုတ်။ နေရာတကာ သုံးစွဲလို့ရသော ကျွမ်းကျင်မှုမျိုး ဖြစ်နေသည်။ သူတို့သွားရာ သယ်သွားနိုင်သည့်(portable skill) ဖြစ်နေသည်။

ဒုတိယအချက်မှာ နေရာတကာ၌ ခေတ်မီကျွမ်းကျင်မှု ပညာသည်များက ရှားပါးနေရာ၊ ဘယ်ကဖြစ်ဖြစ် လခကောင်းကောင်း မက်လုံးပေး၍ မြူဆွယ်နေကြသည်။ Headhunting ဟု ခေါ်သည်။ တတိယအချက်မှာ အလုပ်အကိုင်



BURMESE CLASSIC .com

www.burmeseclassic.com



လုံခြုံမှု (job security) ဆိုသော မူသဘောသည် ယခုအခါ လုံးဝနီးပါး ယိုယွင်းသွားသောကြောင့် ဖြစ်သည်။

သို့ဖြင့် မျိုးဆက် Y တို့သည် တစ်နေရာတည်း၌ ကြာရှည် အချုပ်အနှောင် မခံဘဲ အလားအလာကောင်းရာသို့ အမြဲ ပြောင်းရွှေ့နေကြသည်။ ထို့အပြင် ကိုယ်ပိုင်လုပ်ငန်းတို့ကို အရဲစွန့် ထူထောင်ခြင်းမျိုးတို့ကလည်း ခေတ်စားလာသည်။ ဤသို့အားဖြင့် မျိုးဆက် Y သည် လွတ်လွတ်လပ်လပ် လှုပ်ရှားသူ (free agents)များ ဖြစ်လာကြသည်။

**သတင်းစာမဖတ်**

မျိုးဆက် Y ၏ မီဒီယာအလေ့အထ(media habits)တို့ကလည်း ပြောင်းသွားသည်။ မျိုးဆက် X ခေတ်က တီဗီ၊ တယ်လီဗီးရှင်းခေတ် ဖြစ်လေရာ တယ်လီဗီးရှင်း ထိုင်ကြည့်ခြင်းသည်သာ မီဒီယာအလေ့အထ ဖြစ်ခဲ့သည်။ ယခု ဤသို့ မဟုတ်ပြီ။ မျိုးဆက် Y ထဲမှ တီဗီထိုင်ကြည့်သူဦးရေသည် နည်းသွားသည်။ ထိုင်ကြည့်သည့်အချိန်လည်း နည်းသွားသည်။ ဒါဖြင့် သူတို့ ဘာကို လုပ်နေကြသနည်းဆိုသော် အင်တာနက်နှင့် ဆော့ကစားနေကြပြီ။ ကွန်ပျူတာနှင့် ဆော့ကစားနေကြပြီ။

အင်တာနက်မှ ဝက်ဘ်ကွန်ရက်တို့သည် မျိုးဆက် Y အတွက် ဖျော်ဖြေရေး မီဒီယမ်(entertainment medium) ဖြစ်လာသည်သာမက ယခင်က တက္ကနိုလိုဂျီတို့က မဖြစ်ထွန်းနိုင်ခဲ့သော သက်ရောက်မှုတစ်ခုကိုလည်း ဖြစ်ထွန်းစေသည်။ ယင်းမှာ အင်တာနက် ဝက်ဘ်ကွန်ရက်တို့သည် အလုပ်ခွင်တို့သို့ နက်နက်ရှိုင်းရှိုင်း ဝင်ရောက်သွားသောအချက် ဖြစ်သည်။

မျိုးဆက် Y က အင်တာနက်နှင့် ဆော့ကစား၍ အားမရလို့ တီဗီဖွင့်ကြည့်လျှင်လည်း မျိုးဆက် X ခေတ်ကလို မဟုတ်ဘဲ၊ ချယ်နယ်လိုင်းပေါင်း ၁၀၀ ကျော်ကို ကြည့်နိုင်ကုန်သည်။ ဒီတော့ ဘာဖြစ်လာသနည်းဆိုသော်–

မျိုးဆက် Y တို့သည် အင်တာနက်နှင့် အလုပ်ရှုပ်နေကြသဖြင့် သတင်းစာဖတ်ဖို့ အချိန်မရှိတော့ပေ။ သတင်းစာ မဖတ်တော့ပေ။ စာဖတ်ရှိန် လျော့ပစ်ကြသည်။ ၁၉၇၀ ပြည့်နှစ်တုန်းက အမေရိကန်လူငယ်ဦးရေ သုံးပုံနှစ်ပုံက သတင်းစာဖတ်ကြသည်။ ယခု လူဦးရေတစ်ဝက်လောက်ကသာ သတင်းစာကို ကောက်ကိုင်ကြည့်သည်။ တီဗီသည် ထိုင်ကြည့်ရုံသက်သက်ဖြစ်၍ အငြိမ်မီဒီယမ်(passive medium) ဖြစ်သည်။ အင်တာနက်သည် တက်ကြွသောမီဒီယမ်(active) ဖြစ်သည်။ ထိုင်ကြည့်ရုံသက်သက်မဟုတ်ဘဲ ကိုယ်က ပြန်လည်တုံ့ပြန်ရသည်။ ဖြေကြား ရသည်။ တီဗီထိုင်ကြည့်သော ကလေးတို့သည် ကစားခြင်းကို စွန့်လွှတ်

www.burmeseclassic.com



ရပြီ။ အင်တာနက်၌မူ ကစားစရာတို့ ပါသည်။ တီဗီထိုင်ကြည့်သူအဖို့ အရေးလည်း မရှိ။ အပြောလည်းမရှိ။ ဆက်သွယ်ရေး(communication) မရှိပေ။ အင်တာနက်၌မူ ရေးရသည်။ အရေးမီဒီယမ်ဖြစ်၍ အင်တာနက် ချိတ်ဆက်ထားသူချင်း ဆက်သွယ်ရသည်။ ဆက်သွယ်ရေး ပါလာသည်။

**ကလီယိုပတ်ထရာ**

ကွန်ပျူတာနှင့် အင်တာနက်တို့ကြောင့် အီးမေးလ်၊ အီးကော်မတ်စ်၊ သတင်းရှာဖွေခြင်း(information finding)နှင့် အပြန်အလှန် တုံ့ပြန် ဆက်သွယ်ခြင်း (interactivity second nature) ဖြစ်နေချေပြီ။ ဤ ဒုတိယသဘာဝအတွက် လူကြီးတို့တွင် အသင့်မဖြစ်တော့။

ဒီတော့ ကနဦးမျိုးဆက် X တို့ ဘာလုပ်ကြသနည်း။ လူကြီးတို့သည် လူငယ်တွေနှင့် ပြိုင်နိုင်မှ တော်ရုံကျမည်ဟု ငယ်မူပြန်လာကြတော့သည်။ ဤသို့ ငယ်မူပြန်ခြင်းကို အော်စကာဝိုင်းလ်၏ဝတ္ထု Dorian Gray ကိုမှီးပြီး Dorian culture ဟု အမည်ပေးထားသည်။ ဤဝတ္ထုထဲတွင် ဒိုရီယန်ဂရေးသည် သူ့ကိုယ်သူ အမြဲသနေသည်။ လူငယ်ရုပ်ပေါက်နေအောင် အမြဲကြိုးစားသည်။ တကယ့်လက်တွေ့ ဘဝတို့တွင်လည်း ရှုံ့ဖွက်ထဲရေစိမ်ခြင်း၊ မျောက်အကျိတ်ဆေးထိုးသွင်းခြင်း စသည်တို့ဖြင့် ငယ်ရုပ်မပျက်အောင် ကြိုးပမ်းကြသည်။ လူငယ်စမ်းရေ၊ လူငယ်ရေပန်း(fountain of youth)ဆိုသော ဒဏ္ဍာရီတို့ကိုလည်း စာရေးဆရာတို့က ထွင်ကြသည်။ ကလီယိုပတ်ထရာသည် နုပျိုပြီး အမြဲတမ်းလှပနေအောင် မြည်း၏နို့ရည်ထဲ စိမ်သည်။ စပိန်လူမျိုး နယ်ပယ်သစ်ရှာဖွေရေးသမား ဂျူအန်ပွန်ဒီလွန်းသည် ယခု အမေရိကန်၊ ဖလော်ရီဒါနယ်ကို ၁၅၁၃ ခုနှစ်က စတင်တွေ့ရှိစဉ် ရက်ဒ်အင်ဒီးယန်းတို့ထံမှ လူငယ်ရေစဉ်ကို ရရှိခဲ့သည်ဟု ဆိုသည်။

သူသည် ဖလော်ရီဒါနယ်ကို စတင်တွေ့ရှိသူအဖြစ် နာမည်မကြီးဘဲ လူငယ်ရေစဉ်ကို တွေ့ရှိခဲ့သူအဖြစ် ပို၍ နာမည်ကြီးခဲ့သည်။ ဤရေစင်သောက်ပြီး ငယ်ရုပ်ပြန်ပေါ်သည်၊ မပေါ်သည်ကိုကား မသိရ။ သို့သော် ရက်ဒ်အင်ဒီးယန်းတို့၏ မြားချက်ဖြင့် အသက်ဆုံးရသည်ကိုတော့ သိကြသည်။ လူငယ်ရေစင် အစဉ်အလာကို အိန္ဒိယမှစသည်ဟု အဆိုရှိသည်။

ယခုခေတ် ဆေးပညာတို့အရ လူတို့၏သက်တမ်းသည် ပိုပြီး ရှည်လာပါပြီ။ ဤတွင် ဒဿနမေးခွန်းနှစ်ခုကို မေးလာကြသည်။ ပထမ ပိုပြီး အသက်ရှင်လိုပါသေးသလား။ ဒုတိယ အိုခြင်းကို ရင်ဆိုင် မျှော်လင့်လိုပါသလား ဟူ၍ ဖြစ်သည်။ လူ့သမိုင်းတွင် နှစ်ခုစလုံး တစ်ပြိုင်နက်တည်း မရခဲ့ပေ။ ယခုနောက်ဆုံး



BURMESE CLASSIC .com

www.burmeseclassic.com



သင့်တင့်လျော်က်ပတ်သော ကျန်းမာရေးနှင့် အသက်ရှည်ရေး(maximum life-span with tolerence)ဟူ၍ ဖြစ်လာသည်။

သို့သော် လူငယ်တွေနှင့် ပြိုင်ချင်သူတို့က ဤဆောင်ပုဒ်ကို ပြင်သည်။ Tolerence life-span with healthy life-style ဟူသတည်း။ ကျန်းမာသော ဘဝနေဟန်နှင့် သင့်တင့်လျော်က်ပတ်သော အသက်ရှည်ရေးဟု အဓိပ္ပာယ်ထွက်သည်။ မျိုးဆက် Y ကလည်း သူ့ဟာနှင့်သူ။ မျိုးဆက် X ကလည်း သူ့ဟာနှင့်သူ ဘဝကို ရင်ဆိုင်နေကြပုံပေါ်က်သည်။ ■

*Ref: The Economist.*

**ဈေးကွက်ဂျာနယ်၊ အမှတ် ၂၁၂။**



BURMESE CLASSIC .com

www.burmeseclassic.com

# အကာသိုလ်စက်ဝိုင်း ဘယ်လို ပတ်မလဲ

**အမေရိကန်နှင့် ဂျပန်ထိပ်သီး**

ကမ္ဘာလုံးကျွတ် စီးပွားရေး ဆုတ်ယုတ်ကျဆင်းမှု(Global recession) ဖြစ်၊ မဖြစ် အလောင်းအစားပြုလာကြသည်။ ဆုတ်ယုတ်ကျဆင်းမှုကို ရီဆက်ရှင်းလို့ပဲ စာရေးသူက ဤဆောင်းပါးတွင် မွေးစားထားလိုက်သည်။ စိုးရိမ်မည်ဆိုလည်း စိုးရိမ်ထိုက်သည်။ (၁) အမေရိကန်တွင် အိုင်တီစတော့(တက္ကနိုလိုဂျီ ကုမ္ပဏီကြီးတို့၏ စတော့ရှယ်ယာ)ဈေးနှုန်းတို့ ထိုးကျနေသည်။ အမေရိကန်စီးပွားရေး နှေးကွေးနေသည်။ (၂) ဂျပန်စီးပွားရေးသည် အတော်ကလေး အခြေအနေ ဆိုးဝါးလာသည်။ ယန်းငွေတန်ဖိုး ချရမည်။ (၃) အိုပက်ခေါ် ရေနံထုတ်လုပ်သော နိုင်ငံများအဖွဲ့က ရေနံစိမ်း တစ်နေ့တစ်သန်း ထုတ်လုပ်မှု လျှော့ဖြတ်မည်ဟု ဆုံးဖြတ်နိုင်သည်။

ကမ္ဘာ့စီးပွားရေး အင်အားအကြီးဆုံး နှစ်နိုင်ငံတို့၌ ကြီးမားသော အခက်အခဲများ ကြုံတွေ့လာစဉ် အိုပက်၏ ရေနံထုတ်လုပ်မှု လျှော့ဖြတ်မှုသည် မီးလောင်ရာ လေပင့်လိုက်သလို ဖြစ်သွားတော့သည်။ သို့ဖြင့် ကမ္ဘာလုံးကျွတ်ရီဆက်ရှင်း ဖြစ်နေပြီလားဟု မေးလာကြသည်။

ရီဆက်ရှင်းနှင့်ပတ်သက်၍ အနက်အဓိပ္ပာယ် အမျိုးမျိုးပေးသည်။ လောလောဆယ် အများကလက်ခံထားသော စံကတော့ တစ်နှစ်အတွင်း သုံးလပတ် နှစ်ကြိမ်



BURMESE CLASSIC .com

www.burmeseclassic.com



ဆက်ပြီး ထုတ်လုပ်မှုတွေ ကျဆင်းသည်။ အလုပ်လက်မဲ့ တိုးသည်။ စတော့ရှယ်ယာ ကျဆင်းသည်ဟုဆိုလျှင် ရီဆက်ရှင်းထဲရောက်နေပြီဟု ပြောသည်။

အမေရိကန် ဘောဂဗေဒပညာရှင်တစ်ဦးက ရီဆက်ရှင်းအကြောင်း ရယ်စရာ ပြောသည်။ 'ရီဆက်ရှင်းနဲ့ ဒီပရက်ရှင်း(depression) (စီးပွားပျက်ကပ်)ကြား ဘာခြားနားသလဲဆိုတာက ပညာရှင်တွေရဲ့ ပြဿနာပါ။ လက်တွေ့သဘောက ဒီလိုပါ။ ရီဆက်ရှင်းဆိုတာ ခင်ဗျားအလုပ်ပြုတ်ရင် ခေါ်တာ။ ဒီပရက်ရှင်းဆိုတာ ကျွန်တော် အလုပ်ပြုတ်ရင်ခေါ်တာ' ဟု ပြက်လုံးထုတ်သည်။

အမေရိကန် သမ္မတသစ် ဂျော့ဒဗလျူဘုရှ်နှင့် ဂျပန်ဝန်ကြီးချုပ် မိုရီတို့နှစ်ဦး ထိပ်သီးဆွေးနွေးပွဲ လုပ်ရပြီ။ နှစ်နိုင်ငံ လက်တွဲပြီ။ ကမ္ဘာ့ရီဆက်ရှင်းကို တားဖို့။

## သုညအတိုး

ဂျပန်ဝန်ကြီးချုပ် မိုရီက အမေရိကန်စီးပွားရေး ပြန်လည် နာလန်ထအောင် ကြိုးပမ်းပေးပါဟု အမေရိကန်သမ္မတကို မေတ္တာရပ်ခံသည်။ သမ္မတဘုရှ်ကလည်း ဂျပန်စီးပွားရေး၊ အထူးသဖြင့် ဘဏ္ဍာရေးအခြေအနေ ကောင်းမွန်ပါစေဟု ဆုတောင်းသည်။ ဤသို့ အပြန်အလှန် အားပေးကြရာ၌ အကြောင်းရှိသည်။ 'အကုသိုလ် စက်ဝိုင်း'(vicious vircle) ဖြစ်ပေါ်လာမည်ကို နှစ်ဖက်စလုံးက စိုးရိမ်နေကြသောကြောင့် ဖြစ်သည်။

အကုသိုလ်စက်ဝိုင်းဆိုသည်မှာ အမေရိကန်စီးပွားရေး နှေးကွေးမှုသည် ဂျပန်တွင် အဆိုးမြင်ဝါဒကို ပေါ်ပေါက်စေသည်။ ဂျပန်စီးပွားရေးအပေါ် စိုးရိမ်သောက ဖြစ်စေသည်။ ဤသို့အားဖြင့် အစာခွံ့(feed)လုပ်သလိုဖြစ်မည်။ တစ်ဖန် ဂျပန်၏ ဘဏ္ဍာရေးအခြေအနေ ဆိုးဝါးလာမှုသည် အမေရိကန်၌ စိုးရိမ်သောက ဖြစ်မှုတို့ကို မီးမွှေးပေးမည်။ သို့ဖြင့် ဆိုးကျိုးတွေ အပြန်အလှန် သက်ရောက်ကြခြင်းကိုပင် အကုသိုလ်စက်ဝိုင်းဟု ခေါ်သည်။ အမေရိကန်တွင် ဂျပန်ရင်းနှီးမြှုပ်နှံမှု အလွန်များသည်။ အလားတူစွာ ဂျပန်ဈေးကွက်ထဲ အမေရိကန်က အတင်း ဝင်ဖောက်နေသည်။

ခုပြဿနာက ဂျပန်ဘက်မှ စတင်ဖြေရှင်းမည့် အနေအထားသို့ ဆိုက်နေသည်။ အောင်မြင်မည်၊ မအောင်မြင်မည်ကို စောင့်ကြည့်ရမည် ဖြစ်သော်လည်း ယခု မိုရီအစိုးရက သုညအတိုးနှုန်းပေါ်လစီကို ချမှတ်လိုက်သည်။ ယင်းကို ငွေချေးငှားခြင်းကို လွယ်ကူသက်သာအောင် လျှော့ပေါ့ပေးသည့်ပေါ်လစီ(credit easing) ဟု ခေါ်သည်။ ဘဏ်တို့မှချေးငှားလျှင် အတိုးမပေးရတော့သည့်သဘော သက်ရောက်သွားသည်။

ဂျပန်စီးပွားရေးသည် ဘယ်အခြေအနေထဲမှာ ရှိပါသနည်း။ အင်ဖလေးရှင်း



BURMESE CLASSIC .com

www.burmeseclassic.com



(inflation)လား။ ဒီဖလေးရှင်း(deflation) လား။ ယခုသုံးသပ်ချက်အရ ဒီဖလေးရှင်းထဲ ရောက်နေသည်။ အထွေထွေဈေးနှုန်းတွေ ကျဆင်းနေခြင်းကို ခေါ်ဆိုသည်။ ဂျပန်စီးပွားရေးကို ပိုပြီးဆိုးဝါးသွားအောင် ပြုလုပ်လိုက်သည့်အချက် တစ်ချက်မှာ ကမ္ဘာ့ရင်းနှီးမြှုပ်နှံမှု ကုမ္ပဏီကြီးတို့က ဂျပန်၏ စီးပွားရေးအဆင့် အတန်းကို အောက်နှိမ့်ချလိုက်သောအချက် ဖြစ်သည်။ Lower credit rating ဟုခေါ်သည်။ လက်တွေ့ပြောလျှင် ဂျပန်ကုမ္ပဏီတွေ စိတ်မချရ။ ငွေမချေးနဲ့ ဟု သတိပေးရာရောက်သည်။ မည်သို့ပင်ဖြစ်စေ၊ ဂျပန်သည် မိမိ၏ ဒီဖလေးရှင်း ပြဿနာကို အတိုးနှုန်းသုညထား ပေါ်လစီဖြင့် ကုစားနေပြီ။

**စားသုံးသူထောင့်၊ ရင်းနှီးမြှုပ်နှံသူထောင့်**

အတိုးနှုန်းကို သုညအထိ လျှော့ချပစ်သည်မှာ တမင်တကာပင် ဘဏ်၌ အပ်ငွေတို့ကို အပြင်ရောက်အောင် ကန်ထုတ်ပစ်ခြင်း ဖြစ်သည်။ ဘဏ်တိုးမရ တော့ ဘယ်သူတွေက ဘဏ်မှာ ငွေအပ်ချင်ပါတော့မည်နည်း။ ဂျပန်အိမ်ထောင်စု တို့သည် အသုံးအစွဲ အလွန်နည်းသည်။ ကျစ်လျစ်သည်။ Less consumer's spending ဟုဆိုသည်။ ဘဏ်၌ ငွေတွေသိပ်ထားတာ အလွန်များလှသည်။ ဘဏ်တို့၌ ငွေတွေနည်းနေ၍ အသုံးအစွဲနည်းနေသောအခါ ကုန်ပစ္စည်းတို့ သိပ် မရောင်းရပေ။ အရောင်း အလွန်ထိုင်းသည်။

ဤအချက်ကိုကုစားရန် ဘဏ်၌ ကိန်းအောင်းနေသောငွေတို့ကို ယခုကဲ့သို့ အတိုးမဲ့လုပ်ပြီး ကလော်ထုတ်ရန် ရည်ရွယ်ပုံရသည်။ ဤသို့ ကလော်ထုတ်တိုင်း ဘယ်လောက် ထွက်လာမည်ကိုကား မသိနိုင်။ ဘဏ်တိုးမကိုက်၍ ငွေပြန်ထုတ်ကြ သော်လည်း ဖျာအောက်၌ သိမ်းထားကြဦးမည်ဟု ဆိုလျှင်လည်း ဝယ်လိုအား တိုးလာမည် မဟုတ်ပေ။ အိမ်ထောင်စုတို့၏ အပြုအမူသည် လိပ်ပြာဘောဂ ဗေဒ သီအိုရီအရ အလွန်ခန့်မှန်းရခက်သည်။

ဂျပန်၌ ပြဿနာသည် စားသုံးသူ(consumers)တို့နှင့် ပတ်သက်သည်။ သို့သော် အမေရိကန်၌မူ ပြဿနာသည် ရင်းနှီးမြှုပ်နှံသူ(investors)တို့နှင့် ပတ်သက်သည်။ ရင်းနှီးမြှုပ်နှံသူတို့မှာ အိမ်ထောင်စု ရင်းနှီးမြှုပ်နှံသူတို့ ဖြစ်ကြ သည်။ အမေရိကန်နိုင်ငံ၌ မိမိလစာအပြင် အပိုအလျှံတို့ကိုစု၍ ကုမ္ပဏီတို့မှ စတော့ရှယ်ယာတို့ကို လည်းကောင်း၊ အစိုးရငွေတိုက်လက်မှတ် ဘွန်းတို့ကို လည်း ကောင်း အိမ်ထောင်စုတိုင်းက ဝယ်ထားကြသည်။ ဒီမှာလို အိမ်ခန်းဝယ်ထား၊ ရွှေဝယ်တာမျိုး။

အိုင်တီစတော့တို့က စန်းပွင့်နေ၍ ဤစတော့တို့ကို အလုအယက် ဝယ်ယူခဲ့ ကြရာ အိုင်တီစတော့ဈေးတွေ ထောင်တက်ခဲ့သည်။ အိုင်တီစတော့ ဝယ်ထားလျှင်



BURMESE CLASSIC .com

www.burmeseclassic.com



မြန်မြန် မီလျံနာဖြစ်နိုင်သည်ဆိုသော မှိုင်းကလည်း ရှိနေသည်။ ယခု ပြန်ကျပြီ။ ဤ အသေးစား လက်လီရင်းနှီးမြှုပ်နှံသူ(retail investors) တို့က စိုးရိမ်တကြီး ထိတ်ထိတ်ပျာပျာဖြစ်ကာ သူတို့လက်ထဲရှိသည့် စတော့တို့ကို ရရာဈေးဖြင့် အလုအယက် ထိုးရောင်းကြလျှင် ဒုက္ခ။ စတော့ဈေးများ စိုက်ကျသွားနိုင်သည့် အခြေအနေ ရှိသည်။ သူတို့ အဲဒီလိုမလုပ်ရန် နှိုးဆော်နေကြသည်။ တားလို့ရ၊ မရ မရေရာသေး။

ဂျပန်မှာ အိမ်ထောင်စုက စားသုံးသူ။ အမေရိကန်မှာ အိမ်ထောင်စုက ရင်းနှီးမြှုပ်နှံသူ။ ဤဆောင်းပါးရေးနေစဉ် ဂျပန်က အတိုးနှုန်းသုညသို့ လျှော့ချလိုက်သည့်နည်းတူ အမေရိကန်ကလည်း အတိုးနှုန်း လျှော့လိုက်သည်။ ဂျပန် စတော့ရှယ်ယာဈေးတွေ ပြန်ကောင်းပြီး၊ အမေရိကန် စတော့ရှယ်ယာဈေး ကျမြဲကျလျက် ရှိကြောင်း သတင်းများက ဆိုသည်။

## အာရှကပ် ကူးစက်စဉ်

ဤတွင် Asian Contagion ၏ ဝေ့ပတ်တိုက်ခတ်ပုံကို အကဲခတ်သမားတို့က ပြန်ကြည့်ကြသည်။ ၁၉၉၇ ခုနှစ်က ဖြစ်ပွားခဲ့သော အာရှစီးပွားရေး အကျပ်အတည်းသည် ကမ္ဘာကို ဘယ်လိုကူးစက်သလဲဟု ကူးစက်ပုံလမ်းကြောင်းကို ပြန်ကြည့်နေကြသည်။

(၁) ၁၉၉၇ ခုနှစ်၊ ဇူလိုင်လ ၂ ရက်နေ့တွင် ယိုးဒယားအစိုးရက ဘတ်ငွေကို မထိန်းနိုင်တော့ဆိုပြီး လက်မြှောက်လိုက်သည်။ အရှင်မျှောလိုက်သည်။ ဘတ်ငွေ တန်ဖိုး ထိုးစိုက်ဆင်းသွားသည်။

(၂) ၁၉၉၇ ခုနှစ်၊ ဇူလိုင်လ ၂၄ ရက်နေ့တွင် မလေးရှားရင်းဂစ်ငွေ တန်ဖိုး ချလိုက်ရသည်။

(၃) မရှေးမနှောင်း၌ ဖိလစ်ပိုင်ပီဆိုငွေ တန်ဖိုးထိုးကျသည်။

(၄) ၁၉၉၇ ခုနှစ်၊ ဩဂုတ်လထဲတွင် အင်ဒိုနီးရှားရူပီးယားငွေ တန်ဖိုး ၈၀ ထိုး ကျသွားသည်။

(၅) ၁၉၉၇ ခုနှစ်၊ နိုဝင်ဘာလတွင် တောင်ကိုရီးယားငွေ တန်ဖိုးထိုးကျသွားသည်။ တောင်ကိုရီးယား ချာဘိုးလ်ကော်ပိုရေးရှင်း တော်တော်များများ ဒေဝါလီခံသွားသည်။

(၆) ဂျပန်သို့ ကူးစက်သွားသည်။ ဘဏ်တို့ ကြွေးဆုံးတွေမိနေသည်။

(၇) ၁၉၉၈ ခုနှစ်၊ ဩဂုတ်လတွင် ရုရှားအစိုးရက ကြွေးမြီတို့ကို မပေးဆပ်နိုင်ကြောင်း ကြေညာသည်။ အာရှတုပ်ကွေး ရုရှားသို့ ကူးစက်သွားသည်။

(၈) ဘရာဇီးလ်နှင့် အာဂျင်တီးနားသို့ ကူးစက်သွားသည်။



BURMESE CLASSIC .com

www.burmeseclassic.com



(၉) အမေရိကန် အယ်စီတီအမ် ကော်ပိုရေးရှင်းကြီး နိုင်ငံခြားငွေဈေးကွက်နှင့် စတော့ဈေးကွက်တို့တွင် ဝင်ကစားရာ ခွက်ခွက်လန်အောင် ရှုံးသွားသည်။ အချိန်မီ ကယ်တင်နိုင်၍ အာရှစီးပွားရေးကူးစက်မှုသည် ဤတွင်ရပ်သွားသည်။

**လေပွေချင်းမတူ**

၁၉၉၇ ခုနှစ် အာရှစီးပွားရေး အကျပ်အတည်းဖြစ်၍ ယခု ၂၀၀၁ ခုနှစ်၊ ဖေဖော်ဝါရီလမှစ၍ (၁) အမေရိကန်စီးပွားရေး နှေးကွေးသွားသည်။ (၂) ဂျပန်စီးပွားရေး အကျပ်အတည်း ဆိုက်လာသည်။ ဂျပန်ယန်းငွေ တန်ဖိုးချရမည့် အနေအထားတွင် ရှိသည်။ ယန်းငွေတန်ဖိုးချခြင်းကို အမေရိကန်က မမြင်ချင်ယောင်ဆောင်ပြီး မျက်စိမှိတ်ထားရန် သဘောတူထားသည်။ (၃) လက်တင်အမေရိကားမှ ဘရာဇီးလ်နှင့် အာဂျင်တီးနား နိုင်ငံများဘက်သို့ စီးပွားရေး ရီဆက်ရှင်း ကူးစက်နေသည်။ (၄) အိုပက် ရေနံထုတ်လုပ်မှု လျှော့သည်။

သို့ဖြင့် စီးပွားရေး ရီဆက်ရှင်းမုန်တိုင်းသည် ရှေ့၌ ဘယ်လိုနှင့် ဘယ်အရပ်များဆီသို့ ဝေ့တိုက်ခတ်သွားမည်နည်းဟုဆိုပြီး လမ်းကြောင်းကို ခန့်မှန်းနေကြသည်။ အရှေ့ဘက်၌ အိုင်တီတက္ကနိုလိုဂျီ ကုမ္ပဏီများ အတော် ထွန်းကားလာသော စင်ကာပူ၊ မလေးရှား၊ ဟောင်ကောင်၊ တောင်ကိုရီးယားတို့သည် မုန်တိုင်းပစ်မှတ်ဖြစ်လိမ့်မည်ဟု ခန့်မှန်းထားကြသည်။ မကြာမီ လှည့်မည်။

ယခုမုန်တိုင်း၏ထူးခြားချက်က ကမ္ဘာ၌ စီးပွားရေးအင်အား အတောင့်တင်းဆုံး နံပါတ် (၁)နှင့် (၂)ဖြစ်သည့် အမေရိကန်နှင့် ဂျပန်စီးပွားရေးတို့မှစပြီး မုန်တိုင်းစခြင်း ဖြစ်သည်။ အာရှအကျပ်အတည်း မုန်တိုင်းသည် တက်သစ်စနိုင်ငံငယ်လေးတစ်ခုဖြစ်သော ယိုးဒယားမှစခဲ့သည်။

သို့ဖြင့် စတင်ဖြစ်ပွားရာ ဇာစ်မြစ်ချင်းလည်း မတူ။ လေပွေလမ်းကြောင်းကလည်း တစ်မျိုးခုန်ပေါက်သွားသည်။ ယခုလေပွေသည် ဖွံ့ဖြိုးပြီးနိုင်ငံ နှစ်နိုင်ငံမှ စသည်။ လက်တင် အမေရိကားဘက် ခုန်ကူးသည်။ အာရှဘက် ခုန်ကူးသည်။ ဥရောပကိုမူ ချန်လှပ်ထားသည်။ အိုပက် ရေနံလျှော့ထုတ်မှုကလည်း လေပွေအင်အား ပိုကောင်းအောင် လုပ်ပေးမည့်ပုံ ပေါ်နေသည်။

ထူးခြားသည်မှာ ဂလိုဘယ်လိုက်ဇေးရှင်းအရှိန် ကျယ်ပြန့် မြန်ဆန်လာသည့် အခြေအနေတွင် စီးပွားရေးမုန်တိုင်း ဆင်လာခြင်း ဖြစ်သည်။ ဈေးကွက်တို့သည် ကမ္ဘာ့အတိုင်းအတာနှင့် အချိတ်အဆက်ဖြစ်နေသော ဈေးကွက်တို့ ဖြစ်နေသည်။ ကြည့်ရသလောက်၌ တက္ကနိုလိုဂျီစတော့များ လိုအပ်တာထက်ပိုပြီး တန်ဖိုးမြင့်နေခြင်း(overvaluation)နှင့် ဂျပန်ဘဏ္ဍာရေးစနစ် မခိုင်မာခြင်းတို့သည် ယခုမုန်တိုင်း၏ တရားခံပမာ ထင်ရှားပေါ်လွင်နေသည်။ ဘယ်နိုင်ငံတွေ မိုးကြိုးစက်ပိုင်း

www.burmeseclassic.com



က လွတ်မလဲ။ စိတ်ဝင်စားစရာ မေးခွန်းပင် ဖြစ်နေသည်။ ■

*Ref: The Man Behind Money by Justin Martin NLM*

**ဈေးကွက်ဂျာနယ်၊ အမှတ် ၂၁၃။**



BURMESE CLASSIC .com

www.burmeseclassic.com

# ရှုထောင့်သစ်

**စစ်အေးနှင့် ဂလိုဘယ်**

နိုင်ငံတကာ အခင်းအကျင်း(International setting)ကို အရင်ကြည့်သော နိုင်ငံရေး ဘောဂဗေဒပေတည်း။ ပညာရှင်အများစုက ဒုတိယကမ္ဘာစစ်ကြီး အပြီး နိုင်ငံတကာ ဆက်ဆံရေးစနစ်ကို နှစ်မျိုးနှစ်စားပဲ ခွဲကြည့်တော့သည်။ ဒုတိယ ကမ္ဘာစစ်ကြီးအပြီး ဆိုဗီယက်ယူနီယံ ပြိုကျသွားသည့်အထိ ခေတ်ကို စစ်အေးစနစ် (cold war system)ဟု သတ်မှတ်၍၊ သည့်နောက်ပိုင်းမှ ရှေ့အထိကို ဂလိုဘယ် လိုက်ဖေးရှင်းစနစ်(Globalization system)ဟု သတ်မှတ်ထားကြသည်။ မြန်မာ ပရိသတ်ကလည်း ဤဝေါဟာရတို့နှင့် ယဉ်ပါးနေပါပြီ။

ဤစနစ်နှစ်ခုသည် သူ့ဝိသေသနှင့်သူ သီးသန့်စီရှိကြသည်။ မရောပေ။ အလွန် ပြတ်ပြတ်သားသား ခြားနားနေကြသည်။ စီးပွားရေးဘက်မှ ကြည့်လျှင် စစ်အေး ခေတ်စနစ်၌ အရင်းရှင်စီးပွားရေးစနစ်နှင့် ဆိုရှယ်လစ်စနစ်ဆိုပြီး စနစ်နှစ်ခု အကြီး အကျယ် ပြိုင်ဆိုင်ခဲ့ကြသည်။ ဆိုဗီယက်ယူနီယံ ပြိုကျသွားသည်နှင့်အတူ ဆိုရှယ် လစ်စနစ်လည်း ပြိုကျသွားသည်။

ထို့ကြောင့် အရင်းရှင်စနစ်သာ ‘တစ်ကောင်တည်း’ ကျန်တော့သည်။ ထိုအခါ ဂလိုဘယ်လိုက်ဖေးရှင်းတွင် အရင်းရှင်စနစ်ကို ဘယ်လို နားလည်ရမလဲဟု ပုစ္ဆာ ထုတ်လာသည်။ အချို့က ဤလို ပုစ္ဆာမထုတ်။ အရင်းရှင်စနစ်တွင် ဂလိုဘယ်



BURMESE CLASSIC .com

www.burmeseclassic.com



လိုက်ဖေးရှင်းက ဘယ်လိုနားလည်ရမလဲဟု တစ်ဖက်လှည့် ပုစ္ဆာထုတ်သည်။ အပြန်အလှန်သဘော ရှိပါလိမ့်မည်။

ဘယ်လိုပဲထုတ်ထုတ် ဂလိုဘယ်လိုက်ဖေးရှင်းဆိုသည်မှာ အရင်းရှင်စနစ်ကို ကမ္ဘာလုံးကျွတ် အပြီးအပိုင် ပျံ့နှံ့စေသောဖြစ်စဉ်သာ ဖြစ်သည်။ ဈေးကွက် အရင်းရှင်စနစ်သည် ဂလိုဘယ်လိုက်ဖေးရှင်းစနစ်(Global capitalism) ဖြစ်လာပြီ။ ဟိုနေရာ၊ ဒီနေရာ ကွက်ကျားပုံစံမျိုး မဟုတ်တော့ပေ။

ထို့ကြောင့် ဂလိုဘယ်လိုက်ဖေးရှင်းခေတ်တွင် အရင်းရှင်စနစ်ကို ဘယ်လို စီမံခန့်ခွဲကြမလဲ(how to manage capitalism)သည် ပဓာနအကျဆုံး ပြဿနာ ဖြစ်လာသည်။ နိုင်ငံတစ်ခုအလိုက်လည်း ဤသဘော ရှိပါလိမ့်မည်။ ကမ္ဘာ ချီလာသော်လည်း အရင်းရှင်စနစ် ဖြစ်ပေါ် တိုးတက်ပုံတို့သည် နိုင်ငံအလိုက် ခြားနားကြသည်။ တိုးတက်ပုံအတိုင်းအတာ ဒီဂရီနှင့် အမျိုးအစား (degree and kind of capitalism)တို့တွင် ခြားနားကြသည်။ တစ်ပြေးညီ မဟုတ်။

## တီထွင်ဖျက်ဆီးခြင်းသစ်

တိုင်းပြည်တစ်ပြည်၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုသည် အရင်းရှင်စနစ် လမ်းကြောင်းအတိုင်း လျှောက်လှမ်းသော ဖွံ့ဖြိုးတိုးတက်မှုသာ ဖြစ်ရမည်။ ထို့ကြောင့် ဤနေရာ၌ အရင်းရှင်စနစ်၏ အဓိက အနှစ်သာရ(main essence)သည် အဘယ်အရာနည်းဟု ရေရေလည်လည် နားလည်အပ်သည်။ ဤပြဿနာပေါ်တွင် နိုင်ငံရေး ဘောဂဗေဒပညာရှင် အများစုတို့က နိုင်ငံရေး ဘောဂဗေဒပညာရှင် ဂျိုးဇက်ရှုမ်းပီတာ၏ အခိုအမိန့်မှ တီထွင်ဆန်းသစ်သော ဖျက်ဆီးမှု(Creative Destruction) ဆိုသောအပုဒ်ကို ကိုးကားကြသည်။

ပါမောက္ခ ဂျိုးဇက်ရှုမ်းပီတာ၏ ဆိုလိုရင်းအာဘော်မှာ အရင်းရှင်စနစ်သည် အစဉ်အဆက်မပြတ်သော တီထွင်ဆန်းသစ်မှု (continuous innovation) တို့ကို မဖြစ်မနေ လုပ်ရကြောင်း၊ ဤတီထွင်ဆန်းသစ်မှုတို့၏ အကျိုးဆက်အားဖြင့် အဟောင်း အဟောင်းတို့ပြိုကာ အသစ် အသစ်တွေပေါ်လာကြောင်း၊ တီထွင်ဆန်းသစ်မှု ခဏတာရပ်ရုံမျှဖြင့်ပင် အရင်းရှင်စနစ် ပြိုလဲသွားနိုင်ကြောင်း၊ ထို့ကြောင့် တီထွင်ဆန်းသစ်သော ဖျက်ဆီးမှုသည် အရင်းရှင်စနစ်၏ အရင်းခံအကျဆုံး အနှစ်သာရဖြစ်ကြောင်းဖြင့် သုံးသပ် ရှင်းလင်းပြခဲ့သည်။

ပါမောက္ခ ဂျိုးဇက်ရှုမ်းပီတာ တွေ့လိုက်ရသော တီထွင် ဆန်းသစ်မှုတို့သည် အင်ဂျင်စက်၊ လေယာဉ်ပျံ၊ မော်တော်ကားစသည့် စက်ပိုင်း(mechanization) လောက်သာ ဖြစ်ခဲ့ပုံရသည်။ ကွန်ပျူတာ မပေါ်သေး။ ထို့ကြောင့် ယခု ပညာရှင်တို့က တီထွင်ဆန်းသစ်သော ဖျက်ဆီးမှုကို ဂလိုဘယ်လိုက်ဖေးရှင်းခေတ်တွင်

www.burmeseclassic.com



အံ့မခန်း ထွန်းကားလာသော တက္ကနိုလိုဂျီအမျိုးအစားတို့ဖြင့် တိုးချဲ့ ရှင်းပြလာကြသည်။

ဂလိုဘယ်လိုက်ဖေးရှင်းစနစ်ထဲ၌ တီထွင်ဆန်းသစ်မှု အမျိုးအစား ၄ ရပ် အံ့မခန်း ပေါ်ထွန်းနေသည်။ (၁) ကွန်ပျူတာထွန်းကားခြင်း (computerization) (၂) အရွယ်အစား သေးသေးလေးတို့ကို ချုံ့ပြီး၊ ကျုံ့ပြီး တီထွင်နိုင်ခြင်း (miniaturization and compression technology) (၃) ဆက်သွယ်ရေး ခေတ်မီခြင်း (innovations in telecommunication)နှင့် (၄) ဒီဂျစ်တယ်ပြုခြင်း (digitization) တို့ဟူ၍ ဖြစ်သည်။

၂၁ ရာစုနှစ်(ဝါ) ဂလိုဘယ်လိုက်ဖေးရှင်းခေတ်၏ တီထွင် ကြံဆဖျက်ဆီးမှုကို ဤဖော်ပြပါ တက္ကနိုလိုဂျီတို့က ရှေ့ဆောင်ရှေ့ရွက်ပြုပြီး ပြင်းပြင်းထန်ထန် ဆောင်ရွက်နေကြပြီ။

**တာတိုထပ်ပြေး**

ထို့ကြောင့် နိုင်ငံအလိုက် အရင်းရှင်စနစ်ကို ထွန်းကား ကျယ်ပြန့်လာအောင် ပြုရာတွင် အထက်ဖော်ပြပါ တက္ကနိုလိုဂျီ ၄ မျိုးကို ရှုထောင့်အသစ်(new perspective) အဖြစ်ထား၍ မြင်ရာသည်။ ဆောင်ရွက်ရာသည်။ ဤ တက္ကနိုလိုဂျီ ၄ မျိုးနှင့် ကင်း၍ဖြစ်စေ၊ အခြေမခံလျှင်ဖြစ်စေ မိမိစီမံနေရသော အရင်းရှင်စနစ်သည် ခေတ်နောက်ကျကျန်ရစ်ဖို့သာ ရှိမည်။

ဂလိုဘယ်လိုက်ဖေးရှင်းခေတ်(ဝါ) ၂၁ ရာစုနှစ်ထဲတွင် နိုင်ငံတို့သည် နှစ်မျိုးနှစ်စားပဲ ရှိတော့မည်ဟု ပညာရှင်တို့က ထောက်ပြထားသည်။ (၁) မြန်နေသောကမ္ဘာ(fast world)နှင့် (၂) နှေးသောကမ္ဘာ(slow world)ဟူ၍ ဖြစ်သည်။ အရင်တုန်းကလို ဖွံ့ဖြိုးပြီးနိုင်ငံ၊ ဖွံ့ဖြိုးဆဲနိုင်ငံ၊ ဆင်းရဲသောနိုင်ငံတို့ဟူ၍ မခွဲတော့ပေ။ ပထမကမ္ဘာ၊ ဒုတိယကမ္ဘာ၊ တတိယကမ္ဘာဟုလည်း မရှိတော့ပေ။ ဤအပိုင်းအခြားတို့ထက် အမြန်ကမ္ဘာနှင့် အနှေးကမ္ဘာဆိုပြီးသာ ခွဲခြားလေ့လာ လာကြတော့သည်။ မိမိ ဘယ်လမ်းကြောထဲဝင်မလဲ ဆိုသည့်အချက်ကိုသာ ကိုယ့်ဟာကိုယ် တွေးရတော့မည်။

ဤနေရာ၌ပင် ပညာရှင်တို့ပြောပုံကလည်း တစ်မျိုး ထူးဆန်းသည်။ ဖော်ပြပါ တက္ကနိုလိုဂျီ ၄ မျိုးဖြင့် ဂလိုဘယ်လိုက်ဖေးရှင်းအရှိန်က မြန်နေသောကြောင့် နိုင်ငံတို့၏ တိုးတက်မှုနှုန်း(ဝါ) ပြေးနှုန်းကို မိုင်ဖြင့် မတိုင်းထွာတော့ပေ။ တာတို (sprint) မီတာ ၁၀၀ ပြေးပွဲနှင့် နှိုင်းလာသည်။ မီတာ ၁၀၀ ပြေးပွဲမှာတောင် တစ်ခါပြေးပြီး ပြီးရောမဟုတ်ပေ။ ထပ်ခါထပ်ခါ ပြေးနေရသောပွဲ (sprint all over again)ဟု ဆိုလာကြသည်။



BURMESE CLASSIC .com

www.burmeseclassic.com



အကျိုးသက်ရောက်မှုတို့ကား လူတို့၏ တွေးပုံခေါ်ပုံ၊ စီးပွားရေးကို စီမံခန့်ခွဲပုံ၊ စီးပွားရေး လုပ်နည်းလုပ်ဟန်၊ ပေါ်လစီနှင့် မဟာဗျူဟာတွေးပုံ၊ ချမှတ်ပုံ၊ ကစားပုံ စည်းမျဉ်း(rules of game) စသည်တို့သည်လည်း ပြောင်းလဲသွားခြင်း ဖြစ်တော့သည်။ ရှုထောင့်အသစ်တို့ဖြင့် စရမည့်အဓိပ္ပာယ် ဖြစ်သည်။ ဥပမာ စာအုပ်ကြီး ထဲတွင် ရှင်းပြထားသော နိုင်ငံအလိုက် အလုပ်တာဝန် ခွဲဝေမှု(division of labour) နှင့် အထူးစပယ်ရှယ် သီးသန့်ဆောင်ရွက်ခြင်း(specialization)တို့သည် အကုန် ပြောင်းပြန်လန်နေပြီ။

**ရုံးချုပ်တွေရွှေ့**

စီးပွားရေး စီမံခန့်ခွဲမှုပါရဂူ ပီတာအက်ဖ်ဒရပ်ကာက ၁၉ ရာစုနှစ် ပုံသဏ္ဌာန် တစ်ရပ် အကြောင်းကို နမူနာထား ရှင်းပြသည်။ လယ်ယာနှင့် ကုန်ကြမ်းထုတ် လုပ်သောနိုင်ငံတို့မှ ကုန်ကြမ်းနှင့် သီးနှံတို့ကို စက်မှုနိုင်ငံများဆီသို့ပို့။ ဤ စက်မှုနိုင်ငံတို့ကမှ အချောကိုင်ကာ၊ ကုန်ချောများထုတ်လုပ်ပြီး လယ်ယာနှင့် ကုန်ကြမ်း နိုင်ငံများဆီသို့ ပြန်ပို့။ လယ်ယာနှင့် ကုန်ကြမ်းနိုင်ငံတို့ကလည်း ကုန်ကြမ်းနှင့် သီးနှံရောင်းရငွေတို့ဖြင့် ဖွံ့ဖြိုးအောင်ကြိုးစား စသည့်ပုံသဏ္ဌာန်ကို ၁၉ ရာစုနှစ် ပုံသဏ္ဌာန်ဟု ပီတာဒရပ်ကာက သရုပ်ဖော်သည်။ ဤပုံသဏ္ဌာန်သည် ကုန်သွယ်ရေးနောက် ရင်းနှီးမြှုပ်နှံမှုကလိုက်ခြင်း(investment follows trade) ဖြစ်သည်။ ယခုပြောင်းပြန် ပြောင်းသွားပြီ။ ရင်းနှီးမြှုပ်နှံမှုနောက် ကုန်သွယ်မှုကလိုက်ခြင်း (trade follows investment) ဖြစ်လာသည်။

စက်မှုနိုင်ငံတို့သည် ကုန်ကြမ်းတို့ကို အချောကိုင်ရာဌာန ဖြစ်သည်ဆိုသော သဘောသည် ယခုပျောက်သွားပြီ။ ရင်းနှီးမြှုပ်နှံသူတို့သည် ဘယ်နေရာမှာ ကုန်ကြမ်း ရှိသလဲ၊ ဘယ်နေရာမှာ လုပ်အားပေါသလဲ၊ ဘယ်နေရာမှာ ကျွမ်းကျင်မှု ရှိသလဲ၊ ဘယ်နေရာမှာ စရိတ်သက်သာသလဲ အဲဒီနေရာများဆီသို့ရွှေ့ပြီး စက်ရုံ အလုပ်ရုံ၊ ရုံးခန်းများ ထူထောင်ကြကုန်သည်။

မကြာသေးမီက ဥပမာကို ကြည့်ပါ။ အမေရိကန် မိုက္ကရိုဆော့ဖ်နှင့် ကွန်ပျူတာ ကုမ္ပဏီကြီးတို့သည် သူတို့၏နောက်ကျောလုပ်ငန်း (backup activity)ကို အမေရိကန်မှ အိန္ဒိယသို့ရွှေ့ကြသည်။ အိန္ဒိယတွင် ကွန်ပျူတာကျွမ်းကျင်သူ ပေါပြီး၊ ကမ္ဘာနှင့် ကွန်ရက်ဆက်သွယ်မှု(networks) စနစ်တို့ကလည်း အလွန် ကောင်းမွန်သဖြင့် စရိတ်သက်သာအောင်၊ အလုပ်တွင်ကျယ်အောင် ရွှေ့ကြသည်။ မကြာသေးမီက မလေးရှားစီးပွားရေးဝန်ကြီးက သူ့မြို့တော် ကွာလာလမ်ပူမြို့တွင် ဥရောပမှကုမ္ပဏီကြီးတို့ ရုံးချုပ်များ လာရောက်ဖွင့်ရန် ဆွယ်တရားဟောသည်။ ဖိတ်ခေါ်သည်။ အစစ အရာရာ စရိတ်သက်သာသည့်အပြင် အိုင်တီကွန်ရက်



BURMESE CLASSIC .com

www.burmeseclassic.com



ခေတ်အမီဆုံးရှိ၍ ဥရောပမှာ ရုံးချုပ်ထားတာထက် ပိုပြီး စွမ်းရည်ထက်ပါသည် ဟု ပြောသည်။ သဘောမှာ စက်ရုံ၊ အလုပ်ရုံ နေရာရွေးချယ်မှု(location of industry)သည် နေရာအသေမရှိတော့ခြင်းပင် ဖြစ်သည်။ ဘယ်နေရာမှာ ထူထောင်ချင်သလဲ။ ရနေသည်။ နေရာမရွေးတော့။

**အထက်လွှာဟိတ်**

ထို့ကြောင့် တိုင်းပြည်တစ်ပြည်၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြိုးပမ်းရာ၌ အရင်းရှင်စနစ် လမ်းကြောင်းကို ပီပီပြင်ပြင်ရွေးရန် လိုလာသည်။ ဖော်ပြခဲ့ပါ တက္ကနိုလိုဂျီ ၄ ပါးဖွံ့ဖြိုးမှုနှင့် မီနိုင်ရန် အပတ်တကုတ် ကြိုးပမ်းရမည်။

တစ်နည်းပြောရလျှင် အမြန်ကမ္ဘာလမ်းကြောထဲ ဝင်မောင်းနိုင်ရမည်။ အနှေး ကမ္ဘာ လမ်းကြောထဲ ဝင်မိလို့ကတော့ တော်တော်နှင့် ပြန်ထွက်ဖို့ခက်မည်။ နှေးပြီးရင်းနှေးနှင့် ထောင်ချောက်ထဲ ပိတ်မိနေမည်။ ဤထောင်ချောက်မှ ထွက်၍ ဂျိုးဇက်ရှုမ်းပီတာ၏ တီထွင်ကြံဆ ဖျက်ဆီးမှုဖြစ်စဉ်ကို မြန်ဆန်စေရမည်။ ဤအလို့ငှာ စီးပွားရေးသမားနှင့် စွန့်ဦးတီထွင်သူတို့အပေါ် အာဃာတစိတ် (anti-business and anti-entrepreneur)တို့ကို ဖျောက်ပစ်နိုင်ရမည်။ အချုပ်ပြော ရလျှင် ၁၉ ရာစုနှစ်ပုံသဏ္ဍာန် ဖွံ့ဖြိုးတိုးတက်မှု လမ်းကြောင်းသည် ခေတ်မမီတော့ ပြီဖြစ်ကြောင်း နှလုံးမူနိုင်ရန်သာ ဖြစ်သည်။

ဤကိစ္စနှင့်ပတ်သက်၍ ပညာရှင်တစ်ဦးက ဂျပန်စီးပွားရေးကို (Genteel economy)ဟုပြော၍ ဝေဖန်လိုက်သည်။ အဓိပ္ပာယ်မှာ ဟန်သာရှိပြီး တကယ် တော့ တီထွင်ကြံဆ ဖျက်ဆီးမှုဖြစ်စဉ်ကို နှေးကွေးအောင်လုပ်နေသည်ဟု ဆိုခြင်း ဖြစ်သည်။ သူဆိုလိုသည်မှာ ဂျပန်လူ့အဖွဲ့အစည်းသည် အဟောင်းကောင်းတို့ကို တွယ်တာလွန်းသည်ဟု ဆိုခြင်းဖြစ်မည်။

မည်သို့ပင်ဖြစ်စေ၊ ဂလိုဘယ်လိုက်ဇေးရှင်းခေတ်တွင် အရင်းရှင်စနစ် ဖွံ့ဖြိုး တိုးတက်အောင် ကြိုးပမ်းရာ၌ နိုင်ငံအလိုက် ထူးခြားချက်များ ရှိနိုင်သည်။ နိုင်ငံ အလိုက် နိုင်ငံရေးစနစ်များ ခြားနားနိုင်သည်။ ဤထူးခြားချက်များ အားလုံး သည် ဂလိုဘယ်လိုက်ဇေးရှင်း၏ စိန်ခေါ်မှုဖြင့် အစမ်းသပ်ခံနိုင်ရန် အဆင်သင့် ဖြစ်ရပါမည်။ ထို့ကြောင့် အရင်းရှင်စနစ်၏ ပဓာန အနှစ်သာရဖြစ်သော အဟောင်း အဟောင်းတို့ ပြိုကျ၍ အသစ်အသစ်တို့ ပေါ်ထွန်းလာစေသော ဖြစ်စဉ်ကို လမ်းပြကြယ်(Lodestar)အဖြစ် လက်ခံနိုင်ရန် လိုအပ်သည်။ အစဉ်ပြတ်သော ခေတ် (age of discontinuity ဖြစ်မည်။ ■

*Ref: Managing for the future by Peter F. Druker*

**ဈေးကွက်ဂျာနယ်၊ အမှတ် ၂၁၄။**



BURMESE CLASSIC .com

www.burmeseclassic.com

# ပလပ်သွင်း ချိတ်တော့မည် ဆိုလျှင်

**ပလပ်**

အီး–ကော်မတ်စ်၊ အီး–ထရိတ်(e-commerce, e-trade)တို့၊ အင်တာနက်၊ အီး–မေးလ်၊ ဖက်စ်တို့ စသည့် ခေတ်မီဆက်သွယ်ရေးနှင့် ခေတ်မီသတင်းအင်ဖော်မေးရှင်းတို့နှင့် ပတ်သက်၍ အလွန်အရေးကြီးသော ပုစ္ဆာတစ်ပုဒ် ပေါ်သည်။ ယင်းကား ဘယ်သူ့ဆီ ပလပ်ထိုးပြီး ချိတ်ဆက်မှာလဲဟူသတည်း။

၂၁ ရာစု၏ အရေးကြီးဆုံးအုပ်မှာ အီလက်ထရွန်းနစ်အုပ်(electronic herd) ဖြစ်သည်။ ဤအုပ်နှင့် မချိတ်ဆက်မိဘဲ၊ ဤအုပ်နှင့် မဆက်သွယ်ဘဲ ဖွံ့ဖြိုးတိုးတက်ရေး(growth) ဆိုသည်မှာ မဖြစ်နိုင်တော့ဟု ပြောလာကြသည်အထိ ဖြစ်သည်။

အီလက်ထရွန်းနစ် ဆက်သွယ်ရေးနှင့် အီလက်ထရွန်းနစ် အင်ဖော်မေးရှင်းလမ်းကြောင်းပေါ် လျှောက်လှမ်းလိုက်သည် ဆိုသည်မှာ မိမိတိုင်းပြည်နှင့် ကမ္ဘာကြား၌ လည်းကောင်း၊ မိမိ တိုင်းပြည်အတွင်း၌ လည်းကောင်း၊ ဆက်ဆံရေးတွေ ခေတ်မီအောင် ဝါယာကြိုးတို့ကို ရှုပ်ရှုပ်ယှက်ယှက် သွယ်တန်းရမည် ဖြစ်သည်ဟု ဆိုလေတော့အံ့။ သင့်တိုင်းပြည်၏အင်အားကို တိုင်းထွာရာ၌ ဘယ်လို ဝါယာကြိုးတွေ တပ်ထားသနည်း။ How wire is your country? ဆိုသော အချက်ကို ကြည့်ပြီး အကဲခတ်ရမည်ဟု ဆိုလာကြသည်။

www.burmeseclassic.com



ဝါယာကြိုးတွေ ချိတ်ဆက် တပ်ဆင်ထားတာတော့ ဟုတ်ပါပြီ။ သို့သော် ဘယ်သူ့ဆီ ပလပ်ထိုးထားပါသနည်း။ Where do you plug in? ဂလိုဘယ် လိုက်ဖေးရှင်းစနစ်၌ အီလက်ထရွန်းနစ်အုပ်နှင့် ပလပ်မထိုးဘဲနေလို့ မရပေ။ ဤအုပ်နှင့် ပလပ်မထိုး၊ မချိတ်ဘဲ ဖွံ့ဖြိုးတိုးတက်ရေးအကြောင်း၊ ခေတ်မီရေးအကြောင်း ပြောလျှင် လက်တွေ့ကျသည်ဟု မဆိုနိုင်ပေ။ ခေတ်ရေစီးကြောင်းနှင့် ကင်းပြီး တွေးတောဖို့ အလွန်ခက်သည်။

## ချိုတို ချိုရှည်

ထို့ကြောင့် အီလက်ထရွန်းနစ်အုပ်သည် ဘယ်သူတွေလဲဟု နားလည်ရန် လိုလာသည်။ အကြမ်းဖျဉ်းအကျဆုံး ပြောရလျှင် အီလက်ထရွန်းနစ်အုပ် ဆိုသည်မှာ နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူတို့ကို ဆိုလိုသည်။ သူတို့ကိုပင် နှစ်မျိုးနှစ်စား အကြမ်းထည် ခွဲခြားနိုင်ပြန်သည်။

**ပထမအမျိုးအစား**

စတော့ရှယ်ယာ၊ ဘွန်းဝယ်ရောင်းလုပ်သူများ၊ ငွေအရောင်းအဝယ် လုပ်သူများ(currency trader)၊ ဖန်တီးထားသော ဘဏ္ဍာရေး အစွယ်အပွား လက်မှတ်မျိုးစုံ(financial derivatives)တို့ကို ဝယ်ရောင်းလုပ်သူများ အကုန်ပါဝင်သည်။ ဤ ပထမအမျိုးအစားကို 'ချိုတိုနွား' (short-horn cattle)များလို့ ခေါ်ကြသည်။ အဘယ့်ကြောင့်ဆိုသော် ဤအုပ်သည် ဆူလွယ်နပ်လွယ် ရေတိုရည်ရွယ်ချက်ဖြင့် များများနှင့် မြန်မြန်ရင်းနှီး။ နုတ်လျှင်လည်း များများနှင့် မြန်မြန်နုတ်သောကြောင့် ဖြစ်သည်။

**ဒုတိယအမျိုးအစား**

နိုင်ငံအနှံ့၌ စက်ရုံ၊ အလုပ်ရုံတို့ကို လိုက်လံ တည်ဆောက်သော နိုင်ငံစုံကော်ပိုရေးရှင်းကြီး(multinational)တို့ကို ရည်ညွှန်းသည်။ နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူ FD သမားများလို့ ခေါ်၍ ရေရှည်အကျိုးကို ကြည့်ပြီး ရင်းနှီးမြှုပ်နှံကြသောကြောင့် 'ချိုရှည်နွား' (long-horn cattle)များလို့ ခေါ်ဝေါ်ကြသည်။

ယခင်ကဆိုလျှင် ချိုတို၊ ချိုရှည် နှစ်မျိုးစလုံး၌ ဘဏ်တို့က ဗဟိုကျသော အခန်းမှ ပါဝင်ခဲ့ကြသည်။ ငွေကြေးနှင့် ဘဏ္ဍာရေးလောက တစ်ခုလုံးကို ဘဏ်တို့ကသာ လက်ဝါးကြီး အုပ်ထားခဲ့သည်။ယခု ဘဏ်တို့၏ လက်ဝါးကြီးအုပ်မှု ပြိုသွားပြီ။ ဘဏ်တို့နှင့်စင်ပြိုင် ပင်စင်ရန်ပုံငွေ(pension funds)တွေ၊ အကျိုးတူ ငွေစုငွေချေး ရင်းနှီးမြှုပ်နှံမှု ရန်ပုံငွေ (mutual funds)တွေ၊ ဟက်ဒ်ချ်ဖန်း (hedge funds)ခေါ် စတော့ဘွန်း ဝယ်ရောင်းလုပ်ကုမ္ပဏီတွေ မျိုးစုံပေါ်လာသည်။ ဤရန်ပုံငွေအဖွဲ့တို့သည် ဘဏ်တို့နှင့် နင်လား၊ ငါလား ပြိုင်ခဲ့ကြသည့်အပြင်



BURMESE CLASSIC .com

www.burmeseclassic.com



ယခုဆိုလျှင် ဘဏ်တို့ထက်ပင် အင်အားကြီးနေပြီ။ အဘယ့်ကြောင့်ဆိုသော် အိမ်ထောင်စုပေါင်း သန်းချီ၍ ဤဖန်းတို့တွင် ငွေရင်းထည့် မြှုပ်နှံနေသောကြောင့် ဖြစ်သည်။ ရောမ ငွေလုံးငွေရင်းကြီးများ ဖြစ်နေသည်။

**သုံးပိုင်း**

အကျဉ်းရုံးပြောရလျှင် ဘဏ်များအပါအဝင် အထက်ပါရင်းနှီးမြှုပ်နှံသူ နှစ်မျိုး နှစ်စားကို ခေတ်မီ ဆက်သွယ်ရေးကွန်ရက် နှင့် ခေတ်မီ သတင်းအင်ဖော်မေးရှင်း ကွန်ရက်မျိုးစုံတို့ဖြင့် အလျင်မြန်ဆုံး၊ ငွေရင်းအများဆုံး တစ်ကမ္ဘာလုံးကို ပတ်ပြီး လှုပ်ရှားနေခြင်းကြောင့် အီလက်ထရွန်းနစ်အုပ်ဟု အမည်သစ်ပေးလာကြခြင်း ဖြစ်သည်။

ဤ အီလက်ထရွန်းနစ်အုပ်သည် ကွန်ပျူတာ မိုက္ကရိုချစ်ပြား အခြေခံဝန်းကျင် တွင် တွင်ကျယ် မင်းမူနေကြခြင်းကြောင့် တိုင်းပြည်တို့၏ စီးပွားရေးကို ကွန်ပျူတာ တစ်လုံး ဖွဲ့စည်းထားသကဲ့သို့ ကြည့်ရှုကြသည်။ သူတို့ကြည့်ရှုပုံကို အကြမ်းအား ဖြင့် ပြောရလျှင် တိုင်းပြည်စီးပွားရေးတွင် အစိတ်အပိုင်း သုံးရပ် ပါဝင်သည်။

**၁။ ပထမ အမာထည်(hardware)၊ သို့မဟုတ် အခွံ(shell)**

စစ်အေးခေတ်၌ တိုင်းပြည်တို့၏ စီးပွားရေးအမာထည် အခွံသည် ဆိုရှယ်လစ် စနစ်၊ သို့မဟုတ် အရင်းရှင်စနစ်၊ သို့မဟုတ် ဤနှစ်မျိုးကို ရောစပ်ထားသောစနစ် (mixed system) တစ်မျိုးမျိုး ဖြစ်ကြရမည်။

**၂။ ဒုတိယ လက်တွေ့ လည်ပတ်ပုံစနစ် (operation system)**

စီးပွားရေး အမာထည်အတွင်း၌ ဘယ်လိုစနစ်ဖြင့် လည်ပတ် ခုတ်မောင်း အလုပ် လုပ်ကိုင်နေသနည်း ဆိုသောအချက် ဖြစ်သည်။ စစ်အေးခေတ်၌ လက်တွေ့ လည်ပတ်မှုစနစ်သည် ဗဟိုစီမံကိန်းစနစ် ဖြစ်ချင်ဖြစ်၊ သို့တည်းမဟုတ် ဈေးကွက် စနစ် ဖြစ်ချင်ဖြစ်၊ သို့တည်းမဟုတ် စီမံကိန်းနှင့် ဈေးကွက်ရောထားသော ကပြား စနစ် ဖြစ်ချင်ဖြစ် တစ်ခုခုဖြစ်ခဲ့သည်။ တစ်နည်းပြောလျှင် မက္ကရိုစီးပွားရေး ပေါ် လစီတို့ကို အကဲခတ်ခြင်းဖြစ်သည်။

**၃။ တတိယ ဆော့ဖ်ဝဲ အပျော့ထည်အပိုင်း**

ဤအပိုင်း၌ တရားဥပဒေစနစ်၊ တရားဥပဒေစိုးမိုးရေးနှင့် ကွပ်ကဲ ထိန်းသိမ်း နည်း(regulatory system)တို့ အကျုံးဝင်သည်။

**ပြောနေကျ**

ထို့ကြောင့် အီး–ကော်မတ်စ်၏ အဓိပ္ပာယ်၊ အင်တာနက်၏ အဓိပ္ပာယ်၊ ဒေ့ါကွန်းတို့၏ အဓိပ္ပာယ်သည် ဖော်ပြပါ အီလက်ထရွန်းနစ်အုပ်ထဲ ပလပ်ထိုး

www.burmeseclassic.com



ချိတ်ဆက်မိမှသာလျှင် အဓိပ္ပာယ် ပြည့်ပြည့်စုံစုံ ရှိပါမည်။ ယနေ့ ကမ္ဘာလုံး ချိတ်ဆက်မှု ဂလိုဘယ်လိုက်ဇေးရှင်းစနစ်တွင် ကုမ္ပဏီတို့နှင့် ချိတ်ဆက်မှုသည်သာ အဓိကကျပေသည်။ အစိုးရနှင့် ဆက်သွယ် ချိတ်ဆက်မှုသည် ကူးသန်းရောင်းဝယ်ရေးကိစ္စတို့၌ ဘာမှ အရေးပါအရာရောက်ခြင်း မရှိတော့ပေ။

အီလက်ထရွန်းနစ်အုပ်နှင့် ပလပ်ထိုးသွင်းချိတ်ရေးသည် ပဓာနအကျဆုံးဖြစ်နေပြီဖြစ်ရာ၊ အီလက်ထရွန်းနစ်အုပ်ကလည်း မိမိထံ ပလပ်သွင်းလာသောနိုင်ငံတို့၏ စီးပွားရေးကို အထက်တွင်ဖော်ပြခဲ့သည့် ကွန်ပျူတာတစ်ခု တည်ဆောက်ထားပုံနှင့် ပမာနှိုင်းယှဉ်ကြည့်လာသည်ကို နှလုံးမူမိဖို့ ဖြစ်သည်။

ပြောနေကျ စကားတို့နှင့်ပြောရလျှင် အီလက်ထရွန်းနစ်အုပ်သည် တိုင်းပြည်တစ်ပြည်၏ စီးပွားရေးကို ကြည့်ရှုရာ၌ (၁) ဤတိုင်းပြည်သည် မည်သည့် စီးပွားရေးစနစ်ကို ကျင့်သုံးနေသနည်း။ ဈေးကွက် အရင်းရှင်စနစ်ကို ကျင့်သုံးနေသည်ဟုဆိုလျှင် လွတ်လပ်မှု အတိုင်းအတာ။ (၂) လည်ပတ်မှုစနစ် (operation system)သည် ဗဟိုစီမံကိန်းစနစ်လား။ ဈေးကွက်နိယာမတရားတို့ကို အခြေခံသလား၊ သို့တည်းမဟုတ် ဗဟိုစီမံကိန်းနှင့် ဈေးကွက်တရားကို ရောစပ်ထားသလား။ နိုင်ငံတော်အစိုးရကဏ္ဍကို ဘယ်လောက် မြှင့်ထားသလဲ။ ခြုံပြီး ပြောရသော် မက္ကရိုစီးပွားရေးပေါ်လစီ(macro economic policies)တို့ကို ဘယ်ပုံချမှတ်သနည်း။ (၃) တရားဥပဒေစနစ် ဘယ်လိုရှိသနည်း။ တရားဥပဒေ စိုးမိုးရေး အင်အားနှင့် ကွပ်ကဲသည့်စနစ်(regulatory system)တို့ အခြေအနေစသည့် နည်းလမ်းတို့ဖြင့် လေ့လာကြကြောင်းကို ကြိုတင်သိထားဖို့ပင် ဖြစ်သည်။

## ဗုန်းမဆက်

အီလက်ထရွန်းနစ်အုပ်သည် ဘယ်လောက်ထိအောင် အင်အား ကြီးလာသနည်းဆိုမူ အစိုးရတို့ အပေါ်၌ပင် အလွန့်အလွန် ဩဇာညောင်းလာသည်။ အစိုးရတို့ကိုလည်း တိုက်ခိုက်နိုင်သည်။ ဤကိစ္စနှင့်ပတ်သက်၍ အမေရိကန် ဘဏ္ဍာရေးဝန်ကြီး ရောဘတ်ရူဆင်က မလေးရှားဝန်ကြီးချုပ် မဟာသီယာအား ပြောပုံကို သတင်းစာဆရာတစ်ဦးက ကိုးကားထားသည်မှာ စိတ်ဝင်စားစရာကောင်းလှသည်။

'မဟာသီယာခင်ဗျား၊ ကျွန်တော်ဟာ အမေရိကန် ဘဏ္ဍာရေးဝန်ကြီး တစ်ယောက်အနေနဲ့ သိပ်တန်ခိုးရှိတယ်လို့ ထင်လိမ့်မယ်။ မီဒီယာက အရူးတွေကလည်း ဒီလိုပဲထင်အောင် ရေးကြတယ်။ မဟာသီယာခင်ဗျား၊ ကျွန်တော်လည်း ခင်ဗျားလိုပဲဗျ။ အဲဒီ အီလက်ထရွန်းနစ်အုပ်ရဲ့ တိုက်ခိုက်ခံရမှာကို အမြဲ ကြောက်လန့်နေရတယ်။ ဥပမာဗျာ၊ ကွန်ရက်က ကုန်သွယ်ရေးကိစ္စမှာ လွတ်လပ်စွာ



BURMESE CLASSIC .com

www.burmeseclassic.com



ဆုံးဖြတ်ခွင့်မပေးဘူး။ ဘတ်ဂျက်ကန့်သတ်ချက်ကို ဖောက်ထည့်ပစ်လိုက်ရင် အီလက်ထရွန်းနစ်က ကျွန်တော့်ကို တိုက်တော့မယ်။ တိုက်ခိုက်တဲ့ပုံက သိတဲ့ အတိုင်းပဲ။ ဒေါ်လာကို ကျဆင်းအောင် လုပ်ပစ်မယ်။ စတော့အိပ်စ်ချိန်း ဒေါ်ဂျုံးကို ကျဆင်းအောင်လုပ်ပစ်မယ်။ ကျွန်တော်လည်း တယ်လီဖုန်းကိုင်စရာ မလိုတော့ဘူး။ ဆက်မယ့်လူ မရှိတော့လို့ပါ'

အီးကော်မတ်စ်၊ အင်တာနက် စသည်တို့ဖြင့် အီလက်ထရွန်းနစ်အုပ်ထဲ ပလပ်သွင်း ချိတ်ဆက်နိုင်ရန် လိုအပ်သည်ကလည်း အမှန်ပင် ဖြစ်သည်။ တစ်ဆက်တည်း၌ပင် ရောဘတ်ရှူဆင် သတိပေးသလို ဤအုပ်၏အထာကိုလည်း သိစေအပ်သည်။ ■

*Ref: The Electronic Herd by Thomas L. Friedma*

**ဈေးကွက်ဂျာနယ်၊ အမှတ် ၂၁၆။**



BURMESE CLASSIC .com

www.burmeseclassic.com

# အာရှငွေကြေး ဒိုမီနိုဖြစ်ပြီလား

**ဆွဲချ၊ မချ**

ဒိုမီနိုဆိုသည်မှာ အံစာ ၂၈ လုံးကို ဆင့်ကစားသော ကစားနည်းတစ်မျိုး ဖြစ်သည်။ ဆင့်ထားသော အံစာတုံးတစ်ခုခုကို ဖြုတ်ယူလိုက်လျှင် အခြား အံစာတုံး အားလုံး ပြိုကျကုန်တော့သည်။ ယခု ဂျပန်ယန်းငွေ ဒေါ်လာနှင့်အတူ လဲလှယ်ရာတွင် တန်ဖိုးထိုးကျနေ သည့်အတွက် (ဝါ) ဒေါ်လာတန်ဖိုး တက်နေသည့်အတွက် အာရှနိုင်ငံတို့မှ ငွေကြေးတန်ဖိုးတို့သည်လည်း လိုက်လံ ထိုးကျလာလေရာ ဤအဖြစ်ကို အာရှ၌ ဒိုမီနိုအကျိုးပေါ်လာပြီဟု တင်စား ပြောဆိုလာကြသည်။

၁၉၉၇ ခုနှစ်တွင် အာရှ၌ ဘဏ္ဍာရေးအကျပ်အတည်း ပေါ်ပေါက်ခဲ့သည်။ သိပ်မကြာမီ ယခုနှစ်၌ အာရှငွေကြေး အကျပ်အတည်းတစ်ခု နောက်ထပ် ပေါ်ပေါက်လာပြီလားဟု တွက်ချက်ကြသည်။ ထိုစဉ်က ယိုးဒယားဘတ်ငွေက စသည်။ ယိုးဒယားဘတ်ငွေ ဒေါ်လာနှင့် လဲလှယ်ရာတွင် ထိုးကျသွားခဲ့ရာမှ ဒေသအတွင်း အခြားငွေကြေးတို့လည်း အပြိုင်အဆိုင် လိုက်လံတန်ဖိုးချခဲ့ရသည်။

ယခု ဂျပန်က စသည်။ ဂျပန်ယန်းငွေသည် အမေရိကန် တစ်ဒေါ်လာနှင့် လဲလှယ်ရာတွင် ၁.၅ ရာခိုင်နှုန်း တန်ဖိုးထိုးကျသွားသည်။ တစ်ဒေါ်လာ ၁၂၆.၁၅ ယန်းမှ တစ်ဒေါ်လာ ၁၃၀ ယန်းအထိ ကျဆင်းသွားသည်။ ရှေ့ဆက်ပြီးလည်း ကျဆင်းမည့် အလားအလာ ရှိနေသည်။ ထို့ကြောင့် ဂျပန်ယန်းငွေနှင့်ဒေါ်လာ



BURMESE CLASSIC .com

www.burmeseclassic.com



လဲလှယ်ရာတွင် တန်ဖိုးကျဆင်းသွားမှုသည် အာရှဒေသတွင်းရှိ ငွေကြေးတန်ဖိုးတို့ကိုလည်း ဆွဲခေါ်ချသွားမလားဟု စိုးရိမ်လာကြသည်။ တကယ်လည်း ဆွဲခေါ်ချနေသည်။

## ဒေါ်လာနှင့် အချိတ်အဆက်

ပထမဆုံး ဒေါ်လာ၏ အကျိုးသက်ရောက်မှုကား အာရှဒေသ နိုင်ငံအချင်းချင်းသည် ခါတိုင်းထက်မတူဘဲ အပြင်းအထန် ပြိုင်ဆိုင်လာကြရသည်။ အထူးသဖြင့် အမေရိကန် ဈေးကွက်ထဲ ထိုးဖောက်ရာ၌ အသည်းအသန် ပြိုင်ဆိုင်လာကြရသည်။ ယန်းငွေ တန်ဖိုးထိုးကျသောအခါ၌ ဂျပန်ကုန်ပစ္စည်းများ အမေရိကန်ဈေးကွက်တွင် ဈေးကျသွားသည်။ ထို့ကြောင့် ဂျပန်ကုန်ပစ္စည်းများ ဈေးချသလို၊ ကိုရီးယား၊ စင်ကာပူ၊ ဟောင်ကောင်၊ ထိုင်ဝမ်၊ မလေးရှားနှင့် ယိုးဒယားတို့ကလည်း သူတို့၏ အမေရိကန်သို့ တင်ပို့ရောင်းချသော ပစ္စည်းဈေးနှုန်းတို့ကို အပြိုင်အဆိုင် လိုက်လျှော့နေရသည်။

အာရှငွေကြေး အချို့သည် ဒေါ်လာနှင့် ချိတ်ဆက်ထားကြသည်။ မလေးရှားဆိုလျှင် သူ၏ ရင်းဂစ်ကို ၃၈ ရင်းဂစ်သည် အမေရိကန် တစ်ဒေါ်လာနှင့် ညီမျှသည်ဟု ချိတ်ဆက်ထားသည်။ မလေးရှားဝန်ကြီးချုပ် မဟာသီယာက ရင်းဂစ်နှင့် ဒေါ်လာ ချိတ်ဆက်မှုကို ယခု ပြောင်းလဲရန် မလိုသေး။ သည်အတိုင်း ထိန်းထားနိုင်သေးသည်။ အဘယ့်ကြောင့်ဆိုသော် ယခုနှုန်းနှင့်ပင် မလေးရှားသည် အခြားအာရှနိုင်ငံတို့နှင့် ယှဉ်ပြိုင်နိုင်သေးသောကြောင့် ဖြစ်သည်ဟု ဆိုသည်။ အကယ်၍ အာရှငွေကြေး ၂၀ ရာခိုင်နှုန်းအထိ တန်ဖိုး ထိုးကျမည်ဆိုလျှင်မူ ယခု ရင်းဂစ်အားဒေါ်လာနှင့် ချိတ်ဆက်ထားမှုကို ပြောင်းလဲကောင်း ပြောင်းလဲရလိမ့်မည်ဟု မဟာသီယာက ပြောပြသည်။

အာရှနိုင်ငံအသီးသီးတို့၏ ငွေကြေးပမာဏနှင့် အားပျော့သော ငွေကြေးတို့ကို အကဲခတ်ကြည့်ခြင်းအားဖြင့် အာရှငွေကြေးတို့သည် ဒေါ်လာနှင့် လဲလှယ်ရာတွင် ကျယ်ကျယ်ပြန့်ပြန့် အားနည်းနေကြောင်းကို ထင်ထင်ရှားရှား ပြသနေသည်ဟု ဘတ်ကလေကက်ပီတယ်စာစောင်က အကဲဖြတ်ထားသည်။

## ကြွေးမြီတို့

အာရှနိုင်ငံအသီးသီးမှ ငွေကြေးတို့ တန်ဖိုးကျဆင်းခြင်းကြောင့် ဒေါ်လာဖြင့် ပေးချေရမည့် မိမိတို့၏ ပြည်တွင်းပြည်ပ ကြွေးမြီတို့သည်လည်း မြင့်တက်သွားမည်။ ယခု ဂျပန်အစိုးရက သုညအတိုးနှုန်း ပေါ်လစီကို ချမှတ်ထားသည်။ ယင်းအချက်ကို စီးပွားရေး ကျဆင်းမှုအခြေအနေနှင့် စပ်ဟပ်စဉ်းစားကြည့်လျှင်

www.burmeseclassic.com



ဂျပန်ယန်းငွေသည် အမေရိကန်ဒေါ်လာနှင့် လဲလှယ်ရာတွင် ဆက်လက်ပြီး ကျဆင်းသွားဖွယ် ရှိနေသည်။ ယန်းကျဆင်းမှုသည် အခြား အာရှနိုင်ငံများ၏ ငွေကြေးတို့ကိုလည်း ဆွဲခေါ်ချသွားလိမ့်မည်။ ယန်းသည် တစ်ဒေါ်လာ ယန်း ၁၄၀ အထိ ကျဆင်းသွားဖွယ်ရာ ရှိနေသည်။

စင်ကာပူအခြေစိုက် မာရီလင့်ချ်ကုမ္ပဏီကြီးက သုတေသနအရာရှိ ဘီးလ်ဘဲလ်ချီးယားက ၁၉၉၇–၉၈ အကျပ်အတည်း၌လည်း ဂျပန်ယန်း တန်ဖိုးထိုးကျမှုကြောင့် နဂိုက ကျဆင်းနေသော အာရှငွေကြေး တန်ဖိုးတို့သည် ထပ်မံကျဆင်းသွားခဲ့ရဖူးသည်ကို ပြန်ပြောင်း ထောက်ပြသည်။

ယန်းငွေ ဆက်လက် ကျဆင်းဦးမည်။ အကယ်၍ ယန်းသည် တစ်ဒေါ်လာနှင့် လဲလှယ်ရာတွင် ယန်း ၁၄၀ ထိ ကျဆင်းသွားသည်ရှိသော် ဘယ်လို အကျိုးသက်ရောက်မှုတွေ ဖြစ်ပေါ်လာပါမည်နည်း။ အရေးတကြီး မေးနေသောမေးခွန်း ဖြစ်သည်။

မလေးရှား၊ တရုတ်နှင့် ဟောင်ကောင်တို့မှလွဲ၍ အရှေ့အာရှ နိုင်ငံတို့သည် မိမိတို့၏ ငွေလဲလှယ်မှုနှုန်းကို ပိုပြီး လွတ်လွတ်လပ်လပ် အရှင်မျှောထားကြသည်။ Free float ဟု မည်သည်။ မကြာသေးမီက ထုတ်ပြန်လိုက်သော ကမ္ဘာ့ဘဏ်အစီရင်ခံစာတွင် လဲလှယ်ရေးနှုန်းကို အရှင်မျှောခြင်းသည် အာရှစီးပွားရေး အကျပ်အတည်း ပြန်လည်ဖြစ်ပေါ်နိုင်သော အလားအလာကို လျော့ပါးသွားစေနိုင်သည်ဟု အကြံပေးထားသည်။

**ငွေတန်ဖိုးချတမ်း ကစား**

မစ္စတာဘဲလ်ချီးယားကမူ ဤသို့ ခန့်မှန်းထားသည်။ 'ယန်းငွေသာ တစ်ဒေါ်လာ ယန်း ၁၄၀ အထိ ကျဆင်းသွားပါမူ ဒေါ်လာနှင့် ချိတ်ဆက်ထားသော တရုတ်၊ ဟောင်ကောင်နှင့် မလေးရှားတို့သည် ယန်းငွေကျဆင်းမှုနှင့် လိုက်ဖက်ညီထွေဖြစ်အောင် ဆောင်ရွက်ဖို့ ပိုပြီး ဖိအားပေးခံရတော့မည်။ ဤဖိအားသည် ထွန်းသစ်စဈေးကွက်များဆီသို့ ယိုးစီးသွားမည်ဖြစ်လေရာ အပြိုင်အဆိုင် ငွေတန်ဖိုးချတမ်း ကစားလာကြပါလိမ့်မည်'ဟူသတည်း။

ယန်းငွေ တန်ဖိုးကျဆင်းမှု(ဝါ) ဒေါ်လာ တန်ဖိုးတက်မှုသည် အရှေ့အာရှစီးပွားရေး၌ ထောင်ထားသောဒိုမီနိုထဲမှ အရေးကြီးသော အလယ်အလတ်တစ်ချပ်ကို နုတ်ယူဘိအလား ဖြစ်နေကြသည်။ ■

*Ref: IHT*

**ဈေးကွက်ဂျာနယ်၊ အမှတ် ၂၁၈။**



BURMESE CLASSIC .com

www.burmeseclassic.com

# စက္ကူပေးနှင့် စက္ကူနိဂုံး

**စီးပွားရေးမက်ဆေ့ချ်**

စက္ကူနှင့်ပတ်သက်ပြီး တိမ်းညွှတ်မှု(trends)နှစ်ခုက တစ်ပြိုင်နက်တည်း ဖြစ်ပေါ် နေသည်။ ပထမတိမ်းညွှတ်မှုကို စာရွက်စာတမ်းမဲ့ ဆင်းရဲသားများ (un-paperized poor)ကို ခေါ်ဆို၍ ဒုတိယတိမ်းညွှတ်မှုကို စက္ကူနိဂုံး(the end of paper)ဟု ခေါ်သည်။

ဤတိမ်းညွှတ်မှု နှစ်ပါးအကြောင်းကို ထောက်ပြသူမှာ ပီရူးနိုင်ငံသား ဘောဂဗေဒ ပညာရှင် ဟာနန်ဒါဒီဆိုတို ဖြစ်သည်။ သူက ပထမ တိမ်းညွှတ်မှုအတွက် ပန်းသီးနှင့်နှိုင်းသည်။ 'ပန်းသီးသည် ပန်းသီးမျှသာ ဖြစ်သည်'ဟု ဆိုလျှင် သိပ်အဓိပ္ပာယ်မရှိ။ ပန်းသီးကို ဘယ်သူပိုင်သလဲဆိုသော အချက်ပေါ်မှာသာ ပန်းသီးသည် စီးပွားရေးအဓိပ္ပာယ်(economic message) ထည်ထည်ဝါဝါနှင့် ဖြစ်လာမည်ဟု ဆိုသည်။ အလုံးလာမပြနဲ့၊ ပိုင်ဆိုင်မှုကိုပဲပြော။

ပန်းသီးကို ပိုင်ဆိုင်ကြောင်းပြရန်အလို့ငှာ စာရွက်စာတမ်း အထောက်အထား (instruments)တို့ ရှိရမည်။ အနောက်ဥရောပ၊ အမေရိကန်၊ ကနေဒါ၊ ဂျပန်၊ ထိုင်ဝမ်၊ တောင်ကိုရီးယား စသည့် ဖွံ့ဖြိုးပြီးနိုင်ငံတို့တွင် အရာရာ ပိုင်ဆိုင်မှု စာရွက်စာတမ်း အထောက်အထားတွေ ရှိကြသည်။ Everything is titled.ဟု ဆိုသည်။ အရာရာ၌ မှတ်တမ်းရှိသည်။ သင်၏စက်ဘီး၊ မော်တော်ဆိုင်ကယ်၊ မော်တော်ကား၊ သင်၏တိုက်တာအိမ်မြေ၊ သင်၏ခွေး၊ သင်၏ကြောင်တို့ပင်လျှင်

www.burmeseclassic.com



သင်ပိုင်ဆိုင်ကြောင်း စာရွက်စာတမ်းတွေ ရှိကြသည်။

ဖွံ့ဖြိုးပြီးနိုင်ငံတို့တွင်ကား အခြေအနေက တစ်မျိုးဖြစ်သည်။ ဆင်းရဲသားတို့ ပန်းသီးပိုင်ဆိုင်ကြောင်း ပြဆိုသည့် စာရွက်စာတမ်း(documents)တို့ မရှိကြပေ။ ရှိသည်ဆိုလည်း တရားမဝင်သည့် ပုံစံတို့နှင့် ရှိနေကြသည်။ သို့မဟုတ် စည်းလွတ်(informal) ဖြစ်နေသည်။ ဥပမာပြရလျှင် ဆင်းရဲသားတို့ နေထိုင်သော မြေနှင့်အိမ်တို့တွင် စာချုပ်စာတမ်းများ မရှိကြ။ ရှိလျှင်လည်း အရပ်ချုပ်၊ လူကြီးရှေ့ချုပ်၊ ငါးကျပ်တန်ခေါင်းနှင့်ချုပ်၊ မှတ်ပုံမတင်ဘဲချုပ် စသည်ဖြင့် စည်းလွတ်နည်းတို့ဖြင့် ရှိနေကြသည်။

ဤသဘောကိုရည်ညွှန်း၍ ဆင်းရဲသားတို့အား ဒီဆိုတိုက စာရွက်စာတမ်းမဲ့ ဆင်းရဲသားများ(unpaperized poor)ဟု ခေါ်ဆိုသည်။ တရားဝင် စာချုပ်စာတမ်းမရှိဘဲ နေထိုင်ကြရခြင်း ဖြစ်သည်။

## စီးပွားရေးကြွက်သား

ဒီဆိုတိုက ဤသို့ဖော်ပြလိုက်ပြီးသည့်နောက် သူဆိုလိုသော လိုရင်းကို ခပ်ရှင်းရှင်းပင် ရှင်းပြလိုက်သည်။ စာချုပ်စာတမ်းနှင့် ပိုင်ဆိုင်မှုသည်(asset)ဖြစ်သည်။ ဤအက်ဆက်သည် လွှဲပြောင်းလို့ရသည်။ ထုတ်လုပ်မှုသတ္တိ ရှိသည်။ ငှားလို့ရသည်။ အရှုပ်အရှင်းကင်းလျှင် ပေါင်နှံလို့ရသည်။

ဒီဆိုတိုက ပေါင်နှံလို့ရသည် ဆိုသောအချက်ကို အဓိက အလေးအနက်ထားပြောသည်။ ဤအချက်သည် အလွန်အရေးကြီးပါသည်။ ပေါင်နှံလို့ရသည့်အတွက် အက်ဆက်သည် အရင်းအနှီး(capital)ဖြစ်သွားနိုင်သည်။ Mortgageable capital assets ဟုခေါ်သည်။ ပေါင်နှံပြီး အရင်းအနှီးထူထောင်ကာ အခွင့်အလမ်းအမျိုးမျိုးကို အသုံးပြုနိုင်သည့်အတွက်လည်း Leverage-able asset ဟု ခေါ်သည်။ သို့ဖြင့် စာရွက်စာတမ်း အခိုင်အလုံနှင့်ရှိသော အက်ဆက်တို့သည် အာမခံပစ္စည်းအဖြစ် ပေါင်ထားနိုင်သည့်အတွက် စီးပွားရေးကြွက်သား(economic muscle) တို့ ဖြစ်ချေပြီ။

မဖွံ့ဖြိုးသေးသော နိုင်ငံအချို့နှင့် ကွန်မြူနစ်နိုင်ငံဟောင်းတို့တွင် နေထိုင်မှုအတွက် အစိုးရတိုက်ခန်းတို့တွင် နေရာချထားပေး၍ နေထိုင်စေခဲ့ကြသည်။ သူတို့သည် နေထိုင်ခွင့်သာရှိ၍ ပိုင်ဆိုင်ခွင့် မရှိကြပေ။ Unpaperized poor with no legal holdings ဟု ဆိုသည်။ ထို့ကြောင့် သူတို့သည် အိမ်ပိုင်ဆိုင်မှုကို အပေါင်ထား၍ အရင်းအနှီးရှာဖွေခွင့် မရှိသောကြောင့် စီးပွားရေးထဲတွင် ပါဝင်ခွင့်မရကြ။ ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးထဲ ပါဝင်လှုပ်ရှားဖို့ကတော့ ဝေလာဝေးဖြစ်ခဲ့သည်။



BURMESE CLASSIC .com

www.burmeseclassic.com



ပစ္စည်းခန်းတွင် စာရွက်စာတမ်းနှင့် အခိုင်အလုံမရှိဘဲ (not unpaperized in property system) ဈေးကွက်စီးပွားရေးထဲ ဝင်မတိုးနိုင်ပေ။ ထို့ကြောင့် ဒီဆိုတို၏စီမံကိန်းက ကမ္ဘာ့လူဦးရေ၏ သုံးပုံနှစ်ပုံရှိသော ဆင်းရဲသားတို့၏ အိုးအိမ်ပိုင်ဆိုင်မှုတို့ကို စာချုပ်စာတမ်းတို့ဖြင့် အခိုင်အမာပြုလုပ်ပေးရန် ဖြစ်လာသည်။ Paperized the poor ဟု ဆိုသည်။

ဤနည်းသည် ဆင်းရဲမွဲတေမှုကိုလည်း လျှော့ချနိုင်သည်။ အပေါင်ဈေးကွက် (home mortgage market)ထဲ ဝင်ရောက်လှုပ်ရှားနိုင်မှ ဆင်းရဲသားတို့သည် စွန့်ဦးတီထွင်သူ(entrepreneur) ဟု ဆိုသည်။

## အသေမှအရှင်သို့

မဖွံ့ဖြိုးသေးသော နိုင်ငံတို့တွင် အပေါင်ပစ္စည်းရှားခြင်း(lack of collec-terals) သည် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတို့၌ အဓိကသော့ချက် ပြဿနာ ဖြစ်သည်။ အတိုးနှုန်းသည် အဓိကပြဿနာ မဟုတ်ပေ။ ထို့ကြောင့် ဒီဆိုတို၏ အဆိုအရ ဖွံ့ဖြိုးဆဲနိုင်ငံတို့၏ ဖွံ့ဖြိုးရေးတွင် ဆင်းရဲသားတို့၏ အက်ဆက်တို့ကို အပေါင်ပစ္စည်းအဖြစ် ထားရန်နှင့် အာမခံအပေါင်ပစ္စည်း အမျိုးအစားနှင့် အရေအတွက် တိုးတက် များပြားလာစေရန် ဖန်တီးပေးရေးသည် အလွန်အရေးကြီးလှသည်။

ဒီဆိုတိုက နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုတို့အတွက် အခွင့်သာသောဝန်းကျင်ကို ဖန်တီးပေးရန်သည် အရေးကြီးသကဲ့သို့ပင် ဆင်းရဲသားတို့၏ မရေရာသော အက်ဆက်တို့ကို တရားဥပဒေအရ ရေရာနိုင်လုံအောင် ပြုလုပ်ပေးရသည်ကလည်း အလားတူ အရေးကြီးသည်ဟု ထောက်ပြသည်။ ဒီဆိုတိုက ဥရောပနှင့် အမေရိကန် စီးပွားရေးသမိုင်းတို့ကို ခြေရာခံကြည့်သည်။ ထိုဒေသတို့၌ ပထမကနဦး ဖွံ့ဖြိုးတိုးတက်စေခဲ့ရသည့် အကြောင်းတို့ထဲတွင် ဆင်းရဲသားတို့၏ အက်ဆက်တို့ တရားဝင် ပိုင်ဆိုင်မှုပေါက်လာခြင်း(their assets came under title)သည်လည်း အရေးပါသော အခန်းကဏ္ဍက ပါဝင်ခဲ့သည်ဟု ထောက်ပြသည်။

ဆင်းရဲသားတို့လက်ထဲရှိ ရင်းမြစ်အင်အား(resources)တို့ကို စာရွက်စာတမ်းတို့ဖြင့် ခိုင်မာစေခြင်းဖြင့် သူတို့၏ အက်ဆက်တို့သည် အက်ဆက်သေဘဝမှ အသက်ဝင် လှုပ်ရှားလာသောအက်ဆက်(live asset)အဖြစ်သို့ ကူးပြောင်းစေရမည်ဟု ဆိုသည်။ တစ်နည်းပြောရလျှင် အသက်ဝင် လှုပ်ရှားနေသော အရင်း(live capital) ဖြစ်ရလေသည်။

ဒီဆိုတိုက ဆင်းရဲသားတို့ကို စာရွက်စာတမ်းတို့ဖြင့် ခိုင်လုံအောင်လုပ်ပေးရေး(paperized the poor)အယူအဆကို တင်ပြသည်နှင့်အတူ မြူရိုကရေစီယန္တရား၌ အဆင့်ဆင့်များခြင်းကို လျှော့ချပြီး စက္ကူပုံစံတွေ ဖြည့်ရခြင်းကိုပါ



BURMESE CLASSIC .com

www.burmeseclassic.com



လျှော့ချရန်လည်း တစ်ပြိုင်နက်တည်း တိုက်တွန်းသည်။ အီဂျစ်တွင် အိမ်တစ်လုံး ဆောက်ရန်၊ သို့မဟုတ် ပိုင်ဆိုင်မှုအထောက်အထား ရရှိရန် ပြူရိုကရေစီအဆင့် ဆင့် ၇၇ ဆင့်ကို ကျော်ရသည်။ ၃၁ ဌာနကို အဝင်အထွက်ပြုရသည်။ ပီရူးတွင် ပိုင်ဆိုင်မှုစာရွက်စာတမ်း ရဖို့အရေး၊ အိမ်တစ်လုံး ဆောက်ဖို့အရေး ၂၄ နှစ်ပင် ကြာသည်။ အဆင့်ဆင့် ၇၂၈ ဆင့်ကို ကျော်ရသည်။ အက်ဆက်ကို စာရွက်စာတမ်းဖြင့် ခိုင်လုံရေးသည် စက္ကူအများကြီး သုံးစွဲရေးမဟုတ်ပေ။

## နေထိုင်ခိုလှုံရန် မလုံလောက်

လူ၏လိုအပ်ချက် ဆင့်ကဲရှိမှု(hierarchy of needs) အကြောင်းကလည်း ယခုပြဿနာနှင့် ဆီလျော်စွာ သက်ဆိုင်နေသည်။ လူ၏လိုအပ်ချက်၊ စားဝတ်နေရေး၊ သွားလာရေးတို့တွင် နေထိုင်ခိုလှုံရေး(shelter)သည် အလွန် အဆင့်မြင့်မြင့် ရှိပါသည်။ သမိုင်းကိုပြန်ကြည့်လျှင် ချမ်းသာသူတို့သည် နေထိုင်ခိုလှုံမှုကို ကိုယ်ပိုင် ပိုင်ဆိုင်ကြ၍ အစိုးရတို့က ဆင်းရဲသားတို့အား အိုးအိမ်နေထိုင်ခွင့် ပြုခဲ့ကြသည်။

ယနေ့အစိုးရနှင့် ဖွံ့ဖြိုးမှုအဖွဲ့အစည်းတို့က သဘောပေါက်လာကြသည့် အချက်တစ်ချက်မှာ နေရေး(shelter)ဖြင့်သာ မလုံလောက်ဟု သိရှိလာကြခြင်း ဖြစ်သည်။ ဤ shelter ဖြစ်သော အိမ်နှင့်မြေယာတို့ကို ပိုင်ဆိုင်ရေး၊ အမွေဆက်ခံခွင့်ရှိသော အက်ဆက်အဖြစ် ရှိလာရေးတို့သည်လည်း ပိုပြီးလိုအပ်လာကြောင်း သိရှိလာကြသည်။ shelter သည် အမွေဆက်ခံနိုင်သော အက်ဆက်၊ ငွေကြေးဝန စုဆောင်းနိုင်သောအက်ဆက်၊ ဘဏ္ဍာရေးအက်ဆက် ဖြစ်ရမည့်အပြင် ဆင်းရဲမွဲတေမှုလျှော့ချရေးကိုလည်း အထောက်အကူ ပြုစေရမည်ဟု သဘောပေါက်လာကြသည်။ သဘောကား အိမ်မြေပိုင်ဆိုင်ရန် အရည်အချင်းသည် လောကအလုံးစုံလက္ခဏာ ဆောင်လာခြင်း ဖြစ်သည်။ Universal abilityဟုဆိုသည်။

လိုရင်းပြောရလျှင် အိမ်ရာတို့ကို ပေါင်နိုင်နှံနိုင်ရန် စီမံပေးရမည်ဟု ဆိုခြင်း ဖြစ်သည်။ ထို့ကြောင့် အိမ်ပေါင်၊ မြေပေါင်ခံလုပ်ငန်းနှင့် အဖွဲ့အစည်းများ ထူထောင်ရန် စီစဉ်လာကြသည်။ Mortgage lender တို့ကို မွေးထုတ်လာကြသည်။ စက်ရုံထောင်ဖို့ ငွေကြေး ထောက်ပံ့ခြင်းတို့အပြင် အိမ်ရာမြေပိုင်ဆိုင်ရန် အတွက် ငွေကြေးထောက်ပံ့ခြင်းတို့ကိုလည်း ပြုလုပ်လာကြသည်။ သို့အတွက် အဖွဲ့အစည်းအမျိုးမျိုးကို တီထွင်ဖွဲ့စည်းလာကြသည်။

အိမ်ရာလုပ်ငန်း၌ ငွေကြေးထောက်ပံ့ခြင်း အောင်မြင်ရန်အလို့ငှာ ဆင်းရဲသားတို့၏ရင်းမြစ်တို့အား စာရွက်စာတမ်းတို့ဖြင့် ခိုင်လုံစေခြင်း(paperize the poor) အစီအစဉ် ခေတ်စားလာသည်နှင့် တစ်ပြိုင်နက်တည်း၌ စက္ကူ၏နိဂုံးတရားက



BURMESE CLASSIC .com

www.burmeseclassic.com



ပြိုင်တူပေါ်လာသည်ကလည်း စိတ်ဝင်စားစရာ ကောင်းလှသည်။

## ဘစ်နှင့် ဘိုက်

ကမ္ဘာ့လူဦးရေ၏ သုံးပုံနှစ်ပုံနှင့် စာရွက်စာတမ်းတို့ဖြင့် ထောက်ခံထားသော အက်ဆက်များ မရှိသည့်အချိန်၌ စက္ကူတို့ကို အများကြီးအသုံးပြု၍ အလုပ်လုပ်နေရခြင်းကို စိတ်ပျက်လာကြသည်။ ဝန်ဆောင်မှုစီးပွားရေးထဲ ဝင်လာသည်နှင့်အမျှ စာရွက်စာတမ်းနှင့် ဖိုင်တွဲတို့ကို ရှာဖွေရသည်မှာ ရှုံးမတတ် ခေါင်းရှုပ်စရာ ဖြစ်လာသည်။

ထို့ကြောင့် ယခု အီလက်ထရွန်းနစ်ဘစ်နှင့် ဘိုက်တို့ဖြင့် မှတ်တမ်းတင်လာကြသည်။ စက္ကူမလိုတော့ပေ။ ကွန်ပျူတာကုမ္ပဏီတစ်ခုက ဘဝရေစီးကြောင်းအမည်ရှိ ဆော့ဖ်ဝဲတစ်ခုကို မကြာသေးမီက တီထွင်လိုက်သည်။ ဤဆော့ဖ်ဝဲက ရုံးတစ်ရုံး၏ စက္ကူစီးဆင်းမှု အားလုံးကို မှတ်ဉာဏ်ချစ်ပြားထဲ ထည့်သွင်းပေးလိုက်သည်။ စက္ကူကိုဖယ်ရှား၍ ဘစ်နှင့်ဘိုက်တို့က နေရာဝင်ယူသည်။

ဤချစ်ပြားကို ကွန်ပျူတာ၌ဖြစ်စေ၊ မိတ္တူကူးစက်၌ဖြစ်စေ တပ်ဆင်ပြီး အလုပ်စေခိုင်းနိုင်သည်။ ဤဆော့ဖ်ဝဲက ကွန်ပျူတာမှတ်ဉာဏ်ထဲထည့်ရာ၌ အမျိုးအစားအလိုက်မထည့်။ ပြက္ခဒိန်ရက်စွဲအလိုက် ထည့်ပေးသည်။ သို့ဖြင့် ဖိုင်တွဲရသော ဒုက္ခ၊ သိမ်းဆည်းရသော ခေါင်းခဲမှုနှင့် ရှာဖွေရသောဝဋ်တို့မှ အားလုံး ကင်းလွတ်သွားပြီဟု ဆိုသည်။ စက္ကူ နိဒ္ဒိတံပြီ။

တစ်ဖက်၌ ဆင်းရဲသားတို့၏ ရင်းမြစ်အက်ဆက်တို့ကို စာရွက်စာတမ်းတို့ဖြင့် ခိုင်လုံအောင် ကျယ်ကျယ်ပြန့်ပြန့် ဆောင်ထားပေးရန် အဆိုပြု တင်ပြလာသည်ကို ထောက်ရှု၍ စက္ကူနှင့်ပတ်သက်သော စင်ပြိုင်တိမ်းညွတ်ချက် နှစ်ပါးကို သတိထားနိုင်ပြီ။ စက္ကူစွတ်ကြောင်းကား ထူးဆန်းသည်။ ■

*Follow the Paper Trail by Hernando de Soto*

**ဈေးကွက်ဂျာနယ်၊ အမှတ် ၂၁၉။**

www.burmeseclassic.com

# ပထဝီစီးပွားရေး ပိုလို့အရေးကြီးလာ

**လိမ္မော်၊ စိန်-အထည်**

ဖြစ်ထွန်းနေသော ဂလိုဘယ်လိုက်ဇေးရှင်းတွင် ပထဝီနိုင်ငံရေး (Geopolitics) ထက် ပထဝီစီးပွားရေး(Geoeconomics)က ပို၍ အဓိပ္ပာယ်ရှိရှိ စကားပြောလိမ့်မည်ဟု နိုင်ငံတကာရေးရာ ကျွမ်းကျင်သူတို့က အကဲခတ်ကြသည်။ ဤအချက်ကို သက်သေထူသည့်အနေဖြင့် အရှေ့အလယ်ပိုင်းဒေသမှ အစ္စရေး၏ စီးပွားရေးနှင့် ပါလက်စတိုင်းအပါအဝင် အာရပ်နိုင်ငံတို့၏ စီးပွားရေးတို့ကို နှိုင်းယှဉ်ကြည့်ကြသည်။

အစ္စရေးစီးပွားရေးသည် မူလပထမ၌ လိမ္မော်သီး၊ စိန်နှင့် အထည်အလိပ် တင်ပို့မှုတို့ကို အဓိကထားခဲ့သည်။ ODT စီးပွားရေး Orange, Diamond and Textile စီးပွားရေးဟု အစ္စရေးစီးပွားရေးကို သမုတ်ခဲ့ကြသည်။ တစ်ဖက်၌ အာရပ်နိုင်ငံတို့၏ စီးပွားရေးသည် ရေနံတင်ပို့သောစီးပွားရေး ဖြစ်ခဲ့သည်။ မော်ရိုကို လိုနိုင်ငံ၌ အစ္စရေးနှင့်အပြိုင် လိမ္မော်သီးစိုက်သည်။ တင်ပို့ခဲ့သည်။

၁၉၉၇ ခုနှစ်၌ အစ္စရေး–ပါလက်စတိုင်း အရေးအခင်းသည် အဆိုးဝါးဆုံး ဖြစ်ခဲ့သည်။ အကြမ်းဖက်မှုတို့နှင့် ပြည့်နှက်နေသည်။ ငြိမ်းချမ်းရေးလမ်းစဉ်သည် အနိမ့်ဆုံးအဆင့်အထိ ထိုးကျနေစဉ်အတွင်း၌ အစ္စရေးစီးပွားရေးက ထောင်တက်လာပြီး အာရပ်စီးပွားရေးတို့က ထိုးကျသွားခဲ့သည်။

www.burmeseclassic.com



ဤသို့ ဘာကြောင့်ဖြစ်ရသနည်းဟု အရှေ့အလယ်ပိုင်းအရေး ကျွမ်းကျင်သူတို့က သုံးသပ် စစ်ဆေးကြည့်သောအခါ ဘာသွားတွေ့သနည်းဆိုမူ အစ္စရေး စီးပွားရေးသည် ထိုအချိန်တွင် ODT စီးပွားရေးကို စွန့်ခွာလိုက်ပြီးသား ဖြစ်ကြောင်းကို သွားတွေ့ရသည်။ အဆင့်မြင့်နည်းပညာ တက္ကနိုလိုဂျီစီးပွားရေး (high-tech economy)သို့ ရွှေ့ပြောင်းပြီးသား ဖြစ်နေသည်ကို သွားတွေ့ကြရသည်။

ဤသို့ လျင်မြန်စွာ ရွှေ့ပြောင်းလိုက်နိုင်မှုကြောင့် အစ္စရေး–ပါလက်စတိုင်း ပဋိပက္ခ ပြင်းထန်နေသည့်ကြားမှ အစ္စရေးစီးပွားရေး ထောင်တက်လာပြီး သမားရိုးကျ စီးပွားရေးဖြင့် စခန်းသွားနေကြသော အာရပ်စီးပွားရေးတို့ ထိုးကျခဲ့ရခြင်းဖြစ်သည်။

ထို့ကြောင့် အကဲခတ်သမားတို့က အစ္စရေးနှင့်အာရပ်တို့ကြား စစ်ရေးမဟုတ်သော အင်အားကွာဟမှု(non-military power gap)သည် ပို၍ပို၍ ကြီးထွားလာစရာရှိသည်ဟု ခန့်မှန်းထားကြသည်။

**ဖိအားငြိမ်၊ စွမ်းအင်နှစ်မျိုး**

အစ္စရေးတွင် ဝိုက်စမင်အင်စတီကျူဟုခေါ်သော အလွန် နာမည်ကြီးသည့် သိပ္ပံပညာ သုတေသနအဖွဲ့ကြီး ရှိသည်။ ဤသုတေ သနအဖွဲ့ကြီးတွင် ၁၉၉၈ ခုနှစ်၌ ကမ္ဘာအရပ်ရပ်မှ သိပ္ပံပညာရှင်များ လာရောက် သုတေသန ပြုလုပ်နေကြရာတွင် တရုတ်သိပ္ပံပညာရှင် ၅၂ ဦး၊ အိန္ဒိယသိပ္ပံပညာရှင် ၅၂ ဦး ရှိခဲ့သည်။ ၁၉၇၀ ပြည့်နှစ်များ၌ အစ္စရေးကိုရှောင်ကြသော သိပ္ပံပညာရှင်တို့သည် ယခုအခါ အလုအယက် လာချင်နေကြသည်။

လိမ္မော်သီးကို စွန့်လွှတ်လိုက်သဖြင့် အန္တရာယ်တံခါး (vulnerability) သည်လည်း တစ်ခါတည်းပိတ်သွားသည်။ ယခင်ကဆိုလျှင် လိမ္မော်သီးတင်ပို့မှု အပေါ် မူတည်နေရ၍ ဂျပန်ကဖြစ်စေ၊ ပြင်သစ်ကဖြစ်စေ၊ အစ္စရေး၏အပြုအမူကို မကျေနပ်လျှင် ဒဏ်ခတ်သည့်အနေဖြင့် အစ္စရေးမှ လိမ္မော်သီးမဝယ်ဘဲ အခြားနိုင်ငံများမှ လှည့်ဝယ်လိုက်ကြသည်။ ယခု ဤအန္တရာယ် အေးသွားသည်။

အစ္စရေး၏ ပို့ကုန်သည် အဆင့်မြင့်နည်းပညာ တက္ကနိုလိုဂျီပစ္စည်းများ ဖြစ်သည်။ အထူးသဖြင့် ကွန်ပျူတာဆော့ဖ်ဝဲ၊ ဟာ့ဒ်ဝဲ နှစ်မျိုးစလုံးဖြစ်သည့်အပြင် အင်တာနက်လုခြုံရေးပစ္စည်းများလည်း ပါသည်။ တစ်ကမ္ဘာလုံးနီးပါး အင်တာနက်နှင့် ခေတ်မီ ဆက်သွယ်ရေးပစ္စည်းများ ရရှိရေးတွင် အစ္စရေးအပေါ် အတော်အတန်မှီခို အားထားလာရသည့် အခြေအထိ ဆိုက်လာသည်။ ထို့ကြောင့် အစ္စရေးအား စီးပွားရေးပိတ်ဆို့ရန် လက်နက်မရှိတော့ပေ။ ဖိအား ငြိမ်သွားသည်။

အစ္စရေး အဆင့်မြင့် နည်းပညာကုမ္ပဏီတို့သည် အစ္စရေးနှင့် အမေရိကန်၊

www.burmeseclassic.com



ကာလီဖိုးနီးယားပြည်နယ်၊ ဆီလီကွန်းဗယ်လီတို့၌ အလုပ်ရုံခွဲ၊ ရုံးခွဲများ ထားကြသည်။ စက်ရုံ၊ အလုပ်ရုံတို့ကို တိုက်ခိုက်ခံရသောဘေးမှလည်း နည်းသွားသည်။

ယခုအခါ ပညာရှင်တို့က စွမ်းအင်(energy)ကို နှစ်မျိုးနှစ်စား ခွဲခြားပြောဆိုလာကြသည်။ ပထမစွမ်းအင်သည် စက်မှုလုပ်ငန်းစီးပွားရေး (industrial economy)တို့ကိုမောင်းသော စွမ်းအင် ဖြစ်သည်။ ယခု ဒုတိယစွမ်းအင်မှာမူ အင်ဖော်မေးရှင်းစီးပွားရေး(information economy)ကိုမောင်းသော စွမ်းအင်ဖြစ်သည်။

ပထမစွမ်းအင်သည် ရေနံဖြစ်၍၊ ဒုတိယစွမ်းအင်သည် ကွန်ပျူတာဆော့ဖ်ဝဲ၊ မိုဒမ်နှင့် ဟိုက်တက်ပစ္စည်းတို့ ဖြစ်ကြသည်။ ပထမစွမ်းအင် တင်ပို့မှု၌ ဆော်ဒီအာရေးဗီးယားက ဗိုလ်စွဲနေသော်လည်း ဒုတိယစွမ်းအင် တင်ပို့မှု၌မူ အစ္စရေးက ဗိုလ်စွဲနေသည်။ စီးပွားရေးအရပြောလျှင် ဒုတိယစွမ်းအင်တင်ပို့မှုသည် ပထမစွမ်းအင် တင်ပို့မှုထက် ပို၍များနေသည်။ ပို၍ အရေးကြီးနေသည်။

## ဝန်ပေါ့ဝန်သေး

၁၉၇၀ ပြည့်နှစ်များ၌ နိုင်ငံတိုင်းကိုက ရေနံကို အသည်းအသန် လိုအပ်နေခဲ့ရာ အာရပ်တို့က ဂျူးတို့ကို ဘယ်လိုပြုမူ ဆက်ဆံနေကြသနည်း ဆိုသောအချက်ကို ဂရုမမူနိုင်ခဲ့ကြပေ။ ရေနံရ ပြီးရော။ အာရပ်နှင့်အစ္စရေးတို့၏ နိုင်ငံရေးကို စိတ်မဝင်စားနိုင်ပေ။

ယခုလည်း ကမ္ဘာက လိုအပ်နေသော တက္ကနိုလိုဂျီတို့ကို အစ္စရေးက ထုတ်လုပ် ဖြည့်ဆည်းပေးနိုင်လေရာ တက္ကနိုလိုဂျီတို့ကို လိုချင်သောနိုင်ငံတို့သည် ဂျူးတို့က ပါလက်စတိုင်းတို့အား နှိပ်စက်နေသည်၊ မနေသည်ဆိုသော အချက်ကို ဂရုမစိုက်နိုင်တော့ပေ။ ဟိုက်တက်ပစ္စည်းရရေးသာ အရေးကြီးသည်။

ထို့ကြောင့် အထက်ဖော်ပြပါ အချက်နှစ်ချက်ကို ထောက်ချင့်၍ ပထဝီ စီးပွားရေးသည် ပထဝီနိုင်ငံရေးအပေါ် မည်မျှ ဩဇာကြီးမားနေကြောင်း ပညာရှင်တို့က ထောက်ပြလာကြသည်။ အစ္စရေးတို့ဘက်မှကြည့်လျှင် အခြားဖိအားပေးမှု တစ်ရပ် သက်သာသွားသေးသည်။ ယင်းမှာ ပထမအချက်အားဖြင့် အစ္စရေး၏ အဆင့်မြင့်နည်းပညာ တက္ကနိုလိုဂျီတင်ပို့မှုသည် ရေနံလို ရေနံတင် သင်္ဘောကြီးတို့ဖြင့် ဝန်ကျယ်ဝန်ကြီး တင်ပို့ရန်မလိုဘဲ ဝန်ပေါ့ဝန်သေးဖြင့် တင်ပို့နိုင်ခြင်းဖြစ်သည်။ အချို့အခြေအနေတို့၌ Modem ခေါ် လက်ဆွဲကိရိယာအိတ်လောက်ရှိသည့်ထဲထည့်ပြီး တင်ပို့လို့ရနေသည်။

ထို့အပြင် အစ္စရေး၏တင်ပို့မှုသည် အိမ်နီးနားချင်း အာရပ်နိုင်ငံ၊ သို့မဟုတ် တော်တော်အလှမ်းဝေးသည့် အာရှ၊ ဥရောပနှင့် အမေရိကားတိုက်များဆီသို့ ဖြစ်နေ



BURMESE CLASSIC .com

www.burmeseclassic.com



သည်။ ဤအချက်က အာရပ်နိုင်ငံတို့၏ စီးပွားရေးဖိအားကို လုံးဝ စိုးရိမ်စရာ မလိုတော့သည့်သဘော သက်ရောက်သွားသည်။

ဒုတိယအချက်အားဖြင့် အစ္စရေး၏ အဆင့်မြင့်တက္ကနိုလိုဂျီ ဟိုက်တက်တို့တွင် ရင်းနှီးမြှုပ်နှံမှုသည် စက်ရုံတို့တွင်မဟုတ်ပေ။ လူ့အရင်းအမြစ် အင်အား (ဝါ) လူ့ဦးနှောက်အင်အား(brain power)တွင် ဖြစ်နေခြင်းဖြစ်သည်။ အလွယ်တကူ ဖျက်ဆီးလို့ မရပေ။ စက်ရုံတို့ဆိုလျှင် ဖျက်ဆီးလို့ရနေမည်။

## ဘယ်စတော့အိပ်စ်ချိန်း

ထိုအကြောင်းတို့ကြောင့် အစ္စရေး၏စီးပွားရေးသည် ဒေသနိုင်ငံရေး(ဝါ) ပထဝီနိုင်ငံရေးတို့၏ အန္တရာယ်တို့မှ လွတ်ကင်းလာသည်။

သာဓကအားဖြင့် ပြရလျှင် တဲလ်ဗီးမြို့ရှိ ဟီလ်တန်ဟိုတယ်၌ အာရပ် စားသောက်ဆိုင် မထားတော့ဘဲ ပိတ်ပစ်လိုက်ကာ ဂျပန် ဆူရှီဆိုင်တစ်ဆိုင် ဖွင့်လိုက်သည်ကို ပြရမည်။ အာရပ်ဖောက်သည်တို့ကို အားကိုးရန် မလိုတော့ကြောင်းကို သက်သေထူပြခြင်း ဖြစ်သည်။

ထို့အပြင် အစ္စရေး ဟိုက်တက်ကုမ္ပဏီတို့သည် နယူးယောက် စတော့ အိပ်စ်ချိန်းတွင် စာရင်းသွင်းထားကြပြီး ဤအိပ်စ်ချိန်းမှာပင် အရင်းအနှီးများ ရှာဖွေကြသည်။ လုပ်ငန်းသစ်အရင်းအနှီး(venture capital)တို့အတွက်ကိုမူ ကာလီဖိုးနီးယား၊ ဆီလီကွန် ဗယ်လီတွင် ရှာဖွေကြသည်။ တဲလ်ဗီး စတော့ အိပ်စ်ချိန်းကိုပင် အရင်းအနှီး ရှာဖွေရန်အလို့ငှာ အားမကိုးတော့ပေ။

ပထဝီစီးပွားရေးတွင် co-locate ဆိုသော အသုံးအနှုန်းက အရေးကြီးလာသည်။ လုပ်ငန်းနေရာရွေးရာတွင် ပူးတွဲရွေးခြင်းကို ဆိုလိုသည်။ အစ္စရေး ဟိုက်တက်ကုမ္ပဏီတို့သည် သူတို့၏လုပ်ငန်းကို ဆီလီကွန်ဗယ်လီတွင် ဌာနခွဲ တစ်ခုထား၊ အစ္စရေးတွင် ဌာနခွဲတစ်ခုထား နေရာနှစ်ခုကို ပူးတွဲထားကြသည်။ စင်ကာပူ ဟိုက်တက်ကုမ္ပဏီတို့သည်လည်း အစ္စရေးနည်းတူ စင်ကာပူတွင်တစ်ခု၊ ဆီလီကွန်ဗယ်လီတွင်တစ်ခု နှစ်နေရာပူးတွဲထားပြီး အလုပ်လုပ်ကြသည်။

သို့ဖြစ်ရာ အစ္စရေးသည် ဟိုက်တက်စီးပွားရေး၊ ပညာစီးပွားရေးဘက်သို့ အမြန်အဆန် လှည့်ရွေ့လိုက်သောကြောင့် အစ္စရေး၏ တစ်ဦးချင်းဝင်ငွေသည်လည်း အင်္ဂလန်၏ တစ်ဦးချင်းဝင်ငွေနှင့် တူသွားလေပြီ။ တစ်နှစ်ဝင်ငွေ ဒေါ်လာ ၁၇,၀၀၀ ရှိနေပြီ။

## တတိယမြစ်အင်အား

ကမ္ဘာ့စီးပွားရေးနှင့် နိုင်ငံရေးတို့တွင် ပင်လယ်ပြင်ကို စိုးမိုးနိုင်သော အင်အား

www.burmeseclassic.com



ကြီး နိုင်ငံများ(sea power)တို့ဟူ၍ ရှိခဲ့သည်။ အရှေ့အလယ်ပိုင်း ဒေသတွင်မူ တစ်မျိုးဖြစ်သည်။ မြစ်ကြီးတို့ကို စိုးမိုးသော အင်အားကြီးနှစ်နိုင်ငံ(two river powers) ပေါ်ထွန်းခဲ့သည်။ အီဂျစ်သည် နိုင်းမြစ်ကိုစိုးမိုး၍ အရှေ့အလယ်ပိုင်း ဒေသတွင် အရေးပါ အရာရောက်ခဲ့သည်။ အီရတ်သည် တီဂရစ်မြစ်နှင့် ယူဖရိတ်မြစ်တို့ကို စိုးမိုး၍ အင်အားကြီးမားခဲ့သည်။

ယခု အရှေ့အလယ်ပိုင်းဒေသတွင် တတိယ မြစ်စိုးမိုးသော အင်အားကြီးနိုင်ငံတစ်နိုင်ငံ(third river power) ပေါ်လာပြီ။ ၎င်းနိုင်ငံကား ဂျော်ဒန်မြစ်ကိုစိုးမိုး၍ ဟိုက်တက်စီးပွားရေးဖြင့် အင်အားကြီးလာသော အစ္စရေးပင်တည်း။

၎င်းသို့သော ပထဝီစီးပွားရေး အပြောင်းအလဲကြောင့် အရှေ့အလယ်ပိုင်းဒေသ၏ ပထဝီနိုင်ငံရေးသည်လည်း ပြောင်းလဲလာရတော့မည်။ ယခင်က အစ္စရေးနိုင်ငံကို ရန်သူနိုင်ငံ၊ အရှေ့အလယ်ပိုင်းမြေမှ ဖျောက်ဖျက်ပစ်ရမည့်နိုင်ငံ ဟူ၍ယူဆထားခဲ့ရာမှ ရှေ့အနာဂတ်တွင် အစ္စရေးနှင့် အဘယ်ပုံ အတူတကွ ယှဉ်တွဲနေထိုင်ရမည်နည်းဟု စဉ်းစားလာကြရသည်။

ယခုဆောင်းပါးသည် ပထဝီစီးပွားရေးနှင့် ပထဝီနိုင်ငံရေးတို့ ဆက်စပ်ပုံအကြောင်းကို အရှေ့အလယ်ပိုင်းဒေသဖရိန်ဖြင့် တင်ပြခြင်း ဖြစ်သည်။ အာရှ၏ပထဝီစီးပွားရေးနှင့် ပထဝီနိုင်ငံရေးကလည်း စိတ်ဝင်စားစရာ ကောင်းလိမ့်မည်ဟု တွက်ရသည်။ ■

*Ref: The Lexus and The Olive Tree by Thomas L. Friedman*

**ဈေးကွက်ဂျာနယ်၊ အမှတ် ၂၂၀။**

www.burmeseclassic.com

# လှည့်စားချက်ပေလော

**ရှေ့ရစ်ခလုတ်**

ကက်ဆက်၊ ရုပ်သံကူးစက်တို့တွင် ရှေ့ရစ်၊ နောက်ရစ်ခလုတ် (forward mode and backward mode)တို့ဆိုပြီး ရှိကြသည်။ အလွန်လျင်မြန်စွာ အပြောင်းအလဲတွေ ဖြစ်ထွန်းနေသည် ဆိုသောစကားကို ဤကူးစက်တို့မှ စကားတို့ဖြင့် တင်စား ပြောဆိုလာကြသည်။ အနာဂတ်သည် ရှေ့ရစ်ခလုတ်နှိပ်ပြီး အမြန်ရစ်နေသည်။ Future is in a fast forward mode.ဟူ၍ တင်စားပြောဆိုသည်။ ထိုမျှမြန်သောအခါ မနေ့က ကေန်တရားတို့သည် မနက်ဖြန်တွင် ဒဏ်ရာရ ကျဆုံးသူများ ဖြစ်ကုန်ကြသည်။ Yesterday's certainties are in danger of becoming tomorrow's casualities ဟု ဆိုသည်။ စီးပွားရေး မျက်နှာပြင်ရှုခင်း (economics landscape)တို့သည် နည်းပညာ တက္ကနိုလိုဂျီတို့၏ မိုးသက်မုန်တိုင်းနှင့် ဝရုန်းသုန်းကား လှုပ်ရှားမှုတို့၏ ပုံလောင်းခြင်းကိုလည်း ခံနေရပြီ။

အပြောင်းအလဲသည် ပြောင်းလဲမှုဖြစ်ရန် မရှိမဖြစ်လိုအပ်သော ဓာတ်ပေါင်းလည်းဖြစ်၊ အမြဲတမ်း ကိန်းသေလည်း ဖြစ်လာသည်။ Change, both a catalyst and a constant ဟု ဆိုသည်။ ထိုအခါ ခေတ်စွာသည် ဘယ်လိုဖြစ်လာမည်နည်း ဆိုသည့်အချက်ကို ကြိုတင်မမြင်နိုင်တော့ပေ။ ထို့ကြောင့် ဤသို့

www.burmeseclassic.com



ကြိုတင် မမြင်နိုင်သော ဓနဉစ္စာနှင့်ပတ်သက်ပြီး ဆယ်ရေးတစ်ရေး ကိုးရေးတစ်ရာ ဆိုဘိသကဲ့သို့ ကူရှင်ခံရန် ဘဏ္ဍာရေးကြားခံ (financial buffer) တို့ကို အရန်သင့် တည်ဆောက်ထားပြီး ဖြစ်ပါသလား။ သို့တည်းမဟုတ် သေလုမျောပါး ဖြစ်လောက်အောင် အပြောင်းအလဲတို့၏ ထိုးနှက်ချက်တို့ကို လည်စင်းခံမည် လော။ စသည်ဖြင့် ပုစ္ဆာထုတ်ပြီး အဖြေရှာရမည်ဟု ပညာရှင်တစ်ဦးက မကြာသေး မီက တင်ပြလာသည်။ သီအိုရီဆွေးနွေးချက် စိတ်ဝင်စားဖွယ်ကောင်းလှသည်။

**အရင်းအနှီး အဟောင်းမြုန်**

ဤပညာရှင်က လူမှုစီးပွားရေး သိပ္ပံပညာရှင်ကြီး ဂျိုးဇက်ရှုမ်းပီတာ၏ သဘော တရားဖြစ်သော တီထွင်ကြံဆ ဖျက်ဆီးမှု(creative destruction)ကို အခြေခံ စဉ်းစားသည်။

တီထွင်ကြံဆ ဖျက်ဆီးမှုကို သူက ရုပ်သံသွင်းစက်၊ ကူးစက်တို့မှ ရွေ့ရစ် ခလုတ် ဥပမာဖြင့် မွမ်းမံပြောဆို ရှင်းပြခြင်းဖြစ်သည်။ စီးပွားရေးဖြစ်စဉ်သည် ရွေ့ရစ်ခလုတ်နှိပ်ပြီး အရှိန်မြန်ဆန်စေခြင်းကြောင့် ထိုးနှက်ချက် မှန်သမျှသည် ပေ့ါသေးသေးတွေ မဟုတ်တော့ပြီ။ သေလုမျောပါး ထိုးနှက်ချက်(deadly blows) တွေများမည်။

အဟောင်းတွေ အမြန်ပြိုပျက်မည်ဖြစ်လေရာ ဤအဟောင်းတို့ထဲတွင် အရင်း အနှီး ဖွဲ့စည်းမှု(capital formation)တို့လည်း ပါဝင်မည်ဖြစ်သည်။ အရင်းအနှီး ဖွဲ့စည်းမှုသည် အသက်ကြီးရင့်လာ၍ ခေါင်းဖြူသွားကျိုး ဖြစ်လာမည်။ အိုမင်း ဟောင်းနွမ်းလာမည်။ ထို့ကြောင့် စီးပွားရေးထုတ်ကုန်နှင့် အလုပ်အကိုင်တို့ ဝေ့ဝိုက် ရွေ့လျား လည်ပတ်နိုင်ရန်အလို့ငှာ အင်ဂျင်ဖြစ်နေသော အရင်းအနှီး ဖွဲ့စည်းမှု အဟောင်းများ ခေါင်းဖြူသွားကျိုး အိုမင်း ဟောင်းနွမ်းသွားသည်ထက်ပိုပြီး ကျန်းမာ သန်စွမ်းသွက်လက်သော အရင်းအနှီး ဖွဲ့စည်းမှုတို့ကို ပို၍လိုလာမည် ဖြစ်လေ သည်။ အရင်းအနှီး ဖွဲ့စည်းမှုသည် ပမာဏလည်း များရမည်။ ကျန်းမာသန်စွမ်းမှု နှင့် သစ်လွင်မှုလည်း ရှိရမည်။

ထို့ကြောင့် အရင်းအနှီး ဖွဲ့စည်းမှုကို တသွင်သွင် စီးဆင်းနေအောင် ပြုလုပ် ရေးသည် အလွန်သော့ချက်ကျလာသည်။ အဓိပ္ပာယ်မှာ capital flow and cash flowသည် အမြတ်ထက်ပို၍ အရေးကြီးလာခြင်း ဖြစ်သည်။ အမြတ် သည် အရိပ်သဘော၊ လှည့်စားချက်သဘော(delusion) ဖြစ်လာပြီ။

**အမြတ်လက္ခဏာ**

အမြတ်သည် စီးပွားရေးလုပ်ငန်းထဲ ဆက်လက် နေထိုင်နိုင်ရန် ပေးရသော

www.burmeseclassic.com



စရိတ်(the cost of staying in business)ဖြစ်လာသည်၊ ကျဆုံးမသွားရန် အသုဘမဖြစ်ရန် ကျခံရသည့်စရိတ်၊ အလောင်းအစား အံစာတုံး(dice) လိမ့်နေ ရန် ကျခံရသော စရိတ်သဘော ဖြစ်လာသည်။

အထက်တွင် ရွေ့ရစ်အလွန်မြန်နေသော အနာဂတ်အကြောင်းကို ဖော်ပြခဲ့သည်။ ဤသို့ ရွေ့ရစ်မြန် အနာဂတ်ကလည်း အသနားကြင်နာမှု ကင်းမဲ့စွာဖြင့် စရိတ်စကတို့ကို ကြီးမားစေခဲ့သည်။ ထို့ကြောင့်ပင် ပါမောက္ခ ရှွမ်းပီတာ ထုတ်ထားသော မေးခွန်းအတိုင်း အမြတ်သည် အနာဂတ်တွင် ကုန်ကျခံရမည့်စရိတ်ကို ကာမိစေရန်အထိ လုံလုံလောက်လောက် ဖြစ်ပါသလောဟူ၍ မေးမြန်းရပါမည်။

သို့ဖြစ်၍ စီးပွားရေးလုပ်ငန်းရှင်တို့ ဖြေရမည့်မေးခွန်းသည် ဤစီးပွားရေးလုပ်ငန်းက စွမ်းဆောင်နိုင်သော အမြတ်အများဆုံး(maxium profits)တို့သည် အဘယ်အရာနည်းဟူ၍ မဟုတ်တော့ပြီ။ ဤစီးပွားရေးလုပ်ငန်း၏ အနာဂတ်အန္တရာယ်(future risk of this business)သည် အဘယ်အရာနည်း ဟူသော မေးခွန်းကို ဖြေကြားရတော့မည်။ အရပ်စကားနှင့်ပြောရလျှင် ရွေ့ရစ်မြန်နေသော အနာဂတ်၌ စွန့်စားလုပ်ကိုင်ရမည့် အနေအထားနှင့် အန္တရာယ်တို့သည် ခါတိုင်းနှင့်မတူပဲ ပို၍များပြား မြင့်မားလာသောကြောင့် ပို၍ စရိတ်စက ကြီးမားလာသည်ဟု ဆိုလိုရင်းဖြစ်သည်။ ဤစရိတ်စကတို့ကို ကာမိစေသည့် အနိမ့်ဆုံးအမြတ်သည် အဘယ်အရာနည်းဟု မေးခွန်းထုတ်ခြင်း ဖြစ်သည်။

## မိုက္ကရို၊ မက်ခရို

ဤမေးခွန်းကို မိုက္ကရိုအဆင့်၊ မက်ခရိုအဆင့် နှစ်ဆင့်စလုံးအတွက် ဖြေကြားရန် လိုသည်။ မိုက္ကရိုအဆင့်(micro-level)တွင် စနစ်တကျ တွက်ချက်ထားသော ငွေသားစီးဆင်းမှု(cash flow) ဖြင့် တိုင်းထွာရမည်။ အရင်းအနှီး စီးဆင်းမှု(capital flow)ဖြင့် တိုင်းထွာရမည်။ မက်ခရိုအဆင့်(macro-level)အတွက် တွက်ချက်မှု၌မူ အတွင်းအင်အားဖြင့် မွေးထုတ်နိုင်သော အရင်းအနှီးအင်အား(capital fund)နှင့် ပြင်ပအားဖြင့် မွေးထုတ်နိုင်သော အရင်းအနှီးအင်အား နှစ်ရပ်ပေါင်းကို မူတည်၍ တွက်ချက်ရမည်ဟူ၍ ဘောဂဗေဒပညာရှင် ချန်ဒရာကန့်ဆင်ပတ်က ထောက်ပြသည်။ မက်ခရိုအဆင့်မှ အတွက်အချက်ကို သူက တီထွင်ကြံဆသော ဖျက်ဆီးမှု၏စရိတ်(cost of creative destruction)ဟု ခေါ်သည်။

စီမံခန့်ခွဲမှုပါရဂူ ပီတာဒရပ်ကာကလည်း တီထွင်ကြံဆသော ဖျက်ဆီးမှု၏ အနာဂတ်စရိတ်(future cost)ကို တိုင်းထွာရန် နည်းလမ်းတွေ ရှာဖွေသင့်သည်ဟု အဆိုပြုသည်။ ယခုအချိန်အထိ၌ စီးပွားရေးကို ရေတွက်ခြင်း(counting)

www.burmeseclassic.com



ဖြင့် ရေတွက်နေသည်။ စင်စစ်၌ အတိုင်းအထွာဖြင့် တိုင်းထွာရတော့မည်။ ရေတွက်ခြင်း(counting)မှ တိုင်းထွာခြင်း(measuring)သို့ ရွေ့လျားနေပြီဟု ထောက်ပြသည်။

သူက အမေရိကန်စီးပွားရေး၏ အံချော်မှုတစ်ရပ်ကို ရည်ညွှန်း ရှင်းပြသည်။ အမေရိကန် စီးပွားရေးသည် အတွင်းအင်အားဖြင့် မွေးထုတ်သော အရင်းအနှီး ရန်ပုံငွေထက် နိုင်ငံခြားမှ လာရောက် စုဆောင်းထားကြသော စုဆောင်းငွေ၊ နိုင်ငံခြားမှ လှိမ့်ဝင် စီးဆင်းနေသော အရင်းအနှီး စီးဆင်းမှုနှင့် ဒေါ်လာတန်ဖိုးသည် တန်ဖိုးလျော့ခြင်းကို ခုခံနိုင်စွမ်းရှိသည်ဆိုသော လှည့်စားချက်ဖြင့် အနာဂတ်စရိတ်ကို ကျခံနေခြင်းဖြစ်သည်ဟု ထောက်ပြသည်။

အမေရိကန် ဗဟိုဘဏ်(Fed)မှ အတိုးနှုန်းကစားပေးခြင်းသည် စီးပွားရေးအတွင်းအံချော်မှု(imbalance)တို့ကို ဖုံးဖိပေးရာသာရောက်သည်ဟု ဝေဖန်သည်။

## ချစ်သူဇာတ်လမ်း

ဘောဂဗေဒပါမောက္ခ ချန်ဒရာကန့်ဆင်ပတ်က အမေရိကန် စီးပွားရေး၏ တီထွင်ကြံဆသော ဖျက်ဆီးမှုအတွက် အနာဂတ်စရိတ်(future cost)သည် ဒေါ်လာ ၄၂၅ ဘီလျံဖိုးမျှ ရှိလိမ့်မည်ဟု ခန့်မှန်း တွက်ချက်ပြထားသည်။ ဤပမာဏနှင့်အတူ စွန့်စားရသော အန္တရာယ်တို့ကလည်း များလာလေရာ ဘဏ္ဍာရေးကြားခံသုံး၍ ကုရှင်ခံထားနိုင်ခြင်း ရှိ၊ မရှိ စစ်ဆေးကြည့်ရှုရမည်ဟု ဆိုသည်။

သူက ပီတာဒရပ်ကာ၏ အဆိုစကားတစ်ပုဒ်ကို ကိုးကားသည်။ 'အောင်မြင်မှုတို့သည် ဤအောင်မြင်မှုတို့ကို ဖြစ်စေသော အပြုအမူတို့ကိုလည်း ပောင်းနွမ်းအောင် လုပ်ပစ်၏။ ထို့နောက် အောင်မြင်မှုတို့သည် ပကတိ အစစ်အမှန်သစ်(new realities)တို့ကို မွေးထုတ်၏။ တစ်ပြိုင်နက်တည်းတွင် ခြားနားသော ပြဿနာအသစ်တို့ကိုလည်း မွေးထုတ်သည်။

ထို့နောက် ချစ်သူနှစ်ဦး ပျော်ရွှင်စွာ နေထိုင်သွားတော့သတည်း ဆိုသော ဇာတ်လမ်းမျိုးဖြင့် ဤတွင်ပြီးပြီဟု ဆိုတတ်ကြသည်။ တကယ့်တကယ်၌ အနာဂတ်ဇာတ်လမ်းတစ်ပုဒ်လုံးတွင် အမြတ်သည် လှည့်စားချက်သာ ဖြစ်နေပေလိမ့်မည်။ ဟောင်းနွမ်းသွားသော အရင်းအနှီး ဖွဲ့စည်းမှုနှင့် ပမာဏ(capital stock)တို့ကို ရှေ့ရစ်ဖြင့် လျင်မြန်စွာ အစားထိုးရေးသည်သာ ပဓာနကျလာလိမ့်မည်ဟု သီအိုရီက ဆိုလာသည်။ ■

*Ref: The Profit Delusion by Chetan J. Parikh*

**ဈေးကွက်ဂျာနယ်၊ အမှတ် ၂၂၁။**



BURMESE CLASSIC .com

www.burmeseclassic.com

# အိပ်စ်ပိုရှာ

**ဓာတ်ပုံစကား**

ကမ္ဘာနှင့်အဝန်း စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုတို့ ပို၍ နှေးကွေးစရာအကြောင်း ရှိလာသောအခါ ထုံးစံအတိုင်း စကားတစ်လုံး ခေတ်စားလာရတော့သည်။ ဤစကားလုံးမှာ foreign exchange exposure ဆိုသောစကား ဖြစ်သည်။ ဓာတ်ပုံစကား ယူသုံးခြင်း ဖြစ်ဟန်တူသည်။ ရှန်ဟဲတွင် ကျင်းပနေဆဲ အေပက် စီးပွားရေးအုပ်စု၏ ဘဏ္ဍာရေးဝန်ကြီးများ အစည်းအဝေးတွင် ဘဏ္ဍာရေး တည်ငြိမ်မှု(financial stability)အကြောင်းကို ပျာပျာသလဲ အရေးတကြီး ဖော်ပြ ပြောဆိုလာကြသည်။ ကမ္ဘာနှင့်အဝန်း၊ အထူးသဖြင့် အေပက်ဒေသ၌ ဘဏ္ဍာရေး တည်ငြိမ်မှု မပျက်ပြားအောင် ဗရုတ်သုတ်ခမဖြစ်အောင် နည်းလမ်းများ ကြံဆကြဖို့ အပြည်ပြည်ဆိုင်ရာ ငွေကြေးရန်ပုံငွေအဖွဲ့မှ တာဝန်ရှိသူတို့ကလည်း ဤ အစည်းအဝေးတွင် တိုက်တွန်းသည်။ တရုတ်ဗဟိုဘဏ်၏ ဥက္ကဋ္ဌကလည်း တိုက်တွန်းသည်။

ဘဏ္ဍာရေးတည်ငြိမ်မှု ဆိုသောစကား၏ ဆိုလိုရင်းမှာ နိုင်ငံခြားငွေလဲလှယ်ရေးနှုန်းထားများ တည်ငြိမ်ရေးကို အဓိက ဆိုလိုဟန်ရှိသည်။ ယနေ့ ကမ္ဘာ့ငွေကြေး စီးဆင်းမှုတွင် အခြေခံကျကျ လွှမ်းမိုးနေသောလမ်းကြော (basic tracks)က နှစ်လမ်းရှိနေသည်။ ပထမလမ်းကြောသည် အမေရိကန်ဒေါ်လာနှင့် ဂျပန်ယန်းငွေ လဲလှယ်ရေးနှုန်း(Dollar against Yen)ဖြစ်သည်။ ဒုတိယ



BURMESE CLASSIC .com

www.burmeseclassic.com



လမ်းကြောသည် အမေရိကန်ဒေါ်လာနှင့် ဥရောပငွေကြေး ယူရိုငွေ လဲလှယ်ရေး နှုန်း(Dollar against Euro)ဖြစ်သည်။

အခြားငွေကြေးတို့နှင့် လဲလှယ်ရေးနှုန်း လမ်းကြောများ ရှိသော်လည်း ဖော်ပြပါ လမ်းကြောနှစ်ခုလောက် ဂယက်ရိုက်မှု မပြင်းထန်ကြပေ။ လက်ရှိအခြေအနေ၌ ဖော်ပြပါ အခြေခံလမ်းကြော နှစ်ခုစလုံးသည် နည်းပညာတက္ကနိုလိုဂျီ ကုမ္ပဏီတို့၏ စတော့ရှယ်ယာ ဈေးနှုန်းများ ကျဆင်းမှုနှင့် ရင်ပေါင်တန်းဖြစ်ထွန်းနေသည်။ တက္ကနို စတော့ဈေးနှုန်းတို့နှင့် ဒေါ်လာယန်း လဲလှယ်ရေးနှုန်း ဘယ်လို အပြန်အလှန် တုံ့ပြန်မလဲ။ တက္ကနို စတော့ဈေးနှုန်းတို့နှင့် ဒေါ်လာယူရို လဲလှယ်ရေးနှုန်းတို့ ဘယ်လို အပြန်အလှန် တုံ့ပြန်မလဲ။

## ၁၃ ချက်

Foerign exchange exposure အကြောင်းကို ပြန်ကောက်ကြဦးစို့။ အခြေခံအားဖြင့် ပြောလျှင် အထက်တွင်ရှင်းပြခဲ့သော ဒေါ်လာယန်းလမ်းကြောနှင့် ဒေါ်လာယူရိုလမ်းကြောတို့၌ အပြောင်းအလဲများဖြစ်လျှင် မိမိနိုင်ငံ၏ နိုင်ငံခြားငွေလဲလှယ်ရေးနှုန်းများအပေါ် မည်သို့ ထိခိုက်သနည်း၊ နိုင်ငံခြားငွေဈေးကွက်အတွင်း မည်သို့ ဂယက်ရိုက်ခတ်သနည်း စသည့်ပြဿနာတို့ကို စိစစ်သုံးသပ်ရန်အတွက် အသုံးပြုသော ကိရိယာတစ်ပါး ဖြစ်သည်။

ဓာတ်ပုံစကား အိပ်စ်ပိုရှာကို ယူသုံးထားခြင်း ဖြစ်သည့်အလျောက် အလင်းရောင်အင်အား အချိန်အဆကို ဆိုလိုဟန်ရှိသည်။ အကြမ်းအားဖြင့် ပြောလျှင် နိုင်ငံခြားငွေတို့ဖြင့် အရောင်းအဝယ်၊ အဆက်အစပ်များလျှင် များသလောက် အိပ်စ်ပိုရှာ များပါမည်။ နည်းလျှင် နည်းသဘောက် အိပ်စပ်ပိုရှာ နည်းပါမည်။

သို့ဖြင့် အိပ်စ်ပိုရှာကို တိုင်းထွာကြည့်ကြသည်။ ဤသို့ တိုင်းထွာရာ၌ အောက်ပါအချက်တို့ကို ထည့်သွင်း တွက်ချက်ကြကုန်သည်။

(၁) ပြည်ပပို့ကုန်၊ သွင်းကုန်အနေအထား(ဝါ) ပြည်ပကုန်သွယ်ရေး ရှင်းတမ်း။ (ဘော်ဒါထရိတ်အပါအဝင်)

(၂) နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုအင်အား။

(၃) ငွေပေးငွေယူရှင်းတမ်း (balaance of payment)မှ အရင်းအနှီး အဝင်အထွက်၊ ဝင်ငွေ အဝင်အထွက်၊ အတိုးပေးရငွေ အဝင်အထွက်၊ နိုင်ငံခြားပြည်ပကြွေးမြီ အနေအထား။

(၄) ပြည်တွင်းထုတ်လုပ်မှု လုပ်ငန်းတို့၌ နိုင်ငံခြားဖြစ်စက်၊ နိုင်ငံခြားကုန်ကြမ်းစသည့် နိုင်ငံခြားကဏ္ဍ(foreign components)တို့ ဘယ်လောက်များ ရှိသနည်း။

www.burmeseclassic.com



(၅) သွင်းကုန် အစားထိုးနိုင်ချေ(import substitution)။
(၆) စားသုံးမှု(consumption)၌ နိုင်ငံခြားအခြေခံ ဘယ်လောက်များ ရှိသနည်း။
(၇) အစိုးရအသုံးစရိတ်တွင် နိုင်ငံခြားကဏ္ဍ ပါဝင်မှုအတိုင်းအတာ။
(၈) ဒေါ်လာပြုမှု အတိုင်းအတာ(Dollarization)။
(၉) စင်ပြိုင်ငွေကြေးစနစ်(parallel currency system) အခြေအနေ။
(၁၀) နိုင်ငံခြားငွေ သီးသန့်ရန်ပုံငွေ။
(၁၁) လဲလှယ်ရေးနှုန်း ဘယ်နှစ်မျိုးရှိသလဲ။
(၁၂) ကွပ်ကဲမှုစနစ်အင်အား(regulatory system)နှင့်
(၁၃) ပေါ်လစီတို့ ဖြစ်ကြသည်။

**မျက်နှာစာတိုးချဲ့**

ဤကိစ္စနှင့်ပတ်သက်၍ ပညာရှင်တို့ ဆွေးနွေးကြသည့် အကြောင်းအရာ တစ်ရပ်မှာ နိုင်ငံခြားငွေလဲလှယ်ရေးနှုန်း အိပ်စ်ပိုရှာအတိုင်းအတာကိစ္စ၌ ဈေးကွက်နည်းဖြင့် ဖြေရှင်းပေးခြင်း(market solution)သည် မည်မျှအထိ အစွမ်းထက်နိုင်ပါသနည်း ဆိုသောအချက် ဖြစ်သည်။ အခြေခံမူအရ အိပ်စ်ပိုရှာပြဿနာကို ဈေးကွက်အဖြေတို့ဖြင့် ကုစားနိုင်ရန် ကြိုးပမ်းရမည်သာ ဖြစ်သည်။

ကုန်စည်ဈေးကွက်၊ အက်ဆက်ဈေးကွက်(asset market)၊ ဝန်ဆောင်မှုဈေးကွက်(service market)၊ အလုပ်သမားဈေးကွက်(labour market) တို့တွင် ဈေးကွက်နည်းလမ်းတို့ဖြင့် ဖြေရှင်းခြင်းကို အခြေခံထား အသုံးပြုစေကာမူ ဘဏ္ဍာရေးဈေးကွက်၌ ဈေးကွက်မဟုတ်သော အဖြေ(non-market solutions) တို့ ဖြင့် ဖြေရှင်းပေးနေရသည်ဟုဆိုလျှင် အခြား ဈေးကွက်များသို့လည်း အနည်းနှင့်အများ ဂယက်ရိုက်ခတ်နိုင်စရာ ရှိသည်။ ဈေးကွက်နည်း ဖြေရှင်းမှုသည် အပြောလွယ်သလောက် အလုပ်ရခက်သည်။ ထို့ကြောင့် များစွာသောနိုင်ငံတို့၌ ဈေးကွက်နည်းနှင့် ဈေးကွက်မဟုတ်သောနည်းတို့ကို သမအောင်ပြုလုပ်ပြီး အသုံးပြုနေကြရသည်။

မည်သို့ပင်ရှိစေ အေပက်နှင့် အာဆီယံ ခေါင်းဆောင်တို့က ဒေသတွင်း ဘဏ္ဍာရေးတည်ငြိမ်မှုကို အလေးအနက် ပြောဆိုလာရသည်ကို ထောက်ရှုလျှင် အခြားနိုင်ငံတို့တွင်လည်း နိုင်ငံခြားငွေနှုန်း အိပ်စ်ပိုရှာပြဿနာသည် အတော်အတန် လေးလေးနက်နက် ရှိနေကြပုံရသည်။

ပြဿနာ၏မျက်နှာစာကို ပို၍ချဲ့ကားအောင် ပြုလုပ်လာသည့် အချက်သစ်တစ်ရပ်ကလည်း ပေါ်လာသည်။ ယင်းမှာ အီးကော်မတ်စ်ကြောင့် ငွေကြေးနှင့် ငွေအရင်းအနှီး လှုပ်ရှားမှုတို့ အလွန်လျင်မြန် သွက်လက်လာသောအချက် ဖြစ်



BURMESE CLASSIC .com

www.burmeseclassic.com



သည်။ တစ် ကလစ်နှိပ်လျှင် ဘီလျံနှင့်ချီပြီး ငွေတွေရွေ့လျားနေသော ခေတ်ဖြစ်မည်။

အီးကော်မတ်စ်တွင် နှစ်ပိုင်းရှိသည်။ B2B နှင့် B2C တို့ ဟူ၍ ဖြစ်သည်။ B2B မှာ စီးပွားရေးလုပ်ငန်းရှင်ချင်း ဆက်သွယ်စေသော(business to business) အီးကော်မတ်စ် ဖြစ်သည်။ B2C မှာ စီးပွားရေးလုပ်ငန်းတို့က စားသုံးသူတို့နှင့် ဆက်သွယ်ဆောင်ရွက်သော(business to consumers) အီးကော် မတ်စ် ဖြစ်သည်။ ဆိုလိုရင်းမှာ အိပ်စ်ပိုရှာကျယ်ပြီး၊ စပိမြန်နေလျှင် ပုံရိပ် ဘယ်လိုဖြစ်သွားသနည်း ဆိုသောအချက်ကို ဓာတ်ပုံပညာမျက်စိဖြင့် မြင်ကြည့်ရန်သာ တိုက်တွန်းလိုသည်။

## စီးပွားရေးလူ

ဘောဂဗေဒသီအိုရီ စာအုပ်တို့ထဲတွင်မပါသော အခြင်းအရာ တစ်ရပ်ကလည်း ရှိသေးသည်။ သူတို့ကို Predator ခေါ် သားစားသတ္တဝါများဟု မီဒီယာတို့က အမည်ပေးထားကြသည်။ ငွေကြေးကစားသူတို့ကို ရည်ညွှန်းပုံရသည်။ သူတို့သည် အထက်တွင်ဖော်ပြသော အိပ်စ်ပိုရှာ၏ အစိတ်အပိုင်းတို့ကို အသေးစိတ်ကြည့်သူများ ဖြစ်ကြသည်။

ဥပမာ၊ ယိုးဒယားစီးပွားရေး အကျပ်အတည်းမဆိုက်ခင်ကလေး၌ ဘဏ်တို့ တစ်ချက် မှားသွားခဲ့ဖူးသည်။ သူတို့ချေးထားသော ငွေတို့ကို မြီစားတို့က ပြန်ဆပ်သောအခါ ဘတ်ငွေဖြင့် အဆပ်မခံ၊ ဒေါ်လာဖြင့်ဆပ်ရန် တောင်းဆိုခဲ့ကြသည်။ ဤအချက်က ဘာသဘောနည်းဟု သားစားသတ္တဝါတို့က တွက်ကြတော့သည်။ ဘတ်ငွေ တန်ဖိုးကျဆင်းထားသည့် အမှတ်အသားပင်ဖြစ်အံ့ဟု တစ်ခါတည်း ကောက်ယူကြကာ ငွေဈေး ကစားလိုက်ကြသည်။ ထို့ကြောင့် သင်ခန်းစာက အိပ်စ်ပိုရှာ များနေသောအခါတွင် အပြောအဆို၊ အပြုအမူတို့ကို အထူးသတိထား၊ ဂရုစိုက်ရကြောင်းကို ညွှန်းနေသည်။

## လိပ်ပြာဘောဂဗေဒ

လူအထွေထွေ၏ အပြုအမူတို့ကိုလည်း ဂရုစိုက်ရသည်။ လိပ်ပြာ ဘောဂဗေဒ သီအိုရီပါ လူတို့သည် ပုရွက်ဆိတ်နှင့် တူညီကြသည်။ တစ်ကောင်က စွပ်ကြောင်း ချထားရာနောက် အကုန် စုပြုံလိုက်ကြခြင်း ဖြစ်သည်။

ထို့ကြောင့် လူတို့၌ ကုန်ပစ္စည်းကို နှစ်သက်မှု(preference for comodity) အက်ဆက်တို့အပေါ် နှစ်သက်မှု(preference for asset)နှင့် ငွေသားအပေါ် နှစ်သက်မှု(liquidity preference)တို့သည် အခါအားလျော်စွာ အချိုးအစား



BURMESE CLASSIC .com

www.burmeseclassic.com



ပြောင်းလဲနေတတ်သည်။ ဤနှစ်သက်မှု သုံးမျိုးတွင်လည်း ပုရွက်ဆိတ်တို့ကဲ့သို့ တစ်ဦး စွပ်ကြောင်းပေးရာနောက် ဘုမသိ ဘမသိ အကုန် နောက်က လိုက်တတ်ကြသည်။

ဤသို့သော တိရစ္ဆာန်အုပ်စုစရိုက်(hard instinct)ကို အပြစ်ဆိုဖွယ်ရာ မရှိပေ။ လူသည် စီးပွားရေးလူ(business man) ဖြစ်သည်။ ထို့ကြောင့် ရိက္ခာ၊ ခိုလှုံစရာ နေရာနှင့် လုံခြုံမှု(food, shelter and secuity)တို့အတွက် အခြေခံ အားဖြင့် ဦးတည်ပြုမူ လှုပ်ရှားကြသည့်အလျောက် ဤသို့ဗီဇမျိုးရှိမည်မှာ ဓမ္မတာ ဟု တွေးတောရသည်။ ဗီဇကို အခြားစိတ်တစ်မျိုးဖြင့် အစားထိုးရန်မှာ မလွယ်ကူ လှပေ။

စီးပွားရေးလူဖြင့် သူတို့၏ ပုရွက်ဆိတ်ဗီဇကလည်း အထက်တွင်ဖော်ပြသော အိပ်စ်ပိုရှာပြဿနာကို တစ်နည်းတစ်ဖုံ သက်ရောက်စေသည်။ ■

*Ref: NLM/ Butterfly Economics by Paul Ormerod*

**ဈေးကွက်ဂျာနယ်၊ အမှတ် ၂၂၂။**

www.burmeseclassic.com

# ဘော်ဒီဘဇား

**အိုင်းစတိုင်းဦးနှောက် ၁၇၀**

ရူပဗေဒ သိပ္ပံပညာရှင် အိုင်းစတိုင်း ကွယ်လွန်အနိစ္စရောက်သောအခါ သူ၏ ဦးနှောက်ကို သူ၏ ဆရာဝန်က အစိပ်ပေါင်း ၁၇၀ ခွဲစိပ်ပြီး အခြား သိပ္ပံပညာရှင်တို့အား ဝေဖန်ပိုင်းခြား ကြည့်ရှုနိုင်ရန် ဖြန့်ဝေပေးသည်။ ဘော်ဒီဘဇား (Body Bazaar) စာအုပ်ရေးသူတို့က ဤအကြောင်းဖြင့် အစချီ ဖွင့်လိုက်ပြီး ကိုယ်ခန္ဓာ အစိတ်အပိုင်းများ ဝယ်ရောင်းလုပ်လာသောဈေးကွက် ကြီးမားလာပုံကို တကယ့်ဖြစ်ရပ်များနှင့် ဆက်နွှယ်နေသော ပြဿနာအချို့နှင့်အတူ အကျယ်တဝင့် ရှင်းပြရေးသားသွားတော့သည်။

ယခုခေတ်စားနေသော market ဆိုသောစကားကို မသုံးနှုန်းဘဲ bazaar ဆိုသောစကားကို ဘာကြောင့်များ အသုံးပြုနေပါသနည်းဟု စိတ်ဝင်စားသွားမိသည်။ နှစ်ခုစလုံးသည် ဈေးကိုညွှန်းခြင်းဖြစ်၍ အဓိပ္ပာယ်တူပုံရသည်။ မြန်မာအဘိဓာန်၌ bazaarကို (၁) ဈေး၊ (၂) ဈေးဆိုင်၊ (၃) ရန်ပုံငွေအတွက်ပြုလုပ်သော ပွဲဈေးဆိုပြီး အနက်ပေးထားသည်။ ဘဇားသည် အီရန်နှင့် ကုလားစကားတို့ ဖြစ်သည်ဟု အဘိဓာန်တစ်ခုက ဖော်ပြသည်။ ဘဇားသည် မြန်မာတို့နှင့်လည်း အတော်ရင်းနှီးသောစကား ဖြစ်သည်။ မြို့ကြီးတို့ရှိ ဈေးကြီးမှန်သမျှတို့ကို ဘဇားဟု ခေါ်ခဲ့ကြသည်ကို မှတ်မိကြပါလိမ့်မည်။



BURMESE CLASSIC .com

www.burmeseclassic.com



အင်္ဂလန်နှင့် အမေရိကန်တို့တွင် ပစ္စည်းမျိုးစုံတို့ကို စျေးပေါပေါနှင့် ရောင်းချသော နေရာကို ဘဇားဟုခေါ်သည်။ ကျမ်းပြုဆရာနှစ်ဦးက ဘဇားဟု သုံးနှုန်းထားသောကြောင့် ကိုယ်ခန္ဓာ အစိတ်အပိုင်းတို့ကို စျေးပေါပေါနှင့် ဝယ်လို့ ရနေပြီလောဟု တွေးဆလိုက်ရသည်။

**တရားရုံးရောက် ရွှံ့**

တကယ်ဖတ်ကြည့်လိုက်တော့ အဖြစ်အပျက်တစ်ခု၌ မိမိ ခန္ဓာကိုယ် အစိတ်အပိုင်းကို အလကား ပေးလိုက်ရသည့်အကြောင်း သွားတွေ့သည်။ အမှုရုံး၍ တရားစရိတ်ပင် ကုန်သွားသည်။

ဆီအာကဲလ်မြို့မှကုန်သည် ဂျွန်မူးအား ဆရာဝန်က သူ၏ တစ်သျှူး(အသားမျှင်)ကို စစ်ဆေးဖို့ပြော၍ အစစ်ဆေးခံလိုက်သည်။ သူထင်တာက သူခံစားခဲ့ပြီး ယခု ပျောက်သွားပြီဖြစ်သော သွေးကင်ဆာအတွက် တစ်သျှူးကို စစ်ဆေးကြည့်သည်ဟု ထင်မှတ်ခဲ့သည်။ သို့သော် ဤသို့မဟုတ်ပေ။ သူ၏ တစ်သျှူးကို ပျိုးထောင်မွေးဖွားကာ ဆဲလ်လိုင်းဖွံ့ဖြိုးရေးအတွက် စျေးကွက်၌ ရောင်းစားခဲ့ကြသည်။

ဂျွန်မူးက သူ၏သဘောတူညီချက်မရဘဲ သူ့တစ်သျှူးကို ပွားဆင့်ပြီး ရောင်းစားရသလားဆိုပြီး ဇီဝတက္ကနိုလိုဂျီ ကုမ္ပဏီတစ်ခုနှင့် ဆရာဝန်တို့ကို တရားစွဲပြီး လျော်ကြေးတောင်းသည်။ ကာလီဖိုးနီးယား တရားရုံးချုပ်က တစ်သျှူးမှရသော အမြတ်တို့သည် ဆရာဝန်နှင့် ဇီဝတက္ကနိုလိုဂျီ ကုမ္ပဏီတို့သာ ရထိုက်သည်။ အဘယ်ကြောင့်ဆိုသော် ဆရာဝန်နှင့် ကုမ္ပဏီတို့သည် သိပ္ပံပညာ တိုးတက်ရေးနှင့် ငွေရင်း ရင်းနှီးမြှုပ်နှံမှုတို့အတွက် ဆောင်ရွက်ကြသောကြောင့် ဖြစ်သည်။

**သံသယ**

လူ့အသားမျှင်တို့ကို ထုတ်နုတ်ယူခြင်းသည် ဆေးသုတေသနလုပ်ငန်း အကျိုးအတွက် ဖြစ်သည်။ အမြတ်အစွန်းအတွက် မဟုတ်ဟု လူတို့က နားလည်ခဲ့ကြသည်။ သို့ရာတွင် ဆရာဝန်နှင့် သိပ္ပံပညာရှင်တို့သည် ရှေးမဆွကပင် ဝေါလ်စထရိ စတော့အိတ်ချိန်းသို့ သွားသည်။ အမှတ်တံဆိပ် မှတ်ပုံတင်ရုံးသို့ သွားပြီး မှတ်ပုံတင်သည်။ လူ့ခန္ဓာကိုယ် အစိတ်အပိုင်းတို့ကို ဝယ်ရောင်းလုပ်သော ကုမ္ပဏီတို့၌ အစုထည့်ဝင်ခဲ့ကြသည်။ သုတေသနဌာနတို့ကလည်း သူတို့၏ သုတေသနတွေ့ရှိချက်တို့ကို စျေးကွက်တင် ရောင်းချကြရာ၊ အလွန် အမြတ်အစွန်း ထွက်နေကြသည်။

ထို့ကြောင့် အမြတ်အစွန်းအတွက် မဟုတ်ဘဲ သုတေသန သက်သက်အတွက် သိပ္ပံပညာတိုးတက်ရေးကို ရှေ့ရှုသည်ဆိုသော စကားအပေါ် သံသယ ဝင်လာကြ



BURMESE CLASSIC .com

www.burmeseclassic.com



သည်။ ဆေးပညာအတွက် လိုအပ်သော ခန္ဓာကိုယ် အစိတ်အပိုင်းတို့ကလည်း များသထက် များလာသည်။ သွေး၊ တစ်သျှူး၊ ဒီအင်န်အေ၊ အသည်း၊ နှလုံး၊ အရေပြား၊ အရိုး၊ ဆဲလ် စသော ခန္ဓာကိုယ်အစိတ်အပိုင်းမျိုးစုံ၊ သုက်ရည်နှင့် မျိုးဥမျိုးစုံနှင့် အခြား မျိုးရိုးဗီဇပစ္စည်းတို့ ဖြစ်ကြသည်။

**ပစ္စည်းလား**

သို့ဖြင့် လူ၏ ခန္ဓာကိုယ်သည် သတ္တုသိုက်လို ဖြစ်လာသည်။ ခန္ဓာကိုယ် အစိတ်အပိုင်း ရှာသူ၊ ပျိုးယူသူ၊ ပွားယူသူတို့ကလည်း အသေ၊ အရှင် မခွဲခြားဘဲ နှစ်မျိုးစလုံးမှ ရှာဖွေ စုဆောင်းကြလေရာ ခန္ဓာကိုယ် အစိတ်အပိုင်း ရှာပုံတော်သည် မိုင်းတူးသလို တူးနေပုံပင် ရလာတော့သည်။

ဤတွင် ပြဿနာတစ်ရပ် ပေါ်လာသည်။ လူ့ခန္ဓာကိုယ်သည် လည်းကောင်း၊ ယင်း၏ အစိတ်အပိုင်းတို့သည် လည်းကောင်း ပစ္စည်း(property)သဘောအသွင် ရောက်ရှိသွားပြီလော။ ကုန်စည်၊ အက်ဆက်တို့နှင့် တူသွားပြီလော။ အိန္ဒိယတွင် ကျောက်ကပ်ကို ရောင်းစားကြသည်ဟု ကြားဖူးသည်။ မိမိခန္ဓာကိုယ်ကို ဆေးကျောင်းသို့ လှူဒါန်းကြသည်ကိုလည်း မကြာခဏ ကြားရသည်။ ခန္ဓာကိုယ် အစိတ်အပိုင်း တစ်ရပ်ရပ်ကို အခြားလူနာတစ်ဦး အစားထိုး ကုသရန်အတွက် လှူဒါန်းကြသည်တို့ကိုလည်း ကြားဖူးသည်။

ယခု လူ့ခန္ဓာကိုယ်သည် ပစ္စည်းသဘော သက်ရောက်လာသည်။ ဇီဝတက္ကနိုလိုဂျီ ထွန်းကားလာသည်နှင့်အမျှ အလွန် မြန်ဆန်လာပြီ။ ဒီအင်န်အေကြည့်ပြီး ဘယ်သူ မိဘအစစ်ကို စစ်ဆေးနိုင်ခြင်း၊ ဒီအင်န်အေကြည့်၍ ရှေးဟောင်း လူသေကောင်တို့ကို အမှတ်အသား ဖော်ထုတ်နိုင်ခြင်း၊ ရာဇဝင်လူဆိုးတို့ကို ဒီအင်န်အေဖြင့် မှတ်တမ်းတင်နိုင်ခြင်း စသည့် စွမ်းဆောင်ရည်တို့ကို ဇီဝတက္ကနိုလိုဂျီ နည်းပညာတို့က အလွန်လျင်မြန်စွာ မွေးထုတ်ပေးနေချေပြီ။ ဤသို့ ဖြစ်လာလေလေ၊ လူ့ခန္ဓာကိုယ်နှင့် အစိတ်အပိုင်းတို့သည်လည်း ပစ္စည်း(property) ဖြစ်လာလေလေ ဖြစ်တော့သည်။ ပစ္စည်းခန်းရောက်ပြီဟု ဆိုသည်နှင့် ဈေးကွက်ဝင်လေပြီ။ Marketable ဟု ပြောရမည်။ ပြောင်းလဲနိုင်ခွင့် ရှိပြီ။

ခန္ဓာကိုယ် ဈေးကွက်ဝင်ကုန်စည်သဘော ဖြစ်လာသည်ကို မနှစ်မြို့သူတို့က ဘုမသိ ဘမသိ ထကန့်ကွက်ကြသည်။ သို့သော် အချို့သောနိုင်ငံတို့၌ ပြည့်တန်ဆာလုပ်ငန်းကို တရားဝင်ခွင့်ပြုသည်မှာ ကာယကံရှင်တို့ သဘောတူညီလျှင် လူ့ခန္ဓာကိုယ်ကို ရောင်းချပိုင်ခွင့်၊ ဝယ်ယူနိုင်ခွင့်ရှိသည်ဆိုသော အချက်အပေါ် အခြေခံထားကြောင်း သိရှိသောအခါ သူတို့ တွန့်သွားကြသည်။



BURMESE CLASSIC .com

www.burmeseclassic.com



**ခန္ဓာကိုယ်၏ ဂုဏ်သိက္ခာ**

ခန္ဓာကိုယ်သည် ပစ္စည်းဖြစ်လာသောအခါ ခန္ဓာကိုယ်၏ ဂုဏ်သိက္ခာ (integrity of body)ကိစ္စသည် အဘယ်သို့ ဖြစ်သွားသနည်းဟု စစ်ကြောကြည့်ကြသည်။ ခန္ဓာကိုယ်၏ ပစ္စည်းဖြစ်မှု(body property)သည် ဈေးကွက်တန်ဖိုးအပေါ် မူတည်ရတော့မည် ဖြစ်သည်။ သို့သော် ခန္ဓာကိုယ်၏ ဂုဏ်သိက္ခာသည်မှု ဈေးကွက်တန်ဖိုးအပေါ် အခြေခံခြင်း မရှိစေရေး၊ လူ့ကျင့်ဝတ်၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့် ကိုယ်ရေးသုံးသပ်ချက်တို့ပေါ်တွင် အခြေခံသင့်သည်ဟု စာအုပ်ရေးသူတို့က အကြံပြုသည်။

၎င်းတို့နှစ်ဦးကပင် ခန္ဓာကိုယ်အကြောင်း လူမှုရေးပိုင်းအရ နားလည်ခြင်း (social understanding of body)နှင့် ဇီဝဗေဒ တက္ကနိုလိုဂျီ တိုးတက်မှု၏ ပန်းတိုင်(Bio-technological goals)တို့သည် ဝိရောဓိဖြစ်လာပြီဟု ထောက်ပြပြီးသကာလ ခန္ဓာကိုယ်ကို ဈေးကွက်မှ သီးခြားခွဲခြားထားရန်(sequestering the body from the market)ပြဿနာတို့ သိထားသည်။

သူတို့၏ မဟာဗျူဟာသည် ကိုယ်ခန္ဓာကို ပစ္စည်း(property)အဖြစ်မှ ပြန်ခွာရေး မဟုတ်ပေ။ ကိုယ်ခန္ဓာ ပစ္စည်းလက္ခဏာဆောင်လာခြင်းသည် ရှောင်လို့မရတော့ပြီ။ ပြန်ခွာလို့မရ။ ပိုပြီး နားလည်အောင်လုပ်ရေးသည်သာ အခြေဟု ကျယ်ကျယ်ပြန့်ပြန့် ပြောပြကြသည်။ ဝေဖန်သူတို့က သူတို့၏အဖြေသည် ကိုယ်ခန္ဓာကို ပစ္စည်းအဖြစ် အကာအကွယ်ပေးရေးတွင် ဖောင်းပေးထားလွန်းသည်။

အမှန်စင်စစ် ကိုယ်ခန္ဓာ၏ဂုဏ်သိက္ခာ ကာကွယ်ရေးကိုအခြေခံပြီး ဇီဝတက္ကနိုလိုဂျီ၏ ထိုးဖောက်အောင်မြင်မှုကို ချဉ်းကပ်အပ်သည်ဟု ထောက်ပြကြသည်။ မည်သို့ပင်ဖြစ်စေ ကိုယ်ခန္ဓာအစိတ်အပိုင်းတို့၏ ဈေးနှုန်းမှာပေါဟန်ရှိ၍ ဘော်ဒီဘဇားဟု စာအုပ်ရေးသူတို့က ဤစကားကို အသုံးပြုထားဟန်တူသည်။ ■

*Ref: IHT*

**ဈေးကွက်ဂျာနယ်၊ အမှတ် ၂၂၃။**

www.burmeseclassic.com

# ရှက်နစိမ်း

**အညွှန်းနှစ်သောင်း**

စီးပွားရေးအခြေအနေကို အကဲခတ်နည်း များစွာရှိပါသည်။ ပညာရှင်တို့က သက်ဆိုင်ရာ သီအိုရီတို့အလိုက် အညွှန်း(index)တို့ကို အသုံးပြုကြသည်။ အညွှန်းဆိုသည်မှာ အချိုးအစား(ratio)တို့ များသည်။ GDP နှင့် ငွေကြေးပမာဏ အချိုး၊ GDP နှင့် ရင်းနှီးမြှုပ်နှံမှုအချိုး စသည်ဖြင့် အချိုးပေါင်းစုံတို့ကို ရှာဖွေကြံဆပြီး ဤအချိုးတို့နှင့်ချိန်ထိုး၍ စီးပွားရေးအခြေအနေ ဘယ်လိုဖြစ်နေသည်၊ မည်သည့်အရပ် ဦးတည်ပြောင်းလဲနေသည် စသည်တို့ကို အကဲခတ်ကြသည်။

အမေရိကန်ဗဟိုဘဏ်(Fed)တွင် တီထွင် ကြံဆထားသော အညွှန်းပေါင်း ၂၀,၀၀၀ ကျော်ရှိသည်ဟု သိရသည်။ အချို့ အညွှန်းတို့လည်း ခေတ်မမီ၍ စွန့်ပစ်ကြရသည်။ အချို့ အညွှန်းတို့ကလည်း အရေးပါမှုသိပ်မရှိ၍ ဒီအတိုင်း သိမ်းထားရသည်။ အသုံးဝင်၍ ထက်ထက်မြက်မြက်ရှိသည်ဆိုသော အညွှန်းတို့ကလည်း ကာလတစ်ခုနှင့်တစ်ခု မတူကွဲပြား ခြားနားနေတတ်သည်။ မည်သို့ပင်ဖြစ်စေ ဤအညွှန်းတို့ကို အခြေအနေအလိုက် ထုတ်သုံးစွဲရန် အဆင်သင့်ထားသည်။

မရိုးနိုင်သောအညွှန်းမှာ စီပီအိုင်(CPI) ခေါ် စားသုံးသူ ကုန်ဈေးနှုန်းအညွှန်း ဖြစ်သည်။ ဤအညွှန်းသည် အင်ဖလေးရှင်းကို တိုင်းထွာရာ၌ အလွန်ထိမိသည်။



BURMESE CLASSIC .com

www.burmeseclassic.com



လွယ်လည်း လွယ်သည်။ ဤ အညွှန်းတစ်ခုတည်းကို ထီးထီးကြီးသုံးလို့လည်း ဘာကိုပြောမှန်း ပြည့်ပြည့်စုံစုံ မသိနိုင်။ ထို့ကြောင့် အခြားအညွှန်း လေးငါးခုနှင့် တွဲပြီး သုံးကြည့်ကြရသည်။

ဤသည်တို့ကား ပညာရှင်တို့အသုံးပြုသော အညွှန်းအကြောင်း အတိုကောက် ပေတည်း။ ယခု နယူးယောက်တိုင်းမ် သတင်းစာကြီး၏ ဝန်ဆောင်မှုဌာနက တစ်မျိုးထွင်သည်။ ဤနည်းကို အရပ်ထဲ လိုက်လံစုံစမ်းပြီး စီးပွားရေး အခြေအနေကို အကဲခတ်ကြည့်သောနည်းဟု အကြမ်းအားဖြင့် ပြောမည်ဆိုလျှင် ပြောလို့ရသည်။ အရပ်ထဲ ပြောကြ၊ ဆိုကြသော ပုံပြင်တို့ဖြင့် အကဲခတ်သော နည်းကို anecdotal ဟု ခေါ်သည်။

ဤနည်းကို ယခုအခါ အမေရိကန်နှင့် ဂျပန်တို့တွင် ပို၍ တွင်တွင်ကျယ်ကျယ် အသုံးပြုလာကြသဖြင့် ပညာခန်းပါသော အညွှန်းကြီးတို့ဖြင့် ခမ်းခမ်းနားနား အကဲခတ်ခြင်းထက်ပို၍ ဤနည်းက အမှန်နှင့် နီးစပ်ပုံရနေသည်။

**ပလေယာတွေ**

ယခုခေတ် ပြောနေကျစကားနှင့် ပြောရလျှင် စီးပွားရေး players တွေ ဘယ်လိုမြင်ကြသလဲ၊ ဘယ်လို ခံစားကြသလဲ၊ ဘယ်လို ပြုမူတုံ့ပြန်ကြသလဲ ဆိုသော အရပ်စုံစမ်းမှုကို ပို၍ပြုလုပ်လာကြသည်ဟု ဆိုရမည်။ ပလေယာတို့ကိုလည်း တစ်မျိုးတစ်စားတည်း မထား။ အလွှာစုံအောင်၊ အထပ်စုံအောင် ထားသည်။ ဥပမာ (၁) စားသုံးသူ၊ (၂) အိမ်ထောင်ရှင်မ၊ (၃) ရင်းနှီးမြှုပ်နှံသူ၊ (၄) ဈေးရောင်းသူ၊ (၅) ကုမ္ပဏီမန်နေဂျာများ စသည်ဖြင့် ပလေယာတို့ကို အစုံ ခွဲခြားနိုင်သည်။

သူတို့ဆီမှာတော့ executives တို့ဆိုပြီး ခေါ်သည်။ ကုမ္ပဏီအသီးသီးမှ ထိပ်တန်းအရာရှိတို့ကို ဆိုလိုသည်။ ဒီမှာ မန်နေဂျာများလို့ ပြောလျှင် နားလည်သည်။

မကြာသေးမီက နယူးယောက်တိုင်းမ် သတင်းစာက အမေရိကန် စီးပွားရေး အခြေအနေကို အကဲခတ်ပြရန် မန်နေဂျာတစ်ဒါဇင်လောက်ကို ဗျူးသည်။ ဤ မန်နေဂျာတို့က သီအိုရီကြီးတွေ မပြောပါ။ အညွှန်းတွေလည်း မပြောပါ။ အရပ်ထဲ လက်ငင်း ကြုံတွေ့ရသော ဘဝအခြေအနေတို့ကို ပြောပြကြသည်။ မြည်းစမ်းကြည့်ရအောင်။

အဒုတ်စစ္စတန်၏ မန်နေဂျာဖြစ်သူ ဘရုဖ်ချီဇင်က 'ကျွန်တော်က မြို့တကာ လျှောက်သွားနေရတဲ့သူဆိုတော့ တက္ကစီကားတွေကိုလည်း ကြည့်တယ်။ တက္ကစီ စခန်းတွေမှာ ကားတွေ ရပ်ထားတာရှည်ရင် အခြေအနေ သိပ်မကောင်းဘူး။



BURMESE CLASSIC .com

www.burmeseclassic.com



ညနေပိုင်း မြို့ထဲ ခရီးအသွားအလာကိုလည်း ကြည့်တယ်။ အသွားအလာ ကျဲသလား၊ ထူသလားပေါ့။ တစ်နည်းပြောရရင် စားသောက်ဆိုင်တွေ၊ ကာရာအိုကေဆိုင်တွေ၊ ဘားဆိုင်တွေနဲ့ အခြား အပျော်အပါး မြူးတူးစရာနေရာတွေမှာ လူတွေတိုးသလား၊ ရှင်းသလား။ မတိုးဘူး၊ ချောက်ကပ်နေသလား။ တိုးရင်လည်း ဘယ်လောက်တိုးတွေ့သလဲ ဆိုတာတွေကိုလည်း ကြည့်တယ်။

ကျွန်တော် ဂျပန် ရောက်သွားတယ်။ ကာရာအိုကေဆိုင်မှာ လူရှင်း နေသလား။ စားသောက်ဆိုင်ထဲဝင်ရတာ လွယ်သလား၊ မလွယ်ဘူးလား ကျွန်တော် ကြည့်တယ်’

## စင်းလုံးငှားနဲ့ ကြိုတင်လက်မှတ်

ချီဖင်ကပင် ဆက်လက်ပြီးပြောသည်မှာ ‘ကျွန်တော်က မနက်တိုင်း ပြေးတယ်ဗျ။ လမ်းတစ်လျှောက်မှာ ရောင်းရန်ဆိုင်းဘုတ်တပ်ထားတဲ့ အိမ်တွေဟာ နှစ်ဆ၊ သုံးဆတိုးလာတာ တွေ့နေရတယ်။ ရောင်းရန်ဆိုင်းဘုတ်တွေကို တွေ့ရုံတင်မကဘူး၊ ကျွန်တော့်အနေနဲ့ ပထမဦးဆုံးလို့ဆိုရမယ့် ဈေးလျှော့ရောင်းမယ်ဆိုတဲ့ ဆိုင်းဘုတ်တွေပါ တွေ့နေရတယ်’

ဖို့ဒ် မော်တော်ကားကုမ္ပဏီကြီး၏ မန်နေဂျာ ဂျက်ကက်နက်ဆာက ‘ကျွန်တော် ကတော့ အငှားယာဉ် ဟတ်ဇ်မော်တော်ကားတွေကို ကြည့်တယ်။ ကြည့်တယ်ဆိုရာမှာ ဟတ်ဇ်အငှားကားဟာ စီးပွားရေးအတွက် စီးတာရှိသလို၊ ဖိမ်ခံဖို့ စီးတာလည်း ရှိတယ်။ အဲဒီ နှစ်ဖက်စလုံးကို ကျွန်တော် အကဲခတ်တယ်။ စင်းလုံးကားငှားမှု အခြေအနေကိုကြည့်ပြီး စီးပွားရေးလောကရဲ့ ခံစားမှု(business sentiment)ကို ကျွန်တော် အကဲခတ်ကြည့်တယ်’

ဒဲလ်တာအဲယားလိုင်းမှ လီအိုမူလင်းကမူ သူတို့ကုမ္ပဏီအနေနှင့် ခရီးသည် အစီးနည်းသွားကြောင်း၊ ခေါက်ရေဆွဲရတာကနည်း၍ အမြတ်မာဂျင်လည်း ကျဆင်းသွားကြောင်း ပြောဆိုပြီးနောက် အနာဂတ်စီးပွားရေးအပေါ် ခန့်မှန်းပုံကို ဤသို့ပြောပြသည်။

‘ကျွန်တော်တို့ကတော့ ကြိုတင်လက်မှတ်ဝယ်တဲ့ အခြေအနေ (advance booking)ကို ကြည့်ပါတယ်။ ကြိုတင်လက်မှတ် အဝယ်များလာရင် စီးပွားရေး ပြန်ဦးမော့လာတယ်လို့ ကျွန်တော်က ယူဆတယ်။ အဲဒီ ကြိုတင်လက်မှတ်ကို ကျွန်တော်က မဟာအညွှန်း(great index)အထိတော့ မခေါ်ချင်ပါဘူး။ ဒါပေမယ့် လာမယ့်လတွေအတွက်ကတော့ ဒါဟာ အတော့်ကိုကောင်းတဲ့ အညွှန်း ကောင်းဗျ။ စီးပွားရေးကိုယ်တိုင်က ကိုယ့်ကိုယ်ကိုယ် ဘာဖြစ်နေမှန်းသိမှ ကောင်းတာဗျ။ ဒီလိုသိရင်လည်း ရတ်ချည်းသိတာမျိုး ဖြစ်တတ်တယ်။ ဘာပဲပြောပြော



BURMESE CLASSIC .com

www.burmeseclassic.com



ဗျာ၊ ကြိုတင်ဝယ်လက်မှတ် အခြေအနေက တကယ့်ကောင်းမွန်တဲ့ ဘဏ္ဍာရေး အညွှန်းတစ်ခုပါ'

**မန်နေဂျာအညွှန်း**

မိုတိုရိုလာ တယ်လီဖုန်းကော်ပိုရေးရှင်း၏ မန်နေဂျာချုပ် ခရစ္စတိုဖာဂါလ်ဗင်က 'တယ်လီဆက်သွယ်ရေးနဲ့ ဆီမီးကွန်ဒတ်တာ လုပ်ငန်းတွေကတော့ အကျဘက် တကယ်ရောက်နေတာပါ။ ရှေ့အတွက် ကျွန်တော်တို့ ဘယ်အညွှန်းကို မျှော်နေသလဲဆိုတော့ အော်ဒါမှာတဲ့ အညွှန်းကိုပါ။ လွန်ခဲ့တဲ့ သုံးလေးလလောက်က စပြီး ပစ္စည်းအော်ဒါမှာတာတွေ ၁၀ ရာခိုင်နှုန်းနဲ့ ၄၀ ရာခိုင်နှုန်းလောက် ကျဆင်းသွားတယ်။ ဒီကနေ့ဆို အော်ဒါမှာတာ မရှိသလောက်ပဲ။ နဂ္ဂတစ်တောင် ဖြစ်နေပြီ။ စက်ရုံဂိုဒေါင်ထဲ ပစ္စည်းတွေပိုလျှံနေပြီး အပုံလိုက် ဖြစ်နေပြီ။ အင်း ... ကျွန်တော်တို့အဖို့က အော်ဒါမှာတဲ့စာကပဲ တကယ့်အညွှန်း ဖြစ်နေပါပြီဗျာ'တဲ့။

အထက်ဖော်ပြပါ မန်နေဂျာကြီးတို့သည် လက်တွေ့ဘဝ၌ သူတို့ တွေ့နေရသော မြင်ကွင်းရှုခင်းနှင့် အရပ်ထဲတွေ့ရသော အခြေအနေတို့ကို ပေါင်းစပ်အခြေခံပြီး စီးပွားရေးအခြေအနေကို အကဲခတ် တင်ပြထားကြသည်။ နောက်တစ်ဆင့်၌ သူတို့မျှော်လင့်သည့်အရာမှာ ဗဟိုဘဏ်က ဤအခြေအနေတို့ကို ဘယ်လို ပြန်လည် တုံ့ပြန်မလဲ(interact)ဆိုသောအချက် ဖြစ်နေသည်။

နယူးယောက်တိုင်းမ် သတင်းစာကြီးက မန်နေဂျာတို့ကို ရွေးဗျူးရာတွင် အကြောင်းတစ်ချက် ရှိပါသည်။ ဤအကြောင်းမှာ အမေရိကန်ဗဟိုဘဏ်က purchasing managers indices ခေါ် 'မန်နေဂျာတို့အဝယ်ညွှန်း'ကို အဓိကသော့ချက်အနေဖြင့် အသုံးပြုနေသောကြောင့် ဖြစ်သည်။ မန်နေဂျာတို့က ပစ္စည်းဝယ်သလား၊ မဝယ်ဘူးလားအညွှန်းသည် အလွန်အရေးကြီးပုံရသည်။

မန်နေဂျာတို့က အထက်ဆိုခဲ့ပါအတိုင်း အရပ်ထဲ အတွေ့အကြုံနှင့် အရပ်စကားတို့ကို မှီးပြီး အကဲခတ်ခြင်းကို ဂျပန်တွင် ခေတ်စားသော လက်ဖက်ခြောက်ရွက်နုစိမ်းတို့ ဖန်ခွက်ထဲရစ်ခွေ၍ ကျသွားပုံကိုကြည့်ပြီး ဟောစာတမ်းပြောပုံနှင့် နှိုင်းယှဉ်တင်စား ပြောကြသည်။ ■

*Ref: IHT*

**ဈေးကွက်ဂျာနယ်၊ အမှတ် ၂၂၄။**



BURMESE CLASSIC .com

www.burmeseclassic.com

# ဒေါ်လာမှာ နိဂုံးချုပ်မလား

**ရိုးရိုးစင်းစင်းမေးခွန်း**

ဘယ်လိုပဲပြောပြော ငွေအသပြာသည် လူတို့၏ သည်းခြေကြိုက် ဖြစ်လေသောအခါ သူ့တန်ဖိုးအကြောင်းကို လူတိုင်းက စိတ်ဝင်စားကြသည်။ ခေတ်ပြောင်းလာသည့်အတွက် မိမိနိုင်ငံ၏ ငွေကြေးတန်ဖိုး အကြောင်းကိုသာမက သူများနိုင်ငံ၏ ငွေကြေးတန်ဖိုးတို့ အကြောင်းကိုလည်း စိတ်ဝင်စားလာကြကုန်သည်။ ခပ်ရှင်းရှင်း ပြောရလျှင် ဒေါ်လာဈေးကို လူတို့ အထူးတလည် စိတ်ဝင်စားကြသည်။

စီးပွားရေးတွင် စိတ်တွက်တွေ အများကြီးလုပ်ကြရသည်။ စိတ်တွက်တွက်ပြီး ဘာဖြစ်နိုင်မလဲဟု အမျိုးမျိုး ခန့်မှန်းကြည့်ကြသည်။ Forecasts များဟုခေါ်သည်။ ဤသို့ စီးပွားရေးခန့်မှန်းမှုတို့ထဲတွင် ငွေလဲလှယ်ရေးနှုန်း ခန့်မှန်းမှု (exchange rate forecast)သည် အခြား စီးပွားရေးကိန်းရှင် (macro-economic variables)များကို ခန့်မှန်းမှုထက် ပို၍ ရှုပ်ထွေး၊ ပို၍ ခက်ခဲသည်ဟု ပြောလာကြသည်။

ထို့ကြောင့်လည်း ဤ နိုင်ငံခြားငွေ လဲလှယ်ရေးနှုန်း လောကကို weird လောက၊ Bizarre လောကဟု သမုတ်ကြသည်။ သဘာဝမဆန်၊ အလွန်ထူးဆန်း၊ ဓမ္မတာမဟုတ်၊ အလွန် ကမောက်ကမနိုင်သော လောကဟု ဆိုလိုခြင်း ဖြစ်သည်။ ယခု လောလောဆယ်၌ပင် ဒေါ်လာတန်ဖိုးနှင့် ပတ်သက်ပြီး အလွန် သဘာဝမဆန်၊ ကိုးရိုးကားရားလက္ခဏာ ဖြစ်ထွန်းနေပြီ။ ခိုင်မာ တောင့်

www.burmeseclassic.com



တင်းသည်ဟုဆိုသော ဒေါ်လာ(strong dollar)ခေတ် နိဂုံးချုပ်ရန် အစပျိုးလာပြီလောဟူ၍ ငွေကြေးပါရဂူတို့က စတင်သုံးသပ်လာကြသည်။

မေးခွန်းက ရိုးရိုးစင်းစင်းလေး ထုတ်ကြသည်။ သိကြသည့်အတိုင်း အမေရိကန် စီးပွားရေးသည် ကျဆင်းနေသည်။ ကုန်ချော ထုတ်လုပ်သောလုပ်ငန်း၊ အခြား ထုတ်လုပ်သောလုပ်ငန်း၊ စီးပွားရေးတစ်ခုလုံး အကျဘက်ယိုင်နေသည်။ စတော့ရှယ်ယာ ဈေးနှုန်းတို့ကား ဆိုဖွယ်ရာမရှိ။

ဤသို့ အမေရိကန် စီးပွားရေးက ကျဆင်းနေပါလျက် အမေရိကန်ဒေါ်လာက အဘယ်ကြောင့် တန်ဖိုးတက်နေရသနည်း။ မေးခွန်းက ရိုးရိုးလေးဖြစ်ပါသည်။

## ဒေါ်လာဝယ်လိုအား

အမေရိကန်ဒေါ်လာ ခိုင်မာမှုကို သမ္မာကျမ်းစာထဲမှ(Levitating) ဆိုသော စကားနှင့်ပင် တင်စားပြီး ပြောရလောက်အောင် ဖြစ်နေသည်။ အလွန် ခွန်အားကြီးမားသော ပင်လယ်သတ္တဝါကြီးဟု အဓိပ္ပာယ်ထွက်သည်။ ပါမောက္ခ ရပ်မင်က Levitating Dollar ဟု သုံးသည်။

ယခု ဤအသုံးအနှုန်းအပေါ် သံသယဝင်လာကြသည်။ အကြောင်းမူ အထက်တွင် ဆိုခဲ့သည့်အတိုင်း အမေရိကန်စီးပွားရေးသည် အကျဘက်ယိုင်နေသည်ကို ထောက်ချင့်၍ဖြစ်သည်။ ၂၀၀၂ ခုနှစ်၊ ဇန်နဝါရီလတွင် ဥရောပငွေကြေး(Euro) ကို ဥရောပသမဂ္ဂဝင် နိုင်ငံအားလုံး၌ စတင်သုံးစွဲတော့မည် ဖြစ်သည်။ ယူရိုငွေစက္ကူနှင့် အကြွေတွေ စတင်ဖြန့်တော့မည် ဖြစ်လေရာ မိမိတို့နိုင်ငံအလိုက် ငွေကြေးတို့နှင့် လူတွေက လဲလှယ်ကြရတော့မည် ဖြစ်သည်။ ဥပမာ၊ ဂျာမန်တို့က သူတို့၏ မတ်ငွေတို့ကို ယူရိုနှင့် လဲလှယ်ကြရတော့မည် ဖြစ်သည်။ ဤနေရာ၌ပင် အထက်တွင် ဖော်ပြခဲ့သောစကားလုံး weird ကို သုံးစွဲရန် ဖြစ်ပေါ်လာသည်။ သဘာဝမဟုတ်၊ ကိုးရိုးကားရားကို စတွေ့နိုင်ပြီ။

စီစဉ်ထားသည့်အတိုင်းဆိုလျှင် ဥရောပတိုက်သားတို့သည် လာမည့် ဇန်နဝါရီလ တစ်ရက်နေ့၌ မိမိတို့၏ငွေကြေးတို့ကို ယူရိုဖြင့် ပျော်ပျော်ပါးပါး လဲလှယ်ကြလိမ့်မည်ဟု ခန့်မှန်းထားသည်။ ယခု ဤခန့်မှန်းထားချက်သည် စင်းလုံးချောဖြစ်ရန် အလားအလာ သိပ်မရှိသလို တွေ့လာသည်။ ယိုပေါက်တွေ စတွေ့နေကြပြီ။

ဤယိုပေါက်ကို ဘယ်နေရာ၌ စတွေ့နေသနည်းဆိုသော် ဒေါ်လာနှင့်ယူရို ပေါက်ဈေးတွင် တွေ့နေကြခြင်းပင် ဖြစ်သည်။ သာမန်ပြောလျှင် အမေရိကန် စီးပွားရေး ကျဆင်းလျက် ဒေါ်လာတန်ဖိုးသည် ယူရိုနှင့်နှိုင်းယှဉ်လျက် ကျဆင်းနေမည်သာ ဖြစ်သည်။ ယခု ဤသို့မဟုတ်။ ယူရိုငွေစက္ကူနှင့် အကြွေတို့ကို ဥရောပတစ်ခွင်၌ စတင်သုံးစွဲတော့မည့် ဇန်နဝါရီလနှင့် နီးကပ်လာလေ၊



BURMESE CLASSIC .com

www.burmeseclassic.com



ဒေါ်လာတန်ဖိုးက ဥရောပတွင် တက်လာလေ ဖြစ်နေသည်။ အမေရိကန်ဒေါ်လာ ဆင့် ၉၀ နှင့် ယူရိုတစ်ဒေါ်လာ ညီမျှနေသည်။

ဥရောပ၌ ဒေါ်လာတန်ဖိုးတက်လာသည်မှာ ဒေါ်လာကို ဝယ်လိုအား (demand for dollar) မြင့်တက်လာသောကြောင့် ဖြစ်သည်။ အမေရိကန် စီးပွားရေး ကျဆင်းနေပါလျက် ဘာကြောင့်များ အမေရိကန်ဒေါ်လာကို ပို၍ လိုချင်နေကြပါသနည်း။ ကမောက်ကမမှ တကယ့် ကမောက်ကမ ဖြစ်၏။

**ဇာတ်လမ်းနှစ်ပုဒ်**

တစ်ခုခုတော့ မှားနေပြီ။ စင်စစ်အားဖြင့် ဒေါ်လာမှနေ၍ ယူရိုဆီသို့ ရွှေ့ပြောင်းကြရမည် ဖြစ်သော်လည်း ယခုမူ ယူရိုမှနေ၍ ဒေါ်လာဆီသို့ (from Euros to Dollars) ပြောင်းပြန် ရွှေ့ပြောင်းနေကြသည်။ ဘယ်သူတွေက ရွှေ့ပြောင်းနေကြသနည်းဟု ခြေရာခံကြည့်သောအခါ ဂျာမန် ဘောဂဗေဒပညာရှင် ဟင်နာဝါဆင်က ဇာတ်လမ်းနှစ်ပုဒ်ကို စိတ်ဝင်စားဖွယ် ပြောပြသည်။

**ပထမဇာတ်လမ်း**

လူဆိုးတွေက ဥရောပငွေတွေကို ဒေါ်လာနှင့် လဲပစ်ကြတော့မည်။ ဂျာမန်မတ်ငွေ လက်ဆွဲအိတ်ကြီးတစ်လုံးရှိသူသည် ဘယ်ကရတဲ့ငွေလဲဟု မမေးသောဘဏ်တိုက်တစ်တိုက်ထဲ အလွယ်တကူ ဝင်သွားပြီး ဒေါ်လာနှင့် လဲပစ်နိုင်သည်။ သို့တည်းမဟုတ် ဇန်နဝါရီလ ၁ ရက်နေ့တွင် ဘဏ်တိုက်ထဲဝင် လက်ဆွဲအိတ်တွင် ပါလာသည့် မတ်ငွေတို့ကို ယူရိုငွေအသစ်ဖြင့် လဲပေးပါဟု လဲလှယ်လိုသူတို့သည် ယခုကတည်းက မတ်ငွေကိုင်ထားမည့်အစား ဒေါ်လာကို ကိုင်ထားသည်က ပိုလို့ အကျိုးရှိဖို့ များနေသည်။

**ဒုတိယဇာတ်လမ်း**

အရှေ့ဥရောပမှ အပြစ်မဲ့သည့် ပြည်သူလူထုက ယူရိုနှင့် အခြား ဥရောပငွေကြေးတို့မှ လမ်းခွဲထွက်ပြီး ဒေါ်လာဘက် ရွှေ့လာကြဖို့ ရှိသည်။ အကြောင်းမူ အရှေ့ဥရောပ၏သမိုင်းတွင် ကြေကွဲဖွယ်ရာတို့ကို တစ်ပြုံတစ်မကြီး ကြုံတွေ့ခဲ့ရဖူးသဖြင့် အစိုးရနှင့် ဘဏ်တို့အပေါ် အယုံအကြည် နည်းနေကြသောကြောင့် ဖြစ်သည်။ မရေရာသော သူတို့စီးပွားရေးတွင် စိတ်အချရဆုံး ကစားခြင်း(to play safe) ဆိုသော သဘာဝကို ပိုပြီး ကျင့်သုံးမည့်လက္ခဏာ ရှိသည်။ ဖျာအောက်၌ ဒေါ်လာငွေတွေ သိမ်းဆည်းထားတာက ပိုလို့ ကောင်းလိမ့်မည်ဟု ထင်မှတ်စရာရှိသည်။

ဤဇာတ်လမ်းနှစ်ပုဒ်ကို ပြောပြသူ ဂျာမန် ဘောဂဗေဒပညာရှင်က ကမ္ဘာကျော် ငွေကစားသူ ဂျော့ဆိုရော့ ဘယ်ရောက်နေသလဲဟု မေးသည်။ ယခု



BURMESE CLASSIC .com

www.burmeseclassic.com



ငွေကြေးအပြောင်းအလဲ စပ်ကူးမတ်ကူးကာလ၌ ငွေဈေး ကစားသူတို့အတွက် အကွက်ကောင်းပင်ဖြစ်သည်ဟု ဆိုလိုပုံရသည်။

မည်သို့ပင်ဖြစ်စေ ဒေါ်လာကိုင်ထားသူတို့က တစ်နေ့နေ့တွင် 'ဝိုင်လ်အီ ကိုယုတ်'လုပ်သလို မလုပ်ဘူးဟု မဆိုနိုင်ကြောင်း ပေါလ်ကရပ်မင်က ထောက်ပြသည်။ ငွေစက္ကူအပုံကြီးကို ငုံ့ကြည့်။ ဤငွေစက္ကူတို့၌ ဘာမျှ ကျောထောက်နောက်ခံ မရှိကြောင်းကို တွေ့။ သို့ဖြင့် ငွေစက္ကူတို့ကို တန်ဖိုးစိုက်ဆင်းအောင် ထိုးရောင်းထုတ်ကြ ဟူသတည်း။

## ဆန့်ကျင်တာဝန်နှစ်ပါး

ဒေါ်လာတန်ဖိုး ထိုးကျခြင်းသည် ကြေကွဲစရာဇာတ်လမ်းတော့ မဟုတ်။ အမေရိကန် ပြည်ထောင်စု ဗဟိုဘဏ်၏တာဝန်သည် ခိုင်မာသော ဒေါ်လာ (strong dollar)ကို ထိန်းသိမ်းရေး မဟုတ်ပေ။ ခိုင်မာသော စီးပွားရေး(strong economy)ကို ထိန်းသိမ်းရေးသာဖြစ်သည်။ ဤတာဝန်နှစ်ရပ်သည် အတူတူ မဟုတ်ပေ။ တစ်ကွဲတစ်ပြားစီ ဖြစ်သည်။ ဆန့်ကျင်ဘက်ပင် ဖြစ်သည်။

ခိုင်မာသော ဒေါ်လာကို ကြိုးပမ်းလျှင် ခိုင်မာသော စီးပွားရေးကို မဖြစ်ထွန်းပေ။ ကျတောင် ကျဆင်းသွားနိုင်သည်။ ခိုင်မာသော စီးပွားရေးကို ဖြစ်ထွန်းရန် အလို့ငှာ အားပျော့သော ဒေါ်လာကို တမင်ဖန်တီးပေးရန်ပင် လိုအပ်တတ်သည်။

အမေရိကန် စီးပွားရေးသည် ယခုအခါ အားပျော့ ကျဆင်းနေသည်။ ပြန်ပြီး မော့မတ်လာရန်အလို့ငှာ ဒေါ်လာတန်ဖိုးကို အားပျော့အောင်လုပ်ဖို့ပင် လိုနေသည်။ ထို့ကြောင့် ခိုင်မာသောဒေါ်လာ(era of strong dollar)ခေတ်သည် နိဂုံးချုပ်ရန် နီးလာပြီဟု ပေါလ်ကရပ်မင်က ထောက်ပြခြင်းဖြစ်ဟန် တူသည်။

ယနေ့ ငွေကြေးလဲလှယ်ရေး နှုန်းထားတို့ကိုကြည့်ပြီး အမေရိကန်တို့က ပျာယာခတ်နေ၏။ ဂျပန်တို့ကမူ ကမူးရှူးထိုး ဖြစ်နေသည်။ အမေရိကန်ဒေါ်လာ နှင့် ယူရိုလဲလှယ်ရေးနှုန်းသည် ပဟေဠိ သိပ်ဆန်နေသည်။ မည်သို့ပင်ဖြစ်စေ ငွေကြေး လဲလှယ်ရေးနှုန်းတို့သည် ဝယ်လိုအားနှင့် ရောင်းလိုအား(demand and supply)ပေါ် မူတည်ပြီး ပြဋ္ဌာန်းခြင်းဖြစ်သည်ဟု သီအိုရီကဆိုငြားလည်း ဝယ်လိုအားနှင့် ရောင်းလိုအားဘက်မှ အကြောင်းတရား(factors)တို့သည် ယခုအခါ ဇာတ်လမ်း အလွန် ဆန်နေချေပြီ။ ထို့ကြောင့် သဘာဝမဆန်၊ ကမောက်ကမတို့ကို အများကြီးတွေ့အံ့ဟု ခန့်မှန်းနေကြသည်။ ■

*Ref: Behold the Irreliable Levitating Dollar*
*by Paul Krugman. The New York Time*

**ဈေးကွက်ဂျာနယ်၊ အမှတ် ၂၂၅။**



BURMESE CLASSIC .com

www.burmeseclassic.com

# ကောင်းကင်ဘုံမှာ လက်ထပ်ပြီး

**ဟိုင်ဖင်မစွဲ**

အင်္ဂလိပ်သဒ္ဒါတွင် hypen ဆိုသော ရုပ်တစ်ပါးရှိသည်။ စကားလုံး နှစ်လုံးကို ဆက်ပေးသော မျဉ်းတိုလေးဖြစ်သည်။ ကြားခံမျဉ်း ဖြစ်သည်။ ဥပမာ German-American ဆိုသော စကားမျိုးက ပိုပြီး ကျယ်ပြန့်သော အဓိပ္ပာယ်ဖြင့် ဆက်သွယ်ပေးခြင်း၊ ချိတ်ဆက်ပေးခြင်း၊ ဖက်စပ်ပြုခြင်းတို့ကို ကြိယာအဖြစ် ပြောင်း၍ hyphenation ဟု အသုံးပြုလာကြသည်။ စီးပွားရေးလောကတွင် ဤစကားကို ပို၍ အသုံးများလာကြသည်။ အသုံးများရသည်မှာလည်း အကောင်းအတွက် သိပ်မဟုတ်။ ဆိုးဝါးနေသော အခြေအနေတစ်ရပ်အတွက် ဖြစ်နေသည်။ စိတ်ထိန်းနိုင်ပုံမရသော ရာဟူးဘာဂျတ်က hyphenation doesn't work! ဟု အာမေဍိတ်သံပြု၍ အော်ဟစ် မြည်တမ်းလိုက်သည်။

ရာဟူးဘာဂျတ်သည် အိန္ဒိယစီးပွားရေး စီမံခန့်ခွဲမှုပညာရှင်ကြီး တစ်ဦးဖြစ်၍ သူက အိန္ဒိယကုမ္ပဏီတို့နှင့် နိုင်ငံခြားကုမ္ပဏီတို့ ဖက်စပ်ထူထောင်၍ လုပ်ကိုင်ခဲ့ကြသည့် အခြေအနေအရပ်ရပ်ကို လက်ငင်း သုံးသပ်ကြည့်လိုက်သည်။ ခွာပြဲမှု(divorce)တွေ၊ 'အစေးမကပ်မှု'တွေ၊ အိမ်ထောင်ရေး အဆင်မပြေသဖြင့် အိမ်ထောင်ရေး အကြံပေးတို့နှင့် တိုင်ပင်နေရသည့် အခြေအနေတို့ကို မယုံကြည်နိုင်လောက်အောင် များပြားစွာ တွေ့ရှိလိုက်ရသဖြင့် ဆိုခဲ့ပါအတိုင်း အာမေဍိတ်

www.burmeseclassic.com



ပြုလိုက်ခြင်း ဖြစ်သည်။ သူ့စကားကို မြန်မာလို ဆီလျော်အောင် ဘာသာပြန်ရသော် 'ဖက်စပ် အလုပ်မဖြစ်'ဟူသတည်း။

နိုင်ငံခြား အရင်းအနှီးတို့သည် နိုင်ငံတစ်နိုင်ငံသို့ အရင်းအနှီးဝင်လျှင် (၁) ဂျေဗွီ (JV) ဖက်စပ်နည်းနှင့် (၂) ရာခိုင်နှုန်းပြည့်(100 percent)နည်း။ မိမိတို့ချည်းပိုင်စနစ် နည်းနှစ်နည်းရှိသည့်အနက် တစ်နည်းနည်းဖြင့် ဝင်သည်။ ရာခိုင်နှုန်းပြည့် နည်းလည်း သူ့ဟာနှင့်သူ ပြဿနာတွေရှိကြသကဲ့သို့ ဂျေဗွီနည်းကလည်း ပြဿနာတွေ ရှုပ်ပွထလာသည်။ ယခုကဲ့သို့ စီးပွားရေးတွေ ကျဆင်းချိန်၌ ပို၍ဆိုးဝါးလာပုံရသည်။

## ပထဝီမြေကြီးပေါ် ကျူးပဲ့

နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူတို့သည် ဒေသခံကုမ္ပဏီတို့နှင့် ဖက်စပ် ထူထောင်ရာ၌ ထပ်မံပြီး နှစ်မျိုးရှိပြန်သည်။ ဖက်စပ်ကုမ္ပဏီတို့ကို အမည်ခံအနေဖြင့်၊ မိမိတို့ ကိုယ်စား(surrogate)အနေဖြင့် အသုံးပြု၍ ငွေရင်းထောက်ပံ့ကာ ဒေသခံတို့နှင့် ဖက်စပ် လုပ်ကိုင်ကြသည်။ အချို့ နိုင်ငံခြား ကုမ္ပဏီတို့ကလည်း ကုန်ကြမ်းပေး၊ ကုန်ချောယူသဘောဖြင့် လည်းကောင်း၊ လက်ခစားအဖြစ် လည်းကောင်း၊ ဖရန်ချိုက်စ်(franchise)ကိုယ်စားလှယ်အဖြစ် လည်းကောင်း ဒေသခံတို့နှင့် ဖက်စပ် လုပ်ကိုင်ကြသည်။ ဖက်စပ်လုပ်နည်း အမျိုးမျိုးရှိနိုင်ပါသည်။

မည်သည့်ပုံစံဖြင့် လုပ်လုပ်၊ ပုံစံကျ တရားဝင်ပုံစံဖြင့် လုပ်လုပ်၊ ပုံစံကျမဟုတ်သော တရားမဝင်နည်းဖြင့် လုပ်လုပ် စီးပွားရေးကျဆင်းချိန်တွင် ပါတနာချင်း(ဖက်စပ် လုပ်ကိုင်သူချင်း) အချင်းများလာကြတော့သည်။ ပထမ စခါစကတော့ ရယ်လို့မောလို့၊ ရွှင်လို့ တပြုံးပြုံးပင်။ အိုကေနေခဲ့ကြသည်။ စီးပွားရေးကောင်းစဉ်၌ဆို အရမ်းကို အဆင်ပြေခဲ့ကြဟန် တူသည်။

သို့သော် ကျချိန်ရောက်လာသည်နှင့် ဖက်စပ်ပါတနာချင်း ပူညံပူညံတွေ ဖြစ်လာကြသည်။ ကွဲကြ၊ ပြဲကြ ဖြစ်လာကြသည်။ အိန္ဒိယကဗျာဆရာ ဟာရင်ဒရာ နတ်ချာတိုပါဒေးက ဤမြင်ကွင်းတို့ကိုကြည့်ပြီး ကဗျာစပ်လိုက်သည်။

*'ကောင်းကင်ဘုံမှာလက်ထပ်*

*သို့သော် ... သို့သော်*

*ပထဝီမြေကြီးပေါ်*

*အက်ကွဲကျိုးကျ'*

သူ့ကဗျာကို အိန္ဒိယ စီးပွားရေးစာနယ်ဇင်းတို့က ယခု အတော် ကိုးကားကြသည်။



BURMESE CLASSIC .com

www.burmeseclassic.com



**ဘုတ်ထဲထည့်ချင်**

ကမ္ဘာပေါ်တွင် မော်တော်ကားထုတ်လုပ်မှုက စီးပွားရေး သိပ်မကောင်းပေ။ သို့ရာတွင် မော်တော်ကားအပါအဝင် စက်မျိုးစုံတို့၏ အပိုပစ္စည်း(spare parts) ဈေးကွက်က အလွန်ကောင်းလာသည်။ အိန္ဒိယမှ ဒိပ်အာနန်ဂရုသည် စက် အပိုပစ္စည်း ထုတ်လုပ်မှုလုပ်ငန်းကို ကမ္ဘာ့ထိပ်သီး မော်တော်ကားကုမ္ပဏီနှင့် ဖက်စပ်၊ အပိုပစ္စည်းကုမ္ပဏီတို့နှင့် ဖက်စပ်လုပ်ကိုင်ခဲ့ရာ အအောင်မြင်ဆုံး ဖြစ်နေသည်။

ထိုအချိန်၌ အခြား ထိပ်သီး ကုမ္ပဏီကြီးတို့သည် နိုင်ငံခြား ထိပ်သီးကုမ္ပဏီတို့နှင့် ခွာပြဲနေကြကုန်သည်။ တာတာသည် အိုင်ဘီအမ်ကုမ္ပဏီနှင့် ကွာရှင်းရေး ခွာပြဲလိုက်သည်။ တာတာသည် ဒိုင်မလာ ကော်ပိုရေးရှင်းကြီးနှင့်လည်း နှစ်ဦး သဘောတူ ကွာရှင်းလိုက်သည်။ အာဒီဂျီရတ်ဂျ်သည် ပရိုတာအင်ဂင်ဘယ်နှင့်လည်းကောင်း၊ အိန္ဒိယရုပ်မြင်သံကြား ဇီးသည် ရူးပတ်မားဒေါ့နှင့် လည်းကောင်း ပြတ်စဲလိုက်ကြသည်။ အခြား အိန္ဒိယကုမ္ပဏီတို့နှင့် နိုင်ငံခြား ကုမ္ပဏီကြီးတို့ အခြေအနေမလှ၍ ခွာပြဲလိုက်ကြသည့် သတင်းတို့ကလည်း အလွန်များလာကုန်သည်။

ထို့ကြောင့် စီးပွားရေး စာနယ်ဇင်းတို့က နိုင်ငံခြားနှင့် ဖက်စပ်တွေ ဘာကြောင့် ကွဲကြ၊ ဇာတ်သိမ်းကြရသလဲ။ ဒိပ်အာနန်းဂရုက ထူးထူးခြားခြား နိုင်ငံခြား ကုမ္ပဏီတို့နှင့် ဖက်စပ်လုပ်ကိုင်ရာတွင် ဘာကြောင့် မအောင်မြင်ရသလဲဟု စုံစမ်းကြည့်လာကြသည်။ သူတို့ စုံစမ်းတွေ့ရှိချက်တို့ထဲမှ ရယ်စရာလို့ ထင်ရသော အချက်တစ်ချက်လည်း ပါလာသည်ကို တွေ့ရသည်။

'ကိုယ့်သား၊ ကိုယ့်တူတွေကို ဘုတ်အဖွဲ့ထဲ ထည့်ချင်တာ၊ စီမံခန့်ခွဲခိုင်းချင်တာတွေကြောင့်လည်း နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူတွေနဲ့ကွဲတာ အကြောင်းတစ်ကြောင်း ပါတယ်'ဟု ဒိပ်အာနန်းက ရှင်းပြသည်။

**ကလိန်ကကျစ်ကင်း**

'နိုင်ငံခြားသားက အရင်းအနှီး တစ်ပြုံတစ်မကြီး ယူလာ၊ စက်တွေ၊ ပစ္စည်းတွေ ယူလာ၊ ကျွမ်းကျင်မှုတွေ ယူလာ၊ ဒီကျတော့ ကိုယ်က မအုပ်ချုပ်ရဘဲ တစ်ဖက်ပါတနာက သူ့တူသားတွေကို စီမံမယ်လို့ တင်ပြလာတော့ ဘယ်ရပါ့မလဲဗျ'ဟု အာနန်းက ရှင်းပြသည်။ သူတို့ကုမ္ပဏီတွင် တူသားတို့ကို နေရာမပေး။ စီမံခန့်ခွဲမှုကို သူ့ ကျွမ်းကျင်ရာအလိုက်အပေါ် အခြေခံထားသဖြင့်(professional management)ဖြစ်သဖြင့် နိုင်ငံခြားကုမ္ပဏီတို့က ကြိုက်သည်ဟု ဆိုသည်။ 'အရည်အချင်းနဲ့မဟုတ်ဘဲ ကိုယ်နဲ့နီးစပ်ရာနဲ့ စီးပွားရေးလုပ်လို့ကတော့ နိုင်ငံခြား ကုမ္ပဏီတွေဟာ ဘယ်မျက်စိ ကျပါ့မလဲ။ နိုင်ငံခြားနဲ့ ဖက်စပ်လုပ်ငန်း



BURMESE CLASSIC .com

www.burmeseclassic.com



တည်မြဲ အောင်မြင်ချင်ရင် ကျွမ်းကျင်မှုအခြေခံ (professional management) ရှိကြောင်း၊ စွမ်းရည်ထက်မြက်ကြောင်းကို ပြသနိုင်ရမယ်'ဟု အာနန်းက ဆက်ပြောပြသည်။

ဆက်လက်ပြီး အာနန်းက သူ၏ ကော်ပိုရေးရှင်းတွင် အပြည်ပြည်ဆိုင်ရာ စံတို့နှင့်အညီ ကမ္ဘာ့ထိပ်သီး ငွေစာရင်းကုမ္ပဏီကြီးတို့နှင့် အမြဲတမ်း စာရင်းစစ်ဆေးကြောင်း၊ ဒီအချက်ကြောင့်လည်း နိုင်ငံခြားကုမ္ပဏီကြီးတို့က သူနှင့် ဖက်စပ်လုပ်ခြင်းကို စိတ်ချကြကြောင်းဖြင့်လည်း ပြောပြသည်။

ထို့အပြင် သူ၏ကုမ္ပဏီသည် ထင်သာမြင်သာအောင် ခပ်ရှင်းရှင်း လုပ်ကြောင်း၊ နိုင်ငံခြားကုမ္ပဏီတို့သည် ဤသို့သော transparency ရှိခြင်းကို လိုလားကြောင်း၊ ကလိန်ကကျစ် ဟိုဝှက်၊ ဒီဝှက်လုပ်သည့် စီးပွားရေး လုပ်ငန်းရှင်တို့နှင့်အတူ စီးပွားရေး မလုပ်ချင်ကြကြောင်းဖြင့်လည်း ဆက်လက်ရှင်းပြသည်။

သူတို့၏ ဖက်စပ်လုပ်ငန်းသည် ယာဉ်စက်အပိုပစ္စည်း မျိုးစုံကို ထုတ်လုပ်ရသည်ဖြစ်၍ အမြဲတမ်း မိုဒယ်အသစ်တွေ တီထွင်ကြံဆ တီထွင်နေရကြောင်း၊ နိုင်ငံခြား ကုမ္ပဏီကြီးတို့သည် တီထွင်ကြံဆမှု(innovation)မရှိသည့် ဒေသခံကုမ္ပဏီတို့နှင့် ဖက်စပ် မလုပ်ချင်ကြကြောင်းဖြင့်လည်း ထောက်ပြသည်။

## ငှက်ပျောတော သမ္မတနိုင်ငံ

စီးပွားရေးအင်ပါယာဆိုပြီး သုံးနှုန်းတတ်ကြသည်။ ဘယ်လောက် လုပ်ငန်းများရှိမှ အင်ပါယာဟု ခေါ်သလဲလို့လည်း စီးပွားရေး မီဒီယာသမားတို့က စုံစမ်းကြည့်ကြသည်။ အာနန်း၌ ကုမ္ပဏီပေါင်း ၁၇ ခုရှိသည်။ စက်ရုံ၊ အလုပ်ရုံပေါင်း အိန္ဒိယနှင့် နိုင်ငံခြားတို့၌ ၃၄ ရုံ ရှိသည်။ ဤမျှရှိမှ အင်ပါယာဟု ခေါ်ဆိုနိုင်ပုံရသည်။

စီးပွားရေး စာနယ်ဇင်းတို့က နိုင်ငံခြားကုမ္ပဏီတို့နှင့် ဖက်စပ်လုပ်နေရာမှ ခွာပြီသွားသည့် လုပ်ငန်းရှင်တစ်ဦးကို မေးကြည့်သေးသည်။ ထိုပုဂ္ဂိုလ်က Banana republic ဆိုသော စကားကို ကိုင်သည်။ ငှက်ပျောတော သမ္မတနိုင်ငံဟု ဆိုလိုသည်။ အင်အားသေးသော နိုင်ငံ၊ ချယ်လှယ်လို့လွယ်သော နိုင်ငံဟု အဓိပ္ပာယ်ထွက်သည်။

အဲဒီပုဂ္ဂိုလ် ဆိုလိုပုံက နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူ ကုမ္ပဏီတို့သည် ဖက်စပ်လုပ်ငန်းတွင် သူ့ကိုသာ ချယ်လှယ်လိုကြောင်း၊ အကျိုးတူလုပ်ဘက် ပါတနာအပေါ် နေရာတကာ ဆရာလုပ်ချင်ကြကြောင်း၊ ငှက်ပျောတော သမ္မနိုင်ငံလို့ သဘောထားချင်ပုံရကြောင်း စသဖြင့် အပြစ်တင်စကား ပြောဆိုသည်။

ဒိပ်အာနန်းကမူ ထိုပုဂ္ဂိုလ်၏ ပြောစကားကို လက်မခံပေ။ 'ရင်းနှီးမြှုပ်နှံမှု



BURMESE CLASSIC .com

www.burmeseclassic.com



အကြီးကြီးတို့ကို လုပ်ရ၊ တက္ကနိုလိုဂျီ နည်းပညာတွေဟာ အလွန်မြန်ဆန်စွာ ပြောင်းလဲနေတဲ့ အချိန်မှာ ကာနာတာကာနဲ့ ပါရဆက်ပြိုင်ပွဲ လုပ်လို့မဖြစ်ပါ။ ယဉ်ကျေးမှု ခြားနားချက်တွေ(ethos)ကို တတ်နိုင်သမျှ ဖျောက်ပြီး အလုပ် လုပ်ရလိမ့်မယ်'ဟု အာနန်းက ပြောပြလေသတည်း။ ■

*Ref: Business India*

**ဈေးကွက်ဂျာနယ်၊ အမှတ် ၂၂၆။**



BURMESE CLASSIC .com

www.burmeseclassic.com

# တတိယစာပေ့စ်

## ကျိုးလွယ်၊ ပဲ့လွယ်၊ ပျက်လွယ်

ပညာရှိတို့သည် လာမည့် နောက်တစ်နှစ်၌ ကမ္ဘာကြီး ဘာထူးခြားမည်နည်းဟု ကြိုဟောကြသည်။ ယခုလည်း ၂၀၀၂ ခုနှစ်၌ ကမ္ဘာကြီး ဘာထူးခြားမည်နည်းဟု အကြမ်းဖျင်း ကြိုဟောထားကြပြီ။ ခေါင်းစဉ်က Coping together with fragility ဟု ပေးထားသည်။ အဓိပ္ပာယ်မှာ 'ကျိုးလွယ်၊ ပဲ့လွယ်၊ ပျက်လွယ်' တို့နှင့် အတူတကွ ဆက်ဆံ စီမံခြင်းဟု သက်ရောက်သည်။ ၂၀၀၂ ခုနှစ်တွင် ကျိုးလွယ်၊ ပဲ့လွယ်၊ ပျက်လွယ်မှုတွေ အတော်များမည့်ပုံ ရှိသည်။

အကျိုးအပဲ့တို့ကို အောင်မြင်စွာ စီမံခန့်ခွဲရေးသည် နောက်နှစ် ၂၀၀၂ ခုနှစ်၏ အဓိကထူးခြားချက် ဖြစ်ပါလိမ့်မည်။ ဤ ကျိုးလွယ်၊ ပဲ့လွယ်၊ ပျက်လွယ်မှုတို့သည် ကမ္ဘာအလုံးစုံ၌ ဖြစ်ပေါ်မည့်ပုံ ရှိသည်။ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေး၊ ယဉ်ကျေးမှု လောကအစုံ၌ တွေ့ရမည့်လက္ခဏာ ဖြစ်ဟန်တူသည်။ ယခုနှစ် ၂၀၀၁ ခုနှစ် နှစ်ဝက်ကျိုးပြီးသည်မှစ၍ ရှေ့ပြေးနိမိတ်များ ပြသလားမသိ။ အကျိုးအပဲ့၊ အပျက်တွေ အတော်များလာသည်။ နိုင်ငံရေး၌ အစ္စရေး–ပါလက်စတိုင်းအရေးအခင်းသည် သဘောတူညီထားသမျှ ကြာရှည်မခံ။ ခဏလေးနှင့် ကျိုးကုန်၊ ပဲ့ကုန်၊ ပျက်ကုန်သည်။ ကမ္ဘာ့စီးပွားရေး၌လည်း အလားတူ သင်္ကေတတွေ ပေါ်နေသည်။



BURMESE CLASSIC .com

www.burmeseclassic.com



၂၀၀၁ ခုနှစ်၏ထူးခြားချက်ကို ၂၀၀၀ ပြည့်နှစ်၊ ဒါးဗို့စ်ညီလာခံကြီး၌ ဟောထားခဲ့ကြသည်။ Bridging the divides ဟု ကမ္ဘာ့ ထိပ်သီးခေါင်းဆောင် အကျော်အမော်တို့က ဟောထားခဲ့ရာ ယခု ၂၀၀၁ ခုနှစ် မကုန်မီ၌ပင် divides (ကွာဟမှု)တွေ အလွန်များနေခဲ့ပြီ။ ဆင်းရဲချမ်းသာ ကွာဟမှု၊ ဝင်ငွေ ကွာဟမှု၊ ဒီဂျစ်တယ် ကွာဟမှု(digital divide) (ကွန်ပျူတာ သုံးနိုင်သူ၊ သုံးတတ်သူနှင့် ကွန်ပျူတာ မသုံးနိုင်သူ၊ မသုံးတတ်သူတို့ဟူ၍ ကွာဟမှု)တို့အပြင် ယခုနောက်ဆုံး drug divideဆိုပြီး ပေါ်လာသည်။ ဆေးဝါးတို့ကို ဝယ်ယူ သုံးစွဲနိုင်သူနှင့် မသုံးစွဲနိုင်သူတို့ကြား ကွာဟမှု။

## ခြသေ့်နှင့် တောဆိတ်

၂၀၀၁ ခုနှစ်ထဲ၌ ကမ္ဘာကြီးသည် ကွာဟမှုမျိုးစုံတို့နှင့် လုံးလည်လိုက်နေပြီး ပြေလည်တာနှင့် မပြေလည်တာတို့ကို နှိုင်းယှဉ် ကြည့်လိုက်ပါက မပြေလည်တာတွေက ပိုများနေသည်။ ထိုအခြေ အနေတွင် ကျိုးလွယ်၊ ပဲ့လွယ်၊ ပျက်လွယ်တို့က ထပ်တိုးလာဦးမည်။ ဤအကြောင်းကို ကမ္ဘာ့ထိပ်သီး အသိပညာရှင်ကြီးများ၊ ကမ္ဘာ့ထိပ်သီး စီးပွားရေးပညာရှင်ကြီးများနှင့် ကမ္ဘာ့နိုင်ငံရေး ခေါင်းဆောင်ကြီးများက လာမည့်နှစ်စ၌ ဆွစ်ဇာလန်၊ ဒါးဗို့စ်မြို့တွင် တွေ့ဆုံ ဆွေးနွေးကြဦးမည် ဖြစ်သည်။

ခေတ်နှင့်စနစ်သည် ဂလိုဘယ်လိုက်ဖေးရှင်း(ကမ္ဘာလုံးကျွတ်) ဆက်ချိတ်မှုစနစ် ဖြစ်သည်။ ဤ ဂလိုဘယ်လိုက်ဖေးရှင်း၏ speedသည် သမိုင်းတွင် ပေါ်ပေါက်ခဲ့ဖူးသည့်နှုန်းနှင့် မည်သို့မျှ နှိုင်းယှဉ်လို့မရပေ။ အလွန် မြန်ဆန်လှသည်။ Too fast ဟု သုံးနှုန်းသည်။ ပြိုင်ဆိုင်မှုကိုလည်း စူပါထည့်ပြောသည်။ Super competative ဟု ဆိုသတတ်။ စူပါပြိုင်ဆိုင်မှု။ သို့ဖြင့် အမေရိကန်၊ ကယ်လီဖိုးနီးယားပြည်နယ်၊ တက္ကနိုလိုဂျီဗဟို ဆီလီကွန်းဗယ်လီ၌ ခြသေ့်နှင့် တောဆိတ် ပုံပြင်တစ်ခုအကြောင်း ရေပန်းစားလာသည်။ ခြသေ့်သည် တောကြီးထဲ၌ ညအိပ်ရာဝင်သည့်အခါ အသိတရားတစ်ခုနှင့် ဝင်သည်။ ယင်းမှာ မနက်မိုးလင်းလို့ နေထွက်သည်နှင့် အပြေးနှေးသည့်တောဆိတ်ကို ကျော်တက်မပြေးနိုင်လျှင် သူ အစာရေစာ ငတ်မည်ဟူသော အသိ ဖြစ်သည်။

အလားတူစွာ တောဆိတ်ကလည်း ညအိပ်ရာဝင်လျှင် အသိတစ်ခုနှင့် ဝင်သည်။ ယင်းမှာ မနက်မိုးလင်း၍ နေထွက်လို့မှ ခြသေ့်ထက် ကျော်မပြေးနိုင်လျှင် သူသည် တစ်ဦးဦး၏မနက်စာ ဖြစ်တော့မည်ဟူသော အသိ ဖြစ်သည်။ မည်သို့ပင် ဖြစ်စေ ခြသေ့်ရော တောဆိတ်ပါ ညအိပ်ရာဝင်သည်နှင့် တူညီသော အသိတရား ရှိကြသည်။ ယင်းမှာ မနက်မိုးလင်းလို့ နေထွက်သည်နှင့် ပြေးနိုင်မှ တော်



BURMESE CLASSIC .com

www.burmeseclassic.com



ရုံကျမည်ဆိုသော အသိပင် ဖြစ်လေတော့သတည်း။ ဂလိုဘယ်လိုက်ဖေးရှင်းသည် ဤသဘောဖြစ်သည်။ အမြန်ဆုံးပြေးနိုင်မှ တော်ရုံကျမည်။ သို့မဟုတ်လျှင်ကား သူများ၏အစာ ဖြစ်သွားမည်။

**ပင်လယ်လိပ်နှင့် အကျင့်ပါများ**

ဂျာနယ်လစ်တစ်ဦးကမူ သူ၏ပုံပြင်တွင် ခြင်္သေ့ကိုလည်း မသုံး။ တောဆိတ်ကိုလည်းမသုံး။ သူက ပင်လယ်လိပ်အကြောင်း ပြောပြသည်။ သူက ဂလိုဘယ်လိုက်ဖေးရှင်းခေတ်၌ အမြန်ကမ္ဘာ(fast world)ထဲ ဝင်ပြေးနိုင်ရန် ကျွမ်းကျင်မှုလည်း မရှိ။ စွမ်းအင်၊ ခွန်အားလည်း မရှိသူတို့ကို ပင်လယ်လိပ်များဟု ခေါ်သည်။

အဘယ့်ကြောင့် လိပ်ဟု ခေါ်သနည်းဆိုသော် သူတို့သည် ခြင်္သေ့လိုလည်း မပြေးနိုင်၊ တောဆိတ်လိုလည်း မပြေးနိုင်။ ပြောရလျှင် ပြေးကို မပြေးနိုင်သူများ ဖြစ်ကြသည်။ ခေတ်၏ ပင်မရေစီးကြောင်းနှင့် မလိုက်နိုင်သူများ ဖြစ်ကြသည်။ ထိုဂျာနယ်လစ်က လိပ်ကိုသာ ပြောသည်မဟုတ်။ Used to be တို့အကြောင်းကိုလည်း ထည့်ပြောပြသည်။ ကွန်မြူနစ်နိုင်ငံတို့၌ တံတိုင်းနံရံတို့ဖြင့် ကာရန်ထားသော ကမ္ဘာကြီးထဲတွင် အကျိုးဖြစ်ထွန်းခဲ့သူများ၊ လုံလုံခြုံခြုံ ရှိခဲ့သူတို့သည် တံတိုင်းနံရံတို့ နောက်ကွယ်တွင်သာ နေတတ်၊ ထိုင်တတ်သည့်အကျင့် ဖြစ်နေသည်။ သူတို့ အကာအကွယ်ယူထားသည့် တံတိုင်းနံရံတွေ ပြိုလဲကုန်သောအခါ ဘာမျှ မလုပ်တတ်တော့ပေ။ လုပ်နေကျအကျင့်၊ ဖြစ်နေကျအလုပ်တို့ကိုသာ လုပ်တတ်သည်။ ဤသို့ ပတ်ဝန်းကျင်အသစ်နှင့် သဟဇာတမတည့်သူတို့ကို 'အကျင့်ပါနေသူများ'ဟု ခေါ်ဝေါ်သည်။

ဂလိုဘယ်လိုက်ဖေးရှင်းကို ဆန့်ကျင်သူတို့ထဲတွင် ဆင်းရဲသားတွေက ဒီလောက်မဟုတ်။ ဒီ'အကျင့်ပါနေသူ'တို့က ပိုပြီး အာကျယ်နေသည်ဟု ရှင်းပြသည်။ ဂလိုဘယ်လိုက်ဖေးရှင်းကို ဆန့်ကျင် ကန့်ကွက်ဖူးသည့် အီဂျစ် သတင်းစာတစ်စောင်၏ အယ်ဒီတာဖြစ်သူက ပုံတစ်ပုံကို ပြန်ပြောပြသည်။ သူက ဂလိုဘယ် လိုက်ဖေးရှင်းကို မီးရထားကြီးတစ်စင်းနှင့် နှိုင်းသည်။ ခုခါ ဂလိုဘယ်လိုက်ဖေးရှင်းကို မည်သူကမှ မခုခံနိုင်တော့ပြီဖြစ်ကြောင်းကို သူ ဝန်ခံသည်။ သူတို့သည် အလွန်လျင်မြန်လှစွာ ခုတ်မောင်းနေသည့် မီးရထားကြီးနှင့် အတူလိုက်ချင်သည်။ ထို့ကြောင့် သူတို့ မှောက်လျက်မလဲဘဲ ခုန်တက်နိုင်အောင် ဂလိုဘယ်လိုက်ဖေးရှင်း ရထားကြီးက အရှိန်နည်းနည်း လျှော့ပေးသင့်သည်ဟု ဆိုသည်။ လျှော့ပေးရန်လည်း မေတ္တာရပ်ခံသည်။

ဤသို့ မေတ္တာရပ်ခံချက် ပေါ်လာသည့်အချိန်၌ ထိပ်သီး ရှေ့ဆောင် တီထွင်ဆန်းသစ်သူ(innovators)များ ညီလာခံတစ်ခု ကျင်းပနေသည်။ ဤညီလာခံက

www.burmeseclassic.com



အင်တာနက်စီးပွားရေးဟူ၍ ပေါ်လာလိုက်ကတည်းက ဂလိုဘယ် လိုက်ဖေးရှင်းသည် အရှိန်လျှော့၍ မရပြီ။ နှေးလို့မရပြီ။ ပိုပြီး မြန်သထက်မြန်ဖို့သာ ရှိတော့မည်ဟု သူတို့တွေ့ရှိချက်ကို ထုတ်ဖော်ကြေညာချိန် ဖြစ်နေသည်။ There is no one at the controls ဟူ၍လည်း ပြောလာကြသည်။ အရှိန်ထိန်းနေရာ၌ မည်သူမျှမရှိပေ။

## မဖြစ်နိုင်

အချို့က ဂလိုဘယ်လိုက်ဖေးရှင်းထဲက ပြန်ဆုတ်။ မူလ အဟောင်းနေရာသို့လည်း ဘက်ဂီယာထိုးပြီး ပြန်မသွားလိုဘဲ တတိယစပေ့စ်(third space)တွင် ခိုလှုံနေရလျှင် မကောင်းပေဘူးလားဟု တွေးတောကြည့်ကြသည်။ တတိယစပေ့စ်ကို ကြိုးစားပမ်းစား ရှာကြည့်ကြသည်။ သာဓကမှာ မလေးရှားဝန်ကြီးချုပ် မဟာသီယာပင် ဖြစ်သည်။

တတိယစပေ့စ်တွင် ခဏတစ်ဖြုတ် အခိုက်အတန့်လောက်သာ နေလို့ရမည်။ အမြဲတမ်းကား ဘယ်လိုမှ နေလို့ရမည်မဟုတ်ပေ။ တတိယစပေ့စ်၌ ဂလိုဘယ်လိုက်ဖေးရှင်း၏ ဖိအားကင်းကင်းဖြင့် မိမိတိုင်းပြည်၏ လူနေမှု အဆင့်အတန်းကို မြှင့်တင်ပေးနိုင်ပါမည်ဟု ယုံကြည်ခြင်းသည် ဖော်ပြပါ ဂျာနယ်လစ်၏ အဆိုအရ ကိုယ့်ကိုယ်ကိုယ် အရူးလုပ်ခြင်း၊ ကိုယ့်လူထုကို အရူးလုပ်ခြင်းသာ ဖြစ်သည်။

ပထမအကျော့ ဂလိုဘယ်လိုက်ဖေးရှင်းခေတ်၌ ဂလိုဘယ်လိုက်ဖေးရှင်းကို ဆန့်ကျင် တုံ့ပြန်သည့်အနေဖြင့် ကွန်မြူနစ်ဝါဒ၊ ဆိုရှယ်လစ်ဝါဒ၊ ဖက်ဆစ်ဝါဒတို့ ပေါ်ခဲ့သည်။ ယခု ဤဝါဒီတို့ဖြင့် အသစ်တစ်ဖန် ပြန်လည် တုံ့ပြန်ရန် မဖြစ်နိုင်တော့ပေ။ ထို့အပြင် တတိယစပေ့စ်ဖြင့် တုံ့ပြန်ကြည့်လို့ မရနိုင်ကြောင်းကိုလည်း ပညာရှင်တို့က ထောက်ပြလာကြသည်။ ■

*Ref: NLM, NHT*

**ဈေးကွက်ဂျာနယ်၊ အမှတ် ၂၂၇။**

www.burmeseclassic.com

# ဇာတ်လမ်းတစ်ဝက်

**ဂရိရည်းစားနှင့် လမုန့်**

အီလက်ထရွန်းနစ် စီးပွားရေး (e- business)ဘက်သို့ မကူးပြောင်းလိုသော ကုမ္ပဏီတို့သည် မိမိတို့ ပြိုင်ဘက်တို့နှင့် ယှဉ်ပြေးသောအခါတွင် ရှုံးနိမ့်လိမ့်မည်ဟူ၍ စိစစ်သုံးသပ်သူတို့က ဟောကိန်းထုတ်ကြသည်။ ဤဟောကိန်းကို ဝေဖန်သူတစ်ဦးက ဤ စိစစ်သုံးသပ်သူတို့သည် ဇာတ်လမ်း၏ တစ်ဝက်ကိုသာ ပြောပြနေတာပါဟု ထပ်ဝေဖန်လိုက်သည်။

ဤဝေဖန်သူတို့ကလည်း ရှေးဟောင်း ဂရိပုံပြင်တစ်ခုနှင့် ရှေးဟောင်း တရုတ်ပုံပြင် ပေါင်းနှစ်ပုဒ်ကို ပြောပြသည်။

ရှေးဦး steganography ဆိုသော အသုံးအနှုန်းသည် ရှေးဟောင်း ဂရိအသုံးအနှုန်းဖြစ်ကြောင်း ရှင်းပြသည်။ Covered writing ဟု အဓိပ္ပာယ်ထွက်သည်။ မျက်စိဖြင့်မမြင်နိုင်သော အရေးအသားမျိုး ဖြစ်သည်။ ဥပမာ ငွေစက္ကူတို့တွင် ထည့်သွင်းထားသော ရေစာမျိုး။ သစ်ရွက်တစ်ရွက်ကို မျက်စိဖြင့် မမြင်ရအောင် စက္ကူထဲ ထည့်သွင်းထားသော အမှတ်အသားမျိုး။ ရှေးဟောင်း ဂရိတို့တွင် ဤစာမျိုးတို့ဖြင့် ချစ်သူချင်း ချိန်းတွေ့တတ်ကြသည်။

တရုတ်သမိုင်း ယွန်မင်းဆက်ခေတ်တွင် ဟန်နှင့် မွန်ဂိုတို့ စစ်ခင်းကြသည်။ စစ်ခင်းသည်ဆိုသည်ထက် ဟန်တို့က မွန်ဂိုတို့၏ အုပ်စိုးမှုကို ဆန့်ကျင်ပုန်ကန်



BURMESE CLASSIC .com

www.burmeseclassic.com



ထကြွကြခြင်း ဖြစ်သည်။ ဆောင်းဦးပေါက်ပွဲတော်တွင် အဖွဲ့ဝင်တို့ထံ ဝေငှသော လမုန့်တို့ထဲတွင် လျှို့ဝှက်ရေစာများထည့်၍ သူပုန်ထရန် အချိန်းအချက်များ ပြုခဲ့ကြသည်ဟု ဆိုသည်။

ယခု ရှေးဂရိနှင့် ရှေးတရုတ်တို့ကို အတုခိုးကာ အီး-ဘိစနက်၏ လုံခြုံရေး အတွက် ရေစာတို့ကို ခေတ်မီစွာ တီထွင်လာရပြီ။ ဤရေစာတို့ကို ကွန်ပျူတာ သုံး၊ အင်တာနက်သုံး၊ ဒီဂျစ်တယ်ဖြင့် ရေးသားထားသောကြောင့် ဒီဂျစ်တယ် ရေစာ(digital water-mark)ဟု ခေါ်သည်။ ငွေစက္ကူရေစာတွင် ခရမ်းလွန် ရောင်ခြည်မီးဖြင့် ရေစာကိုဖတ်ရသည်။ ယခု ဒီဂျစ်တယ်ရေစာကိုမူ ဤအတွက် တီထွင်ထားသော ဆော့ဖ်ဝဲတစ်မျိုးဖြင့် ဖတ်လို့ရသည်။

## လွယ်မှလွယ်

အိုင်တီ တက္ကနိုလိုဂျီနှင့် အင်တာနက်တို့ကြောင့်
၁။ လူတွေ ဘယ်လို တွေးခေါ်စဉ်းစားကြသလဲ၊
၂။ လူတွေ ဘယ်လို ဆက်သွယ်ကြသလဲ၊
၃။ လူတွေ ဘယ်လို ရင်းနှီးမြှုပ်နှံကြသလဲနှင့်
၄။ လူတွေ ကမ္ဘာကြီးကို ဘယ်လို ရှုမြင်ကြသလဲ စသောကိစ္စတို့တွင် အခြေခံက အစ အကုန်ပြောင်းလဲကုန်ပြီဟု ပညာရှင်တစ်ဦးက အကဲခတ်ထားသည်။

အထက်က တရုတ်လမုန့်ပုံပြင်ကိုပြောသူ ပညာရှင်ကမူ အင်တာနက်ကြောင့်
၁။ လူတွေ စီးပွားရေးလုပ်ကိုင်ပုံနည်းတွေ၊
၂။ လူတွေ အချင်းချင်းဆက်သွယ်ပုံတွေ၊
၃။ လူတွေ အလုပ်လုပ်ပုံတွေ၊
၄။ လူတွေ ကစားပုံတွေ အကုန် ပြောင်းလဲကုန်သည်ဟု ထောက်ပြသည်။ ပြီး သူက ဒီဂျစ်တယ် သတင်းအင်ဖော်မေးရှင်း ဖြန့်ဖြူးမှု(distribution of digital information) သည်လည်း အလွန်လွယ်ကူလာသည်ဟု ဆိုသည်။ သတင်း အင်ဖော်မေးရှင်း၌ ၁။ စာသား(text) ၂။ အသံ(audio) ၃။ အရုပ်(image) ၄။ ရုပ်သံဗီဒီယိုတို့ပါဝင်ရာ ဤလေးမျိုးစလုံး ဖြန့်ချိမှုသည် လွယ်မှလွယ် ဖြစ်လာ သည်။

ဤမျှ လွယ်လာသလောက် အခြားတစ်ဖက်၌ တရားမဝင် ခိုးကူးရန်၊ မူပိုင် ချိုးဖောက်ရန်တို့လည်း အလွန် လွယ်ကူလာပြန်သည်။ သို့ဖြင့် တန်ပြန် စစ်ဆင် ရေး ပြုရသည်။ တရားမဝင်ခိုးကူးမှုနှင့် မူပိုင်အခွင့်အရေး ချိုးဖောက်မှုတို့ကို ကာကွယ်ရန်အလို့ငှာ တက္ကနိုလိုဂျီ အသစ်တို့ကလည်း ပေါ်ပေးရသည်။ ဤ တန်ပြန် တက္ကနိုလိုဂျီတို့ကို အင်ဖော်မေးရှင်းလုံခြုံရေး တက္ကနိုလိုဂျီများဟု ခေါ်ကြ

www.burmeseclassic.com



သည်။

ဤတက္ကနိုလိုဂျီများနှင့် ရင်ပေါင်တန်းလျက် မီဒီယာလောက၏ သဘာဝက လည်း အခြေခံအားဖြင့် ပြောင်းလဲသွားပြန်ပြီ။ အစဉ်အလာအရ မီဒီယာလုပ်ငန်း တို့ကို သူဌေးကြီးများ၊ သို့မဟုတ် ကော်ပိုရေးရှင်းကြီးများက ပိုင်ဆိုင်ခဲ့ကြလေ ရာ သူတို့က ဦးရေအားဖြင့်တွက်လျှင် အနည်းစုသာ ဖြစ်သည်။ သို့သော် အခြားတစ်ဖက်၌ မီဒီယာက ဖြန့်ချိပေးသော သတင်း အင်ဖော်မေးရှင်းတို့သည် လူထုအများကြီးသို့ ဦးတည်ရသည်။ ထို့ကြောင့် ပုံသဏ္ဌာန်သည် အနည်းမှ အများသို့(from few to many)ပုံသဏ္ဌာန်ဖြင့် စီးဆင်းဖြစ်ခဲ့သည်။

ယခု အိုင်တီတွင် ဒီမိုကရေစီလက္ခဏာ ထွန်းကား ကျယ်ပြန့်လာမှုကြောင့် လူတိုင်း သတင်းတို့ကို ဖြန့်ချိလာနိုင်ကြသည်။ ထို့ကြောင့် ပုံသဏ္ဌာန်သည် အများ မှအများသို့(from many to many) သို့ ကူးပြောင်းသွားသည်။

**ဆတူ**

သို့သော် တစ်ဖက်သတင်းသည် နှစ်မျိုးရှိလာပြန်သည်။ (၁) အသံထွက် သတင်းနှင့် (၂) အသံတိတ်သတင်းဟူ၍ ဖြစ်သည်။ ဂလိုဘယ်လိုက်ဇေးရှင်း ခေတ်တွင် အသံတိတ်သတင်း(silence)သည် အသံထွက်သတင်း(noice) ကဲ့သို့ပင် အရေးကြီးလာပြီဟု မီဒီယာပါရဂူတို့က ထောက်ပြထားကြသည်။

ထို့ကြောင့် ဂျာနယ်လစ်ကောင်း တစ်ယောက်ဖြစ်ဖို့ရာ အသံထွက်သတင်း နှင့် အသံတိတ်သတင်းတို့ကို ရှာဖွေတတ်ရမည်။ အသံတိတ်သတင်းကို မှန်ကန် စွာ အဓိပ္ပာယ်ဖော်တတ်ရမည်ဟု ယခုနောက်ပိုင်း၌ ဆွေးနွေး ပြောဆိုလာကြသည်။

**အိပ်မက်ဆိုး**

ဘာကြောင့် ဖာတ်လမ်းတစ်ဝက်ကိုသာ ပြောဆိုနေသနည်း ဆိုသောကိစ္စကို ပြန်ကောက် စဉ်းစားလျှင် အီး–ကော်မတ်စ်(e- commerce)၏ ကောင်းကျိုးတို့ကို ပြောရာ၌ မြန်လည်းမြန်လာ၊ စရိတ်လည်း အလွန်သက်သာသွားသည့် အကျိုး တို့ကိုသာ တစ်ဖက်တည်း မီးမောင်းထိုးပြနေသော အချက်ကို တွေ့ရမည်။

အီး–ကော်မတ်စ်ခေါ်ခေါ်၊ အီး–ဘိစနက်ခေါ်ခေါ် စီးပွားရေးကို ကွန်ပျူတာ ကွန်ရက်၊ အီးမေးလ်၊ အင်တာနက်အခြေခံ ကွန်ရက်တို့ဖြင့် ဆက်သွယ် ပြုလုပ် ကြခြင်းကြောင့် အလွန်မြန်သွားသည်ကလည်း အမှန်ပင် ဖြစ်သည်။ အလွန် စရိတ်သက်သာသွားသည်ကလည်း အမှန်ပင်ဖြစ်သည်။

သို့သော် ဝေဖန်သူက ဤနေရာ၌ တကယ့် အဖြစ်အပျက်တစ်ရပ်ကို ပြော ပြသည်။ အီး–ဘိစနက်၏ အိပ်မက်ဆိုးဟု ဆိုသည်။



BURMESE CLASSIC .com

www.burmeseclassic.com



တစ်နေ့၌ အီး–ဘီစနက်ဖြင့် သီချင်းခွေ လက်လီရောင်းသည့် ကုမ္ပဏီက ဒေါ်လာတစ်သိန်း ပေးရမည်။ မပေးပါက တေးချစ်သူဖောက်သည်တို့၏ အကြွေးဝယ် ကတ်ပြား(ခရက်ဒစ်ကတ်)ပေါင်း ၃၀၀,၀၀၀ ၏ နံပါတ်တို့ကို ဝက်ဘ်ဆိုက်ပေါ်တင်၍ ဖော်ထုတ်ပစ်မည်ဟု ခြိမ်းခြောက်ပြီး ငွေညှစ်တောင်းဆိုသည်။ ကုမ္ပဏီက မပေးဘဲ ငြင်းဆိုသည်။ ထိုအခါ ဖောက်ထွင်းသူက ဤကုမ္ပဏီ၏ဖောက်သည်တို့၏ ခရက်ဒစ်ကတ်ပြားတို့ကို ၁၄ ရက်တိတိ ဝက်ဘ်ဆိုက်ပေါ် တင်ထားလိုက်သည်။

ဤသို့တင်ထားလိုက်သဖြင့် ဖောက်သည်တို့က ဤကုမ္ပဏီနှင့် ဆက်ဆံရတာ လုံခြုံမှုမရှိ။ စိတ်မချရ ဖြစ်လာသည်။ ရှောင်ပြေးကြတော့သည်။ သို့ဖြင့် ဖောက်သည် ပျက်ကုန်သည်။ ဖောက်သည် သစ္စာရှိသူ ဆုံးရှုံးသွားသည်။ တရားတဘောင်တွေ ဖြစ်ကြရသည်။ တရားစရိတ်တို့ကလည်း တက်သည်။ ထို့အပြင် ဖောက်ထွင်းသူက မကြာမဏ အီး–ဘီစနက်လမ်းကြောကို အနှောင့်အယှက်ပြုခြင်းကိုလည်း ခံရသည်။

အမှန်စင်စစ် မိမိက ချိတ်ဆက်ထားသော အီး–ဘီစနက်က လုံခြုံစိတ်ချမှု မရှိသောအခါ ထုတ်လုပ်မှု အစွမ်းသတ္တိတို့သည်လည်း အကုန် ပျက်ပြားကုန်သည်။ အခွင့်အလမ်းတို့လည်း ဆုံးရှုံးကုန်သည်။ ထောက်ပံ့ရေးလမ်းကြောင်း၊ ငွေကြေးစီးဆင်းရေး လမ်းကြောင်းတို့လည်း အကုန် ဖရိုဖရဲ ပျက်စီးကုန်သည်။

## တန်ပြန်လာပြီ

အီး–ဘီစနက်ဝင်လုပ်မိမှ ဆုံးရှုံးမှုတွေ၊ စရိတ်ကုန်ကျမှုတွေ တစ်ထွေကြီးနှင့် တွေ့ရသော အိပ်မက်ဆိုးတို့နှင့်လည်း ကြုံတွေ့ရသည်။ ထို့ကြောင့် ဆောင်းပါးအစတွင် အီး–ဘီစနက်ကို ချီးမွမ်းခန်းဖွင့်သူက အီး–ဘီစနက်ထဲဝင်လျှင် လုပ်ရကိုင်ရတာတွေ အလွန် မြန်သွားမည်။ လုပ်ငန်းစရိတ် (operation cost)တွေ အများကြီး လျော့နည်းသက်သာသွားမည်။ အမြတ်အစွန်းတွေ အများကြီး ကျန်မည်။ ပြိုင်ဘက်တို့နှင့် ပြိုင်ပြေးရာတွင် မိမိက ရှေ့ကပြေးနိုင်မည် စသည်ဖြင့် ပြောဆိုသော ဇာတ်လမ်းသည် တစ်ဝက်ကိုသာ ပြောခြင်း ဖြစ်တန်ရာသည်။

ကျန် အခြားဇာတ်လမ်းတစ်ဝက်ကား ဖော်ပြခဲ့ပါအတိုင်း ဆုံးရှုံးနစ်နာမှုတို့နှင့် ကြုံတွေ့နေရသော အိပ်မက်ဆိုးတို့ပင် ဖြစ်သည်။ သို့သော် မပူပါနှင့်။ ယခုအခါ အီး–ကော်မတ်စ်၊ အီး–ဘီစနက်တို့တွင် ဇာတ်လမ်းအပြည့် ကပြပြီးခဲ့ကြပြီ ဖြစ်၏။ အကောင်းရော အဆိုးပါ ကြုံတွေ့ခဲ့ပြီးဖြစ်၍ အတွေ့အကြုံတွေ ရင့်ကျက်လာပါပြီ။

ထို့ကြောင့် အီး–ဘီစနက် လုံခြုံ ချောမွေ့ရေးအတွက် အကာအကွယ်ပေးသော တက္ကနိုလိုဂျီနည်းသစ်တို့ အချိန်မီ ပေါ်လာပါပြီ။ ဤတက္ကနိုလိုဂျီတို့ကို



BURMESE CLASSIC .com

www.burmeseclassic.com



**လုံခြုံရေးပစ်မှတ်ထားသော တက္ကနိုလိုဂျီများဟု ခေါ်သည်။**

**ထို့ကြောင့် အီး–ဘိစနက် ဆက်လုပ်လျှင် တစ်ခုတော့ သတိထားပါ။ အီး–ဘိစနက်လုပ်လျှင် လိုအပ်သော လုံခြုံရေးကိရိယာကိုတော့ ဝယ်ရလိမ့်မည်။ ■**

*Ref: The Business Times*

**ဈေးကွက်ဂျာနယ်၊ အမှတ် ၂၂၈။**



BURMESE CLASSIC .com

www.burmeseclassic.com

# ဓာတ်ဆီဆိုင်နှင့် ကျား

**ငါးဆိုင်**

စီးပွားရေးသီအိုရီတစ်ခု ပေါ်နေပါသည်။ ကမ္ဘာ့ဓာတ်ဆီဆိုင် ငါးဆိုင်သီအိုရီ (five gas stations theory of the world)ဟု ခေါ်သည်။ ကမ္ဘာအရပ်ရပ်၊ တိုင်းပြည်အသီးသီးတို့၏ စီးပွားရေးတို့ကို ဓာတ်ဆီဆိုင်များအဖြစ် ရှုမြင်ကြည့်သည်။ ဤကမ္ဘာပေါ်ရှိ ဓာတ်ဆီဆိုင်တို့ကလည်း ငါးဆိုင်သာရှိသည်။ မည်သည့်တိုင်းပြည်မဆို မိမိစီးပွားရေးသည် ဘယ်လိုဓာတ်ဆီဆိုင် အမျိုးအစားထဲ အကျုံးဝင်နေသနည်းဟု ဆန်းစစ်ကြည့်ကြရန် ဖြစ်သည်။ ကိုယ့်ဘာသာကိုယ် ဆုံးဖြတ်ဖို့ဖြစ်သည်။

ထို့အပြင် ဓာတ်ဆီဆိုင်ချင်း ယှဉ်ကြည့်ပြီး ဘယ်ဓာတ်ဆီဆိုင်ကို အကြိုက်ဆုံးလဲ ရွေးချယ်ကြရန် ဖြစ်သည်။

ဤသီအိုရီကဖော်ညွှန်းသော ဓာတ်ဆီဆိုင် ငါးဆိုင်မှာ အောက်ပါအတိုင်း ဖြစ်သည်။

၁။ ဂျပန်ဓာတ်ဆီဆိုင်၊

၂။ အမေရိကန်ဓာတ်ဆီဆိုင်၊

၃။ အနောက်ဥရောပဓာတ်ဆီဆိုင်၊

၄။ ဖွံ့ဖြိုးဆဲနိုင်ငံဓာတ်ဆီဆိုင်နှင့်

www.burmeseclassic.com



၅။ ကွန်မြူနစ်ခေတ်ဆီဆိုင်တို့ ဟူ၍ ဖြစ်သည်။

**ပထမ။ ဂျပန်ဓာတ်ဆီဆိုင်**

ဓာတ်ဆီတစ်ဂါလန် ငါးဒေါ်လာ။ ယူနီဖောင်း ခပ်လှလှဝတ်။ ရုပ်လက်ရှည် အဖြူ ဝတ်ထားသော လူလေးယောက်။ သူတို့ အားလုံး ရာသက်ပန် အလုပ်ရ နေသူတွေ ဖြစ်သည်။ သူတို့က သင့်ကို ပျူပျူငှာငှာ ဆီးကြိုသည်။ သူတို့က ပန့်ထဲကဓာတ်ဆီ ထည့်ပေးသည်။ အင်ဂျင်ဝိုင် လဲပေးသည်။ ကားမှန်တွေ သုတ် ပေးသည်။ ပြီးစီးလို့ သင် ကားမောင်းသွားလျှင် အပြုံးမျက်နှာတို့ဖြင့် လက်ဝှေ့ရမ်းပြကြသည်။

**ဒုတိယ။ အမေရိကန်ဓာတ်ဆီဆိုင်**

ဓာတ်ဆီတစ်ဂါလန် တစ်ဒေါ်လာသာ။ လုပ်သားမရှိ။ သင့်ဘာသာသင် ပန့်မှ ဓာတ်ဆီထည့်ရသည်။ ကိုယ့်မှန် ကိုယ်သုတ်။ ကားဘီးလေ ကိုယ့်ဟာကိုယ်ဖြည့်။ ပြီးလို့ သင် မောင်းထွက်၍ ထောင့်အရောက်တွင် အိမ်ခြေမဲ့ လူလေးဦးက သင့်ကား အဖုံးတို့ကို ခိုးဖို့ ကြိုးစားကောင်း ကြိုးစားလိမ့်မည်။

**တတိယ။ အနောက်ဥရောပဓာတ်ဆီဆိုင်**

ဓာတ်ဆီတစ်ဂါလန် ငါးဒေါ်လာဖြစ်သည်။ လူတစ်ယောက်သာ ရှိသည်။ ပန့်မှ ဓာတ်ဆီထည့်ပေးသောအခါ ရှုံ့သိုးသိုးဖြင့် ထည့်ပေးသည်။ မပြုံးမရယ်ဘဲ အင်ဂျင်ဝိုင် လဲပေးသည်။ သူက သူ့ကို အလုပ်သမားသမဂ္ဂက ဓာတ်ဆီထည့်၊ အင်ဂျင်ဝိုင်လဲရုံပဲ လုပ်ပေးရမည်။ အပိုလုပ်မပေးရဟု ပြောထားကြောင်း သင့်ကို တဖွဖွ ပြောနေမည်။ မှန်သုတ်မပေး။ သူ တစ်ပတ်မှာ ၃၂ နာရီပဲ အလုပ်လုပ်သည်။ နေ့လယ်စာစားချိန် ၉၀ မိနစ် နားမည်။ ထိုအတွင်း ဆိုင်ပိတ်ထားမည်။

သူသည် နွေရာသီ၌ ရက်သတ္တပတ် ၆ ပတ် အလုပ်ပိတ်ရက်ရ၍ ပြင်သစ် တောင်ပိုင်းသို့သွား၍ အပန်းဖြေမည်။ ဆိုင်ရှေ့ လမ်းတစ်ဖက်တွင် သူ့အစ်ကို နှစ်ယောက်နှင့် သူ့ဦးလေးတစ်ယောက်က ဘော်လီဘော ကစားနေကြသည်။ သူတို့သည် အလုပ်မလုပ်သည်မှာ ၁၀ နှစ်ရှိပြီ။ အဘယ့်ကြောင့်ဆိုသော် သူတို့ ရရှိသော အလုပ်လက်မဲ့ အာမခံ ခံစားခွင့်သည် သူတို့နောက်ဆုံးရရှိသော လစာ ထက် ပို၍များနေသောကြောင့် ဖြစ်သည်။

**စတုတ္ထ။ ဖွံ့ဖြိုးဆဲတိုင်းပြည်တို့၏ ဓာတ်ဆီဆိုင်**

ဓာတ်ဆီဆိုင်လုပ်သား ၁၅ ဦးရှိသည်။ သူတို့အားလုံး ညီအစ်ကို ဝမ်းကွဲ တော်ကြသည်။ သင် ကားမောင်းဝင်သွားလျှင် ဘယ်သူကမှ ဂရုစိုက်မည်မဟုတ်။ အဘယ့်ကြောင့်ဆိုသော် သူတို့အချင်းချင်း စကားကောင်းနေကြသောကြောင့် ဖြစ်သည်။

ဓာတ်ဆီဈေးနှုန်းကတော့ တစ်ဂါလန် ၃၅ ဆင့် ဖြစ်သည်။ အဘယ့်ကြောင့်

www.burmeseclassic.com



ဆိုသော် အစိုးရက အရှုံးကို ထောက်ပံ့ပေးထားသောကြောင့် ဖြစ်သည်။ သို့သော် ဓာတ်ဆီဆိုင်၌ ဓာတ်ဆီတိုင် ၆ တိုင်ရှိသော်လည်း တစ်တိုင်သာ အလုပ်လုပ်သည်။ ကျန်တိုင်တွေ ပျက်နေသည်။ အဘယ့်ကြောင့်ဆိုသော် ဓာတ်ဆီဆိုင်ပိုင်ရှင်သည် ဖူးရစ်တွင်နေထိုင်ပြီး၊ အမြတ်တွေသာ သဲ့ထုတ်နေသောကြောင့် ဖြစ်သည်။

ပိုင်ရှင်က သူ့အလုပ်သမား တစ်ဝက်လောက်သာ ဆိုင်ဂိုဒေါင်ထဲ ညအိပ်ကြသည်ကို မသိ။ ကားရေဆေးသည့် ကိရိယာဖြင့် ရေပန်းလုပ်ပြီး ရေချိုးနေကြသည်ကိုလည်း မသိ။ ဖွံ့ဖြိုးဆဲတိုင်းပြည် ဓာတ်ဆီဆိုင်ဖောက်သည် အများစုတို့ကလည်း နောက်ဆုံးပေါ် မာစီဒီးကားကိုဖြစ်စေ၊ စကုတာ မော်တော်ဆိုင်ကယ်ကိုဖြစ်စေ စီးကြသည်။

ဓာတ်ဆီဆိုင်၌ အမြဲတမ်း အလုပ်ရှုပ်နေသည်။ အဘယ့်ကြောင့်ဆိုသော် လူအတော်များများက ကြုံတုန်းကြုံခိုက် သူတို့စက်ဘီးတွေ လေဝင်ဖြည့်ကြသောကြောင့် ဖြစ်သည်။

**ပဥ္စမ။ ကွန်မြူနစ်ဓာတ်ဆီဆိုင်**

အဲဒီမှာ ဓာတ်ဆီတစ်ဂါလန် ဆင့် ၅၀ သာဖြစ်သည်။ သို့သော် ဓာတ်ဆီမရှိ။ အဘယ့်ကြောင့်ဆိုသော် လုပ်သားလေးယောက် မှောင်ခိုတွင် တစ်ဂါလန် ၅ ဒေါ်လာနှင့် အကုန် ထုတ်ရောင်းပစ်လိုက်သောကြောင့် ဖြစ်သည်။ လုပ်သားလေးယောက်ရှိသည်ဟု ဆိုသော်လည်း တကယ်က တစ်ယောက်တည်းသာ ဓာတ်ဆီဆိုင်၌ အမြဲရှိသည်။ ကျန် အခြားသုံးယောက်က မြေအောက် စီးပွားရေးလုပ်ငန်း၌ ဒုတိယအလုပ် လုပ်နေကြသည်။ သူတို့ လုပ်ခထုတ်ဖို့ တစ်ပတ်မှာ တစ်ခါသာ ဆိုင်သို့လာသည်။

**အခြေခံကွဲလွဲချက်များ**

အထက်ဖော်ပြပါအတိုင်း ဓာတ်ဆီဆိုင် ငါးဆိုင်အကြောင်းကို ရှင်းပြပြီးသည့်နောက် သီအိုရီထုတ်သူက 'ကမ္ဘာကြီးမှာ ဘာတွေ ဖြစ်နေသလဲ'ဟု ပုစ္ဆာထုတ်သည်။ ဓာတ်ဆီဆိုင်ချင်း ဘာအခြေခံသဘောတရားတွေ ကွဲလွဲနေသလဲဟုလည်း မေးခွန်းထုတ်သည်။

၁။ ဂျပန်၊ အနောက်ဥရောပနှင့် ကွန်မြူနစ်ဓာတ်ဆီဆိုင်တို့တွင် အမေရိကန်နှင့် အလွန်ခြားနားသော လူမှုပဋိညာဉ် (social contracts) တို့က အမြစ်တွယ်နေသည်။ ထို့အပြင် ဈေးကွက်ကို ဘယ်လို လည်ပတ်စေရမည်၊ ဘယ်လို ထိန်းသိမ်းရမည်ဆိုသော အချက်တို့အပေါ် သဘောထားတို့ကလည်း အမေရိကန်နှင့် အလွန် ခြားနားနေသည်။



BURMESE CLASSIC .com

www.burmeseclassic.com



၂။ ဥရောပနှင့်ဂျပန်တို့က လူထုနှင့် ဈေးကွက်တို့အပေါ် အစိုးရက အင်အား အာဏာသုံးခြင်းဖြင့် အကျိုးရှိနိုင်သည်ဟု ယုံကြည်နေကြဆဲ ဖြစ်သည်။ အမေရိကန် တို့ကမူ လူတစ်ဦးချင်းစီအား စွမ်းဆောင်ရည် မြှင့်တင်ပေးခြင်း (enpower the people)နှင့် ဈေးကွက်ကို တတ်နိုင်သမျှ လွတ်လပ်ခွင့်ပေးခြင်းတို့အပေါ် ယုံကြည်နေသည်။

၃။ ဂျပန်၊ အနောက်ဥရောပနှင့် ကွန်မြူနစ်တို့သည် အချုပ်အချယ်မရှိသော ဈေးကွက်နှင့် သက်သောင့်သက်သာ မရှိမဖြစ်ကြ၍ ဈေးကွက်တို့က ဖြစ်ထွန်းစေသော၊ မညီမျှသော အကျိုးခံစားမှုနှင့် မညီမျှသောပြစ်ဒဏ်တို့ကို ကုရှင်ခံထားရန်အလို့ငှာ သူတို့၏ ဓာတ်ဆီဆိုင်တို့၌ ဆုလဒ်များ ညီမျှမှုရှိကြောင်း ပေါ်အောင် ဖော်ထားသည်။

၄။ သူတို့၏ ဓာတ်ဆီဆိုင်တို့သည် သူတို့ လူ့အသိုင်းအဝိုင်း၏ ရိုးရာ အစဉ်အလာနှင့် ရိုးရာတန်ဖိုးနှစ်သက်မှုတို့အပေါ် အာရုံစိုက်ထားကြသည်။ အနောက်ဥရောပသည် အလုပ်သမားဦးရေ နည်းနည်းကို လုပ်ခကြီးကြီးပေး ခိုင်းသည်။ တစ်ဖက်၌ အခွန်အတုတ် ကြီးကြီးကောက်ပြီး အလုပ်လက်မဲ့ အာမခံ ခံစားခွင့်နှင့် အခြား ဝဲလ်ဖဲယားအလှူ(welfare handouts) တို့ကို ပေးသည်။

ဂျပန်ကမူ ဝဲလ်ဖဲယားအလှူ သိပ်မပေး။ သို့သော် အလုပ်အကိုင်တို့ကို တစ်သက်လုံး ရာသက်ပန်ရစေရမည်ဟု အာမခံထားသည်။ ဤအလို့ငှာ နိုင်ငံခြားမှ ပြိုင်ဆိုင်မှုတို့ကို ပိတ်ပင်ချုပ်ချယ်သည်။

၅။ အမေရိကန်ဓာတ်ဆီဆိုင်က ဓာတ်ဆီဝင်ထည့်သည့် ဖောက်သည်သည်ဘုရင် (Customer is king)ဆိုသောအဖြစ်ကို ခံယူပြီး၊ ပိုပြီး စွမ်းရည်ထက်မြက်သော ဓာတ်ဆီဆိုင်ထဲ ဝင်သွားနိုင်ရန် ဖန်တီးထားသည်။ ဓာတ်ဆီဆိုင်၌ လူမှုရေးတာဝန် (social function) မရှိ။ ဈေးနှုန်းအချိုသာဆုံးနှင့် ဓာတ်ဆီအများဆုံး ရောင်းချရေးကိုသာ စူးစိုက်သည်။ ဓာတ်ဆီဆိုင်၌ ဘယ်သူမှမရှိလည်း ဤသဘောဖြစ်နိုင်သည်ဟုဆိုလျှင် ပိုကောင်းသည်ဟု ယူဆသည်။

**ကျား**

ဓာတ်ဆီဆိုင်သီအိုရီထုတ်သူက ဓာတ်ဆီဆိုင်ချင်း ခြားနားချက်တို့ကို ဖော်ပြခဲ့ပါအတိုင်း နှိုင်းယှဉ်ပြောပြပြီးသည့်နောက် ကျားအကြောင်း ပြောသည်။

သူ့အဆိုအရ အမေရိကန်သည် ကျားမဟုတ်ပေ။ ဂလိုဘယ်လိုက်ဖေးရှင်းသည်သာ ကျားဖြစ်သည်ဟု ရှင်းပြသည်။ ဂလိုဘယ်လိုက်ဖေးရှင်း မည်သော ကျားကြီးကို ဝိုင်းစီးကြဖို့သာ ရှိသည်။ ကျားစီး ဘယ်သူတော်သလဲ။

ယနေ့အခြေအနေ၌ အမေရိကန်သည် ကျားစီး အတော်ဆုံး ဖြစ်နေသည်။



BURMESE CLASSIC .com

www.burmeseclassic.com



ဘာကြောင့် ကျားစီးတော်ရသနည်းဟုဆိုသော် အမေရိကန်သည် ကျားကို ကျားပေါက်စ(cub)လေးကတည်းက စပြီး မွေးစားထားခဲ့သောကြောင့် ဖြစ်သည်ဟု ဆိုသည်။ အခု အမေရိကန်က သူနှင့်အတူ ကျားပေါ်ခွစီးရင် စီး၊ မစီးရင် လမ်းဖယ်ပေးပါဟု အော်နေသည်ဟု ဆိုသတတ်။

ခေတ်ဆီဆိုင်ကနေပြီး ကျားအကြောင်း ရောက်သွားသည်။ ဆက်စပ်ပါလိမ့်မည်။ သီအိုရီစာတမ်းကြီးတွေလို၊ ပညာရှိ ကဝိကျမ်းကြီးတွေလို ရေးသားသောစာတို့ကို ငြီးငွေ့ဖွယ်ရာ ဖတ်နေရာကနေ ဤသို့ ကြံကြံဖန်ဖန် ဥပမာ ဥပမေယျတွေပေးပြီး ကမ္ဘာ့စီးပွားရေးအကြောင်းကို ခပ်ရှင်ရှင်ကလေး သရုပ်ဖော်ထားသည့်အတွက် တစ်မျိုးတော့ ပျော်စရာကောင်းသွားပါသည်။

ခေတ်ဆီဆိုင်အကြောင်းရေးသူကပင် ဂလိုဘယ်လိုက်ဇေးရှင်းသည် ဘာနှင့် အလားသဏ္ဌာန် တူလာမည်နည်းဟုဆိုလျှင် မြီးကောင်ပေါက်အရွယ် ကောင်လေးသုံး၊ လေးယောက်က အိမ်တစ်အိမ်မှ ရှေ့တံခါးကို ဆောင့်တွန်းဝင်လာပြီး၊ ဟိုတီဗီတွေပိတ်ပစ်၊ ကြိုးတွေဖြတ်၊ ပြောင်းဆန်အောင်လုပ်ပြီးမှ ကွန်ပျူတာတစ်လုံးကို တပ်ဆင်လိုက်သည်။ အင်တာနက်ကြိုးတွေ တပ်သည်။ ဟိုနှိပ်၊ ဒီနှိပ် လုပ်ပေးပြီး အိမ်ရှင် အဘိုးကြီး၊ အဘွားကြီးနှစ်ဦးအား Download or Die ဟု ပြောပြီး ထွက်သွားပုံမျိုးနှင့် တူသည်ဟုဆိုသတတ်။ အင်တာနက် ဝက်ဘ်ဆိုက်မှ အင်ဖော်မေးရှင်းတို့၊ ပညာတို့ကို ဆွဲချယူချင်ရင် ယူ၊ သို့မဟုတ်လျှင်ကား သေဖွယ်ရာ ဖြစ်ဟန်တူသည်။ ■

*Ref: Asian Wall Street Journal,*
*The Lexus and Olive Tree by T.L. Friedman*

**ဈေးကွက်ဂျာနယ်၊ အမှတ် ၂၂၉။**

www.burmeseclassic.com

# ကုမ္ပဏီသင်္ချိုင်း

**စာကုန်ကြမ်းပြဿနာ**

စီးပွားရေးဆောင်းပါးများ ရေးသားနိုင်ရန် စာရေးသူသည် ကုန်ကြမ်းများ ရှာရသည်။ ကုန်ကြမ်းများဆိုသည်မှာ နိုင်ငံခြားမှ စီးပွားရေးစာနယ်ဇင်းတို့ပင် ဖြစ်ပါသည်။ လမ်းဘေးဆိုင်တို့မှ ရနိုင်သမျှ ဝယ်ရသလို၊ ဂျာနယ်မဂ္ဂဇင်းတိုက် အချို့ကလည်း သူတို့မှာရှိသည့် စာစောင်တို့ကို အခါအခွင့်သင့်သလို ပေးကြပါသည်။

သို့ဖြင့် ဤကုန်ကြမ်းတို့ဖြင့် စာရေးသူ ဆောင်းပါးများ ရေးလာခဲ့ရာ ယခု တလော ဘာသွားတွေ့သနည်းဆိုသော် စာရေးသူရရှိသော နိုင်ငံခြားစာနယ်ဇင်း တို့သည် ကုမ္ပဏီအကြောင်းတွေချည်း ဖြစ်နေခြင်းကို တွေ့လာရသည်။ ဤ နိုင်ငံခြား စီးပွားရေးစာနယ်ဇင်းတို့တွင် သက်ဆိုင်ရာအစိုးရပိုင်းမှ စီးပွားရေးနှင့် ပေါ်လစီပိုင်းတို့အကြောင်း ရေးသားထားခြင်းကိုပင် မတွေ့ရသလောက် ဖြစ်လာ သည်။

ဤမျှကြည့်ရှုံမျှနှင့် သူတို့ဆီ၌ အစိုးရထက် ကုမ္ပဏီတို့က မည်မျှ အရေးကြီး နေကြောင်းကို အလွယ်တကူ ခန့်မှန်း၍ရနေသည်။ ဤအချက်ကလည်း နားလည် ရ လွယ်ကူသည်။ အဘယ့်ကြောင့်ဆိုသော် သူတို့နိုင်ငံများတွင် အစိုးရ၏ကဏ္ဍ က ထင်သလို သိပ်မကြီးသောကြောင့် ဖြစ်သည်။ ခြွင်းချက်အားဖြင့် တရုတ်နှင့်



BURMESE CLASSIC .com

www.burmeseclassic.com



ရှုရလိုနိုင်ငံတို့မှ စီးပွားရေးအကြောင်းများ ဖတ်လျှင်သာ အစိုးရပိုင်း စီးပွားရေး အကြောင်းနှင့် နိုင်ငံပိုင် လုပ်ငန်းတို့အကြောင်းကို ဖတ်ရှုရသည်။

ကုမ္ပဏီတို့အကြောင်းတွေချည်းသာ ပါနေသော နိုင်ငံခြား စာနယ်ဇင်းတို့ ကိုဖတ်ပြီး ရေးသားရသောအခါ ကိုယ့်တိုင်းပြည်နှင့် ဆီလျော်ရဲ့လားဟု မေးခွန်း ထုတ်ကြည့်ပြီး ခံစားမိလာသည်။ ရိုးသားစွာ ဝန်ခံရလျှင် သိပ်မဆီလျော်လှကြောင်း ရေးမဆွကပင် သိရှိပါသည်။ ဤမှာ၌ ကုမ္ပဏီယဉ်ကျေးမှုသည် သိပ်မထွန်းကား သေးဟု အလွယ်တကူ ခန့်မှန်းလို့ရသည်။ ဤမှာ၌ self-employedဟု ခေါ် သော ကိုယ့်လုပ်အား၊ ကိုယ်ပိုင် အရင်းအနှီးလေးနှင့်ကိုယ် လုပ်ကိုင်နေကြသော စီးပွားရေးပုံစံမျိုးက လွှမ်းမိုးသည်။

## ဈေးသည်များနိုင်ငံ

ဗြိတိသျှ ဘောဂဗေဒပညာရှင်တစ်ဦးက သူ၏ အင်္ဂလန်နိုင်ငံကို ဈေးသည်များ နိုင်ငံ(nation of shop-keepers)ဟု အကဲဖြတ်ထားသည့် ဆောင်းပါးကို ဖတ်ရစဉ်က အတော်အံ့သြသွားမိသည်။ စက်မှုထွန်းကားသော နိုင်ငံကြီးအဖြစ် စာရင်းဝင်နေသောနိုင်ငံကို ဘာကြောင့်များ ဈေးသည်များနိုင်ငံဟု အကဲဖြတ်ရ ပါလိမ့်ဟု တွေးတောနေခဲ့ဖူးသည်။

အင်္ဂလန်တောင် ဈေးသည်များနိုင်ငံဆိုလျှင် ကိုယ့်နိုင်ငံကို ဈေးသည်များ နိုင်ငံဟု ပိုလို့တောင် ဆိုနိုင်ပါဦးမည်။ ဈေးသည်တို့မှာလည်း အကြီးစား၊ အလတ် စားတွေနည်းပြီး တစ်နိုင်တစ်ပိုင် ခေါင်းရွက်ဗျတ်ထိုးအဆင့်တွေက များလှသည်။

စာရေးသူသည် ဈေးသည်များနိုင်ငံ၌ ကုမ္ပဏီစီးပွားရေးတို့ကို ရောင်ပြန် ဟပ်သော ဆောင်းပါးတို့သည် လက်တွေ့သိပ်မကျလှ၊ သိပ်မဆီလျော်ဟု စ, ကတည်းကပင် သဘောပေါက်ခဲ့ပါသည်။ ထို့ကြောင့် အငယ်စားအရွယ် စီးပွားရေး လုပ်ငန်းတို့ဖြင့် ဗရပွဖြစ်နေသော ဖွံ့ဖြိုးဆဲနိုင်ငံတို့မှ စီးပွားရေး သုံးသပ်ချက်တို့ ကို ရှာဖွေကြည့်သည်။ ရန်ကုန်စာအုပ်ဈေးတန်း၌ သိပ်ရှာမတွေ့ပေ။ လက်တင် အမေရိကမှ အသေးစား လုပ်ငန်းတို့အကြောင်းကို သုံးသပ်ထားသော စာပေ တစ်စောင်ကို မိတ်ဆွေတစ်ဦးက ရှာပို့ထားသဖြင့် လေ့လာကြည့်နေသည်။

ထိုအတောအတွင်း၌ကား ကုမ္ပဏီစီးပွားရေး အကြောင်းတို့ကိုပင် ဆက်ရေး ရဦးမည်။ ခေတ်သစ် သတင်းအင်ဖော်မေးရှင်း တက္ကနိုလိုဂျီနှင့် ဆက်သွယ်ရေး တက္ကနိုလိုဂျီတို့ကြောင့် ကုမ္ပဏီတို့၏ စီးပွားရေး လုပ်ပုံလုပ်နည်းတို့သည်လည်း အခြေခံအရ အောက်ခြေသိမ်း ပြောင်းလဲသွားပြီဟု ပြောဆိုလာကြသည်။ မည် သည့် ကုမ္ပဏီမှ သမားရိုးကျသွားလို့ မရတော့ပေ။

ဘယ်လောက်တောင် သမားရိုးကျသွားလို့ မရတော့သနည်းဆိုလျှင် သမား



BURMESE CLASSIC .com

www.burmeseclassic.com



ရိုးကျ ကုမ္ပဏီတွေ သက်ဆိုးမရှည်တော့သည်အထိ ဖြစ်လာသည်။ သူတို့ ပြုတ်ကုန်သည်။ ကုမ္ပဏီတွေ ခေတ်ကောင်းနေသည့် ဖွံ့ဖြိုးပြီးနိုင်ငံနှင့် ဖွံ့ဖြိုးဆဲ နိုင်ငံအချို့တို့တွင် လွန်ခဲ့သော ၁၀ နှစ်လောက်က ကုမ္ပဏီစာရင်းနှင့် ယခု ကုမ္ပဏီစာရင်းများကို တိုက်ဆိုင် နှိုင်းယှဉ်ကြည့်လိုက်လျှင် အလွန်ခြားနားသည်ကို တွေ့ရမည်။ ကုမ္ပဏီအဟောင်းတွေ စာရင်းသစ်တွင်မပါဘဲ ပျောက်ကုန်သည်။

**တိုင်းပြည်နှင့်ကုမ္ပဏီ ဘာခြား**

ကုမ္ပဏီတွေ သက်ဆိုးရှည်လှ အများဆုံး ၁၀ နှစ်လောက်ပဲ ဖြစ်လာသည်။ ပြုတ်သည့်ကုမ္ပဏီတွေ ပြုတ်လိုက်၊ အသစ်ပေါ်သည့်ကုမ္ပဏီတွေ ပေါ်လိုက်နှင့် သံသရာအလည် အလွန်မြန်လျက်ရှိသည်။

ဤနေရာ၌ စီးပွားလူမှု သိပ္ပံပညာရှင်တို့က ကုမ္ပဏီတွေ အပြုတ်အပျက် မြန်လာသည့်အကြောင်းကို အခြေခံပြီး၊ ကုမ္ပဏီနှင့် တိုင်းပြည်ကို နှိုင်းယှဉ်ကြည့် ကြသည်။ ကုမ္ပဏီအရေးနိမ့်လျှင် ဘာဖြစ်တတ်သလဲ။ တိုင်းပြည်အရေးနိမ့်လျှင် ဘာဖြစ်တတ်သလဲ။ When a company fails, what happens? နှင့် When a country fails, what happens? ဆိုပြီး မေးခွန်းထုတ်ကာ နှိုင်းယှဉ်ကြည့် ကြသည်။

ကုမ္ပဏီတစ်ခု အရေးနိမ့်လျှင် ဤကုမ္ပဏီ ပျောက်သွားသည်။ သို့သော် တိုင်းပြည်တစ်ပြည် အရေးနိမ့်လျှင်မူ ဤတိုင်းပြည် ပျောက်မသွားပေ။ ဤအချက် အပေါ်မူတည်၍ မည်သည့်ကောက်ချက်ကို ဆွဲသနည်းဆိုသော် ကုမ္ပဏီ အရေးနိမ့် မှုတို့အတွက် ဒီလောက် ပူပင်စရာမရှိ။ အသစ်တွေ ပေါ်လာလိမ့်မည်။ ကုမ္ပဏီ တွေ အရေးနိမ့်လျှင် မြန်မြန်အရေးနိမ့်၍ ပျောက်သွားလေ ကောင်းလေ ဖြစ် သည်။ အရေးကြီးသည်က စွမ်းရည်ထက်မြက်သည့် ကုမ္ပဏီသစ်တွေ အမြန်ပေါ်ဖို့ ပင် ဖြစ်သည်ဟု ကောက်ချက်ဆွဲသည်။

လူမှုစီးပွားရေး ပညာကျော်ကြီး ဂျိုးဇက်ရှွမ်းပီတာ၏ တီထွင် ကြံဆသော ဖျက်ဆီးမှု(creative destruction)နိယာမကို အကောင်းဆုံး အကောင်အထည် ဖော်ပေးနိုင်မှ ဤ ကမ္ဘာလုံးချိတ်ဆက် ဆက်သွယ်မှုစနစ် ဂလိုဘယ်လိုက်ဖေးရှင်း တွင် ရှင်သန်နိုင်လိမ့်မည်ဟု ဆိုလာကြသည်။ ဤ တီထွင်ကြံဆသော ဖျက်ဆီး မှုဆိုသည်မှာ အဟောင်းတွေချုပ်ငြိမ်းပြီး အသစ်တွေပေါ်လာသော တရားပင် ဖြစ်သည်။

ယခုခေတ်သစ်အမြင်အရ အဟောင်းတွေ ချုပ်ငြိမ်းစေရာတွင် ပြိုင်မြင်း မွေးသူတို့လို သဘောထားနိုင်ရမည်။ ပြိုင်မြင်းမွေးသူတို့သည် မြင်းတစ်ကောင် အိုလာပြီ၊ ခြေကျိုး၊ လက်ကျိုး၊ နာလာပြီဆိုလျှင် ဆက်မွေးမထားပေ။ သေနတ်

www.burmeseclassic.com



နှင့် ပစ်သတ်လိုက်သည်။ ကုမ္ပဏီလောက၌လည်း ဒိုင်နိုဆောကုမ္ပဏီတွေ၊ စွမ်းရည်မရှိသော ကုမ္ပဏီတွေ၊ မယှဉ်ပြိုင်နိုင်သော ကုမ္ပဏီတို့ကို သံယောဇဉ်တွယ်ပြီး ထိန်းသိမ်း ထောက်ပံ့ထားလိုခြင်းသည် တီထွင်ကြံဆ ဖျက်ဆီးမှုနိယာမကို ဖောက်ဖျက်ရာကျသည်ဟု ထောက်ပြလာကြသည်။

**မြင်းအို၊ မြင်းနာ**

ဘာမျှ အစွမ်းအစ မရှိ၊ အိုမင်းရင့်ရော်နေသော စရိတ်ကြီးလှသည့် ကုမ္ပဏီတို့ကို သူ့အလိုအလျောက် သေသွားပါစေ(natural death)ဆိုတာမျိုး တွေးလျှင်ပင် ပင်မရေစီးကြောင်းဆန့်ကျင်ရေး(anti-mainstream)ဖြစ်လာသည်။

ထို့ကြောင့် အအိုအဟောင်း၊ စွမ်းရည်မရှိသောကုမ္ပဏီတို့ကို ပြိုင်မြင်းမွေးသူတို့ ထုံးစံအတိုင်း ပစ်သတ်(shoot)လုပ်ရမည်။ ပစ်သတ်သည့်နည်းမှာ ဒေဝါလီခံစရာရှိလျှင်၊ လူမွဲအဖြစ် ကြေညာစရာရှိလျှင် အမြန် ဒေဝါလီခံခိုင်းခြင်း ဖြစ်သည်။ ထို့ကြောင့် ဒေဝါလီဥပဒေ(Bankruptcy Law) မရှိသေးလျှင် ရှိလာအောင် ဖော်ထုတ်ပြဋ္ဌာန်းပြီး ကုမ္ပဏီသချိုင်းကို တည်ဆောက်ပေးရမည်ဟု ဆိုသည်။

ဤနေရာ၌ နိုင်ငံအလိုက် ယဉ်ကျေးမှုအခြေအနေတို့က အဟန့်အတား ဖြစ်နိုင်သည်။ ဥပမာ ဂျပန်နှင့် ဂျာမနီနိုင်ငံတို့တွင် ကုမ္ပဏီတစ်ခု ဒေဝါလီခံရခြင်းကို ရှက်စရာ ဘဝအမည်းစက်အဖြစ် မြင်ကြသည်။ လူတောထဲ မတိုးနိုင်ဟု ထင်ကြသည်။ အချို့ ကုမ္ပဏီပိုင်ရှင်များ ဒေဝါလီခံရလျှင် ကိုယ့်ကိုယ်ကိုယ်ပင် သတ်သေကြသည်။

အမေရိကားတွင်ကား တစ်မျိုးဖြစ်သည်။ ဒေဝါလီခံခြင်းကို ရဲရဲဝံ့ဝံ့ရင်ဆိုင်စေသည်။ ဒေဝါလီခံသူကိုလည်း မည်သူကမျှလည်း မရှုတ်ချ။ အပြစ်လည်း မတင်။ ဝိုင်းလည်း မပယ်။ တိုက်ပွဲတစ်ပွဲ အရေးနိမ့်ခြင်း သဘောလောက်သာ သဘောထားသည်။ နောက်ထပ် ကြိုးစားသည်။ ကုမ္ပဏီသစ် ထောင်ကြသည်။ ထပ်ပြီးဒေဝါလီ ခံရသည်။ လူးလိမ့်ဖုတ်ခါထပြီး ထပ်ကြိုးစားပြန်သည်။ ဤလိုနှင့် အောင်မြင်သွားသူတွေ တစ်ပုံကြီးရှိနေသည်။ ဒေဝါလီခံရသူသည် အတွေ့အကြုံ ရင့်ကျက်လာသူဖြစ်၍ နောက်တစ်ကြိမ် ကြိုးပမ်းမှုတွင် အောင်မြင်နိုင်သော အလားအလာရှိသူလို့ပင် လက်ခံထားကြသည်။ ဆိုလိုရင်းကား အမေရိကားတွင် ဒေဝါလီခံခြင်း(bankruptcy)ကို ယဉ်ကျေးမှုအရ မရှုတ်ချပေ။ အကောင်းပင် မြင်လိုက်သေးသည်။

ထိုနည်းတူစွာ အလုပ်သမားလောက၌ အလုပ်ပြုတ်ခြင်းကိုလည်း ယဉ်ကျေးမှုအရ အကောင်းမြင်သည်။ အလုပ်တစ်ခုမှ တစ်ခုသို့ မကြာခဏ ကူးပြောင်းရခြင်းသည် သဘာဝဖြစ်လာသည်။



BURMESE CLASSIC .com

www.burmeseclassic.com



အမေရိကားတွင် ကုမ္ပဏီကိုပင် နှစ်မျိုးခွဲသည်။ ကုမ္ပဏီဟောင်းနှင့် ကုမ္ပဏီသစ်(venture company)တို့ဟူ၍ ဖြစ်သည်။ ငွေကြေး အရင်းအနှီး ထောက်ပံ့ရာ၌လည်း ကုမ္ပဏီသစ်၊ လူသစ်၊ လုပ်ငန်းရှင်အသစ်၊ အလုပ်အမျိုးအစား အသစ်တို့ကိုမှ ရွေးပြီး ထောက်ပံ့ချေးငှားလိုသည့် ရင်းနှီးမြှုပ်နှံမှုကုမ္ပဏီ (investment company) တို့ကလည်း အများကြီးရှိနေသည်။

## တာဘိုဂျက်နှင့် ဒါဝင်

နိဂုံး၌ ဖော်ပြခဲ့ပါအကြောင်းတို့နှင့် ပတ်သက်ပြီး ပညာရှင်အချို့က သဘောတရား နှစ်ခု ထုတ်လာကြသည်ကို ရှင်းပြလိုသည်။ ပထမသဘောတရားအရ အလွန့်အလွန် မြန်ရခြင်း။ မြန်ရလွန်းသဖြင့် ပြုတ်သူတွေ၊ အရေးနိမ့်သူတွေ၊ ရှုံးသူတွေ များလွန်းလှသည်။ အမြန်နှုန်းကို ၂၁ ရာစုနှစ်၏လူသား ဆင့်ကဲဖြစ်ပေါ်မှုသည် တာဘိုဂျက်အင်ဂျင်အားဖြင့် မောင်းနှင်နေသော ဆင့်ကဲဖြစ်ပေါ်မှု (turbo-charged evolution) ၊ ဒုတိယသဘောတရားအရ အဟောင်းအဟောင်းတို့ကို ဖြိုဖျက်ရာ၌ မညှာမတာ၊ မငဲ့မကွက် ဖြိုဖျက်ရသည့်အလျောက် ဒါဝင်ဆန်သော ကြမ်းကြုတ်မှု(Darwinian brutality evoultion)ကို မလွဲမသွေ ရင်ဆိုင်နေရပြီဟု ဆိုသည်။ ရှင်သန်ရေးအတွက် ကြိုးပမ်းမှုဂိမ်း(game for survival)သည် ဂိမ်းသစ်ဖြစ်သည်။ သမိုင်းတွင် မပေါ်ပေါက်ခဲ့ဖူးသော ဂိမ်းသစ်ဖြစ်သည်။ ကြမ်းကြုတ်မှုတွေ ရှိသည်ဟု ဆိုသည်။ ဂိမ်းဟောင်းအမြင် စွန့်ပစ်နိုင်ရမည်။ ■

*Ref: Asian Wallstreet Journal*

**ဈေးကွက်ဂျာနယ်၊ အမှတ် ၂၃၀။**

www.burmeseclassic.com

# မဟာအိုင်ဒီယာ လေလျှော့ခံရ

## ဆင်နှင့် ပုရွက်ဆိတ်

ဖြစ်ရပ်တို့က အံ့မခန်း ကြီးကျယ်လျှင်ဖြစ်စေ၊ ဖြစ်ထွန်းမှုတို့က အံ့မခန်း ကြီးကျယ်လျှင်ဖြစ်စေ ဤဖြစ်ရပ်နှင့် ဖြစ်ထွန်းမှုကြီးတို့ အကြောင်းကို အစုံအလင် ရှင်းပြနိုင်ရန် စိတ်ကူးအတွေး အိုင်ဒီယာအကြီးကြီး(big idea)တို့ လိုအပ်ပါသည်။ အိုင်ဒီယာ သေးသေးကွေးကွေးတို့နှင့် မရပါ။ ဆင်ကြီးအကြောင်းကို ပုရွက်ဆိတ်က ပြောပုံနှင့် တူသွားမည်။

သို့ဖြင့် ကွန်ပျူတာလုပ်ငန်းတွေ အကြီးအကျယ်ပေါ်လာသည်။ အိုင်တီခေါ် သတင်းအင်ဖော်မေးရှင်း တော်လှန်ရေးဆိုပြီး ပေါ်လာကြသည်။ တက္ကနိုလိုဂျီ ကုမ္ပဏီတို့ အလွန်စန်းပွင့်လာရာ ဤကုမ္ပဏီတို့၏ စတော့ရှယ်ယာ ဈေးတို့က လည်း မိုးပေါ် ထောင်တက်ခဲ့ကြသည်။ တက္ကနိုလိုဂျီတို့ကြောင့် ထုတ်လုပ်မှု အစွမ်းသတ္တိ(productivity)ကလည်း ကျသည်ဟူ၍ မရှိတော့ပေ။ တက်လို့ သာ နေသည်။ ထုတ်လုပ်မှုသတ္တိ ပေါက်ကွဲမှုလို့ပင် ဆိုသည်။ တစ်ဖက်၌လည်း အင်ဖလေးရှင်းခေါ် ကုန်ဈေးနှုန်းတို့က မတက်။ အင်ဖလေးရှင်းမရှိသော ဖွံ့ဖြိုး တိုးတက်မှုလို့ပင် ခေါ်လာကြသည်။

စီးပွားရေးက အတက်ဘက်သာ ပြနေခဲ့သည်။ အဆင်းမရှိခဲ့။ သို့ဖြင့် ဆုတ် ယုတ် ကျဆင်းမှု(recession)သည် ခေတ်ကုန်ပြီ။ စီးပွားရေး အတက်အကျ

www.burmeseclassic.com



သံသရာ(business cycle)သည် ချုပ်ငြိမ်းသွားပြီ။ အမေရိကန်စီးပွားရေးသည် ဖဟိုပြဿနာတစ်ရပ်ကို အခြေခံအားဖြင့် ဖြေရှင်းနိုင်ပြီ။ ဆင်းရဲမွဲတေမှုပြဿနာ မရှိတော့။ အလုပ်လက်မဲ့ပြဿနာ နိဂုံးချုပ်ပြီ။ ထို့ကြောင့် အမေရိကန် စီးပွားရေးသည် စန်းပွင့်မှုနှင့် ဆပ်ပြာပူဖောင်း(boom and bubble) ရောထွေးနေပြီ။ ဓနအင်အားတို့ အရမ်းတိုး၍ အတော် ချမ်းသာကြွယ်ဝလာပြီ။

သို့ဖြင့် ဤမျှ ကြီးကျယ်ခမ်းနားသော ဖြစ်ရပ်ကြီးတို့နှင့် ဖြစ်ထွန်းမှုကြီး (big events and big development)တို့အတွက် အကျိုးအကြောင်း ရှင်းပြရန် အလို့ငှာ အိုင်ဒီယာအကြီးကြီး(big idea)တစ်ခု လိုလာပြီ။ မွေးလည်း မွေးပစ်လိုက်ကြသည်။ ဤအိုင်ဒီယာ အကြီးကြီးကား တခြားမဟုတ်။ စီးပွားရေးသစ် (new economy)ဆိုသော အိုင်ဒီယာကြီးပင် ဖြစ်လေတော့၏။ အချို့က အိုင်ဒီယာက တော်ရုံတန်ရုံ ကြီးသည်မဟုတ်။ အရမ်းကြီးသဖြင့် very big idea လို့ပင် ခေါ်လိုက်ကြသည်။ စီးပွားရေးသစ်ထဲ ရောက်ပြီ။

## တောင်တောင်အီအီ

အခြေအနေ ကောင်းနေတုန်းကတော့ ကောင်းချည်ကောင်းလျက်နှင့် ဘယ်သူက ဘာမှ မပြောခဲ့ကြပေ။ ဝေလည်း မဝေဖန်ခဲ့ကြ။ ဟုတ်တန်ရာ ကောင်းသည်ဟု ထင်ခဲ့ကြသည်။ ဟော ••• အခုတော့ စီးပွားရေး ဆုတ်ယုတ် ကျဆင်းလာသောအခါ၊ တက္ကနိုလိုဂျီ စတော့ရှယ်ယာဈေးတွေ ကျဆင်းလာသောအခါ တောင်တောင် အီအီတွေ ပြောလာကြသည်။ ပထမဦးဆုံး ဒီ'စီးပွားရေးသစ်'ဆိုသော အရမ်းကြီးသည့် အိုင်ဒီယာကြီးကို ဘယ်သူက ထွင်လိုက်တာလဲဟု တရားခံရှာတော့သည်။ တရားခံက သတင်းစာတွေ၊ မီဒီယာတွေပါ။ သူတို့က အရင်သုံးတာပါဟု တရားခံကိုတွေ့ကြသည်။ သတင်းစာ မီဒီယာတို့ကလည်း ဝေါလ်စထရိ (Wall street)ကို လက်ညှိုးထိုး ပြသည်။ ဝေါလ်စထရိ စတော့ဈေးကွက်က စတော့ပွဲစားတွေ၊ သုံးသပ်သူတွေပြောတာ လိုက်ရေးတာပါဟု လွှဲချလာသည်။ စတော့ပွဲစားတို့ကလည်း ဘယ်သူဘယ်ဝါ ဩဇာအရှိန်အဝါကြီးသည့် စီးပွားရေးစာရေးဆရာ(authors)တို့ ရေးသားထားသည်တို့ကို သံယောင်လိုက်မိတာပါဟု ဆိုလိုက်ကြပြန်သည်။ ခက်ကပြီ။ အိုင်ဒီယာသမားများ သံဝေဂရဖို့ပင် ဖြစ်တော့သည်။

ဤတွင် ဟားဗတ်တက္ကသိုလ် အင်စတိန်းစင်တာက သုတေသနတစ်ခု ပြုလုပ်ကြည့်သည်။ ဘာသွားတွေ့သနည်းဆိုသော် မီဒီယာနှင့် ပညာရှင်များလောကတွင် စီးပွားရေးသစ်(new economy)ဆိုသော စကားကို ၁၉၇၀ ပြည့်နှစ်များမှ စတင်၍ သတင်းစာ၊ စီးပွားရေးလုပ်ငန်းပညာရှင်(business economists)



BURMESE CLASSIC .com

www.burmeseclassic.com



တို့နှင့် စီးပွားရေး စာရေးဆရာ(economic authors)တို့က စတင်၍ အသုံးပြု ကြောင်း တွေ့ရှိလိုက်ရသည်။ ထပ်ပြီးတွေ့ရှိလိုက်သည့် အချက်တစ်ချက်မှာ ဤ စီးပွားရေးသစ်ဆိုသော စကားရပ်ကို ခြားနားသော အကြောင်းအရာ အမျိုးမျိုး အပေါ် မကြာခဏဆိုသလို အဆက်အစပ်မရှိဘဲ သုံးစွဲခဲ့ခြင်းသာ ဖြစ်သည်ဆိုသော အချက် ဖြစ်သည်။

**တစ်ကျောင်း တစ်ဂါထာ**

အချို့က ကွန်ပျူတာတက္ကနိုလိုဂျီကို စီးပွားရေးသစ်အဖြစ် ရှင်းပြခဲ့သည်။ အချို့ကမူ ဝန်ဆောင်မှုစီးပွားရေး(service economy)ကို စီးပွားရေးသစ်အဖြစ် ပြောသည်။ အချို့ကလည်း ဂလိုဘယ်လိုက်ဇေးရှင်းကို စီးပွားရေးသစ်အဖြစ် ရှင်း ပြသည်။ အချို့က တစ်ဖန် အလုပ်သမား နှစ်ဦးရှိသည့်အိမ်ထောင်(two workers family)၊ မတိုးမလျော့ဖြစ်နေသော လုပ်ခ(stagnating wages)၊ ကုမ္ပဏီ ငယ်လေးများ မှိုလိုပေါက်လာမှု၊ စက်မှုလုပ်ငန်းများ လျော့သွားခြင်း(deindustria-lization)နှင့် ကော်ပိုရေးရှင်းကြီးတို့ကို ပြန်လည်ဖွဲ့စည်းခြင်း (coporate restructuring)စသည်တို့ကို စီးပွားရေးသစ်အဖြစ် အနက်ဖွင့်ဆိုခဲ့ကြသည်။ တစ်ကျောင်း တစ်ဂါထာ၊ တစ်ရွာ တစ်ပုဒ်ဆန်းဆိုသလို အနက်အမျိုးမျိုး ပေးခဲ့ ကြသည်။

၁၉၇၀ ပြည့်နှစ်များ၌ပင် အမေရိကန်စီးပွားရေးသည် မြင့်မားသော အင် ဖလေးရှင်းနှုန်းနှင့် ပြန်လည်ညှိရခြင်း၊ ဈေးကြီးလာသော ရေနံဈေးနှုန်းနှင့် ညှိရ ခြင်း၊ ဆီစားသက်သာသော မော်တော်ကားတို့ကို တီထွင်ရခြင်းတို့ကိုလည်း စီးပွားရေးသစ်အဖြစ် ရည်ညွှန်းခဲ့ကြဖူးသည်။ ၁၉၈၀ ပြည့်နှစ်များက စီးပွားရေး ဆုတ်ယုတ်မှုဒဏ် မခံလိုက်ရသောအဖြစ်ကို ကြည့်၍ စီးပွားရေးသစ်ပေါ်ပြီဟု ရင့်ကျူးခဲ့ကြသည်။ ထိုနှစ်များထဲ၌ စီးပွားရေးသစ်ဆိုသော စကားရပ်ကို ပို၍ တွင်တွင်ကျယ်ကျယ် သုံးစွဲလာကြသည်။ စာအုပ်နှစ်အုပ်ပင် ထွက်ခဲ့သည်။ 'စီးပွား ရေးသစ်တွင် စီးပွားရေးလုပ်နည်း' နှင့် 'စီးပွားရေးသစ်ကို နားလည်ခြင်း' ဆိုသော စာအုပ်တို့ ဖြစ်ကြသည်။

၁၉၈၆ ခုနှစ် ဖော်ကျွန်းမဂ္ဂဇင်းကြီးက 'အမေရိကား၏ စီးပွားရေးသစ်' ဆိုပြီး မျက်နှာဖုံးဆောင်းပါးဖြင့် ထောမနာပြုခဲ့သည်။ နယူးအင်န်ဝေါလ်ရီပို့၊ ဘိစနက်ဝိခ် မဂ္ဂဇင်း စသည်တို့ကလည်း 'ရာစုနှစ်တစ်ခု တော်လှန်ရေး အကျဆုံး စီးပွားရေး ပြောင်းလဲမှုကြီးတစ်ရပ်၊ စီးပွားရေးသစ် ပေါ်ပြီ' ဆိုပြီး တခမ်းတနား ခေါင်းစီးများ တပ်၍ ကြိုဆိုခဲ့ကြသည်။ ဝန်ဆောင်မှုနှင့် တက္ကနိုလိုဂျီတို့၏ စီးပွားရေးသစ်ဟု အမည်ပေးခဲ့သည်။



BURMESE CLASSIC .com

www.burmeseclassic.com



**၁၀၀၀ အထိ**

ဟားဗတ်တက္ကသိုလ်၏ ဆာဗေးအရ ၁၉၈၅ ခုနှစ်မှ ၁၉၉၅ ခုနှစ်အထိ စီးပွားရေးစာစောင်တို့က စီးပွားရေးသစ်အကြောင်း အကြိမ်ပေါင်း ၇၇၅ ကြိမ် ရည်ညွှန်း ဖော်ပြခဲ့ကြသည်။ ၁၉၉၈ ခုနှစ် တစ်နှစ်တည်း၌ စီးပွားရေးသစ်အကြောင်း အကြိမ်ပေါင်း ၁၀၀၀ အထိ ရည်ညွှန်းခဲ့ကြသည်။

မည်သို့ပင် ရည်ညွှန်းကြစေကာမူ ဟားဗတ်ဆာဗေးအရ စီးပွားရေးသစ် ဟူသော စကားရပ်အတွက် မည်သူကမျှ အနက်အဓိပ္ပာယ် တိတိကျကျ အနက်ဖွင့်ဆိုမှု မပြုခဲ့ကြပေ။ ဤစကားရပ်ကို အကြိမ်ကြိမ် ရည်ညွှန်း သုံးစွဲခဲ့သည်။ သို့ရာတွင် တူညီသော၊ တိကျသော အနက်ဖွင့်ဆိုမှုမျိုး မရှိခဲ့ဟု ဆာဗေးက ထောက်ပြသည်။

ထို့ပြင် စီးပွားရေးသစ်၏ အကျိုးကျေးဇူးအကြောင်းကို ရှင်းပြရာ၌လည်း မှုန်မှုန်ဝါးဝါးသာ ရှိခဲ့သည်ဟု ဆာဗေးက ထောက်ပြထားသည်။ ဥပမာ ကွန်ပျူတာ လုပ်ငန်းဖွံ့ဖြိုးမှုသည် အကျိုးရှိသည်လို့သာ ပြောကြသည်။ ဘယ်လို အကျိုးရှိသည်။ ဘယ်သူတွေ အကျိုးရှိသည်။ ဘယ်သူတွေက ဘာကြောင့် အကျိုးမရှိ ဖြစ်သနည်း။ ဘယ်သူတွေကဖြင့် အကျိုးမခံစားရဆိုသော အပိုင်းတို့နှင့် စပ်လျဉ်း၍မူ ရှင်းမပြခဲ့ကြဟု ဆာဗေးက ထောက်ပြထားသည်။ ဥပမာ ဘောဂဗေဒပညာရှင် ရောဘတ်ဂေါဒန်က ကွန်ပျူတာထုတ်လုပ်သူတို့အတွက်သာ အကျိုးများ၍ စားသုံးသူ ဖောက်သည်တို့အတွက် ထင်သလောက် အကျိုးမများပါဟု ဖော်ထုတ် ပြောဆိုလာသည်။

**လေလျှော့**

အင်ဖော်မေးရှင်း တက္ကနိုလိုဂျီသည် နိုင်ငံ၏ ကုန်ပစ္စည်းနှင့် ဝန်ဆောင်မှု ထုတ်လုပ်နိုင်စွမ်းကို တအားတိုးမြင့်စေသည်ကား အမှန်ပင် ဖြစ်သည်။ ဤအချက်ကိုသာကြည့်၍ စီးပွားရေးသစ်တစ်ရပ် ဖြစ်ထွန်းပြီဟု ရင့်ကျူးခဲ့ခြင်းသည် အခိုင်အမာရှိသော စီးပွားရေးသုံးသပ်ချက်(solid econonmic analysis)အပေါ် မူတည်ခဲ့ခြင်း မဟုတ်တန်ရာ။ လွယ်ကူသောအဖြေများ(simple answers)၊ မျှော်လင့်ချက်ရောင်ခြည်နှင့် စီးပွားရေးအခက်အခဲတို့မှ လွတ်မြောက် သက်သာရေး ဆိုသော ကတိပြုချက်တို့ပေါ်တွင် မှီတည်ပြီးပြုလုပ်ခဲ့ခြင်း ဖြစ်ပုံရသည်။

မည်သို့ပင်ဖြစ်စေ အကျိုးအကြောင်း ဆီလျော်သူတို့လည်း စီးပွားရေး တွက်ချက်မှုတွင် မှားတတ်ပါသည်။ ထိုစကားဖြင့်ပင် စီးပွားရေးသစ်မည်သော အရမ်းကိုကြီးခဲ့သည့် အိုင်ဒီယာကြီးကို တစ်ခါက ပေါ်ခဲ့ဖူးသော သီချင်းတစ်ပုဒ်အတိုင်း 'အာလူး လာမပေးနဲ့ လေနည်းနည်းလျှော့'ဆိုပြီး ပြုလုပ်နေကြရကုန်သည်။ Deflate ဟု သုံးသည်။ အိုင်ဒီယာကြီးတို့လည်း လေလျှော့ခံနေရပြီ။



BURMESE CLASSIC .com

www.burmeseclassic.com



စီးပွားရေးသစ်ဟု ရင့်ကျူးရေးသားခဲ့သော မီဒီယာတို့တွင်လည်း စန်းပွင့်မှုနှင့်ပူဖောင်း(boom and bubble)တို့၏ ဒဏ္ဍာရီဟူ၍ လည်းကောင်း၊ ကုန်ထုတ်လုပ်မှု အစွမ်းသတ္တိ တိုးမြင့်ခြင်းသည် လောကနိဗ္ဗာန်ဟု မယူဆနိုင်ကြောင်း၊ ထုတ်လုပ်မှုအစွမ်းသတ္တိတို့သည်လည်း မမြဲသောတရားအတိုင်း လိုက်နာရမည်သာဖြစ်ကြောင်း စသည်ဖြင့် ရေးသားလာကြသည်။ ကွန်ပျူတာကုမ္ပဏီကြီး စစ်စကိုကော်ပိုရေးရှင်းကြီး၏ စီအီးအို မစ္စတာချိန်ဘာက ဝယ်လိုအား (demand) တွေ ဒီလောက်တောင် ပြိုကျသွားလိမ့်မည်ဟု သူ ဘယ်တုန်းကမှ မထင်ခဲ့ကြောင်း၊ ယခု ပြိုကျလာတော့ ယုံချင်စရာတောင် မရှိကြောင်း ထုတ်ဖော်ပြောဆိုလာကြသည်။ စီးပွားရေးသစ်ကို ထောမနာပြုခဲ့သော မီဒီယာတို့ကလည်း အပြစ်မြင်သည့် အိုင်ဒီယာ(cynicism)ဘက် ရွှေ့နေကြသည်။ ■

*Ref: IHT, AWSJ*

**ဈေးကွက်ဂျာနယ်၊ အမှတ် ၂၃၂။**



BURMESE CLASSIC .com

www.burmeseclassic.com

# ဝိရောဓိနှင့် ခွေးကတက်

**ဘိစနက်ယဥ်ကျေးမှု**

စင်ကာပူတွင် စိတ်ဝင်စားစရာကောင်းသော ယဥ်ကျေးမှုတစ်ခု မကြာသေးမီက ပေါ်လာသည်။ ဟောင်ကောင်တွင်လည်း ခွေးကတက်အခြေအနေ အပြောင်းအလဲ ဖြစ်သွားသည်။ ဤဝိရောဓိနှင့် ဤခွေးကတက်တို့သည် ဒီမှာ ဘယ်လောက်အထိ သက်ဆိုင်နိုင်သလဲဟု သုံးသပ်နိုင်ရန်အလို့ငှာ ဤဆောင်းပါးကို ရေးသားခြင်း ဖြစ်သည်။

စင်ကာပူ၌ပေါ်သော ဝိရောဓိမှာ စီးပွားရေးလုပ်ငန်းဘိစနက် ယဥ်ကျေးမှု (business culture)နှင့် ကမ္ဘာလုံးဆိုင်ရာဘဏ္ဍာရေး(global finance)တို့ ကျယ်ကျယ်လောင်လောင် တိုက်မိခိုက်မိလာခြင်း ဖြစ်သည်။ စင်ကာပူနိုင်ငံတွင် ဘိစနက်လုပ်ငန်းတို့ကို ကော်ပိုရေးရှင်းကြီးများဖွဲ့စည်း၍ အလုပ်လုပ်ကြသည်က များသည်။ ဤသို့လုပ်ဆောင်ရင်း စင်ကာပူကော်ပိုရေးရှင်းကြီးတို့၏ ကိုယ်ပိုင်ယဥ်ကျေးမှုက သီးခြားသဘာဝဖြင့် ဖြစ်ထွန်းလာခဲ့သည်။

ဘိစနက်ယဥ်ကျေးမှုဆိုသည်မှာ စီးပွားရေးကို လုပ်ပုံကိုင်ပုံ နည်းလမ်းတို့ကို ခြုံ၍ ယေဘုယျအားဖြင့်ခေါ်ဝေါ်ခြင်း ဖြစ်သည်။ တစ်နည်းအားဖြင့်ပြောရလျှင် ဘိစနက်လုပ်ငန်းအတွင်း အစုရှင်နှင့် ဒါရိုက်တာအဖွဲ့ဝင်တို့ ဆက်ဆံရေး၊ စီမံခန့်ခွဲသူနှင့် အလုပ်သမားတို့ ဆက်ဆံရေး၊ ဘိစနက်လုပ်ငန်းနှင့် ဘဏ်တို့ဆက်ဆံရေး၊

www.burmeseclassic.com



ဖောက်သည်တို့နှင့် ဆက်ဆံရေး၊ ပစ္စည်းတင်သွင်းသူ ဆပ်ပလိုင်းရာတို့နှင့် ဆက်ဆံရေး၊ ဘိစနက်နှင့် ရင်းနှီးမြှုပ်နှံသူတို့၏ ဆက်ဆံရေး စသည်ဖြင့် ဆက်ဆံရေး ပေါင်းစုံကို ခြုံငုံ၍ ဘိစနက်ယဉ်ကျေးမှုဟု ခေါ်ဝေါ်ခြင်း ဖြစ်သည်။

စင်ကာပူသည် အချက်အချာကျသော ပထဝီအနေအထားတွင် ရှိသောကြောင့်၊ ကွန်ရက်ဆက်သွယ်မှု ကောင်းမွန်ခြင်းတို့ကြောင့်လည်း ကမ္ဘာ့စီးပွားရေးနှင့် နီးနီးစပ်စပ် ချိတ်ဆက်မိနေသည်။ အထူးသဖြင့် ကမ္ဘာ့ဘဏ္ဍာရေးလောက (global finance)နှင့် လက်ရေတစ်ပြင်စီးလို့ ချိတ်ဆက်မိနေသည်။

မကြာသေးမီက စင်ကာပူ ဘိစနက်ယဉ်ကျေးမှုနှင့် ဤ ဂလိုဘယ်ဘဏ္ဍာရေးတို့ ပဋိပက္ခ ဖြစ်လာကြသည်။ ဝိရောဓိ ဖြစ်လာကြသည်။ ဤပဋိပက္ခကို မီးမွှေးပေးသူမှာ စင်ကာပူ စီနီယာဝန်ကြီး လီကွမ်းယူဖြစ်နေသည်။ သူက ကော်ပိုရေးရှင်းကြီးများ ခေတ်နှင့်အညီ ပြောင်းလဲကြရန် တိုက်တွန်းခြင်းမှ စသည်။

## သိမ်းပိုက်ပုံ နှစ်မျိုး

ကော်ပိုရေးရှင်းကြီးတွေ ကြီးစိုးသောနယ်မြေကို (coporate landscape) ဟု ခေါ်သည်။ စင်ကာပူရှိ ကော်ပိုရိတ်နယ်မြေတွင် အနောက်တိုင်းမှ ကော်ပိုရိတ်နယ်မြေတို့နှင့်မတူသော အချက်တစ်ချက် ရှိသည်။ ယင်းမှာ တရုတ်ရိုးရာ အစဉ်အလာလို့ ပြောရမလား မသိ။ စာဖြင့် အတိအကျ ရေးသား ပြဋ္ဌာန်းထားခြင်း မရှိသော စည်းကမ်း(unwritten rules)တို့ကို လိုက်နာနေသေးသော အချက်ဖြစ်သည်။ ဤအချက်ကြောင့်ပင် ယခု ပြဿနာတက်လာသည်။ ဤ အချက်သည် အပြောင်းအလဲလုပ်ရာ၌ အဟန့်အတား ဖြစ်လာသည်။

စင်ကာပူရှိ စီနီယာဝန်ကြီး လီကွမ်းယူက အမြော်အမြင်ကြီးစွာဖြင့် စင်ကာပူရှိ ကော်ပိုရေးရှင်းကြီးများ၊ အထူးသဖြင့် ဘဏ်တိုက်များ ပြောင်းလဲနေသည့် ခေတ်နှင့်အညီ စုစည်းပေါင်းစည်းကြရန် မကြာသေးမီက နှိုးဆော်လိုက်သည်။ Consolidation ဟု ဆိုသည်။ မစ္စတာလီကွမ်းယူက ‘ပေါင်းစည်းရန် ကြိုးပမ်းမှုများ ရှိနေလင့်ကစား နှေးကွေးသေးကြောင်း၊ ဖြည်းဖြည်းဆေးဆေး အေးအေးဆေးဆေး လုပ်ရှားသည့်ကုမ္ပဏီတို့တွင် ခင်ဗျားတို့ အစုရှယ်ယာတွေ ဝယ်ထားကြလျှင် ဤရှယ်ယာတို့ကို ရောင်းထုတ်ပစ်လိုက်ဖို့ ကောင်းကြောင်း၊ ဘာကြောင့်လဲဆိုတော့ ခင်ဗျားတို့ရဲ့ပြိုင်ဘက်တွေ လှုပ်ရှားပြောင်းလဲနေသည့် နှုန်းနှင့်အညီ လှုပ်ရှားခြင်းသည်သာ စီးပွားရေးလောကထဲတွင် ဆက်လက်ရှင်သန်နိုင်ရန် တစ်ခုတည်းသောနည်းလမ်း ဖြစ်နေသောကြောင့်ဖြစ်ကြောင်း’ စသည်ဖြင့် သတိပေးလိုက်သည်။ ဤ သတိပေးချက်က ဖော်ပြခဲ့ပါဝိရောဓိကို မွေးထုတ်တော့သည်။

ကော်ပိုရေးရှင်းကြီးများ ပေါင်းစည်းရေးတွင် အခြေခံအားဖြင့် နည်းလမ်း



BURMESE CLASSIC .com

www.burmeseclassic.com



နှစ်သွယ်ရှိသည်။ ပထမနည်းလမ်းသည် ရန်လိုသော သိမ်းပိုက်မှု(hostile take- over) ဖြစ်သည်။ ကုမ္ပဏီတစ်ခုကို အကြွေးနှင့်သိမ်းတာမျိုး၊ လျှော့ဈေးနှင့် ဝယ် ယူတာမျိုးတို့ကို ရည်ညွှန်းသည်။ အပြိုင်အဆိုင်ပြုသော သိမ်းပိုက်မှု(contested take-over)လို့လည်း ခေါ်သည်။ ဒုတိယနည်းလမ်းကို မိတ်ဆွေဖြစ် သိမ်းပိုက် ပေါင်းစည်းမှု(friendly merger)ဟု ခေါ်သည်။

စင်ကာပူအစိုးရက ကုမ္ပဏီချင်း ပေါင်းစည်းကြရန် တိုက်တွန်းသည်။ သို့သော် ကုမ္ပဏီတို့က ဘယ်လိုပေါင်းစည်းရမှန်း မသိကြပေ။ ကုမ္ပဏီချင်း ပေါင်းစည်းမှု သည် စင်ကာပူကော်ပိုရိတ် ယဉ်ကျေးမှု၌ အသစ်အဆန်းဖြစ်နေသည်။ အထူး သဖြင့် စင်ကာပူ၌ ရန်လိုသော သိမ်းပိုက်မှုမျိုးကို တစ်ခါမှ မကြုံခဲ့ဖူးပေ။

**တရားစွဲမလား**

ကုမ္ပဏီတွေပေါင်းစည်းကြလျှင် အနည်းနှင့်အများ ကုမ္ပဏီတစ်ခုနှင့် တစ်ခု အပုပ်ချလေ့ ရှိကြသည်။ အနောက်တိုင်း ဘိစနက်ယဉ်ကျေးမှု၌ ဤလို အပုပ်ချ လို့ ဘာမျှမဖြစ်ပေ။ ခွင့်ပြုသည်။

သို့ရာတွင် စင်ကာပူ၌ ခက်ကပြီ။ အစိုးရအကျိုးစီးပွားပါသော ဒီဘီအက်စ် ဘဏ်က အခြားဘဏ်နှစ်ခုဖြစ်သော အိုယူဘီဘဏ်နှင့် ယူအိုဘီဘဏ်တို့မှ အစုရှင်တို့ ထံ စာလွှာတစ်စောင် ဝေငှသည်။ ဤစာလွှာထဲတွင် အိုယူဘီဘဏ်တို့နှင့် ယူအိုဘီဘဏ် တို့မှ ဒါရိုက်တာအဖွဲ့ဝင် လူကြီးတို့သည် အစုရှင်တို့၏ အကျိုးစီးပွားကိုမကြည့်၊ မိမိတို့မိသားစု ကွပ်ကဲထိန်းကွပ်မှု လက်မလွှတ်ရေးကိုသာ ဦးစားပေးနေသည်ဟု စွပ်စွဲထားသည်။ အဓိပ္ပာယ်မှာ ပြောင်းလဲမှုကိုမလိုလားသူများဟု ပြောခြင်းဖြစ်သည်။

ထိုခနဲ့ရှိ အသရေဖျက်မှုနှင့် တရားစွဲလေ့ရှိသော စင်ကာပူ နိုင်ငံရေးသည် ယခု စီးပွားရေးဘက်သို့ ဦးလှည့်သွားလေပြီ။ ဒီတစ်ခါ၌ တရားစွဲရမည့် ဘဏ်မှာ အစိုးရနှင့်နီးစပ်သောဘဏ်၊ ဒီဘီအက်စ်ဘဏ် ဖြစ်နေသည်။ ဒီဘီအက်စ်ဘဏ် ဒါရိုက်တာအဖွဲ့က ဝန်ခံ တောင်းပန်လွှာတစ်စောင် ရေးသားပေးပို့ရသည်အထိ ဖြစ်သွားသည်။ စင်ကာပူဒေါ်လာ တစ်သန်းစီကို အခြားဘဏ်နှစ်ခုအား ပေးပါမည် ဟူ၍လည်း တောင်းပန်စာထဲ၌ ပါရှိသည်။ အခြားဘဏ်နှစ်ခုကလည်း အစိုးရနှင့် နီးစပ်သော ဒီဘီအက်စ်ဘဏ်ကို အသရေဖျက်မှုနှင့် တရားစွဲသင့်၊ မစွဲသင့် တင်ပြ ရန် အစုရှင်များအစည်းအဝေးကို ခေါ်ထားသည်။

ဤသည်ပင် ကော်ပိုရေးရှင်းကြီးတွေ ပေါင်းစပ်ဖွဲ့စည်းလာသော ဂလိုဘယ် ဘဏ္ဍာရေးနှင့် စင်ကာပူ၏ ဘိစနက်ယဉ်ကျေးမှုတို့ ဝိရောဓိဖြစ်လာခြင်းဟု ဝေဖန် ဆန်းစစ်သူတို့က အကဲဖြတ်လာကြသည်။



BURMESE CLASSIC .com

www.burmeseclassic.com



**နဂတစ်အီကွိတီ**

တက်နိုင်မှုလေ့ကားထစ်(affordability threshold) (ဝါ) ခွေးကတက် ဆိုသောစကားသည် ဟောင်ကောင် တိုက်တာ အိုးအိမ် မြေရာဈေးကွက် (property market)၏ အဓိကကျောရိုးစကား ဖြစ်သည်။ တိုက်ခန်းဝယ်သူတို့ တိုက်ခန်းဝယ်နိုင်ခြေ ရှိ၊ မရှိကို တိုင်းထွာသောစံ ဖြစ်သည်။ အကြမ်းအားဖြင့်ပြောလျှင် တိုက်ခန်းဈေးတွေ ကျနေလျှင် တိုက်ခန်းတွေဝယ်နိုင်ခြေ ပိုရှိသည်။ (ဝါ) ခွေးကတက် နိမ့်သွားသည်။ တိုက်ခန်းဈေးတွေ တက်နေလျှင် တက်နိုင်ခြေ မြင့်သွားသည်။ ခွေးကတက်မြင့်သွားသည်ဟု ပြောလို့ရသည်။

မှတ်တိုင်သည် ဟောင်ကောင်ကျွန်း တရုတ်ပြည် အချုပ်အခြာ အာဏာပိုင်လက်ထဲ ပြန်ရောက်သွားသည့်နေ့မှ စတင်ရမည်။ ဗြိတိသျှတို့ စွန့်ခွာပြီးသည့်နောက် အုပ်ချုပ်ရေးမှူးသစ် တုန်ချီဟွာသည် ဤ တက်နိုင်မှုခွေးကတက်ကို နှိမ့်ပစ်လိုက်သည်။ အများပြည်သူတို့ နေထိုင်နိုင်သော တန်ဖိုးနည်းအိမ်ရာတို့ကို ဆောက်လုပ်ပေးခဲ့သည့်အပြင် အိမ်ငှားနေသူတွေ ပိုင်ရှင်ဖြစ်လာရေးဆိုသော ပေါ်လစီကိုလည်း ချမှတ်ခဲ့သည်။ အိမ်ငှားများ ကိုယ့်အခန်းကိုယ် ဝယ်နိုင်အောင် ချေးငှားထောက်ပံ့ခဲ့သည်။ တစ်နည်းအားဖြင့် ပြောလျှင် တက်နိုင်မှုခွေးကတက်ကို ဘဏ်ချေးငွေ(bank financing)ဖြင့် နှိမ့်ချပေးခြင်းဖြစ်သည်။ အိမ်ပေါင်လုပ်ငန်းကြီးထွားလာသည်။ ဘဏ်အကူအညီဖြင့် အရစ်ကျပေးဆပ်သည့် စနစ်လည်း ခေတ်စားလာသည်။

ဟောင်ကောင်၏ တိုက်တာအိုးအိမ်လုပ်ငန်း သဘာဝသည် နေထိုင်ရုံ (residence) ကိစ္စသက်သက်သာ မဟုတ်။ များစွာသော ဟောင်ကောင်သားတို့သည် တိုက်ခန်းအရောင်းအဝယ်၊ တိုက်ခန်း အငှားအရမ်းလုပ်ငန်းတို့ကို ရင်းနှီးမြှုပ်နှံမှု(investment)တစ်ခုအနေဖြင့် ပြုလုပ်နေကြသည်။ ဤသို့ ရင်းနှီးမြှုပ်နှံမှုအနေဖြင့် လုပ်ကြသောကြောင့်လည်း တိုက်ခန်းများ လက်ပြောင်း၊ လက်လွှဲမှုတို့သည် အလွန်များလာသည်။

**အင်ပလေးရှင်း အကာအရံ**

ထိုနှင့်အတူ အနုတ်ဆောင်နဂတစ် အီကွိတီ(negative equity)လက္ခဏာလည်း ပေါ်လာသည်။ ယင်း၏အဓိပ္ပာယ်မှာ အိမ်ပေါင်၊ တိုက်ပေါင်၊ မြေပေါင် အကြွေးလက်ကျန်တို့သည် တိုက်တာ အိမ်ရာမြေတန်ဖိုး(property value) တို့ထက် များပြားနေခြင်းကို ရည်ညွှန်းသည်။ တိုက်တာ အိုးအိမ်တန်ဖိုးတို့ ကျဆင်းသွားရာပြသည်။

စင်စစ်၌ များစွာသော ဟောင်ကောင်သားတို့သည် တိုက်ခန်း အရောင်း

www.burmeseclassic.com



အဝယ်၊ အငှားအရမ်း(real estate)လုပ်ငန်းတို့ကို ငွေဖောင်းပွမှု အင်ဖလေးရှင်းကို အကာအရံပြုသော ကိရိယာ(inflation hedging instrument globally) အဖြစ် အသုံးပြုနေကြခြင်း ဖြစ်သည်။ တိုင်ပေ၊ စင်ကာပူ တိုက်ဈေး၊ မြေဈေးတို့ကိုလည်း ကြည့်ကြသည်။ ယခု မမျှော်လင့်ဘဲ ဟောင်ကောင်သားတို့က ဟောင်ကောင် တိုက်ခန်းဈေးကွက်ထက် ဟောင်ကောင်နားကပ်နေသော ပုလဲမြစ် ရှင်ဖင်ဒေသရှိ အိုးအိမ်တိုက်တာဈေးကွက်ထဲ ဝင်တိုးကြသည်။ ဟောင်ကောင်သို့ ခရီးစရိတ် အကုန်ခံပြီး လာစရာမလိုဘဲ ရုပ်မြင်သံကြား မိုဘိုင်းဖုန်းဖြင့် လှမ်းပြီး ရင်းနှီးမြှုပ်နှံနေကြသည်။

တိုက်တာ အိမ်မြေဈေးကွက်(property market)သည် ကျပြီးလျှင် ပြန်တက်ခဲ့သည်။ ယခုတစ်ကြိမ်၌ ဤသို့ဖြစ်မည်ဟု ကေန် မပြောနိုင်ကြပေ။ ကမ္ဘာနှင့်ချီပြီး ကျဆင်းနေသောကြောင့် ဖြစ်သည်။ ■

*Ref: Asia Wall Street Journal*

**ဈေးကွက်ဂျာနယ်၊ အမှတ် ၂၃၃။**



BURMESE CLASSIC .com

www.burmeseclassic.com

# ဂလိုဘယ်လိုက်ဇေးရှင်း အကျပ်အတည်း

**လေးမျိုး**

ရှုပ်ထွေးသော အခြေအနေ(complex situation)လို့သာ ယေဘုယျ ပြောဆို နေကြသော်လည်း ရှုပ်ထွေးမှုပုံသဏ္ဍာန်နှင့် ပတ်သက်၍မူ တိတိကျကျ ပုံဖော်ပြောဖို့ အလွန် ခက်နေခဲ့ကြသည်။ သို့ရာတွင် မကြာသေးမီကမှစ၍ ပညာရှင်တို့က ရှုပ်ထွေးမှုပုံသဏ္ဍာန်ကို တိတိကျကျ ပုံဖော် ပြောဆိုလာကြသည်။

ထိုအထဲမှ စီးပွားရေး၊ နိုင်ငံရေးပညာရှင်တို့၏ ခေတ်ပြိုင်လောကကို ကြည့်၍ ပုံဖော်ကြည့်သော အမြင်သည် စိတ်ဝင်စားဖို့ ကောင်းသည်။ သူတို့က ပေါ်ထွန်းနေသော အသွင်ကူးပြောင်းရေး အမျိုးအစားတို့ကို သရုပ်ခွဲကြည့်သည်။ ၎င်းတို့အမြင်၌ နိုင်ငံအတော်များများသည် စစ်အေးခေတ် ပြီးဆုံးသည်နှင့် အသွင် ကူးပြောင်းရေး လေးမျိုးကို တစ်ပြိုင်နက်တည်း ရင်ဆိုင် တွေ့ကြုံလာရသည်ဟု ထောက်ပြသည်။

**၁။ အသွင်ကူးပြောင်းရေး လေးမျိုးမှာ**

(၁) ဆိုရှယ်လစ်စနစ်မှ ဈေးကွက် အရင်းရှင်စနစ်ဆီသို့ ကူးပြောင်းရခြင်း။ ထိုအထဲတွင် အရှေ့ဥရောပ၊ တရုတ်ပြည်၊ ဗီယက်နမ်၊ လာအို စသည့် နိုင်ငံတို့ ပါဝင်ကြသည်။ အချို့ပညာရှင်တို့က နောက်ပြန် အသွင်ကူးပြောင်းရခြင်း(reverse transition)ဟု ခေါ်ဆိုသည်။



BURMESE CLASSIC .com

www.burmeseclassic.com



(၂) အနောက်ဥရောပနှင့် ဂျပန်တို့တွင် သက်သာချောင်ချိရေး စီးပွားရေး(welfare state economy)မှ ပို၍ လစ်တရယ်ကျသော စီးပွားရေး(liberal economy) ဆီသို့ အသွင်ကူးပြောင်းရခြင်း။ (လူမှုဖူလုံရေး၊ လူမှုလုံခြုံရေး စသော ပြဿနာ အားလုံးကို အစိုးရက လုံးဝ တာဝန်ယူထားရသော ဝန်ထုပ်ကို တအား လျှော့ပစ် လာရသည်။ ဤဝန်ထုပ်တို့ကို အစိုးရမဟုတ်သော အစိတ်အပိုင်း(non-state sectors)တို့က ပိုမိုတာဝန်ယူရန် စိုင်းပြင်းခဲ့ကြသည်။)

(၃) အာဏာရှင်စနစ်တို့မှ ဒီမိုကရေစီစနစ်ဆီသို့ အသွင်ကူးပြောင်းရခြင်း။ (လက်တင်အမေရိကနှင့် အာရှတိုက်ဘက်တွင် မကြာသေးမီက ဖြစ်ထွန်းခဲ့ကြသည်)

(၄) ကမ္ဘာလုံးကျွတ် ဆက်နွယ်ချိတ်ဆက်မှုခေါ် ဂလိုဘယ်လိုက်ဖေးရှင်းထဲသို့ အသွင်ကူးပြောင်း ဝင်ရခြင်း။ (ဤအသွင်ကူးပြောင်းမှုသည် ခေတ်မီ တက္ကနိုလိုဂျီက အဓိကမောင်းနှင်အားဖြစ်၍ အတော်လည်း ရှုပ်ထွေးနေပဟန်ရှိသည်)တို့ ဖြစ်ကြသည်။

## ရှေ့-မျဉ်း

ဤ အသွင်ကူးပြောင်းမှုလုပ်ငန်း၏ ထူးခြားချက်မှာ တစ်ခုပြီးမှ တစ်ခု၊ တစ်ဆင့်ပြီးမှ တစ်ဆင့် ပြုလုပ်မည်ဟူ၍ မဖြစ်နိုင်သောအချက် ဖြစ်သည်။ အချို့နိုင်ငံတို့သည် ဤ အသွင်ကူးပြောင်းရေး လေးမျိုးစလုံးကို တစ်ပြိုင်နက်တည်း ပြုလုပ်ရန်လိုသည်။ နိုင်ငံအများစုသည် သုံးမျိုးကို တစ်ပြိုင်နက်တည်း ပြုလုပ်ရန် လိုသည်။ ဖွံ့ဖြိုးပြီးနိုင်ငံနှင့် ဒီမိုကရေစီနိုင်ငံတို့တွင်မူ (၁)နှင့် (၃)တို့ကို ဆောင်ရွက်ရန်မလိုဘဲ ကျန် အသွင်ကူးပြောင်းရေး ပုံစံနှစ်မျိုးကို အာရုံစူးစိုက် ဆောင်ရွက်ရန် လိုသည်။

ဤ အသွင်ကူးပြောင်းရေး လေးမျိုးစလုံးသည် စီးပွားရေးအရ ဖွံ့ဖြိုးတိုးတက်မှုကို စီမံခန့်ခွဲရန်အတွက် ကြိုတင်လိုအပ်ချက်များကဲ့သို့ ဖြစ်လာသည်။ Pre-requisites for management of growth ဟု ပြောလို့ရပေသည်။ ဤ အသွင်ကူးပြောင်းရေး လေးမျိုးနှင့် ပတ်သက်၍ စာအုပ်အမျိုးမျိုး၊ ကျမ်းအမျိုးမျိုးတို့လည်း ထွက်ရှိနေသည်။ ဤကျမ်းအဆိုတို့၌ တူညီသော အခြေခံအချက် တစ်ချက်ကား ရှိသည်။ ယင်းမှာ ဤအသွင်ကူးပြောင်းရေး လေးမျိုးစလုံးသည် နာကျင်မှုပြင်းထန်သည်(painful transition)ဆိုသော အချက်ပင် ဖြစ်သည်။

နာကျင်မှုနှင့်ပတ်သက်၍ သီအိုရီတို့လည်း ထုတ်ကြသည်။ သင်ခန်းစာတို့လည်း ထုတ်ကြသည်။ အရှေ့ဥရောပ အတွေ့အကြုံတို့ကိုကြည့်၍ J-curve တိုသောအမြင် ဖော်ထုတ်ခဲ့ကြသည်။ ဤမျဉ်းနှင့် လူထုသဘောထားတို့ကို ဆက်စပ် ကြည့်သည်။

www.burmeseclassic.com



ဂျေ–မျဉ်းသည် အကူးအပြောင်းကာလတွင် ငွေတန်ဖိုး ကျဆင်းသွားသောကြောင့် မိမိနိုင်ငံ၏ အပြည်ပြည်ဆိုင်ရာ ငွေပေး ငွေယူရှင်းတမ်း(balance of payment) အလွန် ဆိုးဝါးသွားသည်။ နိုင်ငံခြားမှ သွင်းကုန်စျေးနှုန်းများ ကြီးမြင့်လာသည်။ သွင်းကုန်များ လျော့ဖြတ်လာရရာ ပြည်သူအများ၏ စားဝတ်နေရေးကို အတော်ထိခိုက်သည်။ ဂျေစာလုံးလို တစ်ဟုန်ထိုး ကျဆင်းသွားရာမှ နောက်ပိုင်းတွင် ပြည်ပပို့ကုန် အိပ်စ်ပို့က ပြန်တက်လာလျက် ယင်း ပြည်ပငွေပေး ငွေယူရှင်းတမ်း ပြန်လည် တိုးတက်ကောင်းမွန်လာခြင်းကို ပြသည်။

ကနဦး အစပိုင်း၌ ငွေပေး ငွေယူရှင်းတမ်းအခြေအနေ ဆိုးဝါးမှုကြောင့် အလွန် ပြင်းထန်ပေသည်။ ဤအခြေအနေ၌ ပြည်သူအများသည် အသွင်ကူးပြောင်းရေးအပေါ်၌ပင် စိတ်ပျက်နိုင်ကြသည်။

## ကရိုနီပြဿနာနှင့် ပြင်သစ်

အင်ဒိုနီးရှားအတွေ့အကြုံကို သုံးသပ်သော ပညာရှင်တစ်ဦးက သမ္မတ ဆူဟာတိုလက်ထက်ကို မီးမောင်းထိုးပြသည်။ သူ၏လက်ထက်၌ အင်ဒိုနီးရှား၏ အရင်းရှင်စနစ်သည် ကရိုနီအရင်းရှင်စနစ်(Crony capitalism) ဖြစ်နေသည်။ အချို့လောက်သာ စီးပွားရေးတွင် တွင်ကျယ်ပြီး ကြွယ်ဝနေကြသည်။ ထိုအချိန်က အာရှဘဏ္ဍာရေး အကျပ်အတည်းကြီးက ရုတ်တရက်ဆိုသလို ရိုက်ပုတ်ကျရောက်လာသောအခါ သမ္မတဆူဟာတိုက ခါးတောင်းကျိုက်မဖြုတ်ကြရန်၊ ချွေတာကြရန် နှိုးဆော်လိုက်သည်။ ကရိုနီအရင်းရှင်စနစ်ကို မြင်တွေ့နေရသော ပြည်သူအများစုက နာကျင်မှုကို မျှဝေခံစားကြရန် အဆင်သင့်မဖြစ်ခဲ့ကြပေ။

ဆူဟာတို၏ တရားဝင်ရပ်တည်မှုကလည်း ချည့်နဲ့လာသည့်အတွက် နာကျင်မှုကို မျှဝေ ခံစားကြရန် မေတ္တာရပ်ခံချက်သည် အချည်းနှီး ဖြစ်ခဲ့သည်။

ဝဲလ်ဖဲရားနိုင်ငံအဖြစ်မှ အသွင်ကူးပြောင်းရသော ပြင်သစ်အတွေ့အကြုံကလည်း တစ်မျိုး စိတ်ဝင်စားစရာ ကောင်းသည်။ တစ်ကမ္ဘာလုံး၌ ယှဉ်ပြိုင်မှုများ အသည်းအသန်ဖြစ်နေချိန်တွင် ပြင်သစ်အစိုးရက ဘာစိတ်ကူးပေါက်သည်မသိ။ အလုပ်သမားတို့ တစ်ပတ်လုံး အလုပ်ချိန် ၄၈ နာရီကို ဥပဒေပြဋ္ဌာန်းပြီး ထပ်မံလျှော့ချလိုက်သည်။ အပေါ်ယံကြည့်လျှင် အလုပ်သမားတွေ အလုပ်ချိန် လျှော့လုပ်ရသဖြင့် ပျော်စရာကြီးလို့ ထင်ရသည်။

သို့သော် ကမ္ဘာတွင် ပြင်သစ်၏ယှဉ်နိုင်အား(competitiveness)သည် ထိုးကျ သွားသည်။ ပြင်သစ်ကုမ္ပဏီတို့ကလည်း တစ်ပတ်အလုပ်ချိန် လျှော့ရခြင်းကို မကြိုက်။ မက်လုံး ဘာမှမရှိတော့သည့်အတွက် ရင်းနှီးမြှုပ်နှံမှုတို့ကို ဖြတ်တောက် ပစ်ကုန်ကြသည်။



BURMESE CLASSIC .com

www.burmeseclassic.com



ဤကိစ္စနှင့်ပတ်သက်၍ ပြင်သစ်ခေါင်းဆောင်ပိုင်းတွင် ဆိုရှယ်လစ် အမူး လက်ကျန်(socialist hangover) ကျန်သေး၍ ယခုကဲ့သို့ တစ်ပတ်အလုပ်ချိန် ၄၈ နာရီကို ထပ်မံလျှော့ချခဲ့ခြင်း ဖြစ်သည်ဟု ဝေဖန်ကြသည်။

နောက်ဆုံး၌ အခြေအနေ ဆိုးဝါးလာသောအခါ အလုပ်ချိန် လျှော့ချရေး ဥပဒေထဲမှ ယိုပေါက်တို့ကို ကုမ္ပဏီတို့က အသုံးပြုလာကြခြင်းကို လက်ပိုက် ကြည့် နေလိုက်ရသည်။ ကုမ္ပဏီတို့က အလုပ်အဆိုင်းတို့ကို ပြောင်းပစ်သည်။ အလုပ်သမားအများစုကို အချိန်ပိုင်းအလုပ်သမားအဖြစ် ပို၍ ခန့်ထားလာကြ သည်။ အချိန်ပိုင်း အလုပ်သမားတို့သည် အလုပ်ချိန် ကန့်သတ်ရေးဥပဒေနှင့် အကျုံးမဝင်ပေ။

သို့ဖြင့် ကုမ္ပဏီနှင့် အလုပ်ရှင်တို့က ပြင်သစ် ဆိုရှယ်လစ်အစိုးရ၏ ဥပဒေ ယိုပေါက်ကို တီထွင်ကြံဆပြီး အသုံးပြုသည်။ ဆိုရှယ်လစ်အစိုးရသည် အပြော တစ်မျိုး အလုပ်တစ်မျိုး လုပ်ပြရသည့်အတွက် Hypocracy ဆန်သည်ဟု အစွပ်စွဲခံရသည်။ ဘောဂဗေဒပညာရှင် ပေါလ်ကရပ်မင်က ဤနှစ်ခုပေါင်းပြီး တီထွင်ကြံဆသော အပြောတစ်မျိုး အလုပ်တစ်မျိုး(creative hypocracy)ဟု နာမည်ပေးလိုက်သည်။

**ထောင်စုမျိုးဆက်ကိုစောင့်**

ယခုအခါ နိုင်ငံတိုင်းလို(တာလီဘန်တို့မှ လွဲ၍) ဂလိုဘယ်လိုက်ဇေးရှင်းထဲ အသွင်ကူးပြောင်းနေရသည်။ ဤ၌ အကျပ်အတည်းတစ်ခု ကနဦးပေါ်လာသည်။ ယင်းမှာ နိုင်ငံတိုင်းမှ ခေါင်းဆောင်တို့သည် များသောအားဖြင့် စစ်အေးခေတ်၌ ကြီးပြင်းလာသူများ ဖြစ်နေကြသောအချက် ဖြစ်သည်။ စစ်အေးခေတ် အငွေ့ အသက် ဩဇာနှင့် ရန့်တို့ မကင်းကြပေ။

ယုတ်စွအဆုံး အမေရိကန်သမ္မတ ဂျော့ဒဘလျူဘုရှ်နှင့် ၎င်း၏ အသိုင်း အဝိုင်းတို့သည်ပင် စစ်အေးခေတ် ခေတ်ဟောင်းအတွေးတို့နှင့် ငြိတွယ်နေသူ များ ဖြစ်သည်ဟု ဝေဖန်ခြင်း ခံနေရသည်။ သူတို့၏ မဟာဗျူဟာ အတွေးအခေါ် တို့တွင် စစ်အေးခေတ် အငွေ့တွေ ထွက်နေသည်။

ထို့ကြောင့် ပြဿနာက ဂလိုဘယ်လိုက်ဇေးရှင်းစနစ်ကို စစ်အေးခေတ် အငွေ့ အသက် မကုန်ကြသေးသူတို့က စီမံကွပ်ကဲနေလျှင် မခက်ပေဘူးလားဟူ၍ ဖြစ် လာသည်။ ဤအတိုင်း မေးခွန်းထုတ်လာသောအချက် ဖြစ်သည်။ ဂလိုဘယ် လိုက်ဇေးရှင်းစနစ်နှင့် ခေါင်းဆောင်မှုတို့ကြား ပဋိပက္ခကို မီးမောင်းထိုးပြလာကြ သည်။

ပညာရှင် ရောဘတ်ဟိုမက်က ထောင်စုနှစ်မျိုးဆက်သစ်(millennium



BURMESE CLASSIC .com

www.burmeseclassic.com



generation) ဆိုသော အသုံးအနှုန်းကို သုံးစွဲသည်။ ဂလိုဘယ်လိုက်ဖေးရှင်း ထဲ၌ မွေးဖွားကြီးပြင်းလာသူတို့ကို ဆိုလိုသည်။

ဤကိစ္စနှင့်ပတ်သက်၍ ကုမ္ပဏီနှင့်တိုင်းပြည် မတူပုံကို ရှင်းပြသည်။ ကုမ္ပဏီ သည် တက်လာ၊ ကျဆင်းသွား၊ နောက်ဆုံး အရေးနိမ့်ပြီး ပျောက်ကွယ်သွားရုံ ဖြစ်သည်။ တိုင်းပြည်တစ်ပြည်သည်မူ တက်လာ၊ ကျဆင်း၊ အရေးနိမ့်သွားသော် လည်း ပျောက်ကွယ်မသွားနိုင်ပေ။ အရေးနိမ့်နေသော တိုင်းပြည်(failed states) တို့ စာရင်းထဲ ကျက်စားနေမည်သာ ဖြစ်သည်။

၁၉၁၄ ခုနှစ် မတိုင်မီက ဂလိုဘယ်လိုက်ဖေးရှင်းကို ပထမဂလိုဘယ်လိုက် ဖေးရှင်းဟု ခေါ်၍ ယခုဂလိုဘယ်လိုက်ဖေးရှင်းကိုမူ ဒုတိယဂလိုဘယ်လိုက်ဖေးရှင်း ဟု ခေါ်သည်။ ■

*Ref: IHT, TIME, Economist.*

**ဈေးကွက်ဂျာနယ်၊ အမှတ် ၂၃၄။**



BURMESE CLASSIC .com

www.burmeseclassic.com

# မဟာဗျူဟာမြောက် အင်ဖလက်ရှင်းပွိုင့် အကြောင်း

**လမ်းဆုံ လမ်းခွနှင့် မတူ**

စီးပွားရေးတွင် မဟာဗျူဟာမြောက် အင်ဖလက်ရှင်းပွိုင့်(strategic inflection point)ကို အောင်မြင်စွာ ဖြတ်နိုင်ရေးသည် သော့ချက်အကျဆုံး၊ အရေးအကြီးဆုံး အစိတ်အပိုင်း ဖြစ်ပါလိမ့်မည်။ အောင်မြင်သည် မအောင်မြင်သည်၊ တိုးတက်သည် မတိုးတက်သည် ဆိုသောအချက်သည် ဤ မဟာဗျူဟာမြောက် အင်ဖလက်ရှင်းပွိုင့်တို့ကို ခံစားသိရှိ နားလည်ပုံ၊ ဤပွိုင့်ကို ကိုင်တွယ်ဖြေရှင်းပုံ တို့အပေါ်တွင် အဓိက မှီတည်နေမည်။

ထို့ကြောင့် ဤ မဟာဗျူဟာမြောက် အင်ဖလက်ရှင်းဆိုတာ ဘာလဲဟု အခြေခံအနေဖြင့် နားလည်ထိုက်သည်။ လွယ်ကူစွာသိရှိအောင် ပုံပြ(၁)ကို အသုံးပြု ဖော်ပြထားပါသည်။

ပုံပြ(၁)သည် သင်္ချာနည်းအရ ဖော်ပြထားခြင်းဖြစ်၍ အင်ဖလက်ရှင်းပွိုင့်နေရာကို မြားတန်းဖြင့် ညွှန်ပြထားသည်။ ဤပွိုင့်တွင် စီးပွားရေးသည် အထက်ဘက်သို့လည်း ထောင်တက်သွားနိုင်သည်။ အောက်ဘက်သို့လည်း စိုက်ဆင်းသွားနိုင်သည်။ လမ်းဆုံ၊ လမ်းခွ(crossroads)နှင့် မတူ။ လမ်းဆုံလမ်းခွ ဆို သည် ရှေ့မှာ လမ်းတွေက ရှိပြီးသား။ မြင်နေရသည်။ ယခုပွိုင့်က အထက်ဘက်လမ်းဘက် ရှေ့မလား၊ အောက်ဘက်လမ်းဘက် ရွှေ့မလား၊ မမြင်ရ။ Un-

www.burmeseclassic.com



known ဖြစ်သည်။

ရန်ကုန်၊ ကမာရွတ်၊ လှည်းတန်းထိပ် လမ်းဆုံ လမ်းခွမျိုးတို့နှင့်လည်း မတူ။ လှည်းတန်းထိပ်တွင် လမ်းတွေကို မြင်နေရသည်။ မဟာဗျူဟာမြောက် အင်ဖလက်ရှင်းပွိုင့်တွင် ရှေ့လမ်းကိုမမြင်ရ။ အပြောင်းအလဲကြီးဖြစ်နေမှန်း မသိလိုက်ပေ။ တစ်ခုခုတော့ တစ်ခုခုပဲဟုလောက်သာ ခံစားမိတတ်သည်။

**မီးသတ်ဌာနလို**

ဤမဟာဗျူဟာမြောက် အင်ဖလက်ရှင်းပွိုင့်ကို ဂရုမမူဘဲ လျစ်လျူရှုထားမိလိုက်ပါက အကျိုးသည် အလွန်ဆိုးဆိုးဝါးဝါး ဖြစ်ထွန်းမည်။ မိမိစီးပွားရေးနာလန်ထူနိုင်ဖို့ အလွန်ခက်သွားမည်။

စီးပွားရေးလုပ်ကြလျှင် စီမံကိန်း(business plan)တွေ ချမှတ်၍ လုပ်လေ့လုပ်ထ ရှိကြသည်။ အခုပြဿနာက မှန်းဆ၍မရနိုင်သော ဤ မဟာဗျူဟာမြောက် အင်ဖလက်ရှင်းပွိုင့်အတွက် စီမံကိန်းချမှတ်၍ ဆောင်ရွက်ရန် ဖြစ်နိုင်ပါမည်လော ဟူ၍ ဖြစ်လာသည်။

ဤစီမံချက်နှင့် ပတ်သက်၍ အင်ဒရူးဂရုဗ်က မီးသတ်ဌာနနှင့် နှိုင်းယှဉ်ပြသည်။ မီးသတ်ဌာနသည် ဘယ်နေရာမှာ ဘယ်အချိန်၌ မီးလောင်မည်ကို မမှန်းဆနိုင်ပေ။ သို့ရာတွင် မီးသတ်ဌာန၌ စီမံကိန်းတွေ ရှိထားရသည်။ ဤစီမံကိန်းမှာ မျှော်မလင့်ထားသောဖြစ်ရပ်(unanticipated events)နှင့် သာမန် ဖြစ်ရိုးဖြစ်စဉ်ဖြစ်ရပ်(ordinary events)တို့ ဖြစ်ရပ်နှစ်ခုစလုံးအတွက် ဝီရိယကောင်း၍ စွမ်းရည် ထက်မြက်သော အဖွဲ့တစ်ဖွဲ့ကို ဖွဲ့ထားရန်ဖြစ်သည်။

သင်သည် မဟာဗျူဟာမြောက် အင်ဖလက်ရှင်းပွိုင့်၏ သဘာဝနှင့် ဤသို့ကြုံတွေ့လျှင် ဘယ်လိုလုပ်မလဲဟု နားလည် သဘောပေါက်ထားလျှင် သင့်စီးပွားရေးအတွက် အတော်အတန် အကာအကွယ်ရမည်။

မဟာဗျူဟာမြောက် အင်ဖလက်ရှင်းပွိုင့်အကြောင်း နားလည်ရန် ကြိုးပမ်းမှုသည် နယ်စိမ်း ပယ်စိမ်း(uncharted territoreis)ထဲ ခရီးဆန့်ရခြင်း ဖြစ်သည်။ ဘာနှင့် အလားသဏ္ဌာန် သွားတူသနည်းဆိုသော် ကောင်းဘွိုင်ရုပ်ရှင်ကားတွေထဲက တောင်ကြမ်း၊ ခရီးကြမ်းကို မြင်းတစ်ကောင်နှင့် ခရီးနှင်သည့်ကောင်းဘွိုင်နှင့် တူမည်။ ယခုပွိုင့်က ရှေ့ဖြစ်နိုင်ခြေကိုသာ တွက်ဆနိုင်သည်။ လမ်း တကယ်မရှိသေး။ စီးပွားရေးလုပ်ငန်းကို ခေါင်းဆောင်နေသူ၏ အမြော်အမြင်အပေါ် မူတည်ပြီး အထက်လမ်းကို ရွေးကောင်း ရွေးမိနိုင်မည်။ အရွေးမတတ်၍ အောက်ဘက်လည်း စိုက်ဆင်းသွားနိုင်သည်။

အင်ဒရူးဂရုဗ်က မဟာဗျူဟာမြောက် အင်ဖလက်ရှင်းပွိုင့်ဆိုသည်မှာ အခြေ



BURMESE CLASSIC .com

www.burmeseclassic.com



ခံ အလွန်ကျသော တစ်စုံတစ်ရာသည် ပြောင်းလဲတော့မည်၊ ပြောင်းလဲစပြုနေပြီဟု ပြောသောနေရာကို ဆိုလိုကြောင်း အကျဉ်းချုံ့ရှင်းပြသည်။ ဤ အခြေခံကျသော အပြောင်းအလဲသည် အချက်ပေးပြီး ပြောင်းလဲသည်မဟုတ်။ လူတွေမသိလိုက်ဘဲ ပြောင်းလဲခြင်းမျိုး ဖြစ်သည်။ လျှောင်လှုပ်သည်နှင့် အလွန်တူသည်။ ကြိုတင်သိရှိနိုင်ဖို့ရာ အလွန်ခက်ခဲပေသည်။ သို့ရာတွင် အရိပ်အမြွက် သဲလွန်စတို့ကိုဖမ်း၍ လှုပ်လှုပ်ရှားရှားဖြစ်လာမည့် အပြောင်းအလဲတို့ကို နည်းမျိုးစုံဖြင့် ကြိုတင် အကဲခတ်ကြည့်ခြင်းသည်ပင် ခေါင်းဆောင်မှု၏ အရည်အသွေးဟု ဆိုသည်။

မဟာဗျူဟာမြောက် အင်ဖလက်ရှင်းပွိုင့်သည် တက္ကနိုလိုဂျီ အပြောင်းအလဲတို့ကြောင့်လည်း ဖြစ်ပေါ်နိုင်သည်။ သို့ရာတွင် တက္ကနိုလိုဂျီ လက္ခဏာထက်လည်း ပိုသည်။ မဟာဗျူဟာမြောက် အင်ဖလက်ရှင်းပွိုင့်သည် ယှဉ်ပြိုင်မှု (competition) တို့ကြောင့်လည်း ဖြစ်ပေါ်နိုင်သည်။ သို့ရာတွင် ယှဉ်ပြိုင်မှုထက် ပိုသည်။ စီးပွားရေးလုပ်ပုံလုပ်နည်းတို့ အောက်ခြေသိမ်း အကုန်ပြောင်းလဲသွားတတ်သည်။ ထို့ကြောင့် တက္ကနိုလိုဂျီအသစ် တီထွင်အသုံးပြုရုံ၊ ယှဉ်ပြိုင်မှုတို့ကို အနိုင်တိုက်နိုင်ရုံမျှဖြင့် မလုံလောက်ပေ။

အပြောင်းအလဲသည် လူသူမသိအောင် အလွန် လျှို့ဝှက်နက်နဲသော နည်းဖြင့် ဖြစ်ထွန်းနေပေရာ သင်ကိုယ်တိုင် ကွန်ပတ်စ်မပါ၊ ဘယ်ရောက်လို့ ဘယ်ပေါက်မည် မသိ၊ လူသူရှိသော တစ်နေရာရာသို့ ရောက်လိမ့်မည်ဟုသာ မျှော်လင့်နိုင်သည်။

### အင်အားစု ၆ ရပ်

စီးပွားရေးလုပ်ငန်းတို့ကို အကောင်း၊ အဆိုး ထိခိုက်စေသော အင်အားစု ၆ ရပ်အကြောင်းကို အင်ဒရူးဂရုဗ်က ရှင်းပြသည်။ မဟာဗျူဟာမြောက် အင်ဖလက်ရှင်းပွိုင့်တွင် ဤအင်အားစု ၆ ရပ်အတွင်း အပြောင်းအလဲတို့က တစ်နည်းတစ်ဖုံ ဖြစ်ထွန်းနေကြသည်။ ဤအင်အားစု ၆ ရပ်မှာ

၁။ ပြိုင်ဘက်၊ ယှဉ်ဘက်တို့၏ အရည်အသွေး၊ စွမ်းရည်စွမ်းအားနှင့် တက်ကြွမှု

၂။ ပစ္စည်းတင်သွင်း ထောက်ပံ့သူ(suppliers)တို့၏ အရည်အသွေး၊ စွမ်းရည်စွမ်းအားနှင့် တက်ကြွမှု

၃။ ဖောက်သည်တို့၏ အရည်အသွေး၊ စွမ်းရည်စွမ်းအားနှင့် တက်ကြွမှုတို့၊

၄။ ယှဉ်ပြိုင်ဘက်ဖြစ်လာရန် အလားအလာရှိသူ(potential competitors) တို့၏ အရည်အသွေး၊ စွမ်းရည်စွမ်းအားနှင့် တက်ကြွမှု

www.burmeseclassic.com



၅။ သင်၏ပစ္စည်း၊ သင်၏ဝန်ဆောင်မှုတို့ကို အခြား ခြားနားသော နည်းလမ်း တစ်မျိုးမျိုးဖြင့် ထုတ်လုပ်နိုင်မှု၊ သို့မဟုတ် ဖြည့်စွမ်းနိုင်မှု (အစားထိုးနိုင်မှု substitution ဟု ခေါ်သည်)

၆။ အထောက်အကူပြုသူတို့၏ အင်အား(the force of complementors)တို့ ဖြစ်သည်။ သင်၏ကုန်ပစ္စည်းတစ်ခုကို အခြားကုန်ပစ္စည်းတစ်မျိုးနှင့် တွဲပြီး ရောင်းရခြင်းမျိုး ဖြစ်သည်။ ဥပမာ မော်တော်ကားဆိုလျှင် ဓာတ်ဆီ၊ ဓာတ်ဆီ ဆိုလျှင် မော်တော်ကား အပြန်အလှန်လိုအပ်သောအရာတို့ ဖြစ်သည်။

**ကွန်ပျူတာနှင့် ဆော့ဖ်ဝဲတွဲပုံမျိုး ရိုပ်မိရန်**

အထက်ဖော်ပြပါ အင်အား ၆ ရပ်သည် စီးပွားရေးတွင် အလွန်သော့ချက် ကျပါသည်။ ဤအင်အား ၆ ရပ်ကို ပုံပြ (၂)ဖြင့် ဖော်ပြထားပါသည်။

မဟာဗျူဟာမြောက် အင်ဖလက်ရှင်းပွိုင့်တို့တွင် ဤအင်အားစုများ အကုန် အပြောင်းအလဲ ဖြစ်နေတတ်သည်။ စီးပွားရေးသမားတို့သည် ဖော်ပြပါ အင်အား ၆ ရပ်အကြောင်းနှင့်ဆက်စပ်၍ မဟာဗျူဟာမြောက် အင်ဖလက်ရှင်းပွိုင့်အကြောင်း ကို နားလည်မှ ရှင်သန်နိုင်မည်။ နားလည်သည်ဆိုရာ၌ မဟာဗျူဟာမြောက် အင်ဖလက်ရှင်းပွိုင့်သည် ဘယ်အချိန်၊ ဘယ်နေရာက စတင်ပေါ်ပေါက်နေသလဲ ဟု ရှာဖွေနိုင်ခြင်းကို အဓိက ဆိုလိုသည်။ အင်အားစု ၆ ရပ်၌ မည်သည့် အင် အားစုတွင် အပြောင်းအလဲဖြစ်နေပြီဟုလည်း ရှာဖွေနိုင်ရမည်။ အချိန်(time) သည် သေရေးရှင်ရေးတမျှ အရေးကြီးသည်ဟု အင်ဒရူးဂရုဗ်က သတိပေးသည်။ သူ၏ကျမ်းကို **အကျပ်အတည်းပွိုင့်ကို အသုံးချနည်း**(How to exploit the Crisis Point)ဟု ခေါင်းစဉ်တပ်ပေးထားသည်။ ■

*Ref: Only the Paranoid Survive by Andrew S. Grove*

**ဈေးကွက်ဂျာနယ်၊ အမှတ် ၂၃၆။**



BURMESE CLASSIC .com

www.burmeseclassic.com

# အကျပ်အတည်းပွိုင့်နှင့် 10 X CHANGE

**ကာဆင်ဒရာ**

၂၀၀၁ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်၊ အင်္ဂါနေ့သည် တစ်ကမ္ဘာလုံးကို တုန်လှုပ်ချောက်ချားသွားစေရာ သာမန်တုန်ခါမှုမဟုတ်ပြီ။ မဟာတုန်ခါမှု(Mega shock)ဖြစ်တော့သည်။ နယူးယောက်မြို့ ကမ္ဘာ့ကုန်သွယ်ရေးမျှော်စင်ကြီး နှစ်ခုကို အပိုင်စီးလေယာဉ်နှစ်စီးဖြင့် အသေခံဝင်တိုက်ခြင်းနှင့် ဝါရှင်တန်၊ အမေရိကန် ပင်တဂွန် စစ်ဌာနချုပ်ကိုလည်း အခြား အပိုင်စီး လေယာဉ်တစ်စီးဖြင့် အသေခံ ဝင်တိုက်ပစ်ခြင်းတို့သည် ရက်စက်လှသလောက် ဘယ်သူကမှ ဘယ်လိုမှ မျှော်လင့်ခဲ့သည်လည်း မဟုတ်ကြပေ။

မမျှော်လင့်သောအရာတွေ ဖြစ်မည်၊ မရည်ရွယ်သောအကျိုးဆက်တွေ ပေါ်မည်(unexpected and unintended events and consequences)ဟူ၍ လောက်တော့ သီအိုရီအရ ပညာရှင်တို့က ဆိုထားခဲ့ကြပါသည်။ ဖရိုဖရဲ ကမောက်ကမ သီအိုရီ(chaos theory) ပေါ်နေတာလည်း ကြာပါပြီ။ ဤသီအိုရီအရ အနာဂတ်ကို မသေချာ မရေရာမှု(ဝါ) ကေန်မဲ့တရား(uncertainty)က လွှမ်းမိုးလိမ့်မည်ဟု ပညာရှင်တို့ မြင်ထားခဲ့ကြသည်။ သို့သော် ဘယ်ပုံဘယ်နည်းဆိုတာကိုတော့ မခန့်မှန်းနိုင်ခဲ့ကြပေ။

သို့သော် ကာဆင်ဒရာ(Cussandras)တစ်ဦးတော့ ပေါ်ခဲ့သည်။ ကာဆင်



BURMESE CLASSIC .com

www.burmeseclassic.com



ဒရာမှာ ဒဏ္ဍာရီပုံပြင်ထဲမှ နတ်သမီးငယ်တစ်ဦးဖြစ်၍ ထရွိုင်(Troy)မြို့ကြီး ကျဆုံးလိမ့်မည်ဟု နိမိတ်ဖတ်ခဲ့သူဟု ကျော်ကြားသည်။ ခေတ်သစ်ကာဆင်ဒရာမှာ ဟားဗတ်တက္ကသိုလ်မှ နိုင်ငံရေးသိပ္ပံပညာနှင့် သမိုင်းပညာကျော် ဆင်မြူရယ် ပီတာ ဟန်တင်တန် ဖြစ်သည်။ သူက စစ်အေးခေတ်ပြီးသည့်နောက် အကယ်၍ စစ်ပွဲကြီးတစ်ရပ် မဆိုစကောင်း ဖြစ်ပွားခဲ့လျှင် ၎င်းစစ်ပွဲမှာ လူ့ယဉ်ကျေးမှုချင်း ပဋိပက္ခ(clash of civilization)သာဖြစ်မည်ဟု စာအုပ်ရေးသားပြီး ဟောကိန်းထုတ်ထားခဲ့သည်။

## မျိုးချစ်စိတ်နှင့် ရှော့ခ်ဒဏ်

ဂလိုဘယ်လိုက်ဖေးရှင်းခေတ်၌ ဖြစ်ထွန်းနေသော စူပါမားကက်(super market) ကြီးကို ကိုယ်စားပြုသော သင်္ကေတဖြစ်သည့် နယူးယောက်ကမ္ဘာ့ကုန်သွယ်ရေး အဆောက်အအုံ မျှော်စင်ကြီးနှစ်ခုကို လေယာဉ်ဖြင့်ဝင်တိုက်ပစ်၍ အဆောက်အအုံကြီးများ ပြိုကျသွားရာ အနီးအနားရှိ ကမ္ဘာ့ငွေကြေး ဘဏ္ဍာရေးဈေးကွက်၏ ဗဟိုဌာနဖြစ်သော နယူးယောက် စတော့အိပ်ချိန်းသည်လည်း တစ်ပတ်လုံးလုံး ပိတ်ထားလိုက်ရသည်။

မကြုံဖူးပေ။ ၁၉၂၉ ခုနှစ်၊ ကမ္ဘာ့စီးပွားပျက်ကပ်ကြီး ဖြစ်ပွားစဉ်က နယူးယောက် စတော့အိပ်ချိန်းကို ပိတ်ထားခဲ့ရဖူးလေရာ ၎င်းမျှအထိ မကြာခဲ့ပေ။ စက်တင်ဘာ ၁၈ ရက်နေ့တွင် စတော့အိပ်ချိန်းကို ပြန်ဖွင့်ရာ ပထမဖွင့်စဉ်၌ ရှယ်ယာဈေးတွေ ထိုးကျသွားခဲ့သည်။ လန်ဒန်၊ တိုကျို၊ ဖရန့်ဖွတ် စသည့် စတော့အိပ်ချိန်းတို့၌လည်း ရှယ်ယာဈေးတွေ ထိုးကျသွားခဲ့သည်။

သို့သော် မျိုးချစ်စိတ်ဖြင့် နယူးယောက် စတော့အိပ်ချိန်း၌ ရှယ်ယာဈေးတွေ ပြန်ဦးမော့လာခဲ့သည်။ ကုန်ပစ္စည်းဖြစ်ဖြစ်၊ အစုရှယ်ယာဖြစ်ဖြစ် အရောင်းအဝယ်ပြုလုပ်ကြသည်မှာ ရောင်းလိုအားနှင့် ဝယ်လိုအားတို့၏ အင်အားပြိုင်ဆိုင်မှုအပေါ်၌သာ မူတည်ခဲ့လေရာ ယခု အခြေခံသစ်တစ်ရပ်(new element) ပေါ်ပေါက်လာသည်။ ၎င်းကား မျိုးချစ်စိတ်ပင်တည်း။ အကြမ်းဖက်သမားတို့၏ ရည်ရွယ်ချက်ကို တန်ပြန်လိုသည့် မျိုးချစ်စိတ်ဖြင့် အမေရိကန်တို့က စတော့ရှယ်ယာတို့ကို ပြန်ဝယ်ကြသည်ဟု သတင်းတစ်ရပ်က ဆိုသည်။

ဘာပဲပြောပြော ယခုကိစ္စက ရောမရှော့ခ်ကြီး ဖြစ်သည်။ ၎င်းရှော့ခ်သည် သမိုင်းတွင် တစ်ခါမှ မပေါ်ဖူးလေရကား ယခင်ဖြစ်ခဲ့ဖူးသော ရှော့ခ်တို့နှင့် နှိုင်းယှဉ်လို့ မရပြီ။ ယခင်ရှော့ခ်တို့သည် အကုန် သေးသေးလေးတွေ ဖြစ်ကုန်သည်။ သို့ဖြင့် နိုင်ငံတိုင်းအတွက် ပြဿနာမှာ စဉ်းစားနေကျတွေ၊ သမားရိုးကျတွေ၊ ပုံစံသေတွေ မဟုတ်တော့ပြီ။ ဖွံ့ဖြိုးရေးတို့၊ ဈေးကွက်ဖွင့်ပေးရေးတို့ မဟုတ်တော့

www.burmeseclassic.com



ပြီ။ ဤရောမရှော့ခ်ကြီးကို ဘယ်လိုစုပ်ယူမလဲ၊ ဘယ်လို ရှော့ခ်စုပ်ယူမှုကိရိယာ (shock absorber)ကို အချိန်မီတပ်ဆင်ပြီးခံမလဲဟု စဉ်းစားရန်သာ ဖြစ်လာတော့သည်။ ရှော့ခ်ဒဏ်မှသက်သာရေး ဖြစ်လာသည်။ ရေနံဈေးနှုန်းတက်မှုသည် မလွှဲမရှောင်သာ တွေ့ရမည့်ကိစ္စ ဖြစ်လာသည်။ အကြမ်းဖက်ဝါဒီဘက် ပင်းလိုသူတို့က ရေနံကို နိုင်ငံရေးကိစ္စအလို့ငှာ အသုံးပြုလာနိုင်ကောင်းသည်။ ထို့ကြောင့် ကုမ္ပဏီစတော့ရှယ်ယာတွေ စိုက်ဆင်းမှု၊ ငွေကြေးဈေးကွက် ကမောက်ကမ ဖြစ်မှု၊ ရေနံဈေးတက်မှု စသော ရှော့ခ် အကျိုးသက်ရောက်မှုတို့ကို ချိန်ဆကြရတော့မည်။ ရှော့ခ်မှ သက်သာရေးနည်းလမ်းတို့ကို ကြံဆရတော့မည်။

## ကေန်မဲ့မှုနှင့် ဖရိုဖရဲ

စက်တင်ဘာ ၁၁ ရက် အကျည်းတန် အမည်းရောင်အင်္ဂါနေ့သည် ကြီးကျယ်သော အကျပ်အတည်းပွိုင့်(big crisis point) ဖြစ်ပေါ်လာပုံကို ပြသည်။ မကြာသေးမီက ပညာရှင်တို့သည် မဟာဗျူဟာမြောက် အင်ဖလက်ရှင်းပွိုင့် (strategic inflection point)အကြောင်းကို ဆွေးနွေးခဲ့ကြသည်။ ဤပွိုင့်သည် အကျပ်အတည်းပွိုင့်ပင် ဖြစ်သည်။ စီးပွားရေးလောကတွင် အကျပ်အတည်းပွိုင့်တို့သည် နိယာမတရားဖြစ်လာပြီဖြစ်လေရာ ဤပွိုင့်တွေအကြောင်းကို နားမလည်ဘဲ မိမိတိုင်းပြည်၏ စီးပွားရေး၊ မိမိအလုပ်အကိုင်(career)အကြောင်းတို့ကို မမှန်းဆနိုင်ဟု ထောက်ပြလာကြသည်။ ဤပွိုင့်တွေအကြောင်းကို ထည့်မတွက်လျှင် ဘာမျှ အဓိပ္ပာယ်ရှိတော့မည် မဟုတ်ပေ။ အနံ့ အ,အတွေသာ ဖြစ်မည်။

ပညာရှင်တို့ မကြာသေးမီက ထောက်ပြသော မဟာဗျူဟာမြောက် အင်ဖလက်ရှင်းပွိုင့်(ဝါ) အကျပ်အတည်းပွိုင့်ကိုဖြစ်စေသော အကြောင်းတရား ၆ ပါး၌ စက်တင်ဘာ ၁၁ ရက်၊ အကျည်းတန် အနက်ရောင် အင်္ဂါနေ့အကြောင်း၊ တစ်နည်းပြောရလျှင် မီဂါရှော့ခ်အကြောင်း မပါခဲ့ကြပေ။ အကျပ်အတည်းပွိုင့်ကို ဖြစ်စေသော အကြောင်းတရားတို့ကိုယ်၌က မှန်းဆလို့မရ။ ဘယ်အချိန် ဘယ်လိုပေါ်မည်၊ ဘယ်လိုဖြစ်လာမည်ကို မသိနိုင်။ မသေချာ။ ကေန်မဲ့မှု(uncertainty) သာ ရှိသည်။ တစ်နည်းပြောရလျှင် ကမောက်ကမ၊ ဖရိုဖရဲဖြစ်မှုသဘောရှိသည်ဟု တွက်ဆထားရုံ တွက်ဆထားနိုင်ခဲ့သည်။ ယခု စက်တင်ဘာ ၁၁ ရက်၊ အင်္ဂါနေ့ အဖြစ်အပျက်ကြီးကို သူတို့၏ **စိတ်ဖရိုန်**ထဲတွင် မထည့်သွင်းခဲ့ကြပေ။ ဤသည်မှာလည်း အံ့ဩစရာမရှိဟု ဆိုရမည်။

## 10 X

ပညာရှင်တို့က အကျပ်အတည်းပွိုင့်အကြောင်းတရားကို ဤသို့ ဖော်ပြကြ

www.burmeseclassic.com



သည်။ အပြောင်းအလဲသည် တစ်မျိုးတည်းမဖြစ်။ နှစ်မျိုး၊ သုံးမျိုး ဆက်တိုက်ဖြစ်ထွန်းသည်။ အပြောင်းအလဲ၏ အရှိန်နှင့် အကျိုးသက်ရောက်မှုတို့ကလည်း ဖြစ်ခဲ့တာတို့ထက် ဆယ်ဆကျော် များပြားသည်ဟု ခန့်မှန်းထားကြသည်။ သင်္ကေတအားဖြင့် ၁၀ ဆ ပြောင်းလဲမှုများ(10 X changes)ဟု အမည်ပေးထားသည်။

ဤပညာရှင်တို့က အကျပ်အတည်းပွိုင့်ကို ဖြစ်ပေါ်စေသည့် အပြောင်းအလဲ ၆ ပါးကို ဤသို့ ဖော်ပြသေးသည်။ (၁) တည်ရှိနေသော ပြိုင်ဆိုင်သူတို့၏ အင်အား၊ လုံ့လဝီရိယနှင့် အရည်အသွေး(power, vigor and competitive, existing competitors) (၂) ပစ္စည်းဖြည့်စွက် ထောက်ပံ့သူ(suppliers)တို့ ၏ အင်အား၊ လုံ့လဝီရိယနှင့် အရည်အသွေး (၃) အပြန်အလှန် အကူအညီဖြစ်သူ(complementator)(ဥပမာ – ကွန်ပျူတာအမာထည်နှင့် အပျော့ထည်)တို့ ၏ အင်အား၊ လုံ့လဝီရိယနှင့် အရည်အသွေး (၄) ဖောက်သည်တို့၏ အင်အား၊ လုံ့လဝီရိယနှင့် အရည်အသွေး (၅) ဖြစ်လာဖွယ်ရှိသော ပြိုင်ဘက်(potential competitors)တို့၏ အင်အား၊ လုံ့လဝီရိယနှင့် အရည်အသွေး နှင့် (၆) မိမိစီးပွားရေးလုပ်နည်းကို အခြားနည်းတို့ဖြင့် ဆောင်ရွက်နိုင်သော အလားအလာ (possibility of doing business in different ways)တို့ဟူ၍ ဖြစ်သည်။

ဤ ကဏ္ဍ ၆ ရပ်မှ အပြောင်းအလဲတို့ကို ခန့်မှန်းရ အလွန်ခက်ပါသည်။ အပြောင်းအလဲဖြစ်လျှင်လည်း တစ်မျိုးတည်း၊ တစ်နေရာတည်း၌ မဖြစ်။ သုံး၊ လေးမျိုး၊ လေး၊ ငါးနေရာတို့၌ ဆုံဖြစ်တတ်သည်။ အပြောင်းအလဲတွေ ဖြစ်ပြီဟု ဆိုလျှင်လည်း ခါတိုင်းထက် ပိုမိုမြန်မြန်ဆန်ဆန် ဖြစ်မည်။ ခါတိုင်းထက် ၁၀ ဆ ပိုမိုပြင်းပြင်းထန်ထန် ဖြစ်မည်။ 10 X changes တို့ပေတည်း။

ယခု ဤ 10 X Changes တို့ထဲတွင် စက်တင်ဘာ ၁၁ ရက်၊ အင်္ဂါနေ့၏ အိပ်မက်ဆိုးကြီးကို ထည့်တွက်ရတော့မည်။ အကျပ်အတည်းပွိုင့်ကို ဖြစ်စေသော အကြောင်းတရား ၆ ပါးတွင် အကြွမ်းဖက်ဝါဒမည်သော နိုင်ငံရေးအကြောင်းတရားကိုလည်း ထည့်တွက်ရတော့မည်။

တစ်နည်းပြောရလျှင် စီးပွားရေးလောကသည် နိုင်ငံရေးနှင့်ကင်းပြီး စဉ်းစားလို့မရတော့သည့်အခြေအနေ ဆိုက်လာခြင်း ဖြစ်သည်။ ■

*Ref: 1. CNN, 2. Only the Paranoid Survive by Andrew S. Grove*

**ဈေးကွက်ဂျာနယ်၊ အမှတ် ၂၃၇။**

www.burmeseclassic.com

# အင်္ဂါအိပ်မက်ဆိုး ဘာတွေ ညွှန်းလာသနည်း

## သမုဒ္ဒရာ နှစ်စင်းကြား

၂၀၀၁ ခုနှစ်၊ စက်တင်ဘာ ၁၁ ရက်၊ အင်္ဂါနေ့ကဖြစ်ပွားသော နယူးယောက်နှင့် ဝါရှင်တန်ရှိ အမေရိကန်၏ခေနနှင့် အာဏာတို့ကို ကိုယ်စားပြုသည့် အဆောက်အအုံတို့ကို အပိုင်စီးလေယာဉ်ပျံနှင့် အကြမ်းဖက်သမားတို့၏ စက်ဆုပ်ဖွယ်ရာ တိုက်ခိုက်မှုတို့သည် လက်ရှိ လက်ခံထားသော အယူအဆ၊ အတွေးအခေါ် တော်တော်များများကိုလည်း အဆောက်အအုံတွေနှင့်အတူ ဖြိုချ ဖျက်ဆီးပစ်လိုက်သည်။

ပထမဦးဆုံး သမ္မတသစ် ဘုရှ်အစိုးရက လက်ကိုင်ထားသည့် တစ်ကိုယ်တော်ပြုမူဆောင်ရွက်လိုသောဝါဒ (unilateralism)သည် တစ်ခါတည်းနှင့် ပြိုကျသွားသည်။ အကြမ်းဖက်ဝါဒ ဆန့်ကျင်ရေးကို အကျယ်ပြန့်ဆုံး မဟာမိတ်များဖွဲ့၍ ဆောင်ရွက်သွားမည်ဟု မဟာဗျူဟာ ချမှတ်လာရခြင်းသည် တစ်ကိုယ်တည်း မိမိသဘော ရွေးချင်သလို ဆောင်ရွက်မည်ဆိုသောဝါဒကို စွန့်လွှတ်လိုက်ရာ မည်တော့သည်။

အမေရိကားသည် သမုဒ္ဒရာ နှစ်စင်းဖြင့် ကာရံထားကာ ကျယ်ပြန့်စွာ ညှပ်ထားခံရသောနိုင်ငံ ဖြစ်သည်။ ပစိဖိတ်သမုဒ္ဒရာက တစ်ဖက်၊ အတ္တလန်တိတ်သမုဒ္ဒရာက တစ်ဖက်၊ သမုဒ္ဒရာနှစ်စင်းကြားကနိုင်ငံဖြစ်၍ အမေရိကားမြေပြင်



BURMESE CLASSIC .com

www.burmeseclassic.com



သည် ပထမကမ္ဘာစစ်နှင့် ဒုတိယကမ္ဘာစစ်တို့တွင် တစ်ခါမျှ စစ်တလင်းမဖြစ်ခဲ့ပေ။ ဘယ်တော့မှလည်း အမေရိကကုန်းမြေသည် စစ်မြေပြင်ဖြစ်စရာအကြောင်း မရှိခဲ့ဟု စိတ်ချလက်ချ ယုံကြည်နေခဲ့ကြသည်။ စက်တင်ဘာ ၁၁ ရက်၊ အင်္ဂါနေ့ အဖြစ်အပျက်ကြီးသည် ဤယုံကြည်ချက်ကို ချေမှုပစ်လိုက်ပြီ။

**နိဂုံး၏နိဂုံး**

စစ်အေးခေတ်သည် ပြီးဆုံးသွားပြီဟု လုံးဝ ယုံကြည်ထားခဲ့ကြသည်။ ယခု အကြမ်းဖက်ဝါဒသည် အစွန်းရောက် အယူသီးဂိုဏ်းက ဆောင်ရွက်ခြင်းဖြစ်၍ အိုင်ဒီယိုလိုဂျီ(ideology)ပေါ် အခြေခံထားသည်ဟု မှတ်ယူရန် အကြောင်းခိုင် လုံစွာ ရှိနေသည်။

ထို့ကြောင့် စစ်အေးခေတ် ပြီးဆုံးသွားခြင်းသည်ပင် ပြီးဆုံးသွားပြီလော(end of end of cold war) ဟု တွက်ဆလာကြသည်။ စစ်အေးခေတ်တစ်မျိုး ပေါ်လာဟန် သုံးသပ်ကြသည်။ ယခု စစ်အေးခေတ်၌ ရန်သူသည် ဘယ်ရှာရမှန်း မသိပေ။ နိုင်ငံတွေ မဟုတ်ကြ။ အင်အားကြီးနိုင်ငံတွေ ပါဝင်ပတ်သက်ခြင်း မရှိ။ ဂိုဏ်းတစ်ဂိုဏ်းနှင့် ဤဂိုဏ်းအားလက်ခံထားသူတို့ ဖြစ်နေသည်။ ဆင်နွှဲရမည့် စစ်ကလည်း အလွန်ထူးခြားနေသည်။ သမိုင်းတွင်မရှိခဲ့။

အမေရိကန်သမ္မတ ဘုရှ်အစိုးရသည် ဒုံးပျံကာကွယ်ရေး မဟာဗျူဟာ (anti-missile defense)ကို တစ်ပွေ့တစ်ပိုက် အာရုံစူးစိုက်ခဲ့သည်။ ယခု အင်္ဂါနေ့ အဖြစ်အပျက်ကြီးက ဘုရှ်အစိုးရ၏ မဟာဗျူဟာသည် ခါးတောင်းကျိုက် တခြား ဖင်တခြား ဖြစ်သွားပုံကို ပြလိုက်သည်။ ဒုံးပျံကာကွယ်ရေးထက် ကိုယ့်အိမ် ကာကွယ်ရေး(homeland defense)ဆိုပြီး ပြောင်းပစ်လိုက်ရသည်။

လူဆိုးနိုင်ငံတို့မှ ဒုံးပျံကာကွယ်ရေးထက် အကြမ်းဖက်သမားတို့ကို လိုက်လံရှာဖွေ ချေမှုန်းတိုက်ခိုက်ပစ်ရေးဘက် ပြောင်းပစ်ရသည်။ အကြမ်းဖက်ဝါဒသည် အပျော်တမ်း လက်ဆော့ခြင်းမဟုတ်။ ဂလိုဘယ်လိုက်ဇေးရှင်းကို ဆန့်ကျင်သော ဝါဒတစ်ခုကို အခြေခံပြီး လှုပ်ရှားခြင်းဖြစ်၍ ပါမောက္ခဟန်တင်တန် ကြိုတင်ဟောခဲ့သလို လူ့ယဉ်ကျေးမှုချင်း ပဋိပက္ခ(clash of civilizations) ဖြစ်လာရကား သမိုင်းသည် နိဂုံးပိုင်းရောက်နေပြီဆိုသော ကောက်ချက်သည် မမှန်သေး။ အဆစ်အချိုးတစ်ကွေ့ အသစ်ပေါ်လာခြင်းဖြစ်သောကြောင့် အင်္ဂါနေ့ အိပ်မက်ဆိုးကြီးသည် သမိုင်း၏နိဂုံးကို အဆုံးသတ်ပြီး သမိုင်းပြန်စသည်။ History restart ဟုဆိုရန် ဖြစ်လာသည်။ နိဂုံး၏ နိဂုံးသဘောလောဟု မေးခွန်းထုတ်ကြသည်။

www.burmeseclassic.com



**ဖြစ်ဟန်မှ တကယ်သို့**

စီးပွားရေးအရ ပြောရလျှင် အင်္ဂါနေ့အဖြစ်အပျက် မတိုင်မီကတည်းက စီးပွားရေးသည် ဆုတ်ယုတ်ကျဆင်းလျက် ရှိသည်။ စီးပွားရေးဆုတ်ကပ် (recession)ဘက် ဦးတည်နေဟန်ရှိသည်။ ပညာရှင်တို့က seems to drift towards recession ဟု သုံးခဲ့သည်။

တိုက်တိုက်ဆိုင်ဆိုင် အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်ပွားခဲ့သော အင်္ဂါနေ့၌ အမေရိကန်စီးပွားရေးလုပ်ငန်း အမျိုးသားအသင်း(National Association of Business Economics)၏ နှစ်ပတ်လည် အစည်းအဝေးကြီးကို ကမ္ဘာ့ ကုန်သွယ်ရေးစင်တာ အဆောက်အအုံရှိ မာရီရော့စ်ဟိုတယ်တွင် ကျင်းပပြုလုပ်နေသည်။

ဤအဖြစ်အပျက်ကြီး မဖြစ်ပွားမီ တနင်္လာနေ့က အသင်းကြီး၏ ဘောဂဗေဒ ပညာရှင်များအဖွဲ့က အမေရိကန်စီးပွားဂေးသည် ဖွံ့ဖြိုးမှုနှေးကွေးလာသည်။ သို့သော် ဆုတ်ယုတ်မှုရီဆက်ရှင်းထဲ မရောက်သေး။ Slow growth ,not recession ဟု သုံးသပ်ခဲ့သည်။ ဤသုံးသပ်ချက်သည် အင်္ဂါနေ့မနက် ၉ နာရီ၊ ပထမဆုံး လေယာဉ်ပျံက စင်တာအဆောက်အအုံကြီးကို စတင်ဝင်တိုက်သည့် အချိန်မှစ၍ အဆောက်အအုံကြီးပြိုသလို ပြိုကျသွားတော့သည်။ ယခု ဖြစ်ဟန် (seem) ဆိုသော စကားကို မသုံးတော့ပေ။ တကယ်ဖြစ်နေပြီဟု သုံးလာသည်။ စီးပွားရေး ဆုတ်ယုတ်မှုကပ် ရီဆက်ရှင်းသည် တကယ်ဖြစ်နေပြီ။

**ငွေထည့်ပေး**

သုံးသပ်ချက်တို့တွင် သုည(zero)ဆိုသော စကားလုံးကိုလည်း ပို၍ သုံးစွဲလာကြသည်။ ကမ္ဘာ့ကုန်သွယ်ရေးစင်တာ အဆောက်အအုံနှစ်ခု လုံးဝ ပြိုကျပျက်စီးသွားခြင်းကို Ground Zero ဟု ခေါ်ဝေါ်ကြသည်။ သည့်အရင်မတိုင်မီကလေးကပင် အမေရိကန် စီးပွားရေးဖွံ့ဖြိုးမှုသည် ဇီးရိုး၌ ပြနေသည်။ Zero growth ဟု ဆိုသည်။

ခုတော့ ဇီးရိုးကို လွန်သွားလေပြီ။ အနုတ်လက္ခဏာတွေ ပြလာသည်။ ဤတွင် အမေရိကန် ဗဟိုဘဏ်အဖို့လည်း အတိုးနှုန်းတွေ လျှော့ချပေးရုံဖြင့် မလုံလောက်တော့ပြန်သဖြင့် ငွေကြေး(liquidity)ကို စီးပွားရေးထဲ အစိုးရက တိုက်ရိုက် ထည့်ပေးရေးဆိုပြီး ဝါဒချမှတ်လာရသည်။

နယူးယောက်ကို ပြန်လည်ထူထောင်ရေးအတွက် အစိုးရက ဘယ်လောက်သုံးစွဲမည်၊ သေကြေ ဒုက္ခရောက်သူတို့၏ အိမ်ထောင်စုတို့အား ကူညီထောက်ပံ့ ရေး၊ လေယာဉ်ခရီးစဉ်တွေ ဖျက်သိမ်းလိုက်ရသဖြင့် လေယာဉ်ကုမ္ပဏီတို့၏ နှစ်နာ ဆုံးရှုံးမှုကို အစိုးရက အကူအညီပေးရေး၊ အကြမ်းဖက်ဝါဒ တိုက်ဖျက်ရေး



BURMESE CLASSIC .com

www.burmeseclassic.com



အသုံးစရိတ်ကို ပိုမိုများပြားစွာ သုံးစွဲရေး စသည့်အစီအစဉ်တို့သည် စီးပွားရေးထဲ ငွေတွေထည့်ဝင်ပေးခြင်းပင် ဖြစ်သည်။ Injection liquidity ဟု ခေါ်သည်။

## ရှောင်ဖယ်ကြခြင်း

အင်္ဂါနေ့ အိပ်မက်ဆိုးကြီးသည် စိတ်ခံစားမှုပြိုကျခြင်း (emotional devastation) ကို မွေးထုတ်သည် ဟူ၍လည်းကောင်း၊ စိတ်ချောက်ချားမှု (mental panic)ကို အရှည်ကြီး ဖြစ်ပေါ်စေလိမ့်မည် ဟူ၍လည်းကောင်း ခန့်မှန်းနေကြသည်။

ဤကိစ္စနှင့်ပတ်သက်၍ ၁၉၉၈ ခုနှစ်က အမေရိကန်ဗဟိုဘဏ် ဥက္ကဋ္ဌဖြစ်သူ မစ္စတာအလန်ဂရင်းစပန်း သတိပေးခဲ့သော စကားအချို့ကို ပြန်လည်ဖော်ထုတ်ကိုးကားနေကြသည်။ သူက အဖြစ်အပျက်တို့သည် အလွန်လျင်မြန်စွာ လှုပ်ရှားလာသောအခါ လူတို့သည် လိုက်လျောညီထွေ ကိုင်တွယ်နိုင်စွမ်းရည် နည်းပါးကုန်တော့သည်။ ပြင်ပဖြစ်ရပ်တို့ကို နားလည်နိုင်စွမ်းမရှိမှုသည် ရှောင်ဖယ်မှု (disengagement) တို့ကို စေ့ဆော်သည်။ မှောင်သောအခန်းထဲ ဝင်ရမှာကို ကြောက်ရွံ့ခြင်းကြောင့်ဖြစ်စေ၊ ဈေးကွက်၏ မရေမရာ ဖရိုဖရဲဖြစ်မှုထဲဝင်ရန် ကြောက်ရွံ့ခြင်းကြောင့်ဖြစ်စေ လူတို့သည် ရှောင်ဖယ်ကုန်တော့သည်။

အင်္ဂါနေ့အဖြစ်အပျက်အပြီး၌ စားသုံးသူတို့သည် အဝယ်အခြမ်းတို့ကို ရှောင်ကြသည်။ ခရီးသည်တို့သည် ခရီးမသွားကြ။ ရင်းနှီးမြှုပ်နှံသူများ ရင်းနှီးမြှုပ်နှံရန် ရှောင်ကြသည်။ ဤသို့သော ရှောင်ဖယ်မှု(disengagement)တို့ကြောင့်ပင် အမေရိကန် စီးပွားရေးနှင့် ကမ္ဘာ့စီးပွားရေးသည် အကျဘက်၌ အတော်ရှည်လျားလာ မည့်ဟန် ရှိသည်။

အချို့ ပညာရှင်တို့ကမူ ပင်လယ်ကွေ့စစ်ပွဲ၌ အမေရိကန်တင့်ကားများ ကူဝိတ်နယ်စပ်ကို ဖြတ်ပြီဟုဆိုသည်နှင့် စီးပွားရေးပြန်တက်လာပုံနှင့် နှိုင်းယှဉ်ကြည့်နေကြသည်။ ■

*Ref: Newsweek, Business week*

**ဈေးကွက်ဂျာနယ်၊ အမှတ် ၂၃၈။**

www.burmeseclassic.com

# စစ်နှင့် စျေးကွက်

**တိုက်ခိုက်မှုမှ စစ်သို့**

စက်တင်ဘာ ၁၁ ရက်၊ အင်္ဂါနေ့၌ နယူးယောက်နှင့် ဝါရှင်တန်တို့ရှိ ထိပ်သီး အဆောက်အအုံကြီးတို့ကို အကြမ်းဖက်သမားတို့က အပိုင်စီးလေယာဉ်တို့ဖြင့် တိုက်ခိုက်ပြီးသည်မှစ၍ စီအင်န်အင်န်၊ စီအင်န်ဘီစီ အစရှိသည့် ဂြိုဟ်တုစလောင်း သတင်းဌာနတို့၏ စီးပွားရေးသတင်းများ ထုတ်လွှင့်ပုံ၌ စကားအသုံးအနှုန်းများ သိသိသာသာ ပြောင်းလဲသွားပုံကို စာရေးသူ အထူး သတိထားလိုက်မိသည်။

စဖြစ်ဖြစ်ချင်း တိုက်ခိုက်မှု(**attack**)ဟု သုံးနှုန်းထားသည်။ တစ်ဆက်တည်း ဤတိုက်ခိုက်မှု၏ စျေးကွက်အပေါ် ရိုက်ခတ်သက်ရောက်မှုနှင့် ပတ်သက်ပြီး **impact on market** ဆိုပြီး သုံးနှုန်းသည်။ **attack** နှင့် **market** တွဲသုံးသည်။ အမေရိကန်နှင့် ဗြိတိသျှတို့၏ လေယာဉ်နှင့်ဒုံးပျံတို့က အာဖဂန်နစ္စတန်ရှိ ပစ်မှတ်တို့ကို စတင်တိုက်ခိုက်သောအခါ စစ်(**war**)ဆိုသော စကားအသုံးအနှုန်းသို့ ပြောင်းလဲသုံးနှုန်းလိုက်သည်။

စျေးကွက်အခြေအနေနှင့် ပတ်သက်၍လည်း သတင်းများ လွှင့်ထုတ်ရသည် ဖြစ်၍ စစ်နှင့် စျေးကွက်(**war and market**)ဆိုပြီး တွဲသုံးလာသည်။ စစ်နှင့် စျေးကွက်ကို တခြားစီထားပြီး **and** ခံ၍ သုံးစွဲသည်မှာ လေကြောင်းမှ ပထမလှိုင်း ဖုံးကြိတိုက်ခိုက်အပြီး ဖြစ်သည်။ ဒုတိယလှိုင်း လေကြောင်းတိုက်ခိုက်မှုနှင့် နေ့



BURMESE CLASSIC .com

www.burmeseclassic.com



လယ် တိုက်ခိုက်မှုတို့စတင်သောအခါ စစ်နှင့်စျေးကွက်အကြားရှိ *and* ကို ဖြုတ်ပစ်လိုက်ကြသည်။ အသုံးအနှုန်းသည် war market ဖြစ်သွားသည်။ *and* ကို ဖြုတ်ပစ်လိုက်သည်။ စစ်နှင့် ငြိမ်းချမ်းရေး(war and peace)မဟုတ်တော့ပေ။

စာရေးသူသည် စလောင်းသတင်းတို့ကို ထိုင်ကြည့်နေရသည်ဖြစ်၍ ဤသို့ အသုံးအနှုန်းများ အဘယ်ကြောင့် ပြောင်းလဲသွားရသနည်းဟု ဆင်ခြင်ကြည့်မိသည်။

**စစ်စီးပွားရေး**

စစ်စီးပွားရေး(War Economy)ဆိုတာ ရှိခဲ့သည်။ ဤအကြောင်း စာရေးသူ ဆောင်းပါးများ ရေးသားဖူးသည်။ ယခု ဂြိုဟ်တုစလောင်း မီဒီယာသမားတို့က စစ်စျေးကွက်(war market)ဟု ဆိုလာသောအခါ စစ်စီးပွားရေးနှင့် စစ်စျေးကွက် ဘာများ ခြားနားနိုင်သနည်းဟု စာရေးသူ ဝေဖန်ကြည့်မိပြန်သည်။

စစ်စီးပွားရေးဆိုသည်မှာ ပထမကမ္ဘာစစ်ကြီးနှင့် ဒုတိယကမ္ဘာစစ်ကြီးတို့တွင် နိုင်ငံအသီးသီးသည် အရာရာသည် ကြိုးပမ်းအားထုတ်မှုနှင့် စစ်အတွက် ရပ်တည်မှုတို့သာ ဖြစ်စေရသည်။ Everything is on war efforts and on war footings. ဟု ဆိုသည်။

စီးပွားရေးသည် စစ်ပွဲအတွက်သာ စိုက်စိုက်မတ်မတ် ရည်စူးရသဖြင့် လက်နက် အလုပ်ရုံကြီးနှင့်တူအောင် ဖွဲ့စည်းရသည်။ လက်နက်ထုတ်လုပ်သလို စီမံကိန်း ချရသည်။ စျေးကွက်စီးပွားရေး မရှိနိုင်ပေ။ ရှိလည်း ထိန်းချုပ်ခံထားရမည်။ လိုရင်းပြောရလျှင် စစ်စီးပွားရေးသည် အရာရာကို စစ်ရေးအတွက် ဦးတည်ရသည်။ စီမံကိန်းဖြင့် စီမံရသည်။ စျေးကွက်ကို ချုပ်ထိန်းရသည်။ တိုင်းသူပြည်သားတို့အား ရာရှင်စနစ်ဖြင့် ပစ္စည်းနှင့် ဝန်ဆောင်မှုတို့အား ဝေငှရသည်။ တိုင်းသူပြည်သားတွေ အလွန် ခြိုးခြံကြရသည်။

ယခု စီအင်န်အင်န်၊ စီအင်န်ဘီစီ ဂြိုဟ်တုစလောင်း သတင်းဌာနတို့က စစ်စျေးကွက်(war market)ဆိုပြီး သုံးနှုန်းလာကြသည်။ စစ်ရေးအခြေအနေကို ကြည့်၍ ရင့်မာလာလျှင် စစ်စျေးကွက်မှ စစ်စီးပွားရေးသို့ ပြောင်းလဲသုံးနှုန်းကြလေမည်လား မသိဟု သို့လော သို့လော တွေးကြည့်ရပြန်သည်။

**သမိုင်းကိုင်လှုပ်ရှော့ခ်**

ပြီးခဲ့သောဆောင်းပါးတွင် စာရေးသူက စက်တင်ဘာ ၁၁ ရက်နေ့ အဖြစ်အပျက်ကြီးမှစ၍ မီဂါရှော့ခ်(mega shock)ပေါ်လာကြောင်း ရေးသားခဲ့သည်။ စီးပွားရေးတို့သည် ဓာတ်လိုက်သလို ရုတ်တရက် မမျှော်လင့်ဘဲ အကြီးအကျယ်

www.burmeseclassic.com



ခံစားရခြင်းကို ရည်ညွှန်းခဲ့ခြင်း ဖြစ်သည်။

ယခု စီအင်န်အင်န်၊ စီအင်န်ဘီစီ ဂြိုဟ်တုသတင်းဌာနတို့က exogenous shock ဆိုသောစကားကို သုံးစွဲကြသည်။ မသိနိုင်သော ပြင်ပကိန်းရှင်ကြောင့် ဖြစ်ပေါ်သော ရှော့ခ်ဟု အဓိပ္ပာယ်ထွက်သည်။ လေယာဉ်ပျံတို့ကို တစ်ပြိုင်နက် တည်း အပိုင်စီးပြီး ကမ္ဘာ့ကုန်သွယ်ရေးစင်တာနှင့် ပင်တဂွန်အဆောက်အအုံကြီး တို့ကို ဝင်ရောက်တိုက်ပစ်သော ဖြစ်ရပ်ကြီးတို့သည် မသိနိုင်သော ပြင်ပကိန်းရှင် (exogenous variable)တစ်ပါး ဖြစ်ပေတော့သည်။

ရှော့ခ်နှင့်ပတ်သက်ပြီး နာမဝိသေသန အသုံးအနှုန်းသည် မည်သို့ပင် ကွဲလွဲစေကာမူ ကေန်မဲ့ပြီး သေချာရေရာမှုမရှိသော ကာလကြီး(moment of uncertainty) အတွင်း၌ ရှော့ခ်တို့သည် တစ်မျိုးပြီးတစ်မျိုး မမျှော်လင့်ဘဲ ပေါ်လာဖို့သာ ရှိနေသည်ဟု စာရေးသူက ယူဆမိသည်။ ဤရှော့ခ်တို့မှာလည်း သေးသေးကွေးကွေး မဟုတ်။ သမိုင်းကို ကိုင်လှုပ်နိုင်လောက်အောင် အင်အား ပြင်းထန်လှသည်ဖြစ်၍ မဟာဗျူဟာမြောက်အင်အား(strategic factor)အဖြစ် ထည့်သွင်း စဉ်းစားရမည်ဟု လက်ခံသည်။ သို့သော် ဤအင်အားသည် မမြင်ရပေ။ ရှော့ခ်သည် အကျပ်အတည်းပွိုင့်(crisis point)ကို မွေးထုတ်သည်ဖြစ်သော ကြောင့်လည်း အင်ဒရူးဂရုဗ်၏ ယူဆချက်အရ မဟာဗျူဟာမြောက် အင်ဖလက်ရှင်းပွိုင့်(strategic inflection point)ကို မွေးထုတ်သော အင်အားစုထဲတွင် ထည့်သွင်း စဉ်းစားအပ်သည်။

## ဝါစင် ၇ ပါး

သဒ္ဒါကျမ်းတွင် ဝါစင်ရှစ်ပါး ရှိသကဲ့သို့ ကုမ္ပဏီစီးပွားရေးလုပ်ငန်းတို့တွင် ဝါစင် ၆ ပါး ရှိလာသည်။ ယခု အခြေအနေသစ်အရ ရှော့ခ်ကိုလည်း ဝါစင် အသစ်တစ်ရပ်အဖြစ် ထည့်တွက်အပ်သည်ဟု ယူဆ၍ ကုမ္ပဏီတို့အတွက် ဝါစင် ၇ ပါး ရှိလာပြီ။ မဟာဗျူဟာမြောက် အင်ဖလက်ရှင်းပွိုင့်ဆိုသည်မှာ ဝါစင် တစ်ပါးပါး၌ အပြောင်းအလဲဖြစ်လျှင် ကျန်ဝါစင်တို့လည်း လိုက်ပြောင်းကုန်သည့် နိယာမကို ညွှန်းသည်။

ဤ ဝါစင် ၇ ပါးမှာ (၁) ပြိုင်ဘက် ယှဉ်ဘက်တို့၏အင်အား၊ လုံ့လဝီရိယ နှင့် စွမ်းရည် (၂) ဖောက်သည်တို့၏ အင်အား၊ လုံ့လဝီရိယနှင့် စွမ်းရည် (၃) ပစ္စည်းထောက်ပံ့သူတို့၏ အင်အား၊ လုံ့လဝီရိယနှင့် စွမ်းရည် (၄) ဖြစ်လာဖွယ် ရှိသော ပြိုင်ဘက်တို့၏ အင်အား၊ လုံ့လဝီရိယနှင့် စွမ်းရည် (၅) ကုန်စည်နှင့် ဝန်ဆောင်မှုဖြန့်ချိရေး နည်းလမ်းသစ်များ (၆) မိမိနှင့် အပြန်အလှန် အထောက် အကူပြုသည့်အရာ(complementators)တို့၏ အင်အား၊ လုံ့လဝီရိယနှင့် စွမ်း



BURMESE CLASSIC .com

www.burmeseclassic.com



ရည် (၇) ရှော့ခ်တို့ဟူ၍ ဖြစ်ကြသည်။ ယခင် ဝါစင်္ဂ ၆ ပါးတွင် အပြောင်းအလဲ ဖြစ်ခဲ့သောကြောင့် ကွန်ပျူတာလုပ်ငန်း၏ ဖွဲ့စည်းပုံသည် ၁၉၈၀ ပြည့်နှစ်များ၌ ဒေါင်လိုက်ဖြစ်ခဲ့ရာမှ ၁၉၉၅ ခုနှစ်တွင် အလျားလိုက်သို့ ပြောင်းလဲသွားခဲ့ရသည်။ ပုံပြ (၁)နှင့် (၂)တို့ကို ကြည့်ပါ။ ယခု ရှော့ခ်ကြောင့် စီးပွားရေးလုပ်ငန်းများ ဖွဲ့စည်းပုံ မည်သို့ ပြောင်းလဲသွားမည်ကို မသိရပေ။

**ဈေးကွက်ပုံသဏ္ဌာန် ဘယ်လဲ**

ဗြိုဟ်တုသတင်းဌာနတို့က လက်ရှိ စီးပွားရေးအခြေအနေကို စစ်ဈေးကွက် (war market)ဆိုပြီး သရုပ်ဖော်ပြောဆိုနေကြသည်။ ဤ မီဒီယာသမားတို့က စစ်ပစ္စည်း၊ ကာကွယ်ရေးပစ္စည်း၊ တက္ကနိုလိုဂျီပစ္စည်း ဈေးကွက်တို့ကို defense market လို့လည်း ခေါ်ကြသည်။ ဤသို့ စစ်ပစ္စည်း၊ စစ်ရေးတွင် အသုံးဝင်နေသော ပစ္စည်းတို့ကို ထုတ်လုပ်သော ကော်ပိုရေးရှင်းကြီးတို့၏ အစုရှယ်ယာ ဈေးနှုန်းတို့သည် ယခုအခါ တက်လာသည်။

စစ်နှင့် မသက်ဆိုင်သော၊ အလှမ်းဝေးသော လုပ်ငန်းများနှင့် ကော်ပိုရေးရှင်းကြီးတို့၏ အစုရှယ်ယာဈေးနှုန်းတို့ ကျဆင်းနေသည်။ ထို့ကြောင့် စလောင်း မီဒီယာသမားတို့က စစ်ရေး၌ အသုံးဝင်နေသော ပစ္စည်းတို့၏ဈေးကွက်ကို စစ်ဈေးကွက်ဟု ခေါ်တွင်နေခြင်း ဖြစ်ပါသည်။

ရှေ့ဆက်လက်ပြီး ဂရုစိုက် လေ့လာရမည့်အချက်မှာ အကြမ်းဖက်ဝါဒ ဆန့်ကျင်ရေးစစ်ပွဲကို စီးပွားရေး၌ ဈေးကွက်ကို အချုပ်အချယ်မထား၊ လွတ်လွတ်လပ်လပ် ဖွင့်ထားသော အခြေခံဖြင့် တိုက်နိုင်၊ မတိုက်နိုင်ဆိုသောအချက်ကို စောင့်ကြည့်ရဖို့ ရှိမည်ဟု ထင်ပါသည်။

ငွေမည်းတို့ကို ခြေရာခံထိန်းချုပ်ရေးများ လုပ်နေစဉ် ယခု အကြမ်းဖက်သမားတို့၏ငွေကို ခြေရာခံထိန်းချုပ်ရေးနှင့်ပေါင်းပြီး လုပ်လာရသည့်အတွက် ဘဏ္ဍာရေး ဈေးကွက်၌ သိပ်ပြီး လွတ်လပ်မှုရှိနိုင်၊ မရှိနိုင် တွက်ဆရမည့်အနေအထား ပေါ်လာပါကြောင်း။ ■

*Ref : CNN, Only the Paranoid Survive by Andrew S. Grove.*

**ဈေးကွက်ဂျာနယ်၊ အမှတ် ၂၃၉။**



BURMESE CLASSIC .com

www.burmeseclassic.com

# ခေတ်သစ်စီးပွားရေးအတွေးအခေါ် ၄ ပါးကို ဟောခဲ့ခြင်း

**ပြင်ဦးလွင်ဘက် တက်**

ဖရင့်ဟားဘတ်၏ သိပ္ပံစိတ်ကူးယဉ်ဝတ္ထု Dune ကို အနားယူရင်း ဖတ်ရှုရန် ပြင်ဦးလွင်ရှိ ဒေါ်ဒေါ်(လူထုဒေါ်အမာ)အိမ်သို့ သွားခဲ့သည်။ သုံးရက်လောက်နေပြီး Dune ဝတ္ထုကိုဖတ်ရှုရာ နှစ်ခန်းလောက်ပဲ ပြီးသည်။ ဆုံးအောင် မဖတ်ခဲ့ရ။ မြေးဖြစ်သူသည် စက်တင်ဘာ ၁၁ ရက်နေ့ နယူးယောက် ကမ္ဘာ့ကုန်သွယ်ရေးစင်တာ အဆောက်အအုံကြီးနှစ်ခုကို အကြမ်းဖက်သမားတို့က အပိုင်စီး လေယာဉ်ဖြင့် ဝင်ရောက်တိုက်ခိုက်ပုံကို ကိုယ်တိုင်မျက်မြင် အနီးကပ် လတ်လတ်ဆတ်ဆတ် တွေ့ကြုံထားသူဖြစ်၍ သူ၏အတွေ့အကြုံသည် သူပေးပို့ထားသော ဝတ္ထုထဲကဇာတ်လမ်းထက် ပို၍ ထူးဆန်းပေလိမ့်မည်။ ပို၍ ကြီးကျယ်လိမ့်မည်ဟု တွေးမိလိုက်သည်။ မြေးဖြစ်သူထံ ဤအတိုင်းပဲ စာအုပ်ဝေဖန်ရေး ပေးပို့မည်ဟု စိတ်ထဲ တေးထားလိုက်ပြီး မန္တလေးသို့ ပြန်ဆင်းခဲ့ပါသည်။

မန္တလေးရောက်သောအခါ မှတ်သားလောက်သည့်ပွဲ ၄ ပွဲက စာရေးသူအား အသင့်စောင့်နေသည်။ ပထမပွဲက မန္တလေးတက္ကသိုလ်၊ ဘောဂဗေဒဌာန၊ လူ့အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်မှ ကမကထပြုလုပ်သော ပြင်ပပုဂ္ဂိုလ်များ ဟောပြောပွဲသို့ စာရေးသူအား ဖိတ်ကြားသောပွဲ ဖြစ်သည်။

ဒုတိယပွဲက အယ်လ်ဖာ ကွန်ပျူတာကုမ္ပဏီက အမရပူရ၊ မဟာဂန္ဓာရုံ

www.burmeseclassic.com



ဆရာတော်ဘုရားကြီး၏ ပဋ္ဌာန်းတရားဟောပြောပွဲတို့ကို ပြန်လည်၍ စီဒီရွန်တင်ပြီး အင်တာနက်ဖြင့် ပြည်ပဖြန့်ရန် အစီအစဉ် ရှင်းပြပွဲကို ယခင်မန္တလေးဟိုတယ်၌ ကျင်းပသောပွဲ ဖြစ်သည်။ တတိယပွဲက မန္တလေး MCC က လန်ဒန် ကွန်ပျူတာ စာမေးပွဲသို့ ဝင်ရောက်ဖြေဆိုကြရာ၌ အောင်မြင်သူတို့အား အောင်လက်မှတ်များ ချီးမြှင့်ကြသောပွဲ ဖြစ်သည်။ ဤပွဲတွင် ဗြိတိသျှသံရုံး၊ ယဉ်ကျေးမှုသံမှူးက အောက်လက်မှတ်များ ချီးမြှင့်သည်။

စတုတ္ထပွဲကတော့ ပွဲလို့မဆိုနိုင်ပါ။ စာရေးသူ၏ သူငယ်ချင်း အရီးတောင်းကိုကျော်သိန်းက စာရေးသူတို့အား မန္တလေး ရွှေဘဲ၌ ညစာကျွေးသောပွဲ ဖြစ်ပါသည်။ စာရေးသူ မန္တလေးရောက်တိုင်း သူက တစ်မျိုးမျိုး ညှော်ခံကျွေးမွေးလေ့ရှိပါသည်။

## ခေတ်သစ်အတွေးအခေါ်များ

မန္တလေးတက္ကသိုလ်၊ ဘောဂဗေဒဌာန၊ လူ့အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ် ဟောပြောပွဲ၌ စာရေးသူက **ခေတ်သစ် စီးပွားရေးအတွေးအခေါ်များ** ဆိုသော အကြောင်းအရာများကို ဟောပြောပါသည်။ ခေတ်သစ် အတွေးအခေါ်တို့အထဲမှ လောလောလတ်လတ် အရေးကြီးစွာ ထိပ်တန်းရောက်နေသော အောက်ပါအတွေးအခေါ် ၄ ရပ်ကို ဟောပြောပါသည်။

၎င်းတို့မှာ (၁) ဂလိုဘယ်လိုက်ဇေးရှင်း (၂) တီထွင်ကြံဆသော ဖျက်ဆီးမှု(creative destruction) (၃) မဟာဗျူဟာမြောက် အင်ဖလက်ရှင်းပွိုင့် (stra- tegic inflec- tion point)နှင့်(၄) အလုပ်အကိုင် အင်ဖလက်ရှင်းပွိုင့် (career inflection point)အကြောင်းတို့ ဖြစ်ကြသည်။

အလွန်တိုက်ဆိုင်နေ၍ ၂၀၀၁ ခုနှစ်၊ စက်တင်ဘာ ၁၁ ရက်နေ့ နယူးယောက်နှင့် ဝါရှင်တန်တို့ရှိ ထိပ်သီးအဆောက်အအုံတို့အား လေယာဉ်ပျံဖြင့် အသေခံ အကြမ်းဖက်တိုက်ခိုက်မှု ဖြစ်ရပ်ကြီးတို့၏ အကျိုးရိုက်ခတ် သက်ရောက်မှုနှင့် အနက်အဓိပ္ပာယ်(impact and meaning of Sept.11th events) တို့နှင့်လည်း စပ်ဟပ်၍ ရှင်းပြရသည်။

ယခုဖြစ်ထွန်းလာသော ဂလိုဘယ်လိုက်ဇေးရှင်းတွင် စက်တင်ဘာ ၁၁ ရက်နေ့ ဖြစ်ရပ်ကြီးကြောင့် ယဉ်ကျေးမှုမျက်နှာစာ(cultural dimension)သည် ပူပူလောင်လောင်နှင့် ထိပ်တန်း အရေးကြီးဆုံးနေရာသို့ ဆိုင်းမပါ ဗုံမပါ ရောက်ရှိလာကြောင်း၊ ၂၀ ရာစုနှစ်၌ ယဉ်ကျေးမှုမျက်နှာစာကို အပျော့ထည်အင်အား (soft power)အဖြစ် ပညာရှင်တို့က ယူဆခဲ့ကြကြောင်း၊ ယခုဖြစ်ရပ်ကြီးတို့ကြောင့် ယခုနှစ်နှင့် နောင်တွင် ယဉ်ကျေးမှုမျက်နှာစာသည် အမာထည်အင်အား



BURMESE CLASSIC .com

www.burmeseclassic.com



(hard power) ဖြစ်လာရုံမျှမက မအေးဆေးနိုင်ဘဲ ပူလောင်လာသော မျက်နှာစာ(hard dimension)ဖြစ်လာနိုင်ဖွယ်ရှိကြောင်း ဟားဗတ်တက္ကသိုလ်မှ နိုင်ငံရေးနှင့် သမိုင်းပညာရှင်ဖြစ်သူ ပါမောက္ခဆင်မြူရယ်ဟန်တင်တန် ဟောကိန်းထုတ်ခဲ့သလို လူ့ယဉ်ကျေးမှုချင်း ပဋိပက္ခ၊ ယဉ်ကျေးမှုချင်း ပဋိပက္ခ(clash of civilization, clash of cultures)သဘောမျိုး ဖြစ်လာကြောင်း။

ထို့ကြောင့် ကမ္ဘာကြီးလုံခြုံရေးနှင့် ငြိမ်းချမ်းရေးတို့အတွက် ယဉ်ကျေးမှုချင်း ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး(peaceful coexistences between cultures)ပြဿနာသည် အလွန်အရေးကြီးလာကြောင်း စသည်ဖြင့် ထည့်သွင်းရှင်းပြသည်။

## သင်္ချိုင်းနှင့် အရင်းသစ်

တီထွင်ကြံဆသော ဖျက်ဆီးမှုအကြောင်းအရာနှင့် ပတ်သက်၍ ပါမောက္ခ ဂျိုးဆက်ရှွန်းပီတာက အဆိုအမိန့်ပြုခဲ့ပုံကို ရှင်းပြသည်။ အရင်းရှင်စနစ်သည် ဆန်းသစ်တီထွင်ခြင်း(innovations)ပေါ် ရပ်တည်နေကြောင်း၊ ယနေ့ ဆန်းသစ်တီထွင်မှုကို ရပ်ပစ် မနက်ဖြန် အရင်းရှင်စနစ် ယိုင်လဲပြိုတ်ကျသွားနိုင်ကြောင်း၊ ထို့ကြောင့် တီထွင်ဆန်းသစ်မှုသည် အရင်းရှင်စနစ်ကို မောင်းနှင်နေသော အခြေခံအင်ဂျင်ကြီး ဖြစ်နေကြောင်း ရှင်းပြသည်။

တီထွင်ဆန်းသစ်မှု၏ အကျိုးတရားတစ်ခုအနေဖြင့် အဟောင်းတွေ ပျက်စီးကုန်ကြောင်း၊ အသစ်အသစ်တို့ကို နေရာပေးရကြောင်း၊ ယခုမူအရ အဟောင်းတို့ကို သံယောဇဉ်မတွယ်ရကြောင်း၊ ဂျပန်စီးပွားရေးသည် အဟောင်းတို့ကို တွယ်တာလွန်း၍ ၁၀ နှစ် ဆက်တိုက် အကျပ်အတည်း ဆိုက်နေရခြင်းဖြစ်ကြောင်း၊ အဟောင်းကိုဖျက်ဆီးမှုအတွက် ကုမ္ပဏီတို့အလို့ငှာ **ဒေဝါလီခံဥပဒေ** (bankruptcy law)ကို ပြဋ္ဌာန်းပေးရကြောင်း၊ ဒေဝါလီခံဥပဒေသည် ကုမ္ပဏီသင်္ချိုင်းဖြစ်ကြောင်း၊ တီထွင်ကြံဆ ဖျက်ဆီးမှုအကျိုးပေါ်အောင် သင်္ချိုင်းကောင်းကောင်းထားပေးရကြောင်း၊ အဟောင်းအမြင်းတို့ကို စွန့်ပစ်ပြီး အသစ်အသစ်တို့ကို ထူထောင်သောအခါ စွန့်စားတီထွင်ရသည့် အရင်းအနှီးအသစ်(venture capital) တို့ကို အစားထိုးမွေးပေးရကြောင်း၊ ထို့ကြောင့် တီထွင်ကြံဆသော ဖျက်ဆီးမှုတွင် ဒေဝါလီခံဥပဒေနှင့် စွန့်စားအရင်းအနှီးသစ်တို့သည် ကျောရိုးဖြစ်နေကြောင်းဖြင့် ရှင်းပြသည်။

## ဝါစင် ၇ ပါး

သဒ္ဒါတွင် ဝါစင် ရှစ်ပါးရှိသလို ကုမ္ပဏီစီးပွားရေးလောကတွင်လည်း ဝါစင်



BURMESE CLASSIC .com

www.burmeseclassic.com



၆ ပါးရှိကြောင်း၊ ဤဝါစင် တစ်ပါးပါးတွင် အပြောင်းအလဲဖြစ်ပါက အခြား ဝါစင်တို့တွင်လည်း အပြောင်းအလဲတွေ ဖြစ်ကုန်ကြောင်း၊ ထို့ကြောင့် ဝါစင်တစ်ပါးပါ၊ သို့မဟုတ် နှစ်ပါးတွင် အပြောင်းအလဲတွေဖြစ်ရန် အရိပ်လက္ခဏာတွေ ပြလာလျှင် ဤအရိပ်လက္ခဏာတို့ကို၊ နိမိတ်အချက်ပြပွဲငှင့်ကို မဟာဗျူဟာမြောက် အင်ဖလက်ရှင်းပွိုင့်ဟု ခေါ်ဆိုခြင်းဖြစ်ကြောင်းရှင်းပြပြီး ကုမ္ပဏီစီးပွားရေးလောကအတွက် ဝါစင် ၆ ပါးကို ရှင်းပြသည်။ ၎င်းတို့မှာ (၁) ပြိုင်ဘက်တို့၏ အင်အား၊ လုံ့လဝီရိယနှင့် စွမ်းရည် (၂) ဖောက်သည်တို့၏ အင်အား၊ လုံ့လဝီရိယနှင့် စွမ်းရည် (၃) ပစ္စည်းနှင့် ဝန်ဆောင်မှုထောက်ပံ့သူ(suppliers)တို့၏ အင်အား၊ လုံ့လဝီရိယနှင့် စွမ်းရည် (၄) ရှေ့တွင်ဖြစ်လာနိုင်ဖွယ်ရှိသည့် ပြိုင်ဘက်တို့၏ အင်အား၊ လုံ့လဝီရိယနှင့် စွမ်းရည် (၅) မိမိပစ္စည်းနှင့် အပြန်အလှန် အထောက်အကူပြုနေသူ(complementators)တို့၏ အင်အား၊ လုံ့လဝီရိယနှင့် စွမ်းရည် (၆) ခြားနားသော ဖြန့်ချိရေးလမ်းကြောင်းများ ပေါ်ထွန်းနေသော အလားအလာ (alternative ways of distribution)တို့ဟူ၍ ဖြစ်သည်။

စာရေးသူက အထက်ဖော်ပြပါ ကုမ္ပဏီစီးပွားရေး ဝါစင် ၆ ပါးအကြောင်းကိုရေးသူ အင်ဒရူးဂရုဗ်ကိုယ်တိုင်လည်း စက်တင်ဘာ ၁၁ ရက် အဖြစ်ဆိုးကြီးကို မမျှော်လင့်နိုင်ခဲ့ကြောင်း၊ စက်တင်ဘာ ၁၁ ရက်နေ့ အဖြစ်အပျက်ကြီးကို စီးပွားရေးပညာရှင်တို့က ပြင်ပရှော့ခ်(exogenous shock)ကြီးတစ်ရပ်အဖြစ် ဖော်ပြလာကြကြောင်း၊ ထို့ကြောင့် ကုမ္ပဏီစီးပွားရေးလောကအတွက် ဝါစင် ၆ ပါးအပြင် ဤ ပြင်ပရှော့ခ်ကြီးကိုလည်း ဝါစင်တစ်ပါးအဖြစ် အသစ်ထည့်သွင်းတွက်ချက်လျှင် ဝါစင် ၇ ပါး ဖြစ်သွားပြီဖြစ်ကြောင်း စသည်ဖြင့် ရှင်းပြသည်။

စီးပွားရေးသမားဟူသည် ဘယ်ဝါစင်တွင် အပြောင်းအလဲလုပ်ရန် တာစူနေသလဲ။ ဝါစင်တစ်ပါးပါးတွင် ပြောင်းလဲလျှင် အခြားဝါစင်တို့တွင် ဘယ်လိုပြောင်းလဲကုန်မလဲ ဆိုသည်တို့ကို အစဉ် သတိဝီရိယနှင့် စောင့်ကြည့်နေကြရကြောင်း၊ ထို့ကြောင့်လည်း စိတ်ဂနာမငြိမ် ဖြစ်တတ်လွန်း၍ အင်ဒရူးဂရုဗ်က စီးပွားရေးလုပ်လျှင် ပါရနွား(paranoid)ဖြစ်ဖို့တော့ လိုသည်ဟု ပြောသွားခြင်းဖြစ်ဟန်တူကြောင်း စသည်ဖြင့် ရှင်းပြသည်။ တစ်ဆက်တည်း နိမိတ်လက္ခဏာအချက်ပြ(signals)တို့ကို အကဲခတ်သောအခါ ဆူညံသံ(noise)တို့နှင့် မရောထွေးမိရန် လိုပုံကိုလည်း ရှင်းပြသည်။

**အလုပ်လောက ဝါစင်**

ကုမ္ပဏီလောကအတွက် ဝါစင်များရှိသလို အလုပ်သမား ဝန်ထမ်းများနှင့် အလုပ်အကိုင်လောကအတွက်လည်း ဝါစင်တွေရှိကြောင်း၊ ဤဝါစင်တို့ကို အလုပ်

www.burmeseclassic.com



အကိုင် အင်ဖလက်ရှင်းပွိုင့်(career inflection point)ဟု ခေါ်ဆိုကြောင်း၊ အလုပ်အကိုင်လောက၌ အပြောင်းအလဲဖြစ်မည့် နိမိတ်လက္ခဏာပြလျှင် ရေတို အပြောင်းအလဲလား၊ ရေရှည်အပြောင်းအလဲလား ဆိုသောအချက်ကို အကဲခတ်နိုင်ရန် လိုကြောင်း၊ ဤနေရာ၌ မိမိ၏ကျွမ်းကျင်မှု(skill)ကို အမြန်ဆုံး တတ်မြောက်ရန် ကြိုးပမ်းရမည်ဖြစ်ကြောင်း ရှင်းပြခဲ့ပါသည်။

ဟောပြောသော အကြောင်းအရာတို့က အသစ်အဆန်းတွေဖြစ်၍ တက်ရောက် နားထောင်သူများ စိတ်ဝင်စားလိမ့်မည်ဟု မှန်းဆကြည့်မိလိုက်သည်။■

**ဈေးကွက်ဂျာနယ်၊ အမှတ် ၂၄၀။**



BURMESE CLASSIC .com

www.burmeseclassic.com

# စက် - ၁၁ လွန်ခေတ် LAY-OFF

**ပထဝီနိုင်ငံရေးနှင့် အကြမ်းဖက်ဝါဒ**

စက်တင်ဘာ ၁၁ ရက်၊ အင်္ဂါနေ့ နယူးယောက်နှင့် ဝါရှင်တန် ဖြစ်ရပ်ဆိုးကြီးတို့က ခေတ်တစ်ခေတ်အတွက် မှတ်တိုင်သစ်ကြီးတစ်ခုကို စိုက်ထူပေးလိုက်ပါပြီ။ ဤမှတ်တိုင်သစ်ကြီးကို စက်တင်ဘာ ၁၁ လွန် ကမ္ဘာကြီး(post- Sept. 11th World)ဟု အမည်ပေးလိုက်ကြပြီ။

ဒုတိယကမ္ဘာစစ်ကြီးအပြီးခေတ်ကို စစ်အေးခေတ်(cold war)ဟု သတ်မှတ်ခဲ့သည်။ ဘာလင်တံတိုင်းအပြိုု ဆိုဗီယက်ယူနီယံပြိုကျသွားသော နောက်ပိုင်းကာလကို စစ်အေးလွန်ခေတ်(post-cold war)ဟု ခေါ်ခဲ့ကြသည်။ ယခု နယူးယောက် ကမ္ဘာ့ကုန်သွယ်ရေးစင်တာနှင့် ဝါရှင်တန် ပင်တဂွန်အဆောက်အအုံတို့ကို အပိုင်စီးလေယာဉ်တို့ဖြင့် အသေခံ ဝင်ရောက် တိုက်ခိုက်ပြီးသည့်နောက် ယခု နောက်ပိုင်းကာလကို ဆိုခဲ့ပါအတိုင်း စက်တင်ဘာ ၁၁ လွန်ကမ္ဘာကြီးဟု သတ်မှတ်လိုက်ကြပါပြီ။

စက်တင်ဘာ ၁၁ ရက်နေ့အပြီး မျက်မှောက်ရေးရာတို့နှင့် အနာဂတ်ရေးရာတို့ကို သုံးသပ်သော စာအုပ်တို့ကလည်း ခါတော်မီ ပေါ်လာသည်။ ထိုအထဲတွင် အရောင်းရ အတော်သွက်နေသော စာအုပ်မှာ The Tragedy of Great Power Politics : Geopolitics and Terrorism ဆိုသော စာအုပ်ဖြစ်ပြီး ကျမ်းပြု



BURMESE CLASSIC .com

www.burmeseclassic.com



ဆရာမှာ ချီကာဂိုတက္ကသိုလ်မှ အပြည်ပြည်ဆိုင်ရာ ဆက်ဆံရေးဘာသာရပ် ပါမောက္ခ ဂျွန်မေရှမီယာရှိုးမား ဖြစ်သည်။

## အရှေ့အလယ်ပိုင်း ရွှေ့

ပါမောက္ခ မီယာရှိုးယားက စက်တင်ဘာ ၁၁ အကြမ်းဖက်မှုကို မီဂါအကြမ်းဖက်မှုဝါဒ(mega terrorism)ဟု အမည်ပေးသည်။ ကြီးကျယ်သော အကြမ်းဖက်ဝါဒ ဖြစ်သည်။ သာမန်ကြည့်လျှင် ဤ မီဂါအကြမ်းဖက်ဝါဒသည် လူတစ်စု၊ ဂိုဏ်းတစ်ဂိုဏ်းကကြံစည်သော လုပ်ရပ်ဖြစ်၍ နိုင်ငံတော်အစိုးရ(States)တို့နှင့် ဘာမျှ ပတ်သက်စရာအကြောင်းမရှိဟု ယူဆစရာရှိသည်။ သို့သော် မီဂါအကြမ်းဖက်ဝါဒသည် သူတို့အစီအစဉ်များ ဆောင်ရွက်ရန်၊ သင်တန်းများ ဖွင့်လှစ်ရန် ငွေကြေးဈေးကွက်တို့တွင် ဝင်ရောက်ကစားရန် လိုသည်။

သူတို့၏နေရာသည် သေးငယ်ကောင်း သေးငယ်မည်။ လှုပ်ရှားနိုင်မှု ရှိမည်။ ထောက်လှမ်း သိရှိနိုင်ရန် ခက်မည်။ မည်သို့ဖြစ်ဖြစ် သူတို့သည် နိုင်ငံတော်တစ်ခုခု၏ နယ်နိမိတ်တစ်ခုအတွင်း၌ နေရာရှာကြရမည်သာ ဖြစ်သည်။ ပင်လယ်ထဲ၊ သင်္ဘောတစ်စင်းမှနေ၍ အခြေခံစခန်းလုပ်လို့ မဖြစ်။ လွယ်လွယ်ကလေးနှင့် အတိုက်အခိုက် ခံရနိုင်သည်။ အာကာသပေါ်တက်၍ အခြေခံစခန်းဖွင့်၍လည်း မရသေး။ ထို့ကြောင့် နိုင်ငံတစ်ခုခု၏ နယ်နိမိတ်နယ်မြေထဲ၌ တစ်နည်းနည်းနှင့် အခြေချရမည်သာ ဖြစ်သည်။

ဤနေရာတွင် ပါမောက္ခမီယာရှိုးယားက ထောက်ပြသည်မှာ အကြမ်းဖက်ဝါဒတို့တွင် နိုင်ငံတို့သည် အခြေအနေတစ်မျိုးမျိုးနှင့် ပါဝင်ပတ်သက်ရသည် ဖြစ်၍ ပထဝီနိုင်ငံရေးနှင့် အကြမ်းဖက်ဝါဒ ဆက်စပ်စဉ်းစားလျှင် နိုင်ငံတော်(States) တို့ကိုလည်း ထည့်သွင်း စဉ်းစားရမည်ဟူ၍ ဖြစ်သည်။ ပထဝီနိုင်ငံရေးသည် ပထမ ဥရောပ၌ ဗဟိုတည်ခဲ့သည်။ ထိုမှ အာရှဘက်သို့ ရွှေ့သွားခဲ့သည်။ ယခု အီရမာဘင်လာဒင်နှင့် အာဖဂန်နစ္စတန်မှ တာလီဘန်တို့ကို အကြောင်းပြု၍ ပထဝီနိုင်ငံရေးသည် အရှေ့အလယ်ပိုင်းဆီသို့ ရွှေ့သွားလေပြီ။

## ရောမအလုပ်ပြုတ်

စက်တင်ဘာ ၁၁ အလွန် ခေတ်သည် စစ်ပွဲတစ်ရပ်နှင့် ကမ္ဘာ့စီးပွားရေး ဆုတ်ကပ်(Global recession)ကြီးကို မွေးထုတ်ပေးလိုက်သည်။ စီးပွားရေး ဆုတ်ကပ်၏ လက္ခဏာအဖြစ် အလုပ်သမားတွေ၊ မန်နေဂျာကြီးတွေ အစုလိုက် အပြုံလိုက် ထုနှင့်ထည်နှင့် အလုပ်ပြုတ်လျက်ရှိသည်။

ဤသို့ အလုပ်ပြုတ်ခြင်းကို Lay-offဟု ခေါ်သည်။ သာမန် အလုပ်လက်မဲ့



BURMESE CLASSIC .com

www.burmeseclassic.com



ဖြစ်ခြင်းမျိုး မဟုတ်။ အထူးသီးသန့်အဓိပ္ပာယ်ဖြင့် အလုပ်ပြုတ်ခြင်း ဖြစ်သည်။ Lay-off ၏ အဓိပ္ပာယ်မှာ အလုပ်ရှင်ကဖြစ်စေ၊ ပိုင်ရှင်ကဖြစ်စေ မိမိပယောဂ ကြောင့် မဟုတ်ဘဲ ပေါ်ပေါက်လာသော အခြေအနေသစ်ကြောင့် အလုပ်ထုတ် ပစ်ရခြင်းမျိုးကို ဆိုလိုသည်။ အခြားတစ်နည်းအားဖြင့် ပြောလျှင် မမျှော်လင့်သော အခြေအနေတစ်ရပ် ပေါ်လာရာ ဤအခြေအနေအပေါ် ပိုင်ရှင်ကဖြစ်စေ၊ အလုပ် ရှင်က ဖြစ်စေ မထိန်းသိမ်းနိုင်၍ အလုပ်ထုတ်ခံရခြင်းမျိုး ဖြစ်သည်။

စက်တင်ဘာ ၁၁ ရက်နေ့ အဖြစ်အပျက်မှစတင်၍ ပေါ်ပေါက်လာသော အခြေအနေတို့ကို မည်သူကမျှလည်း မမျှော်လင့်ခဲ့ပေ။ မိမိတို့ပယောဂကြောင့် ဖြစ်ပေါ်လာသည်လည်း မဟုတ်။ ထိုအခြေအနေမျိုး၌ အလုပ်ဖြုတ်ပစ်ရခြင်းကို Lay-off ဟု ခေါ်ဆိုသည်။

လေယာဉ်လိုင်းတွေ ဖျက်သိမ်းပစ်ရသည့်အတွက် လေယာဉ်ကုမ္ပဏီ အလုပ် သမားတွေ အလုပ်ပြုတ်ကြသည်။ ဘဏ်တွေ ရပ်ဆိုင်းကုန်၍ ဘဏ်လုပ်သား တွေ အလုပ်ပြုတ်ကြသည်။ အရောင်းအဝယ်တွေ အကုန်ကျဆင်းကုန်၍ ကုမ္ပဏီ ဝန်ထမ်းတွေ အများအပြား အလုပ်ဖြုတ်ခံကြရသည်။

Only the Paranoid Survive ကျမ်းကိုရေးသူ အင်ဒရူးဂရုဗ်၏ ကျမ်း အာဘော်အတိုင်းဆိုလျှင် အလုပ်သမားတို့သည် စက်တင်ဘာ ၁၁ အပြီး၌ မဟာ ဗျူဟာမြောက် အလုပ်အကိုင် အင်ဖလက်ရှင်းပွိုင့်(strategic career inflection point)ထဲ မမျှော်လင့်ဘဲ ရောက်ရှိသွားကြခြင်းသာ ဖြစ်တော့သည်။

**အလုပ်အကိုင် အင်ဖလက်ရှင်းပွိုင့်**

ဤပွိုင့်၏ဆိုလိုရင်းမှာ အလုပ်သမားတို့သည် မိမိတို့ အလုပ်အကိုင်(career) တွင် အကြီးအကျယ် အပြောင်းအလဲတွေ တွေ့လာရသောပွိုင့်ကို ဆိုလိုသည်။ အင်ဒရူးဂရုဗ်က အလုပ်သမားတို့သည် ဤပွိုင့်ကို အမြဲတမ်း ဂရုစိုက် နားစွင့်နေ ရမည်။ ဤပွိုင့် ဖြစ်ပေါ်စေမည့် အချက်ပြလက္ခဏာတို့ကို အကဲဖမ်းတတ်ရမည်။ ကြိုတင်ခန့်မှန်းနိုင်လျှင် အကောင်းဆုံးဟု ဆိုခဲ့သည်။

အလုပ်အကိုင် အပြောင်းအလဲ(career change)သည် ခပ်ပျော့ပျော့ ပြောင်းတတ်သလို ဆိုးဝါးလှသော အခြေအနေတွင်လည်း ပြောင်းလဲတတ်သည်။ ဤကိစ္စနှင့်ပတ်သက်၍ ချယ်ယာမင်ဂရုဗ်က အလုပ်အကိုင် ပတ်ဝန်းကျင်(career environment) ဆိုသော အသုံးအနှုန်းကို သုံးသည်။ ဤပတ်ဝန်းကျင်ကို အကဲ ခတ်တတ်ရန် အလွန်အရေးကြီးသည်။

ဤပတ်ဝန်းကျင်၌ အခြေခံကျကျ ပြောင်းလဲခဲ့ပုံကို သာဓကနှစ်ခုဖြင့် ရှင်းပြ သည်။ ပထမ၌ အင်တာနက်လှိုင်းဂယက် ရိုက်ခတ်သောအခါ စီးပွားရေးလုပ်ငန်း

www.burmeseclassic.com



များ လုပ်ပုံနည်းတွေ အကုန်ပြောင်းလဲပစ်ရသည်။ လုပ်နည်းသစ်တို့ကို ကြံဆ၍ အလုပ်လုပ်ကြရသည်။ ဤဖြစ်စဉ်တွင် အလုပ်အကိုင်တွေ အကြီးအကျယ် တုန်ခါသွားသည်။ ဒုတိယသာဓကမှာ အာရှ စီးပွားရေးအကျပ်အတည်း ကမ္ဘာအနှံ့ ကူးစက်သောအချိန်က ဖြစ်သည်။ အလုပ်အကိုင်တွေ အများကြီး ဖြုတ်ပစ်ခဲ့ကြရသည်။

ပထမသာဓကက တက္ကနိုလိုဂျီ အပြောင်းအလဲတို့ကြောင့် အလုပ်အကိုင်လောက တုန်ခါမှုကိုပြ၍ ဒုတိယ သာဓကက စီးပွားရေးအကျပ်အတည်းကြောင့် အလုပ်အကိုင်လောက တုန်ခါမှုတို့ကို ပြသည်။ ချယ်ယာမင် အင်ဒရူးဂရုဗ်သည် စက်တင်ဘာ ၁၁ ရက်၊ အင်္ဂါနေ့အိပ်မက်ဆိုးကို ဘယ်လိုနည်းနှင့်မျှ မျှော်မှန်းနိုင်မည် မဟုတ်ပေ။ စက်တင်ဘာ ၁၁ အိပ်မက်ဆိုးကို ပြင်ပအကြောင်းတရား (exogeneous shock)ကြောင့် ဖြစ်ပေါ်လာသော ရှော့ခ်ဟု ဘောဂဗေဒပညာရှင်တို့က အမည်ပေးထားကြသည်။ ဤရှော့ခ်မျိုး ဘယ်သူက ခန့်မှန်းမိနိုင်ကြပါမည်နည်း။

## ပုစ္ဆာ ၁၀ ပုဒ်

အလုပ်အကိုင်ပတ်ဝန်းကျင် ပြောင်းလဲပစ်မည့် နိမိတ်လက္ခဏာတို့ကို ကြိုတင် ခန့်မှန်းနိုင်သော အလားအလာများရှိသလို စက်တင်ဘာ ၁၁ ရက်နေ့ ဖြစ်ရပ်ဆိုးကြီးလို ဘယ်လိုမှ မမျှော်လင့်၊ မခန့်မှန်းနိုင်သော သဘောတရားတို့ကလည်း ပေါ်လာသည်။

ချယ်ယာမင်ဂရုဗ်က ဓကနိမဲ့မှု(uncertainty)နှင့် ကြိုတင်မမှန်းဆနိုင်သော အခြေအနေတို့အတွက်ပင် သင်၏ဦးနှောက်ကို အပြောင်းအလဲကြီးတစ်ခုအတွက် လေ့ကျင့်ထားပါ။ Train your brain in preparation for the big change ဟု သူ၏ကျမ်းထဲတွင် နှိုးဆော်ထားသည်။

ဤအတွက်လည်း သူက နည်းပေးသည်။ သူ၏နည်းက မီးသတ်သမားတို့လို လေ့ကျင့်နည်းဟု ဆိုသည်။ မီးသတ်သမားသည် ဘယ်တော့ မီးလောင်မည်ကို ဘယ်လိုမှ မခန့်မှန်းနိုင်ပေ။ သို့ရာတွင် အကယ်၍များ တကယ် မီးလောင်ခဲ့လျှင် ဆိုပြီး စိတ်လေ့ကျင့်ခန်း(mental fire drill)လုပ်နေရသည်။ အောက်ပါမေးခွန်းတို့ကို မေးကြည့်ခြင်းသည်ပင် အလုပ်သမားတို့ စိတ်လေ့ကျင့်ခန်း(drill) ပြုလုပ်ရာရောက်သည်ဟု ဆိုသည်။

(၁) သူပြော ငါပြော အရပ်သတင်းတို့၌ပါသော အပြောင်းအလဲတို့သည် မိမိနှင့်များ သက်ဆိုင်နေသလား။

(၂) အရေးကြီးသော အပြောင်းအလဲတစ်ရပ်သည် မိမိလုပ်ငန်းခွင်ထဲသို့ မည်သို့

www.burmeseclassic.com



သောပုံစံဖြင့် ဝင်ရောက်လာမလဲ။

(၃) သင်သိနေကျ စီးပွားရေးသတင်းတို့မှ အပြောင်းအလဲတို့ကို အကဲဖမ်းလို့ ရသလား။

(၄) သင်လုပ်ကိုင်နေသော ကုမ္ပဏီ၏ ငွေစာရင်းရှင်းတမ်း ထုတ်ပြန်ကြေညာချက်တို့မှနေ၍ အပြောင်းအလဲကို သင် မှန်းဆနိုင်မလား။

(၅) သင်၏ စိုးရိမ်ပူပန်မှုကို သင်၏ဘောဇ်နှင့် တိုင်ပင်နိုင်သလား။

(၆) အပြောင်းအလဲက ဖြစ်လာပြီ။ ဤအပြောင်းအလဲက သင့်အား ထိခိုက်လာပြီ။ သင် ဘာလုပ်မလဲ။

(၇) အပြောင်းအလဲက သင်၏ကုမ္ပဏီကို ဘယ်လို ထိခိုက်မလဲ။

(၈) သင်၏ကုမ္ပဏီကို ထိခိုက်စေသော အပြောင်းအလဲသည် ယာယီထိခိုက်မှုလား၊ သို့တည်းမဟုတ် ရေရှည်ထိခိုက်မှုလား။ ဤခြားနားမှုသည် အရေးကြီးသည်။ ရေတိုဆိုလျှင် သင်၏ကုမ္ပဏီသည် ဖုတ်ခါပြီး ပြန်ထလာနိုင်သည်။ သင်၏အလုပ်ကို မထိခိုက်။ ရေရှည်ဆိုလျှင်ကား မလွယ်။ သင်၏အလုပ်အပေါ် အမြဲတမ်း ထိခိုက်နေတော့သည်။

(၉) အခြားလုပ်ငန်းတို့မှ အပြောင်းအလဲတို့ကြောင့် သင်၏ကုမ္ပဏီတွင် ဘယ်လို လှိုင်းဂယက် ထသလဲ။ Ripple effect ဟု ခေါ်သည်။ တက္ကနိုလိုဂျီအသစ်ကြောင့် သင်၏ကျွမ်းကျင်မှု(skill) ဘယ်လိုဖြစ်သွားသလဲ။ ဆက်သုံးလို့ရမလား။ ဆက်သုံးလို့ မရ၍ ကျွမ်းကျင်မှုအသစ် လေ့ကျင့်ရလျှင် လေ့ကျင့်နိုင်မည်ဟု သင့်ကိုယ်သင် ယုံကြည်ပါသလား။

(၁၀) သင်၏ကုမ္ပဏီသည် ပြိုင်ဘက်တွေနှင့် ယှဉ်ပြိုင်ရာတွင် အခြေမလှ ဖြစ်နေသလား၊ သို့မဟုတ် လုပ်ငန်းတူကုမ္ပဏီအားလုံး အခြေယိုင်နေသလား။ ဤအချက်သည် သင့်အတွက် အရေးကြီးသည်။ သင်၏ကုမ္ပဏီက ပြိုင်ဘက်တို့နှင့် ပြိုင်ရာတွင် ရှုံးနေလျှင် သင်လည်း မြုပ်နေသောသင်္ဘောကို စွန့်ခွာပြီး အခြားသော သင်္ဘောတစ်စင်းပေါ်တက်ရုံ ဖြစ်သည်။ သင်၏ကျွမ်းကျင်မှုကို ဆက်သုံးနိုင်သည်။ ဤသို့မဟုတ်ဘဲ ကုမ္ပဏီအားလုံး အရေးနိမ့်နေပြီဟု ဆိုလျှင်မူ သင်၏ကျွမ်းကျင်မှုသည် အသုံးမဝင်တော့ကြောင်း နားလည်အပ်သည်။ ကျွမ်းကျင်မှုအသစ် ထူထောင်ရမည်။

ဤမေးခွန်း ၁၀ ပုဒ်ကို အလုပ်သမားတို့က ကိုယ့်ကိုယ်ကိုယ် မေးနေခြင်းသည်ပင် မီးသတ်သမား၏ စိတ်ဓာတ်လေ့ကျင့်ခန်းမျိုးကို လုပ်ဆောင်နေရာ ရောက်သည်ဟု ဆိုသည်။ ချယ်ယာမင်ဂရုဇ်က အပြောင်းအလဲအတွက် အသင့်ဖြစ်ပါ (get in shape for change)ဟု ဆက်လက်၍ သတိပေးသည်။

စက်တင်ဘာ ၁၁ ရက်နေ့ ဖြစ်ရပ်ဆိုးတို့ကို အလုပ်သမားတွေက မမျှော်လင့်



BURMESE CLASSIC .com

www.burmeseclassic.com



ကြသည့်အလျောက် ချယ်ယာမင်ဂရုဗ်၏ ၁၀ ချက်ပါ စိတ်လေ့ကျင့်ခန်းကိုလည်း လုပ်မိကြလိမ့်မည်မဟုတ်ဟု တွက်ဆရပါသည်။ အပြောင်းအလဲအတွက် အသင့်မဖြစ်နိုင်ကြတော့ပေ။ အငိုက်မိသွားခြင်းသာဖြစ်၍ စီအင်န်အင်န် ဂျိုဟ်တုသတင်းဌာနက ပြောသလို business as unusual ဖြစ်နေလေပြီ။ Lay - off အတွက် ဘယ်လိုပြင်ဆင်ကြမည် မသိ။ ■

**ဈေးကွက်ဂျာနယ်၊ အမှတ် ၂၄၁။**



BURMESE CLASSIC .com

www.burmeseclassic.com

# စစ်အေးလွန်ခေတ် ဝါဒသစ်လော

၁၈၂၁ ခုနှစ်က အမေရိကန် နိုင်ငံခြားရေးဝန်ကြီးဖြစ်သူ ဂျွန်ကွင်စီအဒမ်က 'လွတ်လပ်မှုနှင့် လွတ်လပ်ရေးဖြစ်ထွန်းလာတိုင်း အမေရိကန်၏ မေတ္တာနှင့် အသည်းနှလုံးက ရှိပါ၏။ သို့သော် အမေရိကားသည် ဘီလူးတို့ကိုရှာဖွေရန် ပြည်ပ ပင်လယ်ရပ်ခြားသို့ သွားရောက်မည်မဟုတ်ပါ'ဟု ပြောဆိုခဲ့ဖူးသည်။

ယခု အမေရိကားသည် အာဖဂန်နစ္စတန်သို့ အိုစမာဘင်လာဒင်နှင့် သူ့အား ထောက်ခံ အားပေးနေသော တာလီဘန်တို့ကို သွားရောက်ရှာဖွေနေရပြီ။ အမေရိကန်နှင့် မဟာမိတ်တို့က အာဖဂန်နစ္စတန်အား စစ်ပွဲတစ်ရပ် ဆင်နွှဲနေခြင်းသည် ကွင်စီအဒမ်၏မူဝါဒမှ လမ်းခွဲထွက်လိုက်ရသလို ဖြစ်သွားသည်။

နိုင်ငံခြားရေးမူဝါဒနှင့် ပတ်သက်၍ မူဝါဒ(doctrines)တွေ ခေတ်အလိုက် အမျိုးမျိုး ပေါ်ခဲ့သည်။ ဥပမာ မွန်ရိုးဝါဒ(Monroe Doctrine) ဆိုပါစို့။ ၁၈၂၃ ခုနှစ်က ပေါ်ပေါက်ခဲ့သောမူဝါဒ ဖြစ်သည်။ မွန်ရိုးဝါဒအရ အနောက်ဘက် အမေရိကား ကမ်းခြေဘက်၌ ဥရောပနိုင်ငံတို့က ဝင်ရောက်မရှုပ်ကြရန် သတိပေးသော ဝါဒ ဖြစ်သည်။ လက်တင်အမေရိကတိုက်ရှိ နိုင်ငံတို့ကို ဥရောပနိုင်ငံတို့၏ ကိုလိုနီပြုလုပ်မှုဘေးမှ ထီးမိုးပေးသည်ဟု ဆိုခဲ့သည်။ ဒုတိယကမ္ဘာစစ်ကြီး မဖြစ်ပွားမီ၌ စုပေါင်းကာကွယ်ရေးမူဝါဒ(collective security doctrine) ဆိုပြီး ပေါ်ခဲ့သေးသည်။

www.burmeseclassic.com



ဒုတိယကမ္ဘာစစ်ကြီးအပြီး၌ Detenteတို့၊ ဒိုမိနိုသီအိုရီတို့၊ Deterrence strategy containment policy တို့ဆိုပြီး ပေါ်ခဲ့သည်။ စစ်အေးလွန်ခေတ်၌ ဘာမူဝါဒမှ ပြောသံမကြားခဲ့ရပေ။

မည်သို့ပင်ဖြစ်စေ ယခု စက်တင်ဘာ ၁၁ ရက်၊ အင်္ဂါနေ့အဖြစ်ဆိုးကြီးမှ စတင်၍ ကမ္ဘာကြီးကို Post-Sept. 11th Worldဟု အမည်ပေးလိုက်ကြသည်။

စက်တင်ဘာ ၁၁ အလွန် ကမ္ဘာကြီးအတွက်လည်း မူဝါဒတစ်ခု ပေါ်လာဟန် ရှိသည်။ ဤမူဝါဒကို Bush's doctrineဟု ခေါ်သည်။ ဤမူဝါဒအရ အကြမ်းဖက်ဝါဒကို နေရာပေး၍ မွေးသည့်၊ ကူညီအားပေးသည့်၊ ငွေကြေး ထောက်ပံ့သည့် မည်သည့်နိုင်ငံကိုမဆို ရန်လိုသောနိုင်ငံ(hostile State)အဖြစ် သဘောထားမည်ဟု ဆိုသည်။

ထို့ကြောင့် ဘုရှ်မူဝါဒကို နောက်ခံထား စဉ်းစားလျှင် အာဖဂန်နစ္စတန်စစ်ပွဲသည် အခြားသော အကြမ်းဖက်ဝါဒကို ထောက်ခံအားပေးသော နိုင်ငံများဆီသို့ တိုးချဲ့သွားနိုင်သော အလားအလာရှိလာသည်။

ဤနေရာ၌ ဆက်ဒမ်ဟူစိန်၏အရိပ်(Sadam's shadow)ဆိုသောစကား ပေါ်လာသည်။ အီရတ်သမ္မတ ဆက်ဒမ်ဟူစိန်သည် ပင်လယ်ကွေ့စစ်ပွဲ ပြီးစီးပြီးသည့်နောက် ပိုးမွှားလက်နက်၊ ဓာတုလက်နက်တို့ကို စုဆောင်းနေသည်ဟု သံသယဖြစ်နေခဲ့ကြသည်။ ထို့ကြောင့် အာဖဂန်စစ်ပွဲသည် အီရတ်ဆီသို့ တိုးချဲ့သွားနိုင်လေမည်လားဟု စိုးရိမ်ပူပန်ခဲ့ကြသည်။

နောက်အရိပ်တစ်မျိုးမှာ အီရတ်သင်ခန်းစာဆိုပြီး ပြောလာသောအချက် ဖြစ်သည်။ ပင်လယ်ကွေ့စစ်ပွဲတွင် အမေရိကန်သည် ဘဂ္ဂဒက်မြို့နားအထိ ချီတက်ခဲ့ပြီးမှ ယခုသမ္မတ၏အဖေ၊ ထိုစဉ်က သမ္မတ စီနီယာဘုရှ်က အတိုက်အခိုက် ရပ်စဲပေးလိုက်သည်။ ဆက်ဒမ်ဟူစိန်ကို ဆက်လက်အုပ်စိုးရန် ခွင့်ပြုလိုက်သည်။ နောက်ပိုင်းအကျိုးဆက်ကား ဆက်ဒမ်ဟူစိန်သည် ဆက်လက်တည်ရှိပြီး ဆက်လက် အာခံကာ အန္တရာယ်ပြုလာသည်။ ယခု အာဖဂန်နစ္စတန်စစ်ပွဲတွင် အီရတ်လို မဖြစ်စေရဟု ဆိုနေကြသည်။

စိတ်ဝင်စားဖွယ် အချက်တစ်ချက် ရှိသေးသည်။ နယူးယောက် ကမ္ဘာ့ ကုန်သွယ်ရေးစင်တာ နှစ်ခုနှင့် ဝါရှင်တန် ပင်တဂွန်စစ်ဌာနချုပ်တို့ကို အပိုင်စီး လေယာဉ်တို့ဖြင့် အသေခံတိုက်ခိုက်သော အကြမ်းဖက်သမားတို့သည် ဘာတောင်းဆိုချက်ကိုမျှ မတောင်းဆိုကြပေ။ No demand ဟု ဆိုသည်။ သူတို့ ဘာလိုချင်မှန်း ဘာအမှာစာ၊ ဘာမက်ဆေ့ချ်မှ မထားခဲ့ကြသဖြင့် လေ့လာဆန်းစစ်သူတို့ကြား အတော် ခေါင်းရှုပ်သွားခဲ့ကြသည်။

ဤကောက်ချက်ကို ထောက်ခံရန် အရှေ့အလယ်ပိုင်း အစွရေး–ပါလက်



BURMESE CLASSIC .com

www.burmeseclassic.com



စတိုင်း ပဋိပက္ခမှ စစ်သွေးကြွတို့၏လုပ်ပုံနှင့် ဆက်စပ် နှိုင်းယှဉ်ကြည့်ကြသည်။ သူတို့သည် ဘုရားဝတ်ပြုကျောင်းတို့ကို မတိုက်ခိုက်။ သူတို့တိုက်ခိုက်သည့် အရာတို့မှာ ဒစ္စကိုကပွဲရုံတို့၊ ဟိုတယ်တို့၊ ခေတ်မီအဆောက်အအုံတို့ ဖြစ်နေသည်။

ထို့ကြောင့် တိုက်ခိုက်ဖျက်ဆီးသည့်အရာ၊ ပစ္စည်းတို့ကိုကြည့်လျှင် စျေးကွက်ကို သင်္ကေတပြုသော အဆောက်အအုံကြီးနှစ်ခု၊ စစ်အင်အားကြီးခြင်းကိုပြသော ပင်တဂွန်စစ်ဌာနချုပ်။ နောက်ပိုင်း ဒေါင့်သန်းဆွဲရောဂါ(anthrax)ကို ဖြစ်စေ သောဓာတုနှင့် ပိုးမွှားတို့ကို အမေရိကန် ဆီးနိတ်လွှတ်တော်၊ နယူးယောက် တိုင်းမ်သတင်းစာ၊ အင်န်စီဘီဌာန စသည့် အမေရိကန်၏ အင်အားနှင့် လွတ်လပ်မှုတို့ကိုပြသော အဆောက်အအုံတို့ ဖြစ်နေသည်။

မည်သည့်တောင်းဆိုချက်မျှ မပြု။ ခေတ်သစ်သင်္ကေတတို့ကို ဖျက်ဆီးပြနေခြင်းကို ထောက်ချင့်၍ ကြံစည်သူတို့သည် ဒဿနအတွေး၌ ချောင်ပိတ်အခဲမကြေသူတို့ philosophically blocked ဖြစ်ဖွယ်ရှိသည်ဟု ခန့်မှန်း ကြသည်။ ■

*Ref: CNN*

**စျေးကွက်ဂျာနယ်၊ အမှတ် ၂၄၂။**

www.burmeseclassic.com

# အာရှစီးပွားရေး ညီမျှခြင်းထဲက Hollow Out

**ယမ်းအိုးသုံးလုံး**

စက်တင်ဘာ ၁၁ အလွန်ကာလ၌ ပထဝီနိုင်ငံရေးသည် အရှေ့အလယ်ပိုင်း ဒေသသို့ ရွေ့သွားခဲ့ပြီ။ ထိုအခြေအနေ၌ မကြာသေးမီက ပြီးစီးသွားခဲ့သည့် အေပက်ခေါ် အာရှပစိဖိတ်ဒေသ ထိပ်သီးစည်းဝေးပွဲကြီး ပြီးစီးသွားပြီးသည့်နောက် တွေ့ကြုံရသည့် အာရှ၏ ပထဝီနိုင်ငံရေးနှင့် အာရှ၏ ပထဝီစီးပွားရေးတို့ကို စင်ကာပူနိုင်ငံမှ တရုတ်နွယ်ဖွား ပညာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် အတိုင်ပင်ခံ ပညာရှင်များက ဆွေးနွေးတင်ပြလာကြသည်တို့ကလည်း စိတ်ဝင်စားဖို့ ကောင်းနေသည်။

အရှေ့အလယ်ပိုင်း ပထဝီနိုင်ငံရေးတွင် ယမ်းအိုးသုံးလုံး ရှိနေသည်။ အာဖဂန်နစ္စတန်စစ်ပွဲ၊ ကက်ရှ်မီးယား အရေးအခင်းနှင့် အစ္စရေး–ပါလက်စတိုင်း အရေးအခင်းတို့ ဖြစ်သည်။ ဤယမ်းအိုးသုံးလုံးစလုံးသည် စနက်တံတွေ မီးရှို့ထားပြီး တရှဲရှဲနှင့် အလွန်ပူလောင်နေသည်။

အရှေ့အလယ်ပိုင်းဆီသို့ ဗဟိုဦးတည် ရွေ့လျားသွားသော ပထဝီနိုင်ငံရေးသည် ဆော်ဒီအာရေးဗီးယား၊ အီဂျစ်၊ အင်ဒိုနီးရှားနှင့် မလေးရှား စသည့်နိုင်ငံတို့၏ ပြည်တွင်းနိုင်ငံရေးညီမျှမှု(domestic political equations)တို့ကိုလည်း ထိခိုက်လာကြောင်း စင်ကာပူမှ မဟာဗျူဟာလေ့လာရေးအဖွဲ့ဝင်တို့ကို သုံးသပ်

www.burmeseclassic.com



ဖော်ပြလာကြသည်။

ဤသုံးသပ်မှုတို့၌ ဤနိုင်ငံတို့တွင် အနည်းနှင့်အများဆိုသလို အစွန်းရောက် စစ်သွေးကြွ အခြေခံဝါဒီသမားတို့၏ ပြဿနာက တော်တော်ကြီးကြီးမားမား ရှိကြောင်း ဖော်ပြထားသည်။ အီဂျစ်တို့အတွက်မူ မစိုးရိမ်။ အီဂျစ်အစိုးရသည် စစ်သွေးကြွတို့နှင့် နပန်းလုံးခဲ့ရသည်မှာ ကြာပြီ။ ခေါင်းဆောင်တို့လည်း လုပ်ကြံသတ်ဖြတ်ခံရပြီး ဖြစ်သည်။ ယခုစိုးရိမ်သည့်နိုင်ငံမှာ ဆော်ဒီအာရေးဗီးယား ဖြစ်သည်။

## ပြည်တွင်းညီမျှခြင်း

အိုစမာဘင်လာဒင်သည် ဆော်ဒီအာရေးဗီးယား၌ အခြေခံအင်အား အတော်ရှိသည်။ သူသည် အမေရိကားကို မုန်းတီးသလောက် ဆော်ဒီဘုရင့်မိသားစုကိုလည်း အတော်မုန်းတီးသည်။ ဆော်ဒီအာရေးဗီးယားရှိ အမေရိကန် စစ်စခန်းတို့ကို တိုက်ခိုက်ခဲ့သည်မှာလည်း အိုစမာဘင်လာဒင်၏ စစ်သွေးကြွအဖွဲ့၏ လက်ချက် ဖြစ်ခဲ့သည်။ အရှေ့အလယ်ပိုင်းဒေသ၏ ပထဝီနိုင်ငံရေးတွင် လုပ်ကြံ သတ်ဖြတ်မှုတို့သည် အမိကကိရိယာလို ဖြစ်နေလေရာ ဆော်ဒီဘုရင့်မိသားစု၏ အုပ်စိုးမှုအတွက် စိုးရိမ်လာကြသည်။

အင်ဒိုနီးရှားတွင် စစ်သွေးကြွ အခြေခံဝါဒီတို့၏အင်အားနှင့် လှုပ်ရှားမှုတို့ကိုလည်း ထည့်တွက်နေရသဖြင့် ပြည်တွင်းနိုင်ငံရေးညီမျှခြင်းသည် တစ်မျိုး တစ်မည် အပြောင်းအလဲဖြစ်လာနိုင်သည်။ အလားတူစွာပင် မလေးရှားနိုင်ငံသည်လည်း အပြောင်းအလဲဖြစ်လာမည့်ဟန် ပေါ်နေသည်။

သို့ရာတွင် အင်ဒိုနီးရှားနှင့် မလေးရှားနိုင်ငံတို့သည် ရင်းနှီးမြှုပ်နှံမှုတို့အပေါ် အတော်များများ အားကိုး အလေးထားနေကြလေရာ စစ်သွေးကြွတို့၏ အမေရိကန် ဆန့်ကျင်ရေးနှင့် နိုင်ငံခြားသားဆန့်ကျင်ရေး လှုပ်ရှားမှုတို့ကြောင့် နိုင်ငံခြား အရင်းအနှီးများ စတင်ထွက်ခွာနေကြသည်။ ဤသို့ စစ်သွေးကြွတို့၏ လှုပ်ရှားမှုကြောင့်လည်း အင်ဒိုနီးရှားနှင့် မလေးရှားငွေတန်ဖိုးများ ကျဆင်းသွားကြရသည်။ အထိခိုက်ဆုံးမှာ ထိုနိုင်ငံများသို့ ဥရောပနှင့် အမေရိကန်ခရီးသည်များ သွားလာလည်ပတ်မှု လုံးဝနီးပါး ရပ်တန့်သွားခဲ့သည့်အချက် ဖြစ်သည်။

ထို့ကြောင့် ပြည်တွင်းနိုင်ငံရေးညီမျှခြင်းကို တွက်ချက်ရာ၌ စစ်သွေးကြွတို့၏ လှုပ်ရှားမှုကြောင့် စီးပွားရေးတွင် ဘယ်လောက်အထိ ရိုက်ခတ်သွားစေနိုင်သနည်းဆိုသော အချက်ကိုလည်း လေးလေးနက်နက် ထည့်သွင်းစဉ်းစားရန် ဖြစ်လာပြီ။

www.burmeseclassic.com



**တရုတ်အကျိုးသက်ရောက်မှု**

စင်ကာပူပညာရှင်တို့က အထက်တွင်ဆိုခဲ့ပါအတိုင်း ပထဝီနိုင်ငံရေး အရွေ့အပြောင်းနှင့် ပြည်တွင်းနိုင်ငံရေး ညီမျှမှုတို့၊ စီးပွားရေး အကျိုးသက်ရောက်မှုတို့နှင့် ဆက်စပ်၍ သုံးသပ် လေ့လာကြသည့်နည်းတူ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်ဖြစ်လာတော့မည့် တရုတ် အကျိုးသက်ရောက်မှု (China effect) ဆိုသောအကြောင်းကိုလည်း ဆွေးနွေးကြည့်လာကြသည်။

အဓိကပုစ္ဆာက တရုတ်ပြည်၏ စီးပွားရေးဖွံ့ဖြိုးမှု(growth)သည် စင်ကာပူအတွက် ခြိမ်းခြောက်မှု(threat)လား။ သို့တည်းမဟုတ် အခွင့်အလမ်း (opportunities) တို့ပေလားဟူ၍ ဖြစ်သည်။ အချို့ပညာရှင်တို့က ဤသို့ ပုစ္ဆာ ထုတ်ခြင်းကို မကြိုက်ကြ။ အဖြူ သို့မဟုတ် အမည်း(white or black)ပုံစံဖြင့် ဆွေးနွေးရာရောက်သည်။ တကယ့်လောက၌ အဖြူ အမည်းအပြင် ကြားအရောင်၊ အထူးသဖြင့် မီးခိုးရောင်ကဲ့သို့ စပ်ကြားအရောင်တို့လည်း ရှိနိုင်သည်ဟု ထောက်ပြကြသည်။

မည်သို့ပင်ဖြစ်စေ ပညာရှင်၊ စီးပွားရေးလုပ်ငန်းရှင်နှင့် အတိုင်ပင်ခံ ပညာရှင်တို့က လက်ရှိအခြေအနေကိုကြည့်၍ တူညီသော အချက်တစ်ချက်ကို တစ်သဘောတည်း လက်ခံကြသည်။ ယင်းမှာ Hollow out ဆိုသောအချက် ဖြစ်သည်။ Will the dragon hollow out ဆိုသောမေးခွန်းကို မေးကြည့်ရာ ဟုတ်သည်ဟု ဖြေကြခြင်းဖြစ်သည်။

Hollow out ၏ သီးသန့် စီးပွားရေးအဓိပ္ပာယ်မှာ ကုမ္ပဏီတို့သည် ရုံးချုပ်ကိုသာ မိမိပင်ရင်း အိမ်နိုင်ငံ၌ထားရှိပြီး စက်ရုံ၊ အလုပ်ရုံ အစရှိသည့် ထုတ်လုပ်မှု ယူနစ်အားလုံးတို့ကို ပြည်ပ နိုင်ငံခြားတိုင်းပြည်များဆီသို့ ရွှေ့ပြောင်းပစ်ခြင်းဟု သက်ရောက်သည်။ စင်ကာပူ၊ ဟောင်ကောင်နှင့် ထိုင်ဝမ်တို့သည် တရုတ်နွယ်ဖွားတို့ပင် ဖြစ်လေရာ ဤနိုင်ငံတို့မှ တရုတ်နွယ်ဖွား ကုမ္ပဏီကြီးတို့သည် ယခုအခါ ရုံးချုပ်လောက်ကိုသာ စင်ကာပူ၊ ဟောင်ကောင်နှင့် ထိုင်ဝမ်တို့၌ ထားရှိပြီး ကျန် ထုတ်လုပ်မှုအားလုံးကို တရုတ်ပြည်မသို့ ရွှေ့ပြောင်းနေကြသည်။ တစ်နည်းပြောရလျှင် စင်ကာပူ၊ ဟောင်ကောင်နှင့် ထိုင်ဝမ်တို့မှ တရုတ်နွယ်ဖွား အရင်းအနှီးတို့သည် တရုတ်ပြည်မသို့ ရွှေ့နေကြခြင်းဖြစ်သည်။

အရင်းအနှီးသာ ရွှေ့ပြောင်းသည်မဟုတ်။ တက္ကနိုလိုဂျီနည်းပညာနှင့် စီမံခန့်ခွဲမှု ကျွမ်းကျင်မှုတို့ကိုပါ အကုန် ပြောင်းရွှေ့နေကြသည်။ ကျွမ်းကျင်အလုပ်သမားတို့လည်း အကုန်ရွှေ့နေကြသည်။ ဤသို့ ရွှေ့ပြောင်းရသည့်အကြောင်းရင်းတို့မှာ (၁) တရုတ်ပြည်မ ဈေးကွက်သည် အလွန်ကြီးမားသောကြောင့် ဖြစ်သည်။ (၂) အလုပ်သမားခစရိတ် အလွန်သက်သာသောကြောင့် ဖြစ်သည်။ (၃)



BURMESE CLASSIC .com

www.burmeseclassic.com



ယဉ်ကျေးမှုချင်း တူညီသောကြောင့် ဖြစ်သည်။

သို့ဖြင့် စင်ကာပူ၊ ဟောင်ကောင်နှင့် ထိုင်ဝမ်တို့သည် ဟန်သာလုပ်နေရသော်လည်း အရင်းအနှီး၊ တက္ကနိုလိုဂျီနှင့် ကျွမ်းကျင်သော အလုပ်သမား အတော်များများ တရုတ်ပြည်မကြီးသို့ ရွှေ့ပြောင်းကုန်သဖြင့် အခေါင်းပေါက်လို ကျန်ရစ်နေပုံကို ရည်ညွှန်းနေကြသည်။ ထို့အပြင် တရုတ်ပြည်မမှ ပို့ကုန်တို့က အာဆီယံ၊ ဟောင်ကောင်နှင့် ထိုင်ဝမ်မှ ပို့ကုန်တို့နှင့်လည်း အထူးတလည် ယှဉ်ပြိုင်လာကြရုံမျှမက အခြားနိုင်ငံတို့မှ ကုန်ချောပို့ကုန် (manufacturing exports) တို့ကိုလည်း မောင်းထုတ်ပစ်နေသည်။ ဤသဘောဖြင့် ဆင်ခြင်ကြည့်လျှင် တရုတ်ဖွံ့ဖြိုးမှုသည် အာရှအတွက် ခြိမ်းခြောက်မှုဖြစ်သည် ဟု စင်ကာပူပညာရှင်တို့က သုံးသပ်ကြသည်။

**စင်တာနှစ်ခု ငန်းအုပ်ပျက်**

အာရှတွင် ဖွံ့ဖြိုးမှုစင်တာ(growth centre) နှစ်ခု စင်ပြိုင်ရှိလာပြီ ဟူ၍လည်း သုံးသပ်ကြသည်။ ယခင်က အမေရိကားက ဖွံ့ဖြိုးမှုစင်တာ ဖြစ်နေခဲ့လေရာ ယခု တရုတ်ပြည်စီးပွားရေးကလည်း အာရှတွင် အမေရိကားနှင့် စင်ပြိုင် ဖွံ့ဖြိုးမှုစင်တာ ဖြစ်လာပြီ။

ဤဖြစ်စဉ်သည် ငန်းပျံသီအိုရီ(flying geese theory)ကိုလည်း ဖျက်ဆီးပစ်လိုက်ပြီ။ ငန်းအုပ်၌ ဂျပန်က ရှေ့ဆောင်ငန်း၊ ကျန် အာရှနိုင်ငံတို့က နောက်လိုက်ငန်းဆိုသောသဘော ပျက်သွားသည်။ အင်ဒိုနီးရှားနှင့် မလေးရှားတို့တွင် အမေရိကန်နှင့် ဥရောပ အရင်းအနှီး၊ တက္ကနိုလိုဂျီနှင့် ကျွမ်းကျင်သူများ ထွက်ခွာသွားရမည်ဖြစ်၍ မသေးလှသည့်ဟာကွက်ကြီး ပေါ်လာစရာ ရှိပေသည်။ ဤဟာကွက်ကြီးကို တရုတ်နဂါးကြီးက ဝင်ဖြည့်လာမည်လားဟု ပြောနိုင်သေး၏။

စက်မှုပညာရှင်တို့၏ အကဲဖြတ်ချက်အရဆိုလျှင် အင်ဒိုနီးရှားနှင့် မလေးရှားမှ စစ်သွေးကြွ အခြေခံဝါဒီတို့၏ လှုပ်ရှားမှုသည် ခြိမ်းခြောက်၊ ကြိမ်းမောင်းသံနှင့် လေကြီး မိုးကြီး ဟိန်းသံလောက်သာ(a lot of bluster and rhetoric) ဖြစ်နေသေး၏။

ချောက်ချောက်ချားချား ဖြစ်နေသော ယနေ့ကမ္ဘာကြီးတွင် ဤမျှလောက်နှင့်လည်း ထိရောက်နိုင်နေသည်။ ■

*Ref : The Straits Times.*

**ဈေးကွက်ဂျာနယ်၊ အမှတ် ၂၄၃။**



BURMESE CLASSIC .com

www.burmeseclassic.com

## ပစ်မှတ် ဘာကိုချိန်ရွယ်

**စူပါပါဝါ သုံးမျိုး**

နိုင်ငံတကာရေးရာ ပညာရှင်တို့က အမြင်သစ်ဖြင့် စူပါပါဝါ မဟာအင်အားကြီး သုံးမျိုး(three super powers) ရှိလာပြီဖြစ်ကြောင်းကို ထောက်ပြခဲ့ကြသည်။ နိုင်ငံကြီးတို့ကို မရည်ညွှန်းပါ။ သူတို့ပြောသော စူပါပါဝါ သုံးမျိုးမှာ

(၁) အမေရိကန် စူပါပါဝါ

(၂) နိုင်ငံစုံကော်ပိုရေးရှင်းကြီးများ စူပါပါဝါ(multi-national corporations)

(၃) အင်အားစွမ်းရည် စူပါအဆင့်အထိ တိုးမြင့်လာသော လူတစ်ဦးချင်းများ (super-empowered individuals)တို့ဟူ၍ ဖြစ်သည်။

ဤ စူပါပါဝါသုံးမျိုးကြား၌ တန်ခိုးစွမ်းရည်ထက်အောင် ပြုလုပ်ပေးသော အဓိကအင်ဂျင်မှာ တက္ကနိုလိုဂျီ ဖြစ်သည်။ တက္ကနိုလိုဂျီများ အံ့မခန်း ဖွံ့ဖြိုး တိုးတက်လာသောအခါ နိုင်ငံ(states)တို့၏ စွမ်းရည်(capacity) တိုးတက်သည်ထက် (၂) နှင့် (၃)ဖြစ်သော နိုင်ငံစုံကော်ပိုရေးရှင်းကြီးတို့နှင့် လူတစ်ဦးချင်းစီ၏ စွမ်းရည်နှင့် စွမ်းဆောင်နိုင်မှုတို့က အဆမတန် ခုန်ပေါက် တိုးတက်လာခဲ့သည်။ ရှေ့ဆက်၍လည်း တိုးတက်ဦးမည်။ တဖြည်းဖြည်း တအိအိ တိုးတက်သည် မဟုတ်။ ခုန်ပျံကျော်လွှား(quantum leap) နည်းဖြင့် တိုးတက်နေခြင်း ဖြစ်သည်။



BURMESE CLASSIC .com

www.burmeseclassic.com



**စိတ်ဆိုးနေသောလူ**

ခေတ်မီသော တက္ကနိုလိုဂျီတို့၏ ကျေးဇူးကြောင့် လူတစ်ဦးချင်းစီ၏ စွမ်းဆောင်ရည်(capacity) ခုန်ပျံတိုးတက်သွားသည်မှာ မျက်ဝါးထင်ထင်ပင် ဖြစ်သည်။ ခေတ်မီ တက္ကနိုလိုဂျီကို လူတိုင်းက အသုံးပြုနိုင်သည်။ လူကောင်းရော လူဆိုးကပါ အသုံးပြုနိုင်သည်။

စိတ်အေးအေးထားနိုင်သူက အသုံးပြုနိုင်သလို စိတ်ဆိုး ဒေါသထွက်နေသောသူ(angry man)ကလည်း အသုံးပြုနိုင်သည်။ တစ်စုံတစ်ရာအပေါ် အခဲမကျေ၊ မကျေမနပ် ဒေါသထွက်နေသောလူ(angry man)တို့၏ လက်ချက်ကြောင့် စက်တင်ဘာ ၁၁ ရက်နေ့က နယူးယောက်မြို့ ကမ္ဘာ့ကုန်သွယ်ရေးစင်တာ အမြွှာညီနောင် အဆောက်အအုံကြီး ပြိုကျခဲ့ရပြီ။ ဝါရှင်တန် ပင်တဂွန်စစ်ဌာနချုပ် အဆောက်အအုံကြီး ဖျက်ဆီးခံခဲ့ရပြီ။

စိတ်ဆိုးနေသော လူတို့၏ တိုက်ခိုက်မှုကို တုံ့ပြန်သည့်အနေဖြင့် အမေရိကန် စူပါပါဝါက ဤ စိတ်ဆိုးနေသောသူတို့ ခိုအောင်းရာ အာဖဂန်နစ္စတန်ရှိ တာလီဘန်နှင့် အိုစမာဘင်လာဒင်တို့ဂိုဏ်းကို စစ်ဆင်တိုက်ခိုက်နေရပြီ။ ဤတွင် ပရပ်ရှားဗိုလ်ချုပ် ကလော့စ်ဝစ်ဇ်၏ သမားရိုးကျစစ်ပွဲ(conventional war) ဆိုသော စစ်သီအိုရီအမြင်သည် ယိုင်လဲပြိုကျသွားတော့သည်။ ကလော့စ်ဝစ်ဇ်၏ သမားရိုးကျစစ်ပွဲဆိုသည်မှာ နိုင်ငံအစိုးရနှစ်ရပ်အကြား တိုက်ခိုက်သောစစ်ပွဲ (war fought between two states)ဟု အနက်ပေးခဲ့သည်။ ယခု အာဖဂန်နစ္စတန် စစ်ပွဲ၏ တကယ့်အခြေခံ အနှစ်သာရကိုကြည့်လျှင် အမေရိကန်စူပါပါဝါနှင့် စိတ်ဆိုး ဒေါသထွက်နေသောသူတို့ တိုက်နေသောစစ်ပွဲ ဖြစ်သည်။ War fought between superpower and angry individuals တို့ ဖြစ်နေသည်။

ထို့ကြောင့် ဤစစ်ပွဲကို သမိုင်းတွင် တစ်ခါမျှမပေါ်ပေါက်ဖူးသော စစ်ပွဲအမျိုးအစားသစ်အဖြစ် လေ့လာဆန်းစစ်သူတို့က အကဲဖြတ်လိုက်ကြသည်။ ထို့အပြင် ဤစစ်ပွဲသည် သမားရိုးကျစစ်ပွဲလို မဟုတ်ဘဲ အင်အားအချိုး မမျှသောစစ်ပွဲ(a symmentrical war) ဟုလည်း သတ်မှတ်လာသည်။

**ဒေါင့်သန်းနှင့် အဏုမြူအန္တရာယ်**

အချိုးမမျှသောစစ်ပွဲကို ဆင်နွဲရသောအခါ စိတ်ဆိုး ဒေါသထွက်နေသူတို့က အချိုးမျှအောင် equalizing ဖြစ်အောင် ကြိုးပမ်းကြသည်။ ဒေါင့်သန်း ရောဂါပိုးဖြင့် တိုက်ခိုက်သည်။ ယခု အမေရိကားနှင့် ဥရောပရှိ အဏုမြူဓာတ်ပေါင်းဖိုတို့ကို အကြမ်းဖက်တိုက်ခိုက်ရန် ခြိမ်းခြောက်ထားသည်။

စိတ်ဆိုးသူတို့က သူတို့ကိုယ်ပိုင် တစ်နိုင်တစ်ပိုင် အဏုမြူဗုံးလေးတွေ လုပ်

www.burmeseclassic.com



ပြီး အမေရိကန်မြို့ကြီးတို့တွင် နည်းလမ်းစုံသုံး၍ ဖောက်ခွဲမည်ဟုလည်း ခြိမ်းခြောက်လာသည်။

ပြောရလျှင် အဏုမြူစစ်အန္တရာယ်ဟူသော သဘာဝသည်ပင် ပြောင်းလဲသွားပေပြီ။ ယခင်က အဏုမြူစစ်ပွဲဆိုလျှင် အဏုမြူလက်နက်ပိုင်ဆိုင်သည့် နိုင်ငံချင်း အဏုမြူလက်နက်တို့ဖြင့် တိုက်ခိုက်ကြခြင်းဟု နားလည်ခဲ့သည်။ ယခု ဤနားလည်မှု'အောက်'သွားပြီ။ အဏုမြူစစ်အန္တရာယ်ဆိုသည်မှာ စိတ်ဆိုး ဒေါသထွက်နေသူတို့က အဏုမြူဓာတ်ပေါင်းဖိုတို့ကို သူရဲကောင်းဆန်ဆန် အသေခံ အကြမ်းဖက်တိုက်ခိုက်ခြင်းဟု ဖြစ်လာသည်။

ထို့ကြောင့်လည်း စက်တင်ဘာ ၁၁ ရက်နေ့ကစပြီး ရှုထောင့်တွေ၊ ချဉ်းကပ်မှုတွေ(perspective and approach)တို့ အကုန် ကမောက်ကမ ဖြစ်ကုန်ပြီဟု ပြောလာကြဟန်တူသည်။

## အာရှအပေါ်

ဆိုခဲ့ပါ သဘောတရားတို့ကို နောက်ခံထားပြီး စီးပွားရေးအခြေအနေ၏ အလားအလာတို့ကို အကဲခတ်ကြည့်ကြရအောင်။ ဤကိစ္စနှင့်ပတ်သက်၍ စကားအသုံးအနှုန်းတွေ နေ့ချင်း ညချင်း ပြောင်းလဲသွားသည်ကို သတိချပ်ရမည်။ စက်တင်ဘာ ၁၁ ရက်ဖြစ်ရပ်ကြီး ဖြစ်စဉ်၌ သတင်းဌာနတို့က ဆုတ်ယုတ်ကျဆင်းမှု(recession)ဟု သုံးနှုန်းသည်။ သို့သော် ယခုအခါ စီးပွားပျက်ကပ် (depression) ဆိုသော အသုံးအနှုန်းကို စတင်သုံးစွဲနေလေပြီ။ ဤစီးပွားရေး အကျပ်အတည်းသည် အာရှ၌ ဘယ်လိုရိုက်ခတ်မည်နည်း။

ရှေးဦးပထမ အင်ဒိုနီးရှားကို ကြည့်ပါ။ အင်ဒိုနီးရှားမှ စီးပွားရေးပိုင်း တာဝန်ခံသူတို့က အင်ဒိုနီးရှားသည် ပြည်ပကျွေးမြီတို့ကို မဆပ်နိုင်တော့ပါဆိုပြီး အတိအလင်း ကြေညာလိုက်သည်။ ဤကိစ္စနှင့်ပတ်သက်၍ အင်ဒိုနီးရှားမှ အရင်းအနှီးများ ထွက်ခွာသွားခဲ့ပြီး အသစ်တွေ ဝင်မလာသောအချက်က အရေးကြီးသော ပထမအချက် ဖြစ်သည်ဟု ရှင်းပြသည်။

အင်ဒိုနီးရှား၏ ပြည်ပကျွေးမြီ ပျက်ကွက်မှုနှင့် အာဂျင်တီးနား၏ ကျွေးမြီပျက်ကွက်မှုတို့ လာရောက်တိုက်ဆိုင်နေလေရာ ကမ္ဘာ့ဘဏ္ဍာရေးအကျပ်အတည်းကြီး ဆိုက်နေပြီဟု စိတ်ချလက်ချ ဆိုရတော့မည်။ အင်ဒိုနီးရှားမှ နိုင်ငံခြားအရင်းအနှီးများ ထွက်ခွာသွားကြသည်မှာ အင်ဒိုနီးရှားရှိ အစွန်းရောက် စစ်သွေးကြွတို့၏ လှုပ်ရှားမှုအန္တရာယ်ကို စိုးရိမ်ကြသောကြောင့် ဖြစ်သည်။

မလေးရှားတွင်လည်း အလားတူပြဿနာမျိုး ကြုံတွေ့နေလေရာ အလုပ်တွေ အကြီးအကျယ် ဖြုတ်ပစ်နေကြရသည်။ နိုင်ငံခြားအလုပ်သမားတို့၏ ကံ



BURMESE CLASSIC .com

www.burmeseclassic.com



ကြမ္မာက အလွန်ဆိုးဝါးလာသည်။ အင်ဒိုနီးရှားနှင့် မလေးရှားတို့၏ စီးပွားရေး ကံကြမ္မာမှာ မိမိပြည်တွင်းရှိ အစွန်းရောက်၊ အခြေခံအင်အားစုတို့ကို ဘယ်လို ကိုင်တွယ်မလဲဆိုသော အချက်ပေါ်တွင် အဓိက မူတည်လာပါပြီ။ ဆိုလိုသည်မှာ စီးပွားရေးသည် နိုင်ငံရေးအပေါ် အဓိကမှီတည်လာခြင်း ဖြစ်သည်။

**ငွေအမြန်ပေါ်ရေး**

အမေရိကား၌ စီးပွားရေးကား အတော်ဆိုးဝါးလာသည်။ အလုပ်လက်မဲ့တွေ ထုနှင့်ထည်နှင့် များပြားလာ။ ကုမ္ပဏီတွေ ပြုတ်။ ဒေဝါလီခံ။ ကုန်စုံဆိုင်၊ ကုန်တိုက်ကြီးတို့တွင် ဝယ်သူနည်း။ Off ဆိုသော ဘုတ်တွေ များလာသည်။ ဈေးနှုန်း ဘယ်နှစ်ရာခိုင်နှုန်း လျှော့ပေးမည်ဟုဆိုခြင်း ဖြစ်သည်။ စတော့ရှယ်ယာဈေးတွေ ကျပြီး လူးလိမ့်နေသည်။

ဤကိစ္စနှင့်ပတ်သက်ပြီး မေနပ်ကိန်းစ်၏ မှန်းဆချက်တစ်ရပ်သည် သွေးထွက်အောင် မှန်လာသည်ဟု ပြောစရာဖြစ်လာသည်။ ကိန်းစ်က 'လူတွေက တိုင်းပြည်အတွင်း လည်ပတ်နေသည့် ငွေကြေးပမာဏထက်ပိုပြီး ငွေသား(cash) တို့ကို ပိုပြီးစုဆောင်းကိုင်ထားကြလျှင် အကျပ်အတည်းဆိုက်တတ်သည်' ဆိုသော အမြင်ဖြစ်သည်။ ယင်းကို liquidity preference crisis ဟု ခေါ်သည်။ ကုန်ပစ္စည်းထက် ငွေသားကို ပိုကိုင်ချင်ကြသည်။ ငွေပြန်မပေါ်နိုင်သည့် **အက်ဆက်**ထက် ငွေသားနှင့် ငွေမြန်မြန်ပေါ်နိုင်သော **အက်ဆက်**တို့ကို ပိုပြီး ကိုင်ထားလိုကြခြင်း ဖြစ်သည်။ ထိုအခါ ငွေသား ရှားပါးသွားသည်။

သမ္မတဘုရှ်အစိုးရက စီးပွားရေးတွန်းအားပေး အစီအစဉ်(stimulus package) တစ်ရပ်ကို မကြာသေးမီက ချမှတ်လိုက်သည်။ ကွန်ဂရက်လွှတ်တော်ကလည်း ထောက်ခံလိုက်သည်။ ဤအစီအစဉ်၌ စီးပွားရေးအတွင်း ငွေသားတွေ အမြောက်အမြား ထိုးသွင်းပေးရန်(messive injection) ပြုလုပ်ရန် ပါသည်။ ယင်း တစ်စိတ်တစ်ဒေသအနေဖြင့် အစိုးရ ငွေကြေးအာမခံစာချုပ်(bond) တို့ကို တစ်မျိုးပြင်ပစ်လိုက်သည်။ ၁၀ နှစ်ကြာမှ ရက်စေ့သည့်**ဘွန်း**တို့ကို မထုတ်ဝေတော့ဘဲ ၃ နှစ်နှင့်ရက်စေ့သည့် **ဘွန်း**တို့ကို ထုတ်ဝေမည်ဟု ပြင်လိုက်သည်။ ယခုနောက်ဆုံး အမေရိကန်ဗဟိုဘဏ်က အတိုးနှုန်း ထပ်လျှော့လိုက်သည်။ ၂ ရာခိုင်နှုန်းပဲ ရှိသည်။

အဓိပ္ပာယ်မှာ ငွေပြန်ပေါ်ရန် အချိန်ကြာခြင်းကို မကြိုက်ကြသော လူထုအား အချိန်တိုတိုနှင့် ငွေပြန်ပေါ်နိုင်သော **အက်ဆက်(ဘွန်း)**တို့ကို ဖန်တီးပေးခြင်း ဖြစ်သည်။ အမေရိကန်လူထုအဖို့ ငွေသားနှင့် အချိန်တို ငွေပြန်ပေါ်သော **အက်ဆက်**တို့ကို တွဲစပ်ပြီး ကိုင်ထားနိုင်ပါပြီ။ တစ်ဆက်တည်း ငွေပိုမို သုံးစွဲ

www.burmeseclassic.com



လာစေနိုင်သည် ဟု မှန်းဆထားသည်။

**ပဟေဠိလား**

စက်တင်ဘာ ၁၁ ရက်နေ့ အကြမ်းဖက်တိုက်ခိုက်မှုသည် အမေရိကန်၏ ဧည့်ဝတ်ကျေပွန်မှုကို အလွဲသုံးစားပြုခြင်း(abuse of hospitability) အဖြစ် တရားဝင် သုံးသပ်လိုက်သည်။ ထို့ကြောင့် နိုင်ငံခြားမှ ဗီဇာဝင်ခွင့်တို့ကို တင်းတင်းကျပ်ကျပ် စစ်ဆေးလာတော့သည်။ အထူးသဖြင့် အရှေ့အလယ်ပိုင်းနှင့် မွတ်စလင်နိုင်ငံတို့မှ ပုဂ္ဂိုလ်တို့ကို အထူးသတိထားလာတော့သည်။

ဤအချက်သည် အမေရိကန် ဈေးကွက်ဝင်ပေါက်(access to American market)ကို ဘယ်လောက်ထိခိုက်မလဲ၊ အရင်းအနှီးနှင့် ငွေကြေးစီးဆင်းမှု (capital and money flow)တို့ကို ဘယ်လောက် ထိခိုက်မလဲဟု စစ်ကြည့်ရန် လိုပါလိမ့်မည်။

ဤနေရာ၌ ပဟေဠိ(paradox) ခေါ်မလား၊ ကမောက်ကမ(irony) ခေါ်မလားဟု မသိရသော အခြေအနေတစ်ရပ်ကို စာရေးသူက စဉ်းစားမိသည်။ အကြမ်းဖက်သမားတို့သည် အမေရိကားကို အဓိကရန်သူအဖြစ် ပစ်မှတ်ထားနေသည်။ ဤသို့ ပစ်မှတ်ထားတိုက်ခိုက်ရာ၌ အမေရိကန်၏ ဧည့်ဝတ်ကျေပွန်မှု၊ အမေရိကန်ဥပဒေ၊ အမေရိကန် အဆောက်အအုံ(institutions)၊ အမေရိကန် စနစ်၊ အမေရိကန်ပစ္စည်းနှင့် ငွေတို့ကို အပြည့်အစုံသုံးပြီး တိုက်ခိုက်သည်။ တစ်နည်း ပြောရလျှင် ခေတ်မီခြင်းကို အသုံးပြုတိုက်ခိုက်သည်။

သို့သော် အခြားတစ်ဖက်၌ ဤသို့တိုက်ခိုက်သူတို့၏ ရည်ရွယ်ချက်က အဘယ်နည်း။ ခေတ်မီခြင်းကို မုန်းတီးရာသက်သက် ဖြစ်နေသည်။ အလယ်ခေတ်၏ ခေတ်ဟောင်းဘာသာရေးအယူ(medieval theocracy)ကို ပြန်လည်ထူထောင်ရန် ရည်ရွယ်ပုံရသည်။ ခေတ်မီခြင်းကို မနာလို၍ ခေတ်မီခြင်း၏သင်္ကေတ မှန်သမျှကို ဖျက်ဆီးပစ်မည်ဟု ရည်ရွယ်ဟန်ပေါ်နေသည်။

ခေတ်မီခြင်းကို ပစ်မှတ်ထားတိုက်ခိုက်ရာ၌ အခြား ခေတ်မီခြင်းတစ်မျိုးဖြင့် အစားထိုးရန်လည်း မဟုတ်ပေ။ ရှေးခေတ်ဟောင်းကို အစားထိုးရန် ဖြစ်နေ သည်။ ပဟေဠိမှာ ရှေးခေတ်ဟောင်းနည်းဖြင့် မတိုက်ခိုက်ခြင်းပင် ဖြစ်သည်။ ခေတ်မီစနစ်၏ ကိရိယာတို့ဖြင့် တိုက်ခိုက်နေခြင်း ဖြစ်သည်။ ပညာရှင်တစ်ဦး မှတ်ချက်ချသလို ပြောရလျှင် ရှေးဟောင်းပန်းတိုင်တစ်ရပ်ဆီသို့ ခေတ်မီခြင်းကို မုန်းတီးသူတို့က ခေတ်မီသောစနစ်နှင့် ကိရိယာတို့ကို အသုံးပြုပြီး အကောင်အထည်ဖော်နေဟန် တူသည်။ အခြားတစ်နည်းနှင့်ပြောလျှင် ခေတ်သစ် အရင်းရှင်စနစ်ကို လက်နက်အဖြစ်အသုံးပြု၍ အလယ်ခေတ်ဘက် မောင်းသွင်းရန် ကြိုး



BURMESE CLASSIC .com

www.burmeseclassic.com



ပမ်းနေခြင်း ဖြစ်ဟန်တူသည်။

■

*Ref : The Strait Times, IHT*

**ဈေးကွက်ဂျာနယ်၊ အမှတ် ၂၄၄။**



BURMESE CLASSIC .com

www.burmeseclassic.com

# အာရပ်ဟွန်ဒီ၊ တရုတ်ဆွဲငင်ဓာတ်၊ ဗဟိုစင်ပြိုင်

## အဖြူ သို့မဟုတ် အမည်း

၉၁၁ ဖြစ်ရပ်ကြီး(နယူးယောက်နှင့် ဝါရှင်တန် အဆောက်အအုံကြီးတို့ကို အကြမ်းဖက်သမားတို့က တိုက်ခိုက်သောနေ့)မှစ၍ အရာရာပြောင်းလဲသွားပြီဟု ပြောလာကြသည်။ အထူးသဖြင့် မည်သည့်အရာကိုမျှ အမည်း သို့မဟုတ် အဖြူ (black or white)အမြင်မျိုးဖြင့် ချဉ်းကပ်ရှုမြင်၍ မရတော့ပေ။

၉၁၁ အပြီး နှစ်လအကြာ၌ တရုတ်ပြည်ကို ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့(WTO) သို့ ဝင်ခွင့်ပြုလိုက်သည်။ မရှေးမနှောင်းပင် ထိုင်ဝမ်ကိုလည်း China-Taipe အမည်ဖြင့် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့သို့ ဝင်ခွင့်ပြုလိုက်သည်။

ထို့ကြောင့် ၉၁၁ ဖြစ်ရပ်ကြီး၏ အကျိုးရိုက်ခတ်မှု(impact)ကို အခြေမခံဘဲ တရုတ်နှင့် ထိုင်ဝမ် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ ဝင်ခွင့်ရခြင်း၏ အကျိုးသက်ရောက်မှုတို့ကို တွက်ဆလို့ မဖြစ်နိုင်ပေ။ အဖြူ သို့မဟုတ် အမည်း စဉ်းစားပုံစဉ်းစားနည်း၌ တရုတ်ပြည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ထဲ ဝင်ခွင့်ရ၍ တံခါးပွင့်သွားသော တရုတ်ပြည်ထဲ နိုင်ငံခြားရင်းနှီးမြှုပ်နှံခွင့်တွေ ရရှိကြတော့မည်။ ကုန်သွယ်ရေးတွေ တိုးချဲ့လာနိုင်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတို့လည်း ပေါ်လာတော့မည်ဟူ၍ ဖြစ်သည်။ အားလုံး အိုကေမှာ စိုပြည်ကြတော့မည်။ တကယ့်အဖြစ်၌မူ ထိုသို့ မဟုတ်ပေ။

www.burmeseclassic.com



ယနေ့ ကမ္ဘာ့အခြေအနေသည် အလွန်ဆိုးဝါးနေသည်။ ၉၁၁ အကြမ်းဖက်မှု ကြီး ပြီးသည့်နောက် ကမ္ဘာ့စီးပွားရေးသည် ဆုတ်ယုတ် ကျဆင်းနေသည်။ ကော်ပိုရေးရှင်းကြီးတွေ ပြုတ်နေကြသည်။ အလုပ်လက်မဲ့တွေ ဒုန်ဒေး ဖြစ်လာသည်။ ကုန်တိုက်တွေ ဝယ်သူနည်းနေသည်။ ကမ္ဘာအနှံ့ ခရီးသွားလည်ပတ်မှုတွေ အကုန်ကျဆင်းကုန်သည်။ ရင်းနှီးမြှုပ်နှံမှုတွေ ကျဆင်းနေသည်။ ကုမ္ပဏီကြီးတွေအချင်းချင်း ပေါင်းစည်းမှုသည် လှိုင်းလို ထလာသည်။ Wave of mergers လို့ ခေါ်သည်။

## ဂလိုဘယ်လိုက်ဇေးရှင်း နောက်ဆုတ်

လက်ရှိအခြေအနေ၌ စီးပွားရေးဂိမ်းတွင် အားလုံးနိုင်သူချည်း မဖြစ်နိုင်တော့ပေ။ Win-win game လုံးဝမဖြစ်နိုင်။ သုညဂိမ်း(zero game)လည်း ဖြစ်ချင်ဖြစ်မည်။ နိုင်သူနှင့် ရှုံးသူမျှသွားသော အခြေအနေကို ညွှန်းသည်။

၉၁၁ မှစပြီး ဂလိုဘယ်လိုက်ဇေးရှင်း(Globalization)သည် အထိနာသွားသည်။ ဂလိုဘယ်လိုက်ဇေးရှင်း အရှိန်ရပ်သွားသည်။ အချို့ကိစ္စတို့ နောက်ပင်ပြန်ဆုတ်သွားသည်။

ဂလိုဘယ်လိုက်ဇေးရှင်း၏ အဓိကလက္ခဏာသုံးပါးမှာ (၁) လွတ်လပ်စွာကုန်သွယ်ခွင့်(free trade) (၂) တံခါးဖွင့်ထားသော လူဝင် လူထွက်(open immigration)နှင့် (၃) ငွေနှင့် အရင်းအနှီးတို့ လွတ်လပ်စွာစီးဆင်းခွင့်(free flow of money and capital)တို့ဟူ၍ ဖြစ်သည်။

ယခု ဤသုံးပါးစလုံး ကမောက်ကမဖြစ်ပြီး ကျဆင်းနေသည်။ WTOက လွတ်လပ်သောကုန်သွယ်ရေးကို မူဝါဒအနေဖြင့် ကျင့်သုံးသည်။ တရုတ်နှင့် ထိုင်ဝမ်တို့ အဖွဲ့ဝင်ဖြစ်လာသောအချိန်တွင် လွတ်လပ်သောကုန်သွယ်မှုသည် ကျိုးပဲ့ပျက်စီးနေပြီ။

လေယာဉ်နှင့် သင်္ဘောတင်စရိတ်တွေ ဈေးတက်သည့်အပြင် နိုင်ငံတိုင်းလိုက အကြမ်းဖက်ဝါဒအန္တရာယ်ကို အကြီးအကျယ် စိုးရိမ်ထိတ်လန့်ပြီး ကျီးလန့်စာစား ဖြစ်ကာ လေဆိပ်၊ သင်္ဘောဆိပ် လုံခြုံရေးတို့ကို အကြီးအကျယ် တိုးမြှင့်ထားကြသည်။ ယင်း၏သဘောမှာ ကုန်ပစ္စည်း သယ်ယူပို့ဆောင်ရေးစရိတ်တို့ကို အကြီးအကျယ် ထောင်တက်စေခြင်း ဖြစ်သည်။ ခရီးသွားလုပ်ငန်းမှာ အထိခိုက်ဆုံး ဖြစ်၍ လေယာဉ်ကုမ္ပဏီ၊ ခရီးသွားလုပ်ငန်းအေဂျင်စီနှင့် ဟိုတယ်များ အကုန် ထိခိုက်နေကြသည်။ ဤသို့ဖြစ်နေစဉ် အမေရိကန်အစိုးရက မွတ်စလင် ၂၅ နိုင်ငံတို့မှ လာရောက်သူများ အမေရိကန်ဝင်ရေးဗီဇာကို တင်းကျပ်မည်ဟု ဆိုလိုက်သဖြင့် တံခါးဖွင့် လူဝင် လူထွက်ရှိရေး(open immigration)ဆိုသည်

www.burmeseclassic.com



မှာလည်း ကွယ်ပျောက်သွားလေတော့သည်။

## အာရပ်ဟွန်ဒီ

ငွေကြေးနှင့် အရင်းအနှီး လွတ်လပ်စွာစီးဆင်းမှုမှာလည်း မူးယစ်ငွေကြေး စီးဆင်းမှုကို တားဆီးရေး၊ ငွေမည်းအား ငွေဖြူလုပ်မှုကို တားဆီးရေးနှင့် ယခု ဆို အကြမ်းဖက်သမားတို့ ငွေကြေးစီးဆင်းမှု၊ အထူးသဖြင့် အယ်လ်ခိုက်ဒါဂိုဏ်း တို့၏ ငွေကြေးကွန်ရက်တို့ကို ပိတ်ပစ်ရေးတို့ကြောင့် ဖရိုဖရဲ ကမောက်ကမ ဖြစ်လာသည်။ ငွေကြေးနှင့် အရင်းအနှီးစီးဆင်းမှုတို့သည် အလွန်နှေးကွေးသွား သည်။ ပုံမှန်မဟုတ်တော့။

အမေရိကန် ဘဏ္ဍာရေးဌာန၏ အစီရင်ခံစာအရ အယ်လ်ခိုက်ဒါကွန်ရက်ထဲ ပါနေကြသော ငွေကြေးအဖွဲ့ပေါင်း ကမ္ဘာအနှံ့ ၆၂ ခုရှိသည်ဟု သိရသည်။ ဤ ၆၂ ဖွဲ့၏ငွေတို့ကို ဆိုင်ရာအစိုးရတို့က ပိတ်ပင်လျက်ရှိပေသည်။

ဤထက်ကြီးသည့် ကွန်ရက်ကား အာရပ်ဟွန်ဒီခေါ် ငွေလွှဲစနစ်ဖြစ်သည်။ အယ်လ်ခိုက်ဒါကွန်ရက်သည် အာရပ်ဟွန်ဒီစနစ်ကို တွင်တွင်ကျယ်ကျယ် အသုံး ပြုသည်။ ဟွန်ဒီစနစ်အရ ဘာစာရွက်စာတမ်းမှ မလိုပေ။ ယုံကြည်စိတ်ချမှုဖြင့် ငွေလွှဲပေးခြင်း ဖြစ်သည်။ အယ်လ်ခိုက်ဒါ၏ ဟွန်ဒီအချိတ်အဆက် အများစုသည် ပါကစ္စတန်၊ ဆော်ဒီအာရေးဗီးယား၊ အာဖရိက၊ ဆီယွန်လီယွန်၊ ဆိုမာလီးယား၊ ရောမ၊ ဖရန့်ဖွတ်၊ ပါရီ၊ နယူးယောက်၊ မက်ဆာချူးဆက် စသည်တို့တွင် ကွန် ရက် ကျယ်ကျယ်ပြန့်ပြန့် ရှိသည်။

နောက်ဆုံး အာဖဂန်ဘိန်း၊ ဆီယွန်လီယွန်မှ စိန်အရောင်းအဝယ်လုပ်ငန်း တို့နှင့်လည်း အချိတ်အဆက်ရှိလာသည်။ ဤအကြမ်းဖက်သမားတို့၏ ငွေတို့ကို လိုက်ရင်းဖြင့် ကမ္ဘာ့ငွေကြေးလောကသည်လည်း ဗယောက်ဗယက် ဖြစ်လာနေ ချေသည်။

## ဈေးပေါပေါအောရောင်း

ထိုအခြေအနေကို နောက်ခံပြုလျက် တရုတ်နှင့်ထိုင်ဝမ်တို့ WTOအဖွဲ့ဝင် ဖြစ်လာရခြင်း ဖြစ်သည်။ တရုတ်ပြည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင် ဖြစ်လာသည့်အချိန်တွင် တရုတ်နွယ်ဖွားများ များသော စင်ကာပူ၊ ဟောင်ကောင် နှင့် ထိုင်ဝမ်တို့မှ အရင်းအနှီးတို့သည် တရုတ်ပြည်(ပြည်မကြီး)သို့ ရွှေ့ပြောင်း လျက် ရှိကြသည်။ ဤနိုင်ငံများ၌ အရင်းအနှီး ပြောင်းကုန်၍ ခေါင်းပေါက်(hallow out)သာ ကျန်နေရစ်သည်။

ထို့အပြင် အခြေခံဝါဒီ စစ်သွေးကြွတို့၏အန္တရာယ်ကို စိုးရိမ်၍ မွတ်စလင်



BURMESE CLASSIC .com

www.burmeseclassic.com



များသော နိုင်ငံတို့မှလည်း နိုင်ငံခြားအရင်းအနှီးတို့ ထွက်ခွာလျက်ရှိကြသည်။ မွတ်စလင်နိုင်ငံတို့မှ ထွက်ခွာလာသော အရင်းအနှီးတို့သည် တရုတ်ပြည်ဘက် ပြေးဝင်လျက် ရှိပေသည်။

ထို့ကြောင့် တရုတ်ပြည်သည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ထဲ မဝင်မီကပင် နိုင်ငံခြား အရင်းအနှီးများ လိမ့်ဝင်လာသည့်အကျိုးကို ခံစားနေရပြီး ဖြစ်သည်။ ဈေးကွက်ကြီးမှု၊ အလုပ်သမားစရိတ်ပေါမှုနှင့် ခေတ်မီတက္ကနိုလိုဂျီတို့ဖြင့် အလုပ်လုပ်နိုင်ခြင်းတို့ကြောင့် ရှေ့ဆက်ပြီးလည်း တရုတ်ပြည်ထဲသို့ နိုင်ငံခြားအရင်းအနှီးများ ပို၍ဝင်လာစရာ ရှိနေပေသည်။

တစ်ဖက်၌ တရုတ်ပြည်သည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဝင်နိုင်ငံ ဖြစ်သောကြောင့် ကိုယ့်ဈေးကွက်ကို ဖွင့်ပေးရသလို အခြားနိုင်ငံတို့၏ ဈေးကွက်များဆီသို့လည်း ဝင်ရောက်ခွင့်ရရှိတော့မည် ဖြစ်ပေသည်။

ယင်း၏အကျိုးဆက်ကား တရုတ်ကုန်ပစ္စည်းတို့ကို ဈေးပေါပေါနှင့် အောတိုက်ရောင်းချနိုင်ပါသည်။ ယင်းကို dumping ဟု ခေါ်ပါသည်။

**ဈေးဆစ်အင်အား**

စစ်ရေးတွင် အင်အားက စကားပြောသကဲ့သို့ စီးပွားရေးတွင်လည်း အင်အားက အတော်စကားပြောပါသည်။ တရုတ်ဈေးကွက်ထဲ ဝင်ခွင့်ရရှိရေးကိစ္စမှာ ဈေးဆစ်ရသောကိစ္စ ဖြစ်သည်။ ဤသို့ ဈေးဆစ်နိုင်သောအင်အား(bargaining power) သည် စီးပွားရေးအရ အင်အားကြီးသောနိုင်ငံတို့၌ ပိုရှိကြမည်ဖြစ်ပေသည်။

မဖွံ့ဖြိုးသေးသော နိုင်ငံ၊ သို့မဟုတ် စီးပွားရေးအရ အားငယ်သောနိုင်ငံတို့အဖို့ သူတို့မျှော်လင့်နိုင်သော အခွင့်အလမ်းများမှာ နိုင်ငံရေးစေတနာ(political sentiments)သာ ဖြစ်ဖို့များမည်။ စီးပွားရေးတရားထက်၊ ဈေးကွက်ဖွင့်ပေးတာမျိုးထက် နိုင်ငံရေးအရ အားနာပြီး ဖွင့်ပေးတာမျိုးတွေ ရှိပါမည်။

၉၁၁ မှ စတင်ပြီး ထူးခြားချက်တစ်ရပ်လည်း အထင်အရှားပေါ်လာလေပြီ။ ဤကိစ္စမှာ နိုင်ငံခြားအရင်းအနှီးကို ဆွဲဆောင်နိုင်သော ဗဟိုအား(center of gravity) ကိစ္စ ဖြစ်ပါသည်။ မကြာသေးမီကအထိ ကမ္ဘာ့အရင်းအနှီးတို့ကို ဆွဲငင်နိုင်သော ဗဟိုအားသည် အမေရိကန်စီးပွားရေးသာ ဖြစ်ခဲ့သည်။

ယခု ဆွဲငင်ခြင်း ဗဟိုအသစ်တစ်ခု တိုးလာလေပြီ။ ဤအသစ်ကား တရုတ်ပြည်ပင် ဖြစ်သည်။ နိုင်ငံခြားအရင်းအနှီးတို့သည် အမေရိကန်ဗဟိုဘဏ်သို့ ရွေ့လျားနေကြသကဲ့သို့ပင် ယခု တရုတ်ပြည်သို့ ရွေ့နေကြပါပြီ။ ဤသို့ ဆွဲငင်ခြင်း စင်တာနှစ်ခု စင်ပြိုင်ပေါ်လာခြင်းသည်ပင် ၉၁၁ ဖြစ်ရပ်ကြီးပြီးနောက် အလွန်



BURMESE CLASSIC .com

www.burmeseclassic.com



**ထူးခြားသော ထူးခြားချက်ကြီး ဖြစ်နေပြီ။**

**ဤရုပ်ပုံကားချပ်ကြီး(big picture)ကို နောက်ခံထား၍ တရုတ်နှင့်ထိုင်ဝမ်တို့ WTO ထဲ ဝင်ခွင့်ရကြပြီး ပေါ်ပေါက်လာနိုင်သော အလားအလာတို့ကို သုံးသပ်ရာသည်။** ■

**ဈေးကွက်ဂျာနယ်၊ အမှတ် ၂၄၅။**



BURMESE CLASSIC .com

www.burmeseclassic.com

# ဂျာနယ်လစ်အကျပ်၊ အတိုရောင်းခြင်းနှင့် LEVERAGE

**မျိုးချစ်စိတ်ပြဿနာ**

စက်တင်ဘာ ၁၁ လွန်ခေတ်၊ အာဖဂန်စစ်ပွဲ ဆင်နွှဲနေချိန်တွင် စိတ်ဝင်စားဖွယ်ရာကောင်းသော ပြဿနာတစ်ရပ် တက်လာသည်။ ဤပြဿနာသည် မီဒီယာ လောကနှင့် စီးပွားရေးလောက၊ အထူးသဖြင့် စတော့အိတ်ချိန်းလောကတွင် ဝင်ရောက်မွှေသည်။ ပြဿနာက မျိုးချစ်စိတ်ပြဿနာဟုဆိုသော်လည်း မီဒီယာ ပြဿနာတွင် ပေါ်ပေါက်သော မျိုးချစ်စိတ်နှင့် စီးပွားရေးပြဿနာတွင် ပေါ်ပေါက်နေသော မျိုးချစ်စိတ်တို့မှာ မတူကြပေ။ ဆန့်ကျင်ဘက်ဖြစ်သည်။

မီဒီယာလောက၌ မျိုးချစ်စိတ်ရှိလွန်း၍၊ ပိုလွန်း၍ ပြဿနာတက်သည်။ စီးပွားရေးလောကတွင်မူ မျိုးချစ်စိတ်မရှိ၍၊ ကင်းမဲ့၍ ပြဿနာတက်သည်။ မီဒီယာ လောက ပြဿနာကို စာနယ်ဇင်းအကျဉ်းအကျပ်ပုစ္ဆာ(poser for the press) ဟု ခေါ်၍ စီးပွားရေးလောကမှ ပြဿနာကို အတိုရောင်းခြင်း(short selling)ဟု ခေါ်သည်။

စက်တင်ဘာ ၁၁ ရက်လွန်ကာလ၌ အမေရိကန်မီဒီယာတို့သည် အိမ်ဖြူတော်နှင့် ပင်တဂွန်စစ်ဌာနချုပ်ဘက်ကို ပင်းသည်။ အိမ်ဖြူတော်နှင့် ပင်တဂွန် အာဘော် ဖြစ်နေသည်။ စက်တင်ဘာ ၁၁ ရက်နေ့ ဖြစ်ရပ်ကြီးတို့ကြောင့် အမေရိကန်လူထုကြားထဲ မျိုးချစ်စိတ် ပြင်းထန်လာရာ အမေရိကန်မီဒီယာတို့လည်း



BURMESE CLASSIC .com

www.burmeseclassic.com



ချွင်းချက်မဖြစ်ခဲ့ဟု ဝေဖန်ခံနေရသည်။

မီဒီယာလည်း မျိုးချစ်စိတ်ကိုမွေးသည်။ ဤသည်ပင် အမေရိကန် ဂျာနယ်လစ်ဇင်းကို မေးခွန်းထုတ်စရာဖြစ်လာသည်ဟု အာရှမှ မီဒီယာသမားအချို့က ဝေဖန်ကြသည်။ ဂျာနယ်လစ်သည် မျိုးချစ်စိတ်နှင့် မကင်းနိုင်စေကာမူ သူ၏ ဂျာနယ်လစ်ဇင်းသည်မူ မျိုးချစ်စိတ်နှင့် ကင်းရမည်ဟု ဝေဖန်ပြကြသည်။

**တာဝန်ကြီးလေးပါး**

ဤနေရာ၌ ဂျာနယ်လစ်ဇင်း၏ တာဝန်ကြီးလေးပါးကို ဖော်ထုတ်ပြကြသည်။ ဤ တာဝန်ကြီးလေးပါးမှာ (၁) ခံစားမှုကင်းမဲ့သော သတင်းအင်ဖော်မေးရှင်း ပွဲစား(dispassionate brokers of information) ဖြစ်ရမည်။ သတင်းပွဲစား လုပ်ပေမယ့် ဘက်မလိုက်၊ အဂတိကင်းရမည်။

အမေရိကန်မီဒီယာတို့သည် ဤအချက်အပေါ်တွင် အကြီးအကျယ် ဝေဖန်ခံနေရသည်။ ဝေဖန်သူတို့က အမေရိကန်ဂျာနယ်လစ်တို့သည် အိမ်ဖြူတော်နှင့် ပင်တဂွန်စစ်ဌာနချုပ်တို့၏ မတောင်းပန်ဘဲ ဩဘာပေးသူ(unappologetic cheerleaders)တွေဖြစ်နေပြီဟု ထောက်ပြသည်။ ဂျာနယ်လစ်ဇင်းသည် အစိုးရ ဩဇာနှင့် ကင်းရမည်ဟု ဆိုလိုဟန်ရှိသည်။

(၂) မှာ မီဒီယာသည် အစိုးရကိုစောင့်ကြည့်သူ(watchdog)ဖြစ်ရမည်။ ဤအချက်နှင့်ပတ်သက်ပြီး အာရှဂျာနယ်လစ်တို့က တီဗီကင်မရာတွင် အမေရိကန် အလံချိတ်ပြီး ရိုက်ကြပုံကိုထောက်ပြသည်။ ထို့အပြင် သတင်းကို စောင်းချိတ်(slant)သည်ဟု စွပ်စွဲသည်။

(၃) မှာ ပကတိအရှိအတိုင်း ဖော်ပြမှု(objectivity)နှင့် လေးနက်သော စိစစ်သုံးသပ်မှု(serious analysis)တို့ကို ရှိသေစွာ ပြုလုပ်ရသည်။ (၁)နှင့် (၂) တွင် ချို့ယွင်းနေသောအခါ ဤ(၃)အချက်ကို အဘယ်ကဲ့သို့ ပြည့်ပြည့်စုံစုံ ဖြည့်ဆည်းပေးနိုင်တော့မည်နည်းဟု မေးခွန်းထုတ်သည်။

(၄) မှာ မီဒီယာသမားတို့သည် မည်သည့်အဖွဲ့အစည်းက ထုတ်ထုတ် ရရှိသော ကြေညာချက်နှင့် ရှင်းလင်းချက်တို့ကို ရိုးရိုးသားသား၊ မှန်မှန်ကန်ကန် စစ်ဆေးရမည်။ Subject to honest and truthful inquiry ဟု ဆိုသည်။ ဤသို့ စုံစမ်းစစ်ဆေး တွေ့ရှိချက်အတိုင်း မကြောက်မရွံ့ ပုံနှိပ်ဖော်ပြရမည်။ အသံလွှင့်ပေးရမည်။ လန်ဒန် ဂါးဒီးယန်းသတင်းစာနှင့် ကာတာအခြေစိုက် အာရပ်တီဗီ အသံလွှင့်ဌာန အယ်လ်ဂျာဇီးယားတို့ကို အမေရိကန်တို့က ခြားနားသော သတင်းဖော်ပြချက်(difference version of the news) ကို သိရှိရန် ဆိုပြီး ဖတ်ကြသည်။ နားထောင်ကြသည်။



BURMESE CLASSIC .com

www.burmeseclassic.com



အယ်လ်ဂျာဇီးယား သတင်းဌာနက ကျေးဇူးပြုသော အိုစမာဘင်လာဒင်နှင့် သူ၏ အယ်လ်ခိုက်ဒါအဖွဲ့တိတ်ခွေကို အမေရိကန်တို့ကလည်း လွှင့်ထုတ်ပေးကြသည်။ သိပ်မကြာပါ။ အမေရိကန် လုံခြုံရေးကောင်စီ အကြံပေး ကွန်ဒိုလီဇာက သတင်းဌာနများသို့ ဖုန်းဆက်ပြီး ဤသို့ဖော်ပြသည့်အတွက် စိုးရိမ်မိကြောင်း ပြောကြားသည်။ ဤသို့သော အစိုးရပိုင်း၏ဖိအားကိုလည်း အာရှဂျာနယ်လစ်တို့က ထောက်ပြပြီး ဝေဖန်သည်။

ခြုံပြောရလျှင် အမေရိကန်ဂျာနယ်လစ်တို့အဖို့ မျိုးချစ်စိတ်နှင့် အထက်ဖော်ပြပါ ဂျာနယ်လစ်တို့၏ အခြေခံတာဝန်ကြီး လေးပါးတို့အကြား မျှတအောင် မည်သို့ ပြုလုပ်ရမည်နည်းဆိုသော ကိစ္စတွင် အကျပ်ရိုက်နေကြဟန် ရှိသည်။

**စစ်ကဗျာမရှိ**

အာဖဂန်စစ်ပွဲနှင့်ပတ်သက်၍ အခြား စိတ်ဝင်စားဖွယ်ရာ **မဖြစ်ရပ်**(non-events)တစ်ခုကလည်း ပေါ်လာသေးသည်။ ဤအချက်ကို စစ်သမိုင်းအပေါ် အခြေခံပြီး စာပေကို လေ့လာသုတေသနပြုသော စာပေပညာရှင်တစ်ဦးက ထောက်ပြသည်။ ပြီးခဲ့သော မည်သည့် စစ်ပွဲမျိုး၌မဆို စစ်ပွဲမတိုင်မီကလည်း စစ်စာပေတွေ၊ စစ်ရုပ်ရှင်တွေ၊ အနုပညာတွေ ကြိုတင်ပေါ်ခဲ့သည်။ စစ်ဖြစ်နေစဉ် အတွင်း၌လည်း စစ်စာပေတွေ၊ စစ်ရုပ်ရှင်တွေ ပေါ်ခဲ့သည်။ စစ်ချီရတု၊ စစ်ချီတေး၊ စစ်ဝတ္ထု၊ စစ်ရုပ်ရှင် စသဖြင့် ပေါ်ခဲ့သည်။

ယခု အာဖဂန်စစ်ပွဲ၌ ဤကဲ့သို့သော စစ်ချီသီချင်း၊ စစ်ချီရတု၊ စစ်စာပေ၊ စစ်ကဗျာ၊ စစ်ရုပ်ရှင်တို့ ကြိုတင်ပြီး မပေါ်ပေါက်ခဲ့ပေ။ ယခု စစ်ဖြစ်နေစဉ် အတွင်း၌လည်း မပေါ်ပေါက်။ ထို့ကြောင့် အာဖဂန်စစ်ပွဲပြီးမှပဲ အာဖဂန်စစ်ရုပ်ရှင်၊ ဝတ္ထုတို့ကို ဖတ်ရ ကြည့်ရလိမ့်မည်ဟု စောင့်မျှော်နေကြသည်။ စစ်စာပေ၊ စစ်ရုပ်ရှင်၊ စစ်ပြဇာတ်တို့သည် မပေါ်ပေါက်သေးသော ဖြစ်ရပ်(non-event)ဖြစ်နေသည်။

သို့ရာတွင် ဂြိုဟ်တုစလောင်းတို့မှ အာဖဂန်စစ်ပွဲသတင်းတို့သည် အလွန် ရုပ်ရှင်ဆန်ရကား(တကယ် ရုပ်ရှင်ရိုက်လျှင်ပင် ဤမျှ မပြောင်မြောက်နိုင်) အစားထိုးသဘော စစ်ရုပ်ရှင်ကတော့ ပေါ်ပေါက်နေပြီဟုဆိုသော် ရနိုင်မည်။ ထို့အပြင် Under the Veil ဆိုသော မှတ်တမ်းတင်တီဗီလည်း ပေါ်နေသဖြင့် ပထမကမ္ဘာစစ်က စစ်ရုပ်ရှင်၊ ဒုတိယကမ္ဘာစစ်က စစ်ရုပ်ရှင်မျိုးတို့လို စတင်ပေါ်ပေါက်နေပါပြီဟု ပြောသော် ရနိုင်ပြီ။

**ပစ္စည်းငှား၊ ငွေငှား**

စီးပွားရေးလောကမှ မျိုးချစ်စိတ်မရှိသော ပြဿနာမှာ **အတိုးရောင်းခြင်း**



BURMESE CLASSIC .com

www.burmeseclassic.com


(short selling)ကိစ္စတွင် သွားပေါ်နေသည်။ အတိုရောင်းခြင်းသည် စတော့အိတ်ချိန်းလောကတွင် အလွန်ခေတ်စားသည်။

အတိုရောင်းခြင်းဆိုသည်မှာ မိမိမပိုင်သော သူများ၏ အစုရှယ်ယာတို့ကို ခေတ္တငှားယူပြီးသကာလ စတော့အိတ်ချိန်းတို့တွင် ပြန်ထုတ်ရောင်းခြင်း ဖြစ်သည်။ လွယ်ကူသော ဥပမာပြရလျှင် ပွဲရုံတစ်ရုံမှဖြစ်စေ၊ အခြားသူတစ်ဦးထံမှ ဖြစ်စေ ဆန်တစ်အိတ်ကို တစ်ပတ်တန်သည် နှစ်ပတ်တန်သည် ခဏလှည့်ငှား ချေးယူပြီး ဈေးထဲ ထုတ်ရောင်းလိုက်သည်။ အချိန်စေ့သောအခါ ဈေးထဲမှ ဆန်အိတ်ကို ပြန်ဝယ်၍ မူလပိုင်ရှင်အား ပြန်ပေးလိုက်သည့်ပုံစံမျိုး ဖြစ်သည်။

စတော့ဈေးကွက်တွင် ဤသို့ငှားယူပြီး ထုတ်ရောင်း၊ အချိန်စေ့လျှင် ပြန်ဝယ်ပေးသော အလေ့အထသည် ရင်းနှီးမြှုပ်နှံသူတို့၏ လုပ်ရိုးလုပ်စဉ်ပင် ဖြစ်သည်။ သူများ၏ စတော့ရှယ်ယာတို့ကို ငှားယူစဉ်၌ ဈေးနှုန်းတစ်မျိုး၊ အချိန်စေ့၍ ပြန်ဝယ်ပေးရသောအခါ၌ ဈေးနှုန်းတစ်မျိုး၊ ယင်းသို့ ဈေးနှုန်းခြားနားမှုအပေါ် အတိုရောင်းသူ၏ အရှုံး၊ အမြတ်က မူတည်နေပေသည်။

အတိုရောင်းသူသည် သူများ၏စတော့ရှယ်ယာကို ချေးငှားယူကတည်းက နောင်တွင် ဤစတော့ရှယ်ယာဈေးနှုန်းတွေ ကျဆင်းလာလိမ့်မည်ဟု မျှော်လင့်ထားသည်။ အချိန်စေ့၍ စတော့ရှယ်ယာတွေ ဈေးနှုန်းကျဆင်းသွားလျှင် သူ ပြန်ဝယ်ပေးရတာ ဈေးချိုသဖြင့် သူ အမြတ်ထွက်သည်။ အကယ်၍ ဤသို့ မဟုတ်ဘဲ ပြန်ဝယ်ပေးရချိန်၌ ဈေးတက်သွားလျှင်ကား သူ ရှုံးတော့သည်။

သို့ရာတွင် အတိုရောင်းသူသည် ဈေးကွက်မှ သူ့အတွက် **မာဂျင်**ကျန်နိုင်မည် ဖြစ်၍ ဈေးနှုန်းကျအောင် တမင်လုပ်တတ်သည်။ ငှားယူသော စတော့ရှယ်ယာတို့ကို ပုံအောပြီးရောင်းတတ်သည်။ ထို့ကြောင့် အတိုရောင်းသူသည် သဘာဝအရကိုလက်ကြီးပြီး လက်ကြမ်းသူ(aggressive) ဖြစ်ပေသည်။ စတော့ရှယ်ယာကို မရောင်း၊ ငှားစားသည့်သူနှင့် အဖွဲ့တွေကလည်း အများကြီးရှိသည်။ ဥပမာ ပေးရလျှင် ယေးတက္ကသိုလ်၏ ရန်ပုံငွေအဖွဲ့မျိုး။

စက်တင်ဘာ ၁၁ ရက်အပြီး၌ ရင်းနှီးမြှုပ်နှံသူ အတော်များများသည် သူများဆီမှ စတော့ရှယ်ယာတို့ကို အများအပြား စုပြုံငှားရမ်းကာ စတော့ဈေးကွက်တွင် တစ်ဖန် ပုံအောရောင်းချပစ်လိုက်ကြသည်။ သို့ဖြင့် စတော့ဈေးကွက်ဈေးနှုန်းတွေ စိုက်ဆင်းကုန်တော့သည်။

ဤအပြုအမူသည် အမေရိကန် ဆန့်ပါ၏လော။ မျိုးချစ်စိတ် မရှိခြင်းပေလောဟု မေးခွန်းထုတ်လာကြသည်။ ယခင့်ယခင်ကပင် အတိုရောင်းသမားတို့ကို မြွေဟောက်၊ စုဇကာ၊ ဘယ်သူသေသေ ငတေမာပြီးရောစိတ်ထား ရှိသူများ စသည်ဖြင့် ပြစ်တင်ကဲ့ရဲ့သော ဘွဲ့တွေ ပေးထားပြီး ဖြစ်သည်။ ယခုလို တစ်

www.burmeseclassic.com



နိုင်ငံလုံး အကျပ်အတည်းတွေ့နေချိန်၌ အတိုရောင်းခြင်းကို ပြုလုပ်သည်မှာ လုပ်ရက်လေခြင်းဟု ဝေဖန်ရှုတ်ချလာကြသည်။ ထို့အပြင် ၁၉၂၉ ခုနှစ်၊ စီးပွားရေး ပျက်ကပ်သည် အတိုရောင်းခြင်းတို့ကို ခွင့်ပြုခဲ့သဖြင့် ဖြစ်ပျက်ခဲ့ရသည်ဟု စီးပွားရေး သမိုင်းဆရာတို့ကလည်း ထောက်ပြလာသည်။

ဗဟုသုတအလို့ငှာ လီဗာရေ့ဂျ် leverage နှင့် အတိုရောင်းခြင်း short selling တို့ ခြားနားချက်တစ်ရပ်ကို ဖော်ပြလိုသည်။ Leverage သည် သူများဆီက ငွေချေးငှားပြီး စွန့်စားလုပ်ကိုင်ခြင်း ဖြစ်သည်။ အတိုရောင်းခြင်းသည် သူများဆီက စတော့ရှယ်ယာ ချေးငှားပြီး စွန့်စားလုပ်ကိုင်ခြင်းဖြစ်သည်။ ယခု ဤနှစ်ခုစလုံး အတိုက်အခိုက် ခံနေရပြီ။ ■

**ဈေးကွက်ဂျာနယ်၊ အမှတ် ၂၄၆။**

www.burmeseclassic.com

# ပို၍ပေါသော ငွေ၊ ပို၍ပေါသော ရေနံ၊ ပို၍ကောင်းသော သတင်း

## နိုင်ငံရေး၊ စီးပွားရေးမဟာမိတ်

အကြမ်းဖက်ဝါဒ ဆန့်ကျင်တိုက်ဖျက်ရေးအတွက် မဟာမိတ်အဖွဲ့များ ဖွဲ့ရာတွင် နိုင်ငံရေးမဟာမိတ်ဖွဲ့ရတာနှင့် စီပွားရေးမဟာမိတ်ဖွဲ့ရတာ ဘယ်သင်းက ပိုခက်သလဲဟု ဝေဖန်သုံးသပ်ကြည့်လာကြသည်။ မူလအယူအဆကတော့ နိုင်ငံရေး မဟာမိတ်ဖွဲ့ရတာ ပိုခက်လိမ့်မည်ဟု ထင်သည်။ သို့သော် ယခုလက်တွေ့ အခြေအနေသစ်တို့နှင့် မဟားတရား ရင်ဆိုင်လာရသောအခါ ပြောင်းပြန်ဖြစ်နေသည်။

စီးပွားရေးမဟာမိတ် ဖွဲ့စည်းရေးသည် ထင်တာထက်ပို၍ ခက်ခဲနေသည်။ နိုင်ငံရေးမဟာမိတ် ဖွဲ့စည်းရာတွင် အမေရိကန်နှင့် ဥရောပ မဟာမိတ်ဖွဲ့စည်းရခြင်းဆိုသော မျက်နှာစာက တစ်ဖက်။ အမေရိကန်နှင့် အစ္စလာမ်ကမ္ဘာ မဟာမိတ်ဖွဲ့စည်းရခြင်းဆိုသော မျက်နှာစာက တစ်ဖက်။ မျက်နှာစာနှစ်ဖက် ရှိခဲ့ရာ စီးပွားရေးအကျိုးစီးပွား(economic interests)တို့ အနည်းနှင့်အများ တူညီကြလျှင် နိုင်ငံရေးမဟာမိတ် ဖွဲ့စည်းရေး၌ တွေ့ကြုံရမည့် အခက်အခဲတို့သည် အခြေခံအားဖြင့် ပြေပြစ်သွားနိုင်သည်ဟု ယူဆထားခဲ့ကြသည်။

ယခု စီးပွားရေးအကျိုးတို့က ပိုပြီး ဆန့်ကျင်နေကြသည်။ ညှိလို့မရအောင် ဖြစ်လာသည်။ ပထမအစ၌တော့ ညီညွတ်သည်။ ဥပမာ အမေရိကန်ဗဟိုဘဏ်

www.burmeseclassic.com



(Fed)က ၁၀ ကြိမ်မြောက် အတိုးနှုန်းလျှော့ချရေး၌ ၂ ရာခိုင်နှုန်းအထိ လျှော့ချခဲ့သည်။ ဥရောပဗဟိုဘဏ်တို့ကလည်း လိုက်လျောညီထွေ အတိုးနှုန်းများ ချပေးခဲ့ကြသည်။ အတိုးနှုန်းချသည့် ရည်ရွယ်ချက်မှာ ဝယ်လိုအား(demand)ကို မြှင့်တင်ရန်အတွက် ဖြစ်သည်။ ဥရောပတွင် ကုန်ဈေးနှုန်းများတက်ခြင်း မရှိသည့်အတွက်(lack of inflationary pressure)လည်း ဤသို့ အတိုးနှုန်းလျှော့ချ ပေးရန် အခါကောင်းဖြစ်ခဲ့သည်။

ယခု စီးပွားရေးဖွံ့ဖြိုးမှုနှင့်ပတ်သက်ပြီး ဆူဆူညံညံ ဖြစ်လာကြသည်။

## မေးခွန်းနှစ်ပုဒ်

အမေရိကားတွင် စက်တင်ဘာ ၁၁ အပြီး၌ စီးပွားရေးနှင့်ပတ်သက်ပြီး မေးခွန်းကြီး နှစ်ခု ရှိသည်။ ပထမမေးခွန်းမှာ စီးပွားရေးဆုတ်ယုတ်ကျဆင်းမှု (recession) သည် ဘယ်လောက်အထိ နက်နက်ရှိုင်းရှိုင်းဖြစ်မလဲဆိုသော မေးခွန်းဖြစ်သည်။ ဒုတိယမေးခွန်းမှာ ဆုတ်ယုတ်ကျဆင်းမှု ရီဆက်ရှင်းသည် ဘယ်လောက် ကြာမလဲဆိုသောမေးခွန်း ဖြစ်သည်။ ပထမမေးခွန်းက နက်ရှိုင်းမှု။ ဒုတိယမေးခွန်းက ကြာရှည်မှု။

ဥရောပတွင် ဤမေးခွန်းမျိုး မပေါ်ပေ။ အဘယ့်ကြောင့်ဆိုသော် (၁) ဥရောပသည် အမေရိကားကဲ့သို့ စန်းပွင့်မှု(boom)မျိုး မတွေ့ခဲ့ရသောကြောင့် ဖြစ်သည်။ (၂) ဥရောပသည် စက်တင်ဘာ ၁၁ ရက် အဖြစ်ဆိုးကြီးမျိုး မကြုံတွေ့လိုက်ရ သောကြောင့် ဖြစ်သည်။

ထို့ကြောင့် ဥရောပတွင်မေးသောမေးခွန်းတို့မှာ ယခုဖြစ်ထွန်းနေသော ဖွံ့ဖြိုးမှုနှုန်း(growth rate)ကို ရှေ့ဆက်ပြီး ထိန်းနိုင်မလား။ တစ်နည်းပြောရလျှင် ရီဆက်ရှင်းကို ရှောင်ကွင်းနိုင်မလားဆိုသော မေးခွန်းနှင့် ဥရောပအဖို့ တော်ရုံတန်ရုံ ဖွံ့ဖြိုးမှုနှုန်းရှိလျှင် တော်ပြီ။ အရေးကြီးတာက စီးပွားရေးအရတည်ငြိမ်မှု (stability)ရှိရေး မဟုတ်ပါလားဟူသော မေးခွန်းတို့ ဖြစ်သည်။

အမေရိကန်တွင် မေးနေသောမေးခွန်းနှစ်ခုနှင့် ဥရောပတွင်မေးနေသော မေးခွန်း နှစ်ခုတို့မှာ မတူညီကြပေ။ အခြေခံအရ အလွန်ခြားနားသည်။ ဥရောပသည် စီးပွားရေးနှင့်ပတ်သက်ပြီး ထကြွဆေး(stimulant)မသုံးသဖြင့် တာဝန်မဲ့ရာ ရောက်သည်ဆိုပြီး အမေရိကန်ဘက်က ဝေဖန်နေသည်။

အမေရိကန်စီးပွားရေး ဆုတ်ယုတ်ကျဆင်းမှုနှင့် ပတ်သက်ပြီး ဘယ်လောက် နက်ရှိုင်းမလဲဆိုသောမေးခွန်းကို ဖြေရာ၌ ကုမ္ပဏီနှင့် စားသုံးသူတို့အပေါ် ပါ၍ လာသော ကြွေးမြီ(accumulated debts)နှင့် တိုးလာသော အလုပ်လက်မဲ့နှုန်း မြန်ဆန်မှု(speed of unemployment rate)တို့ကိုကြည့်၍ အတော်နက်ရှိုင်း



BURMESE CLASSIC .com

www.burmeseclassic.com



မည်ဟု ဖြေထားကြသည်။ ဘယ်လောက်ကြာမလဲဆိုသော မေးခွန်းနှင့်ပတ်သက်၍မူ သမိုင်းကို ပြန်ကြည့်သည်။ ၁၉၄၅ ခုနှစ်မှစပြီး အမေရိကန်စီးပွားရေး ဆုတ်ယုတ်ကျဆင်းမှု(downturns)တို့နှင့် မကြာခဏတွေ့ကြုံခဲ့ရာ ပျမ်းမျှတွက်နည်းဖြင့် ဆုတ်ယုတ်ကျဆင်းမှုတစ်ရပ်သည် ၁၁ လ ကြာခဲ့သည်။ ၁၁ လကြာအပြီး ပြန်ဦးမော့သည်။

## ကြွဆေးနှင့် ကြောင်ဝကြီး

ယခု ဆုတ်ယုတ်ကျဆင်းမှု ရှိဆက်ရှင်းသည် ၁၁ လပဲ ကြာမလား၊ သည့်ထက် ပိုကြာမလားဟု မည်သူကမျှ အတပ်မပြောရဲကြပေ။ အဘယ့်ကြောင့်ဆိုသော် စီးပွားရေးပြန်လည်ဦးမော့လာမှုသည် ကော်ပိုရေးရှင်းနှင့် စားသုံးသူတို့၏ ယုံကြည်စိတ်ချမှု(confidence)အပေါ် မူတည်နေလေရာ ဤအချက်တို့ကလည်း အာဖဂန်နစ္စတန်စစ်ပွဲ၏ တိုးတက်မှုနှင့် အကြမ်းဖက်သမားတို့က နောက်ထပ် တိုက်ခိုက်ဦးမည်လောဆိုသော မျှော်လင့်ချက်(expectations)တို့အပေါ် မူတည်နေသောကြောင့် ဖြစ်သည်။ တစ်နည်းပြောရလျှင် နိုင်ငံရေးအပေါ် မူတည်နေသောကြောင့် ဖြစ်သည်။

ထိုအတောအတွင်း၌ သမ္မတဘုရှ်အစိုးရက စီးပွားရေးကြွဆေး(stimulant package)အစီအစဉ်တစ်ရပ်ကို ကြေညာသည်။ အထက်တွင် ရှင်းပြခဲ့သည့်အတိုင်း စီးပွားရေးအကျိုးစီးပွားတို့ကို ညှိနှိုင်းရခြင်းသည် နိုင်ငံရေးကိစ္စတို့ကို ညှိနှိုင်းရခြင်းတို့ထက် ပို၍ခက်ခဲကြောင်း သာဓကတစ်ခု အထင်အရှားပေါ်လာသည်။ ဤ စီးပွားရေးကြွဆေးအပေါ် ရီပတ်ဘလီကင်နှင့် ဒီမိုကရက်တို့သည် အာဖဂန်စစ်ပွဲကိစ္စ၌ ညီညွတ်နိုင်သလို မညီညွတ်နိုင်တော့ပေ။

သမ္မတဘုရှ်အစိုးရ၏ ကြွဆေးအစီအစဉ်သည် ကုမ္ပဏီကြီးတို့အပေါ် စည်းကြပ်သောအခွန်တို့ကို လျှော့ဖြတ်ခြင်း(tax-cuttintg)ဖြစ်နေ၍ ကြောင်ဝ(fat cat)ကြီးတို့ကို အစာကျွေးသော အစီအစဉ်ဟု ဒီမိုကရက်တို့က ကဲ့ရဲ့ကြသည်။ ဒီမိုကရက်တို့က ကဲ့ရဲ့ကြသည်။ ဒီမိုကရက်တို့၏ ကြွဆေးအစီအစဉ်က အလုပ်လက်မဲ့တို့ကို ထောက်ပံ့ရေးနှင့် ကျန်းမာရေးအာမခံစနစ်တို့အပေါ် ပိုမိုသုံးစွဲရေး ဖြစ်သည်။ အာဖဂန်စစ်ပွဲကို ငဲ့ညှာပြီး နှစ်ဦးနှစ်ဖက် ပြုလုပ်ရမည်ဖြစ်၍ မဟာအပေးအယူ(grand compromise)ဟု ဆိုလာကြသည်။

## ငွေပေါ်၊ ရေနံပေါ်

ကြွဆေးတွေထိုးလို့ စီးပွားရေးဆုတ်ယုတ်ကျဆင်းမှုကို ဖြေရှင်းပေးနိုင်လိမ့်မည်ဟု မထင်ရဲကြသေးပေ။ မည်သို့ပင်ဖြစ်စေ အမေရိကန်နှင့် ဥရောပတို့တွင်

www.burmeseclassic.com



အတိုးနှုန်းများ လျှော့ချထားခြင်း၊ ငွေကြေးများ ပိုမိုထုတ်ဝေကြခြင်းတို့ကြောင့် ငွေတွေ ပေါလျက်ရှိသည်။ Cheaper money ဟု ပြောသည်။

ဤအခြေအနေ၌ ရေနံဈေးနှုန်းတို့က ထိုးကျလာသည်။ ရေနံတစ်စည် ၁၇ ဒေါ်လာတစ်ဝိုက် ရောက်နေသည်။ ရှေ့ဆက်ပြီး ၁၀ ဒေါ်လာအထိ ကျဆင်းသွားနိုင်သည်ဟု ခန့်မှန်းနေကြသည်။ ရေနံဈေးနှုန်းထိုးကျလာမှုက ဘာကိုပြသနည်းဆိုသော် အိုပက်က ရေနံဈေးကွက်ကို မထိန်းနိုင်တော့ကြောင်း ပြသည်ဟု သုံးသပ်ကြသည်။ လက်ဝါးကြီးအုပ် ကာတဲလ်(cartel)စနစ် ပြိုပြီလို့ပင် ပြောလာသည်။ ရေနံဈေးကျဆင်းမှုသည် အိုပက်နှင့် ဘာမှမဆိုင်။ ကမ္ဘာနှင့်အဝန်းကိုက ရေနံအပေါ် ဝယ်လိုအားတွေ ကျဆင်းလာခြင်းနှင့် ကမ္ဘာ့စီးပွားရေး အားပျော့လာခြင်းတို့ကြောင့် ဖြစ်သည်။ ထို့အပြင် စက်တင်ဘာ ၁၁ အပြီး ကမ္ဘာ့ လေကြောင်း၊ ရေကြောင်းနှင့် ကုန်းကြောင်း အသွားအလာတွေ အကုန်တုံ့ဆိုင်းကုန်သည့်အတွက်လည်း ရေနံဝယ်လိုအား အကြီးအကျယ်ကျဆင်းပြီး ရေနံဈေးနှုန်းတွေ ကျဆင်းသွားရခြင်း ဖြစ်သည်။ အိုပက်အဖွဲ့ဝင်မဟုတ်သော ရေနံထုတ်လုပ်သည့် နိုင်ငံများ ဖြစ်ကြသည့် ရုရှ၊ မက္ကစီကိုနှင့် နော်ဝေတို့ကြောင့်လည်း ရေနံဈေး ကျဆင်းရသည်။ အိုပက်က ရေနံထုတ်လုပ်မှု လျှော့ဖြတ်သလို သူတို့က လျှော့မဖြတ်ကြသောကြောင့် ဖြစ်သည်။ လျှော့ဖြတ်လည်း အနည်းငယ်သာ ဖြစ်သည်။

ဤတွင် စီးပွားရေးအကျိုးစီးပွားချင်း ပဋိပက္ခပေါ်လာသည်။ အမေရိကန်အဖို့ ရေနံဈေးနှုန်းများ ထိုးကျ၍ မိမိအတွက် အကျိုးဖြစ်ထွန်းစေကာမူ မိမိ၏ မဟာမိတ်ဖြစ်သည့် ဆော်ဒီအာရေးဗီးယားကို ထိခိုက်နေပြီ။ ရေနံဈေးကျဆင်းမှုကြောင့် ဆော်ဒီအာရေးဗီးယား၏ အကျပ်အတည်းကို အမေရိကန်က ဘယ်လိုဖြေရှင်းပေးမလဲဟူ၍ စဉ်းစားပေးရန် ဖြစ်လာသည်။

**စောင့်ကြည့်**

အမေရိကန်နှင့် ဥရောပနိုင်ငံတို့၏ အတိုးနှုန်းများ လျှော့ချ၍ထားသော အစီအစဉ်နှင့် အခြား ငွေကြေးနှင့် ဘဏ္ဍာရေးပေါ်လစီတို့ကြောင့် ငွေသည် ပို၍ပေါနေသည်။ Cheaper money ဟု ခေါ်ကြသည်။

ထိုအချိန်၌ ရေနံဈေးတွေ ထိုးကျသဖြင့် ရေနံလည်း ပို၍ပေါနေသည်။ Cheaper oil ဟု ဆိုသည်။ ပို၍ပေါသော ငွေ၊ ပို၍ပေါသော ရေနံတို့ဖြင့် စီးပွားရေးဆုတ်ယုတ်ကျဆင်းမှုတို့ကို ရပ်တန့်အောင် လုပ်နိုင်မည်ဟုဆိုလျှင် လုပ်နိုင်ကောင်းပါလိမ့်မည်။

သို့သော် အကဲခတ်သူတို့က အချက်တစ်ချက် လိုသေးသည်ဟု ထောက်ပြ



BURMESE CLASSIC .com

www.burmeseclassic.com



ကြသည်။ ဤအချက်က တခြားမဟုတ်။ ပို၍ကောင်းသော သတင်း(better news)တို့ ဟူသတည်း။ ပို၍ကောင်းသော သတင်းဆိုသည်မှာ အာဖဂန်စစ်ပွဲသတင်း၊ အကြမ်းဖက်မှုများ လျော့ပါးသွားသောသတင်း၊ အစ္စရေး– ပါလက်စတိုင်း ပဋိပက္ခ ပြေလည်မှုသတင်းနှင့် အခြားသတင်းကောင်းတို့ မည်ပေသည်။

ထို့ကြောင့် cheaper money, cheaper oil and better news တို့သည် ယနေ့ရင်ဆိုင်နေရသော စီးပွားရေးဆုတ်ယုတ်ကျဆင်းမှုကို ဟန့်တားနိုင်မလားဟု စောင့်ကြည့်ရဦးမည်။ ■

*Ref : The Economist*

**ဈေးကွက်ဂျာနယ်၊ အမှတ် ၂၄၇။**



BURMESE CLASSIC .com

www.burmeseclassic.com